ဂ ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
http://www.7daynewsjournal.com




အတွဲ(၁၁)၊ အမှတ်(၁၉) | ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် | ၁၃၇၄ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁ ရက် ၊ ကြာသပတေး၊ (ဇူလိုင် ၁၉ ၊ ၂၀၁၂)

ပညာရေး ဝင်ခွင့်

# အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များ ဝင်ခွင့်အမှတ် တိုးမြှင့် ကျောင်းသားလက်ခံမှုလျှော့

နေလင်းထွန်း

ရန်ကုန်၊ ဇူလိုင် - ၁၄

နည်းပညာတက္ကသိုလ်၊ ကောလိပ်များ၊ ရေကြောင်းပညာတက္ကသိုလ်၊ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်နှင့် စီးပွားရေးတက္ကသိုလ်တို့၏ ကျောင်းဝင်ခွင့်အတွက် တက္ကသိုလ်ဝင်စာမေးပွဲ ရမှတ်များကို တိုးမြှင့်သတ်မှတ်လိုက်ပြီး ကျောင်းသားလက်ခံမှုကိုလည်း လျှော့ချသွားမည်ဖြစ်ကြောင်း ပညာရေး ဝန်ကြီးဌာနမှ သတင်းရရှိသည်။

ယခင်နှစ်က နည်းပညာတက္ကသိုလ်များ၊ အစိုးရနည်းပညာကောလိပ်များနှင့် အစိုးရစက်မှုလက်မှုသိပ္ပံများတွင် တက္ကသိုလ်ဝင်စာမေးပွဲစုစုပေါင်းရမှတ် ၃၂၀ နှင့်အထက် ရရှိထားသူများကိုကျောင်းလျှောက်ခွင့်ပြုခဲ့သော်လည်း ယခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ စုစုပေါင်းရမှတ် ၃၆၀နှင့်အထက် ရရှိထားသူများသာ ကျောင်းလျှောက်ခွင့် ရရှိမည်ဖြစ်သည်။

ထို့ပြင်နည်းပညာတက္ကသိုလ်များ၊အစိုးရနည်းပညာကောလိပ်များနှင့် အစိုးရစက်မှုလက်မှုသိပ္ပံများ၌ ပညာသင်ယူရန် ယခင်နှစ်က ကျောင်းသားစုစုပေါင်း ၂၉,၂၅၀ဦးလက်ခံခဲ့သော်လည်း

အချပ်ပို(B)သို့




ဒဂုံမြို့သစ်တောင်ပိုင်းရှိ ယဉ်ကျေးမှုတက္ကသိုလ်၌တက်ရောက်နေသော ကျောင်းသူကျောင်းသားများကို ဇွန်လပထမပတ်အတွင်းက တွေ့ရစဉ်

# အမေရိကန်၏ စီးပွားရေးပိတ်ဆို့မှုဆိုင်ရာလျှော့ချမှု ပို့ကုန်လုပ်ငန်းများအတွက် အခွင့်အလမ်းမသာသေး

ပိတ်ဆို့မှုလျှော့ချခြင်းသည် တစ်ဖက်သတ်သာဖြစ်နေကြောင်းနှင့် ပြန်လည်သုံးသပ်ပေးရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ မေတ္တာရပ်ခံ

ပြည်သိမ်း၊ အောင်သူရ

ရန်ကုန်၊ ဇူလိုင်-၁၅

အမေရိကန်အစိုးရက စီးပွားရေးကန့်သတ်ချက်များစတင်ဖြေလျှော့လာသော်လည်း တစ်ဖက်သတ်အနေအထားဖြစ်နေပြီး ပြည်တွင်းမှ ပို့ကုန်လုပ်ငန်းများအတွက် အခွင့်အလမ်းမရနိုင်သေးကြောင်း စီးပွားရေးလုပ်ငန်းရှင်များက သုံးသပ်ပြောကြားသည်။

အချပ်ပို(B)သို့

# နိုင်ငံသားအမည်ခံ နိုင်ငံခြားကုမ္ပဏီများ အမှန်အတိုင်း ပြန်လည် မှတ်ပုံတင်လာ

ပြည်သိမ်း၊ အောင်သူရ

ရန်ကုန်၊ ဇူလိုင်-၁၂

နိုင်ငံသား အမည်ခံနိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုကုမ္ပဏီ၁၇ ခုကနိုင်ငံခြားသားပိုင်ကုမ္ပဏီအဖြစ်တရားဝင်ပြောင်းလဲမှတ်ပုံတင်လာကြောင်း ရင်းနှီးမြှုပ်နှံမှုကော်မရှင် အကောင်အထည်ဖော်ဆောင်ရွက်ရေး ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ပြောကြားသည်။

"ကော်မရှင်က အမိန့်ကြော်ငြာစာ ၁/၂၀၁၂ ထုတ်ပြီး နိုင်ငံသား အမည်ခံထားတဲ့ လုပ်ငန်းတွေကို ပြောင်းလဲဖို့ နိုင်ငံတော်က ခွင့်ပြုပေးတာပါ" ဟု ဦးအောင်နိုင်ဦးက ဆိုသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုဖွံ့ဖြိုးလာရေးအတွက် ပုဂ္ဂလိကမှ မြေယာငှားရမ်းမှုကို စက်တင်ဘာ ၃၀ ရက်မှ စတင်၍ အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး နိုင်ငံခြားသားများကို ခွင့်ပြုပေးခဲ့သည်။

အချပ်ပို(B)သို့

# တရုတ်နိုင်ငံလုပ်မုန့်များ ကျောင်းဈေးဆိုင်များတွင်မရောင်းရန် ကောလင်းပညာရေးဌာနက တားမြစ်

စိုင်းလူမင်း

ကောလင်း၊ဇူလိုင်-၉

ပြည်တွင်းဈေးကွက်တွင်းဝင်ရောက်လာသော တရုတ်နိုင်ငံလုပ်မုန့်များအား အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းဝင်းအတွင်း ဈေးဆိုင်များ၌ လုံးဝမရောင်းချရန် တားမြစ်ထားကြောင်း ကောလင်းမြို့နယ်ပညာရေးမှူးရုံးမှ သတင်းရရှိသည်။

"ကျောင်းသားကလေးငယ်တွေ တရုတ်နိုင်ငံလုပ် မုန့်မျိုးစုံ၊ ချဉ်စပ်ထုပ်တွေစားပြီး ဝမ်းပျက်ဝမ်းလျှောဖြစ်သလို ဗိုက်အောင့်တာတွေလည်း မကြာခဏဖြစ်တယ်လို့ မြို့ပေါ် ရပ်ကွက် ကျောင်းသားမိဘအချို့က ပြောဆိုနေတာကြောင့် ယခုလိုတားမြစ်လိုက်ရခြင်းဖြစ်ပါတယ်။ တရုတ်နိုင်ငံက ထုတ်တဲ့မုန့်တွေနဲ့ပတ်သက်ပြီး ကျေးလက်ဒေသမှာ ရောင်းချတာနည်းသလို ဝယ်စားတဲ့ကလေးတွေလည်း မရှိသလောက်ပါဘဲ။ တရုတ်မုန့်တွေ အစားများတာ မြို့ပေါ်က ကလေးတွေဆိုတော့ ကြိုတင်ကာကွယ်တဲ့ သဘောအနေနဲ့ ကျောင်းဝင်းထဲမှာ ရောင်းချနေတဲ့ ဈေးဆိုင်တွေကို မရောင်းချဖို့ တားမြစ်ခြင်းဖြစ်ပါတယ်"ဟု မြို့နယ်ပညာရေးမှူး ဦးသန်းထွန်းဟန်က ပြောကြားသည်။

စာ(၁၂)သို့

နိုင်ငံရေးလှုပ်ရှားမှုတွင် ပါဝင်ပတ်သက်မှုကြောင့် လိုင်စင်အသိမ်းခံထားရသော ရှေ့အနေအချို့ လိုင်စင်ပြန်ရ

စာ(၃)သို့

(၆၅)နှစ်မြောက် အာဇာနည်နေ့ ဂုဏ်ပြု အထူးဆောင်းပါးများ

စာ(၂၅၊ ၂၆၊ ၃၁)တွင်ရှု



7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.19 • JULY 19 , 2012

# သမ္မတနှင့်ဒုတိယသမ္မတ အရည်အချင်းပြည့်စုံမှုရှိ၊ မရှိ စိစစ်ရေးအဖွဲ့ တွင် ဦးဌေးဦးပါဝင်မည်



**ထူးသန့်**

**နေပြည်တော်၊ ဇူလိုင် - ၁၂**

သမ္မတနှင့် ဒုတိယသမ္မတ အရည်အချင်းနှင့် ပြည့်စုံမှုရှိ၊ မရှိ စိစစ်ရေးအဖွဲ့အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားပြု ကိုယ်စားလှယ်အဖြစ် ဦးဌေးဦးကို ပြည်သူ့လွှတ်တော်က ယနေ့ ကျင်းပနေသော လွှတ်တော်အစည်းအဝေးတွင် ရွေးချယ်လိုက်သည်။

သမ္မတနှင့် ဒုတိယသမ္မတ အရည်အချင်းနှင့် ပြည့်စုံမှုရှိ၊ မရှိ စိစစ်ရေးအဖွဲ့ကို အဖွဲ့ဝင်ခုနစ်ဦးဖြင့် ဖွဲ့စည်းရမည်ဖြစ်ပြီး အဆိုပါအဖွဲ့တွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားပြု ကိုယ်စားလှယ်တစ်ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားပြု ကိုယ်စားလှယ်တစ်ဦးနှင့် တပ်မတော်သားအစုအဖွဲ့ ကိုယ်စားပြု ကိုယ်စားလှယ်တစ်ဦးတို့ဖြင့် ဖွဲ့စည်းရမည်ဖြစ်သည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းတို့မှာ အဆိုပါစိစစ်ရေးအဖွဲ့တွင်ပါဝင်ပြီးဖြစ်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားပြု ကိုယ်စားလှယ်အဖြစ် ဦးဌေးဦးကိုယနေ့ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

သို့သော် အမျိုးသားလွှတ်တော်ကိုယ်စားပြု ကိုယ်စားလှယ်နှင့် တပ်မတော်သားအစုအဖွဲ့ ကိုယ်စားပြုကိုယ်စားလှယ်တို့ကိုမူ မသိရှိရသေးပေ။

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး အနားယူသွားသည့်အတွက် လစ်လပ်လျက်ရှိသော ဒုတိယသမ္မတနေရာအတွက် တပ်မတော်သားကိုယ်စားလှယ်များအစုအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေကိုပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်ထံ အမည်စာရင်း တင်သွင်းထားကြပြီဖြစ်သည်။ ထို့ကြောင့် အထက်ပါစိစစ်ရေးအဖွဲ့သည်လစ်လပ်လျက်ရှိသောဒုတိယသမ္မတရာထူးအတွက်အမည်စာရင်း တင်သွင်းသူကို စတင်စိစစ်ရမည်ဖြစ်သည်။

# ပြင်ဆင်မည့် ရာဇသတ်ကြီးဥပဒေကြမ်းအရ အနိမ့်ဆုံးတရားရုံးငွေဒဏ် ကျပ်ငါးထောင်ဖြစ်မည်

**အေးသူစံ**

**ရန်ကုန်၊ ဇူလိုင် - ၁၂**

ရာဇသတ်ကြီးဥပဒေကိုပြင်ဆင်မည့်ဥပဒေကြမ်းအားပြည်ထောင်စုလွှတ်တော်က အများပြည်သူလေ့လာသိရှိနိုင်ရန် နိုင်ငံပိုင်သတင်းစာများတွင် ဇူလိုင်လ (၈)ရက်က ထုတ်ပြန်လိုက်ရာ အဆိုပါဥပဒေကြမ်းတွင် ပါရှိသောပြစ်မှုနှင့်ပြစ်ဒဏ်များ ပြောင်းလဲသွားခဲ့ပြီး အဆိုပါဥပဒေကြမ်းသာအတည်ပြုပြီးပါက ကျခံရမည့် တရားရုံးငွေဒဏ်မှာ အနိမ့်ဆုံးကျပ်ငါးထောင် ဖြစ်လာမည်ဖြစ်ကြောင်း တရားလွှတ်တော်ရှေ့နေတို့က အဆိုပါဥပဒေကြမ်းကိုကိုးကား၍ ပြောသည်။

"၁၈၆၁ ခုနှစ်က ပြဋ္ဌာန်းထားတဲ့ ရာဇသတ်ကြီးဥပဒေမှာဆို ငွေဒဏ်ကျပ်ငါးဆယ်ဆိုရင် အခု ဥပဒေကြမ်းမှာက ငွေဒဏ်ငါးထောင်၊ တစ်ရာဆိုတစ်သောင်း၊ တစ်ထောင်ဆိုတစ်သိန်းဖြစ်သွားတယ်။ ငွေဒဏ်တစ်ထောင်ဆိုပြီးချတဲ့ငွေဒဏ်ဆိုရင် ဒီဥပဒေသာ အတည်ဖြစ်သွားရင် ငွေဒဏ်တစ်သိန်းပေါ့"ဟု ရှေ့နေဦးခင်ဇော်(မရမ်းကုန်း)ကပြောသည်။

ရာဇသတ်ကြီးဥပဒေကြမ်းကို ဇူလိုင် ၉ရက်ထုတ်သတင်းစာများတွင် အများပြည်သူလေ့လာနိုင်ရန် ဖော်ပြထားပြီး ၎င်းတွင် အခန်းအားဖြင့် ၂၃ ခန်းပါဝင်ပြီး၊ ပုဒ်မအားဖြင့် ပုဒ်မ-၁ မှ ပုဒ်မ-၅၁၁အထိ ပြဋ္ဌာန်းထားရာ အဆိုပါပုဒ်မများနှင့် အကျုံးဝင်ဆက်စပ်သည့်ပြစ်ဒဏ်များ၏ ငွေဒဏ်များကိုယခုပြင်ဆင်ပြဋ္ဌာန်းမည့် ဥပဒေကြမ်းတွင် ပြင်ဆင်ထားပြီးဖြစ်သည်။ ပြစ်ဒဏ်တွင်လည်း တစ်သက်တစ်ကျွန်းဒဏ်ကို ထောင်ဒဏ်တစ်သက်၊ ထောင်ဒဏ်တစ်သက်ကို နှစ်ပေါင်းနှစ်ဆယ် စသည့်ပြင်ဆင်ချက်များ ပါရှိထားသည်။

"အခုကျွန်တော်တို့နိုင်ငံမှာကျင့်သုံးနေတဲ့ဥပဒေတွေက အိန္ဒိယနိုင်ငံက အက်ဥပဒေတွေပါ။ အခုဒါတွေကို စပြီးပြင်ဆင်တော့မယ်ဆိုတော့ကောင်းပါတယ်။ ဒါပေမဲ့ ဥပဒေတွေကို ခေတ်နဲ့အညီပြင်ဆင်ရုံနဲ့တော့ တရားရေးမဏ္ဍိုင် တည့်မတ်လာမယ်လို့ ပြောလို့မရဘူး။ တရားရေးဝန်ထမ်းတွေ ဥပဒေပညာရပ်ကို ကျွမ်းကျင်မှုရှိဖို့လိုပါတယ်"ဟု ရှေ့နေဦးတင်ယု(ဆကာကြီး)ကပြောသည်။

"ပြစ်ဒဏ်တွေကိုပြင်ဆင်သင့်တာကြာပါပြီ။ ဥပမာအနေနဲ့ ကျွန်တော်တို့ဂီတလောကမှာဆိုရင် ခိုးကူးနဲ့ ဖမ်းလိုက်ရင် ဒဏ်ငွေလေး မဖြစ်စလောက်နဲ့ ထောင်ဒဏ်လေး နည်းနည်းဆိုတော့ အလွယ်တကူ ကျူးလွန်ဖို့ ဝန်မလေးကြဘူး။ ချမှတ်တဲ့ပြစ်ဒဏ်တွေမှာ အားနည်းချက်ရှိတာကို ခေတ်နဲ့အညီ ပြုပြင်ပြောင်းလဲတာကိုကြိုဆိုပါတယ်"ဟု နိုင်ငံရေးအကျဉ်းသားဟောင်းတစ်ဦးဖြစ်ပြီး ရွှေသံစဉ်တီးဝိုင်းခေါင်းဆောင်လည်း ဖြစ်သူ ဦးဝင်းမော်ကပြောသည်။

ရာဇသတ်ကြီးဥပဒေတွင် ပုဒ်မ-၁ မှ ပုဒ်မ-၅၁၁ အထိ ပါဝင်ကာ အဆိုပါဥပဒေတွင် မပါဝင်သော ပုဒ်မများကို အထူးဥပဒေ (Special Law)ဟု သတ်မှတ်ပြီး ငွေဒဏ်ကိုမူ သက်ဆိုင်ရာတရားရုံး၏ ဆင်ခြင်တုံ တရားအရ အမှုဖြစ်ပျက်သည့် အကြောင်းခြင်းရာ အခြေအနေ အချိန်အခါပေါ် မူတည်၍ ချမှတ်နိုင်ကြောင်း သိရသည်။



7DAY NEWS JOURNAL
Vol.11, No.19 • JULY 19 , 2012



မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးအဖြစ် ယခုရက်ပိုင်းအတွင်း တရားဝင်ခန့်အပ်ခြင်းခံရသည့် သံအမတ်ကြီး မစ္စတာဒဲရစ်မစ်ချယ်သည် ဇနီးသည်နှင့်အတူ ဇူလိုင် ၁၆ ရက် ညနေပိုင်းက ရွှေတိဂုံစေတီတော်သို့ တက်ရောက်ဖူးမြော်ခဲ့သည်။ ဒဲရစ်မစ်ချယ်သည် နှစ်ပေါင်း၂၂ နှစ်အတွင်း ပထမဆုံးမြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးဖြစ်သည်။ ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# နိုင်ငံရေးလှုပ်ရှားမှုတွင်ပါဝင်ပတ်သက်မှုကြောင့် လိုင်စင်အသိမ်းခံရသော ရှေ့နေများမှ အချို့ လိုင်စင်ပြန်ရ

**အောင်ခိုင်၊ ချယ်ရီမြင့်**

**ရန်ကုန်၊ ဇူလိုင် - ၁၆**

နိုင်ငံရေးတွင် ပါဝင်ပတ်သက်မှုကြောင့် ရုပ်သိမ်းခံထားရသော ရှေ့နေလိုင်စင်များထဲမှ အချို့ကို ပြန်လည်ပေးအပ်လိုက်ပြီဖြစ်ကြောင်း လိုင်စင်ပြန်ရရှိသည့် ရှေ့နေတစ်ဦးကပြောသည်။

သို့ရာတွင် လိုင်စင်ပြန်ရရှိသည့် ရှေ့နေအရေအတွက်မှာ အလွန်နည်းပါးနေသောကြောင့် စိတ်မကောင်းစရာဖြစ်သည်ဟုၡင်းကပြောသည်။

"ကျွန်တော့်ကို ဇူလိုင် ၂ရက်မှာပြုလုပ်တဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအစည်းအဝေးဆုံးဖြတ်ချက်အရ တရားလွှတ်တော်ရှေ့နေအဖြစ် ပြန်လည်ဆောင်ရွက်ခွင့်ပြုတယ်လို့ အကြောင်းကြားတယ်"ဟု နှစ် ၂၀ နီးပါးရှေ့နေလိုင်စင်ရုပ်သိမ်းခံထားရသူ ဦးရောဘတ်စန်းအောင်ကပြောသည်။

လိုင်စင်ပြန်ရသူမှာ ယခုအချိန်ထိသုံးဦးခန့်သာရှိသေးကြောင်း သိရပြီး အတိအကျကိုမူမသိရှိရသေးကြောင်း အဆိုပါ ပုဂ္ဂိုလ်ကပြောသည်။

ရှေ့နေလိုင်စင်များပြန်လည်ပေးအပ်ခြင်းနှင့်ပတ်သက်၍ NLD ပါတီမှ ဦးဉာဏ်ဝင်းက "ဝမ်းသာပါတယ်။ အမှန်တကယ်ပြန်ပေးသင့်တာပါ။ တချို့ဆို ဆယ်စုနှစ်တစ်ခုလောက်ရုပ်သိမ်းခံထားရတာ"ဟု သုံးသပ်ပြောကြားသည်။

လိုင်စင်ရုပ်သိမ်းခံရသူများထဲမှ အလုပ်သမားအရေးဆောင်ရွက်သူ ရှေ့နေဦးဌေးက အဆိုပါသတင်းကြောင့် ၎င်းအနေဖြင့် လိုင်စင်ပြန်လျှောက်ထားတော့မည်ဖြစ်ကြောင်း 7Day News သို့ ပြောသည်။

"ပြီးခဲ့တဲ့ ၁၁ ရက်နေ့က သွားတင်တယ်။ လုပ်ထုံးနဲ့အညီ ဆောင်ရွက်ရင် ပြန်ပေးမယ်လို့ ပြောတယ်။ မနှစ်ကလည်း တစ်ခေါက်သွားတင်ပြီးပြီ"ဟု ၁၉၉၉ ခုနှစ်က လိုင်စင်ရုပ်သိမ်းခြင်းခံခဲ့ရသူ လပွတ္တာမှ ဦးကြည်ဝင်းက ဇူလိုင် ၁၅ ရက်တွင် 7Day News ၏ ဆက်သွယ်မေးမြန်းမှုကို ပြန်လည်ဖြေကြားသည်။

၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်စွဲဖြင့် ASIAN LEGAL RESOURCE CENTRE မှ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ပေးပို့သောစာအရ မြန်မာနိုင်ငံတွင်နိုင်ငံရေးပါဝင်ပတ်သက်မှုဖြင့် လိုင်စင်ရုပ်သိမ်းခြင်းခံရသူပေါင်း ၃၂ ဦးရှိကြောင်းသိရပြီး တရားလွှတ်တော်ရှေ့နေ ၂၅ဦးနှင့် အထက်တန်းရှေ့နေ ခုနစ်ဦးရှိသည်ဟုဖော်ပြထားကြောင်းသိရသည်။

# ပတ်စ်ပို့အတုနှင့်ပြန်ဝင်လာသော မြန်မာနှစ်ဦး ရန်ကုန်လေဆိပ်တွင် ဖမ်းဆီး

**ကျော်သီဟ**

**ရန်ကုန်၊ ဇူလိုင် - ၁၆**

နိုင်ငံကူးလက်မှတ်အတုဖြင့် ပြန်ဝင်လာသည့်မလေးရှားပြန် မြန်မာနိုင်ငံသားအချို့ကို ဖမ်းဆီးလိုက်ကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

ဇွန်လ ၂၆ ရက်က မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့မှ ရန်ကုန်မြို့သို့ အဲအေးရှားလေကြောင်း AK-850 ဖြင့် ရန်ကုန်လေဆိပ်သို့ ရောက်ရှိလာသူနှစ်ဦးသည်တရားမဝင်နည်းလမ်းဖြင့်လုပ်ထားသော နိုင်ငံကူးလက်မှတ်များကိုင်ဆောင်ထားကြောင်း တွေ့ရှိရ၍ လေဆိပ်စစ်ဆေးရေး ရဲဌာနက ဖမ်းဆီးအရေးယူခဲ့သည်။

ယင်းနိုင်ငံကူးလက်မှတ်အတုကိုင်ဆောင်ထားသူနှစ်ဦးအား လေဆိပ်လူဝင်မှုကြီးကြပ်ရေးဌာန ဒု-လဝကမှူးက လူဝင်မှုကြီးကြပ်ရေးအက်ဥပဒေ-၁၃(၁)၊ ၁၃(၇)(က)၊ (ဃ) ဖြင့် မင်္ဂလာဒုံရဲစခန်း၌ အရေးယူဆောင်ရွက်လျက်ရှိသည်။ လေဆိပ်စစ်ဆေးရေးရဲဌာနမှလည်း ပုဒ်မ-၄၂၀/၄၆၈/၄၇၁ စသည့်ပုဒ်မများဖြင့် အရေးယူထားသည်။

အထက်ပါကိစ္စနှင့်ပတ်သက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက "မလေးရှားနိုင်ငံကမြန်မာသံရုံးမှာ ပတ်စ်ပို့ပျောက်ဆုံးသွားရင် ဝင်ရောက်အကူအညီတောင်းခံလို့ရပါတယ်။ မြန်မာသံရုံးကနေတစ်ဆင့် Citizen of Identity နဲ့ မြန်မာနိုင်ငံလေဆိပ်ပြန်လာရင် ဒီက လူဝင်မှုကြီးကြပ်ရေးအဖွဲ့က လက်ခံပါတယ်" ဟု ပြောသည်။

# ဒုတိယဗိုလ်ချုပ်ကြီးဝေလွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖြစ်မည် ခန့်မှန်း

**သီဟ၊ အိဖြူလွင်**

**ရန်ကုန်၊ ဇူလိုင် - ၁၂**

ရန်ကုန်တိုင်းဒေသကြီးအတွက် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်တစ်နေရာတွင် ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်အား အစားထိုးခန့်အပ်လိုက်သည့်အတွက် လစ်လပ်သွားမည့်ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်ဖြစ်လာမည်ဟု လွှတ်တော်ကိုယ်စားလှယ်များနှင့် အခြားနီးစပ်သူများက ခန့်မှန်းနေကြသည်။

ဇူလိုင် ၁ ရက်မှစ၍ လစ်လပ်နေသည့် ဒုတိယသမ္မတနေရာအတွက်ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြင့်ဆွေကိုတပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များက အမည်စာရင်း တင်သွင်းပြီးနောက် ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းသောတပ်မတော်သားတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ကိုအစားထိုးပြောင်းလဲလိုက်သည့်အတွက် ထိုကဲ့သို့ ခန့်မှန်းသတင်းက ထွက်ပေါ်လာခြင်းဖြစ်သည်။

တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ် ဝန်ကြီးချုပ်များ ခန့်အပ်ရာတွင် နိုင်ငံတော်သမ္မတသည် သက်ဆိုင်ရာ တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်ဝန်ကြီးချုပ်အဖြစ်ခန့်အပ်တာဝန်ပေးရန်(၁)သက်ဆိုင်ရာ တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထဲမှ သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသောသင့်လျော်သည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ရွေးချယ်ရမည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ-၂၆၁(ခ)တွင်ဖော်ပြပါရှိသည်။

လစ်လပ်မည့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နေရာတွင် ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်ကို ခန့်အပ်နိုင်သည်ဟု ခန့်မှန်းသတင်းများ ထွက်ပေါ်လာနေစဉ် ကာကွယ်ရေးဦးစီးချုပ်၏ အမည်စာရင်းတင်သွင်းမှုဖြင့် ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်ကို တပ်မတော်သား ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်အဖြစ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဇူလိုင် ၁၁ ရက်စွဲဖြင့် ကြေညာချက်ထုတ်ပြန်ခဲ့ခြင်းကြောင့် အဆိုပါခန့်မှန်းသတင်းမှာ ပိုမိုသေချာသွားခြင်းဖြစ်သည်ဟု ခန့်မှန်းသူများက ဆိုသည်။

ဗဟန်းမြို့နယ် မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာညိုညိုသင်းကလည်း ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်ကို နိုင်ငံတော်သမ္မတက တိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ပါက တိုင်းဒေသကြီးလွှတ်တော်ကလည်း နိုင်ငံတော်သမ္မတ၏ဆန္ဒကို ကန့်ကွက်မည်မဟုတ်ဘဲ ထောက်ခံမည်ဟုသာ ထင်ပါကြောင်းပြောကြားခဲ့သည်။

အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တွင် တပ်မတော်သားကိုယ်စားလှယ်များထဲမှ ရာထူးအကြီးဆုံးအဆင့်မှာ ဗိုလ်မှူးချုပ်အဆင့်သာဖြစ်ပြီး ဒုတိယ ဗိုလ်ချုပ်ကြီးအဆင့်ဖြင့် တပ်မတော်သားကိုယ်စားလှယ်ရှိသည့် လွှတ်တော်မှာ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်တစ်ခုတည်းသာ ဖြစ်လာခဲ့သည်။

ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်သည် ဦးမြင့်ဆွေဗိုလ်ချုပ်အဆင့်ဖြင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတာဝန်ထမ်းဆောင်ခဲ့စဉ်က ဗိုလ်မှူးချုပ်အဆင့်ဖြင့် ဒုတိယတိုင်းမှူးတာဝန် ထမ်းဆောင်ခဲ့သည်။ ထို့နောက်နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး ၎င်း၏ တပ်မတော်အတွင်း နောက်ဆုံးရာထူးမှာ ဒုတိယဗိုလ်ချုပ်ကြီးအဆင့်ဖြင့် စစ်ထောက်ချုပ်တာဝန်ကို ထမ်းဆောင်ခဲ့သူဖြစ်သည်။

## ခရီးသည်တင်ယာဉ်တိုက်မှုများကြောင့် ခြောက်လအတွင်း သေဆုံးသူ ၆၀ ကျော်

**မင်းဟိန်းကျော်**

**ရန်ကုန်၊ ဇူလိုင် - ၁၂**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲလျက်ရှိသော ခရီးသည်တင်ယာဉ်လိုင်းများ၏ ယာဉ်တိုက်မှုကြောင့် ယခုနှစ်ပထမ ခြောက်လအတွင်း သေဆုံးသူဦးရေသည် သုံးနှစ်အတွင်း အများဆုံးဖြစ်ကြောင်း မော်တော်ယာဉ်လိုင်း ပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှု ဗဟိုကော်မတီမှ ထုတ်ပြန်သောစာရင်းများအရသိရသည်။

၂၀၁၀ ပြည့်နှစ် ဇန်နဝါရီမှ ဇွန်လအထိ ခရီးသည်တင်ယာဉ်တိုက်မှု ၁၃၅ မှုရှိခဲ့ပြီး ၄၈ ဦး သေဆုံးခဲ့ကာ ၃၄၂ ဦး ဒဏ်ရာရရှိခဲ့သည်။

၂၀၁၁ ခုနှစ် ပထမခြောက်လအတွင်း ယာဉ်တိုက်မှု ၁၆၀ ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၅၃ ဦးနှင့် ဒဏ်ရာရသူ ၆၀၄ ဦးရှိခဲ့သည်။

စာ(၁၂)သို့

7 DAY NEWS JOURNAL
Vol.11, No.19 • JULY 19 , 2012

CRIME မှုခင်း သတင်း CORNER

## နားကပ်ကို ပလာယာဖြင့် ဆွဲဖြုတ်လုယက်သူကို ရပ်ကွက်နေထိုင်သူများ ဝိုင်းဖမ်း

**နေလင်းအောင်**

**ရန်ကုန်၊ ဇူလိုင်-၁၂**

အသက်(၅၀)ကျော် အမျိုးသမီးကြီးတစ်ဦးအား ခြိမ်းခြောက်၍ နားကပ်ကိုပလာယာနှင့် ညှပ်ယူဆွဲဖြုတ်လုယက်သူတစ်ဦးကို ရပ်ကွက်နေထိုင်သူများ၏ အကူအညီဖြင့် နာရီပိုင်းအတွင်း ဖမ်းဆီးရမိသည့်ဖြစ်စဉ်တစ်ခု မရမ်းကုန်းမြို့နယ်တွင် ဖြစ်ပွားသည်။

ဇူလိုင် ၂ရက်က အဆိုပါ လုယက်ခံရသူ ဒေါ်အေးလုံသည် ယင်းနေ့နံနက် ၁၁ နာရီဝန်းကျင်ခန့်တွင် နေအိမ်မှ ရုံးသို့ သွားရောက်စဉ် လုယက်ခံခဲ့ရခြင်းဖြစ်ပြီး အခင်းဖြစ်ပွားသည့်နေရာသည် ၎င်း၏နေအိမ်အနီးမှာပင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

"အဲဒီနေ့က ရုံးသွားတော့ နောက်ကနေ လူတစ်ယောက်ပါလာတာသိတယ်။ ဒါပေမဲ့သူကလောနေတယ်ထင်လို့ အန်တီက ဘေးကပ်ပေးလိုက်တာ။ အဲဒီမှာ သူက အန်တီ့ကိုလမ်းထောင့်မှာ ချုပ်ပြီး အော်ရင်သတ်ပစ်မယ်ဆိုပြီး နားကပ်ကို ဖြုတ်ဖို့လုပ်တာ"ဟု ဒေါ်အေးလုံက ရှင်းပြသည်။

ထိုသို့လုယက်မည်ပြုစဉ် ဒေါ်အေးလုံက အော်ဟစ်အကူအညီတောင်းခံရာ လုယက်သူက ပန်ထားသည့် နားကပ်အား ပလာယာဖြင့်ညှပ်၍ ဆွဲဖြုတ်ပြီး ကျန်တစ်ဖက်အား လက်ဖြင့် ဆောင့်ဆွဲယူကာ ဦးခေါင်းအား ပလာယာဖြင့် ထုနှက်၍ ထွက်ပြေးခဲ့ခြင်းဖြစ်သည်။

အဆိုပါအမျိုးသမီး၏ ခင်ပွန်းကရပ်ကွက်ရှိ ပြည်သူများအားအော်ဟစ်အကူအညီတောင်းခံပြီး လုယက်သူကို ဝိုင်းဝန်းဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

လုယက်ခံရသူ အမျိုးသမီးမှာ ပလာယာနှင့် ညှပ်ယူခံရမှုကြောင့် နားရွက်အရေပြား ပြတ်လုနီးပါးဖြစ်ပြီး ဦးခေါင်း ဒဏ်ရာကြောင့် သတိလစ်မေ့မြောသွားခဲ့သည်။

ပြစ်မှုကျူးလွန်သူ တရားခံ ကိုကို(ခ)ကိုလင်းအား (ပ)၄၀၉/၁၂ဖြင့်မရမ်းကုန်းမြို့နယ်ဘုရင့်နောင်ရဲစခန်းက အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

# အဆောက်အအုံနှင့်ပစ္စည်းများတွင် အမှတ်တရစာ ရေးသည့်အကျင့်က ယဉ်ကျေးမှုအမွေအနှစ်များကို ပျက်စီးစေ



**ရွှေတိဂုံရင်ပြင် မြောက်ဘက်မုခ်အနီးရှိ စဉ့်ကူးမင်းခေါင်းလောင်းကြီးအတွင်း ရေးခြစ်ထားသောစာများ**

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**ထွန်းခိုင်**

**ရန်ကုန်၊ ဇူလိုင် - ၁၂**

ရှေးဟောင်းယဉ်ကျေးမှုအဆောက်အအုံများနှင့် ပစ္စည်းများပေါ်တွင် အမှတ်တရစာများရေးခြစ်ခြင်း အကျင့်သည် ယဉ်ကျေးမှုအမွေအနှစ်များကို ဖျက်ဆီးသကဲ့သို့ ဖြစ်ပေါ်နေကြောင်း ပညာရှင်များက ထောက်ပြပြောဆိုသည်။

အဆိုပါဓလေ့စရိုက်များကြောင့် ပြန်လည်အစားထိုးမရတော့သည့် နှစ်ပေါင်း ရာထောင်ချီပြီး ရှိနေခဲ့သော ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ဆုံးရှုံးမှုများကို ဝမ်းနည်းဖွယ်ရာ ကြုံတွေ့နေရကြောင်း နယ်ပယ်အသီးသီးမှ ပညာရှင်များကပြောသည်။

အမှတ်တရစာတန်း ရေးခြစ်သူများသည် တစ်ခါတစ်ရံတွင် နှစ်ရာပေါင်းများစွာ သက်တမ်းရှိသည့် နံရံဆေးရေးပန်းချီကားများပေါ် အထိ ရေးခြစ်ခဲ့မှုများ ပြုလုပ်တတ်ကြောင်း ၎င်းတို့က ပြောသည်။

"ဒါက တကယ့်ဆုံးရှုံးမှုကြီးတွေပဲ။ သမိုင်းအထောက်အထားနဲ့ရော မြန်မာ့ယဉ်ကျေးမှု ဆုံးရှုံးတာရော တကယ့်အဆုံးအရှုံးကြီးပေ့ါ။ ပြန်ပြီးတော့ အစားထိုးလို့မှ မရတာ။ ဘယ်လိုမှ အစားထိုးလို့ မရဘူးလေ"ဟု ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ရှေးဟောင်း သုတေသနပညာရှင်များအတွက် အုတ်တစ်ချပ်သည်ပင်လျှင် မည်သည့်ခေတ်အခါက တည်ဆောက်ခဲ့သော ယဉ်ကျေးမှုဖြစ်ကြောင်း ဆုံးဖြတ်နိုင်ရန် အထောက်အကူပေးကြောင်း၊ မည်သည့်ရှေးဟောင်းပစ္စည်းမဆို ထိန်းသိမ်းရမည်ဖြစ်ကြောင်း အဆိုပါတာဝန်ရှိသူက ပြောသည်။

"လူမျိုးတစ်မျိုးရဲ့ တန်ဖိုးဆိုတာ အခုလက်ရှိမျက်မှောက်ပေါ်ပေါက်နေတဲ့ ခေတ်မီ အဆောက်အအုံတွေ၊ ခေတ်မီ ယာဉ်ရထားတွေ ခေတ်မီအသုံးအဆောင်တွေ အပေါ်မှာ မူမတည်ပါဘူး။ သူ့ရှေးဟောင်းအစဉ်အလာ ဘယ်လောက်ကြီးမားသလဲ ဆိုတာ လူမျိုးတစ်မျိုးရဲ့ တန်ဖိုး။ အဲဒါကို သူ ဘယ်လောက် ထိန်းသိမ်းသလဲဆိုတာ အဲဒီလူမျိုးရဲ့ တန်ဖိုးပဲ"ဟု သမိုင်းဖြစ်ရပ်နောက်ခံဝတ္ထုဇာတ်လမ်းများ ရေးသားလေ့ရှိသူ စာရေးဆရာ ချစ်ဦးညိုကပြောသည်။

နိုင်ငံနှင့်အဝန်း ထောင်နှင့်ချီသည့် ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းရာတွင် အစိုးရ၌သာတာဝန်ရှိသည်ဟု မသတ်မှတ်သင့်ဘဲ လူအများကြား အသိစိတ်ဖြင့် ထိန်းသိမ်းကြရန် လိုအပ်ကြောင်း ရှေးဟောင်းသုတေသန ပညာရှင်များကပြောသည်။

စာ(၁၂)သို့

# မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုအသစ်များ ၁၅နှစ်အတွင်း ပထမဆုံးအကြိမ် အမေရိကန် စတင်ခွင့်ပြု

**ဝါရှင်တန်၊ ဇူလိုင် - ၁၁**

အမေရိကန်သမ္မတ အိုဘားမားသည် နှစ်ပေါင်း ၁၅နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် မြန်မာနိုင်ငံတွင်း၌ အမေရိကန်ကုမ္ပဏီများ ရင်းနှီးမြှုပ်နှံခွင့်ကို တရားဝင်ခွင့်ပြုလိုက်ပြီဖြစ်သည်။

ယခုကဲ့သို့ အမေရိကန်အစိုးရ၏ခွင့်ပြုချက်တွင် ရင်းနှီးမြှုပ်နှံမှုနှင့် ဘဏ္ဍာရေးဝန်ဆောင်မှုများလုပ်လိုသော အမေရိကန်ကုမ္ပဏီများသည် နှစ်စဉ် လုပ်ငန်းအသေးစိတ်ဖော်ပြချက်လျှောက်လွှာများကို အစိုးရထံ ပေးပို့ရန်လိုအပ်မည်ဖြစ်သည်။

ကာကွယ်ရေးဝန်ကြီးဌာနနှင့်ဖက်စပ်လုပ်ကိုင်သော ကုမ္ပဏီများ၊ လူပုဂ္ဂိုလ်များကိုမူ ပိတ်ပင်ထားဦးမည်ဖြစ်ကာ ယင်းတွင် ယခင် မြန်မာစစ်အစိုးရနှင့် ဆက်စပ်နေသော လုပ်ငန်းများလည်း ပါဝင်သည်။ ယမန်နေ့က ထုတ်ပြန်သောကြေညာချက်တွင် သမ္မတအိုဘားမားက "ပိတ်ဆို့အရေးယူမှုတွေ ဖြေလျှော့ပေးခြင်းဟာ ပြုပြင်ပြောင်းလဲရေးအတွက် ကျွန်တော်တို့ရဲ့ထောက်ခံအားပေးမှုကို အချက်ပြတာပဲဖြစ်ပါတယ်။ ဒါက ပြုပြင်ပြောင်းလဲရေးသမားတွေအတွက် လက်ငင်း အကျိုးကျေးဇူးဖြစ်စေပြီး မြန်မာပြည်သူတွေအတွက် ထူးခြားတဲ့ အကျိုးကျေးဇူးတွေ ဖြစ်ထွန်းစေပါလိမ့်မယ်"ဟု ပြောသည်။

သမ္မတ အိုဘားမားသည် မြန်မာ့ဒီမိုကရေစီအပြောင်းအလဲကို နှောင့်နှေးစေသော လူပုဂ္ဂိုလ်များကို အရေးယူအပြစ်ပေးနိုင်သည့် အမိန့်ကြေညာစာတစ်ရပ်ကိုလည်း ထုတ်ပြန်ခဲ့သည်။ ယခုပြဋ္ဌာန်းလိုက်သော အမေရိကန်အစိုးရ၏ခွင့်ပြုချက်အရ မြန်မာနိုင်ငံတွင်း၌ ဒေါ်လာ ၅၀၀,၀၀၀ နှင့်အထက် ရင်းနှီးမြှုပ်နှံမှုပြုလုပ်သော ကုမ္ပဏီများသည် ၎င်းတို့၏ မြေဝယ်ယူမှုဆိုင်ရာ အချက်များ၊ အစိုးရအဖွဲ့အစည်းများသို့ ပေးသွင်းသောငွေများ၊ စစ်တပ်၊ သဘာဝပတ်ဝန်းကျင်နှင့်လူ့အခွင့်အရေးဆိုင်ရာ ပေါ်လစီများနှင့် ထိတွေ့မှု စသည်တို့ကို နှစ်စဉ် အသေးစိတ် အစီရင်ခံစာရေး၍ ကန်အစိုးရထံ တင်သွင်းရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကံဇော်ကလည်း ယမန်နေ့က ဟောင်ကောင်တွင် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် စိတ်ဝင်စားမှု အများအပြားရှိနေကြောင်း၊ နိုင်ငံရပ်ခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်ထွက်ပေါ်လာရန် ရင်းနှီးမြှုပ်နှံသူများဘက်ကစောင့်ကြည့်နေကြကြောင်း ပြောကြားခဲ့သည်။

—Ref: Bloomberg



7 DAY NEWS JOURNAL
Vol.11, No.19 • JULY 19 , 2012

# ဒီမိုကရက်တစ်အလေ့အထကွယ်ပျောက်နေခဲ့သည့် မြန်မာနိုင်ငံအတွက် ပြုပြင်ပြောင်းလဲမှုများက စိန်ခေါ်မှုကြီးဖြစ်ဟု သမ္မတပြောကြား

**သီဟ**

**ဆီရမ်ရိုဇူလိုင်-၁၃**

ဒီမိုကရက်တစ် အလေ့အထများ ကွယ်ပျောက်နေခဲ့သည့်မြန်မာနိုင်ငံအတွက် လက်ရှိပြုပြင်ပြောင်းလဲမှုများက စိန်ခေါ်မှုကြီးဖြစ်နေကြောင်း နိုင်ငံတော်သမ္မတဦးသိန်းစိန်က ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိတွင် ပြုလုပ်သည့် အမေရိကန်-အာဆီယံစီးပွားရေးဖိုရမ်၌ ပြောကြားသည့်မိန့်ခွန်းတွင် ထည့်သွင်းပြောကြားသွားသည်။



**ဆီရမ်ရိတွင် ကန်နိုင်ငံခြားရေးဝန်ကြီးနှင့်အတူတွေ့ရသည့် သမ္မတဦးသိန်းစိန်**

အစိုးရသစ်တက်ပြီးချိန်တွင် ပြုပြင်ပြောင်းလဲမှု သုံးရပ်ကို တစ်ပြိုင်တည်း ဖော်ဆောင်လျက်ရှိကြောင်း၊ ပထမပြောင်းလဲမှုအနေဖြင့် ရာစုနှစ်ဝက်ခန့် ကျင့်သုံးခဲ့သည့် ဗဟိုဦးစီးအုပ်ချုပ်မှု စနစ်အောက်က ရုန်းထွက်ကာ ရင့်ကျက်ခိုင်မာသည့် ဒီမိုကရေစီစနစ်ကို ကူးပြောင်းနေခြင်းဖြစ်ကြောင်း သမ္မတက ပြောကြားခဲ့သည်။

အခြေခံအဆောက်အအုံများ အားနည်းခဲ့သည့်မြန်မာနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်၊ လွှတ်တော်အသစ်အပြင် တရားစီရင်ရေးကဏ္ဍကိုပါပြုပြင်ပြောင်းလဲရန် လိုအပ်နေဦးမည်ဖြစ်ပြီး ခေတ်သစ်၊ စနစ်သစ်နှင့် ကိုက်ညီခြင်း မရှိတော့သည့် ဥပဒေများအားဖျက်သိမ်းခြင်း၊ ပြင်ဆင်ပြဋ္ဌာန်းခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သမ္မတ ဦးသိန်းစိန်က ပြောကြားခဲ့သည်။

ထို့အပြင် နှစ်ပေါင်းများစွာ ခေါက်ရိုးကျိုးနေသည့် ဗျူရိုကရေစီစနစ်နှင့် အစိုးရဝန်ထမ်းများ၏ စိတ်ထားများကိုလည်း ပြုပြင်ပြောင်းလဲရမည်ဖြစ်ကြောင်း ပြောကြားသွားသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ကိုလည်း ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံခဲ့ပြီး မတူညီမှုများ ဘေးဖယ်ကာ တူညီမှုများကို လက်တွဲလုပ်ကိုင်ရန် ဖိတ်ခေါ်ခဲ့သဖြင့် ဒေါ်အောင်ဆန်းစုကြည်လည်း လွှတ်တော်တွင်း ရောက်ရှိနေပြီဖြစ်ကြောင်း၊ တိုင်းရင်းသားခေါင်းဆောင်များ၊ နိုင်ငံရေးပါတီခေါင်းဆောင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊

စာ(၁၂)သို့

# ဗိုလ်ချုပ်မှူးကြီးသန်းရွှေ(ငြိမ်း) ပျဉ်းမနားတွင် သံဃာ့ဒါနပြု

**ထူးသန့်**

**နေပြည်တော်၊**

**ဇူလိုင် - ၁၂**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက် နိုင်ငံတော်အကြီးအကဲအဖြစ် တာဝန်ယူခဲ့သော ဗိုလ်ချုပ်မှူးကြီးသန်းရွှေ(ငြိမ်း)တည်ထောင်သည့်ရွှေမိသားစုဖောင်ဒေးရှင်းက နေပြည်တော်ပျဉ်းမနားမြို့တွင် သံဃာအပါး ၂,၀၀၀ ကျော် တစ်ပြိုင်တည်း သာသနာပြုနိုင်မည့် မင်္ဂလာဗျူဟာသာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ရေးနှင့် သံဃာအပါး ၁၀၀ ခန့်ကို တစ်ချိန်တည်း ကုသပေးနိုင်သော သံဃာ့ဆေးရုံတည်ဆောက်ရေးအတွက် ဒါနပြုလှူဒါန်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

နေပြည်တော် ရာဇဌာနီလမ်းမကြီးနှင့် ပန်းခင်းလမ်းဆုံတွင်တည်ရှိသည့်သာသနာ့ဗိမာန်တော်ကြီးမှာ တည်ဆောက်လျက်ရှိနေပြီး အဆိုပါအဆောက်အအုံအတွက် အများပြည်သူမှ ထည့်ဝင်လှူဒါန်းသည့် ပထမအကြိမ်အလှူငွေပေးအပ်ပွဲကို ယနေ့ကျင်းပခဲ့ကြောင်း၊ ၎င်းအပြင် သံဃာ့ဒါနဆေးရုံအတွက်လည်း ဝါတွင်းမရောက်ခင် ပန္နက်တင်အုပ်မြစ်တည်နိုင်မည်ဖြစ်ကြောင်း နေပြည်တော်ကောင်စီမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

"မင်္ဂလာဗျူဟာသာသနာ့ဗိမာန်တော်ကြီးက ခန့်မှန်းခြေ ကျပ်သန်း၄,၀၀၀ သံဃာ့ဆေးရုံအတွက်လည်း ကျပ်သန်း ၁,၅၀၀ လောက် ခန့်မှန်းထားတယ်။ ဒါကို ရွှေမိသားစုဖောင်ဒေးရှင်းကမတည်လှူဒါန်းတာဖြစ်ပြီး အများပြည်သူရဲ့လှူဒါန်းငွေကိုလည်း လက်ခံပါတယ်" ဟု အဆိုပါတာဝန်ရှိသူက လှူဒါန်းပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။

သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်သည့်နေရာတွင် ယခင်က နေထိုင်ခဲ့သောပြည်သူတစ်ဦးက "ကျွန်တော်တို့ အခြေချခဲ့တဲ့နေရာလေးမှာ ဒီလို သာသနာအတွက် ဆောင်ရွက်တယ်ဆိုတော့ဝမ်းသာရပါတယ်ဗျာ" ဟု ပြောကြားသည်။ ၎င်းအပြင် ပျဉ်းမနားမြို့ပေါ်ရှိ ၁၉၆၂ ခုတွင် ဒေါက်တာဦးသန်းကျော်တည်ဆောက်လှူဒါန်းခဲ့သော သံဃာ့ဒါနဆေးရုံကိုလည်း ဆရာတော်၊ သံဃာတော်နှင့်သီလရှင်များအား ကုသနိုင်ရန်အတွက် ခုတင်လေးကားတစ်စင်းပါ ခြောက်ထပ်အဆောက်အအုံအဖြစ်တည်ဆောက်လှူဒါန်းသွားမည်ဖြစ်ကြောင်းသိရသည်။




Super Seven Stars Motors
LAND ROVER
RANGE ROVER EVOQUE
Cadillac SRX
LEXUS LX570
brand new
2012 Brand new model များကို မျက်မြင်ကြည့်ရှု၍ ဝယ်ယူနိုင်သည့်
မည်သည့်ကားအသစ်အမျိုးအစားမဆို ရန်ကုန်ဆိပ်ကမ်းရောက်ရှိသည်အထိ
ပြီးပြည့်စုံသောဝန်ဆောင်မှုဖြင့် မှာယူနိုင်သည့်
လူကြီးမင်းနှင့်ညှိနှိုင်း၍ အရစ်ကျပေးချေမှုပုံစံမျိုးဖြင့် ဝယ်ယူနိုင်သည့်
SSS Motors
SSS Showroom
No. 1, Corner of Damazadi Road & Kabar Aye Pagoda Road, Bahan Township, Yangon.
Ph : + 95 1 551203, 544415, 545060, 548261

7DAY NEWS JOURNAL
Vol.11, No.19 • JULY 19 , 2012

# ပေးဝေလှူဒါန်းသည့် ထမင်းထုပ်များစားပြီး လှိုင်သာယာတွင် လူ ၉၀နီးပါး ဆေးရုံရောက်

**ထွန်းခိုင်**

**ရန်ကုန်၊ ဇူလိုင်-၁၅**

ပေးဝေလှူဒါန်းသည့် ထမင်းထုပ်များ စားသောက်ပြီး မူးဝေအော့အန်ခြင်းများ ဖြစ်ပွားခဲ့သဖြင့် လူ ၉၀ နီးပါး လှိုင်သာယာမြို့နယ် ဆေးရုံသို့ အရေးပေါ်တင်ပို့ကုသခဲ့ရကြောင်း သတင်းရရှိသည်။

လှိုင်သာယာမြို့နယ်ပန်းလှိုင်ဂေါက်ကွင်းအနီး ဒိုင်စုကျေးရွာမှ အဆိုပါ လူ ၉၀ ခန့်သည် ဇူလိုင် ၁၄ ရက် မနက် ၁၁ နာရီခန့်တွင် ထမင်းထုပ်များစားသောက်အပြီး နာရီပိုင်းအတွင်း မူးဝေအော့အန်ခြင်း၊ လည်ချောင်းများ ပူလောင်မှုကို ခံစားရခြင်း၊ လူများ နုန်းချိခြင်း စသည့် ဝေဒနာများ ခံစားခဲ့ရကြောင်း ကာယကံရှင်များက ပြောသည်။

ဝေဒနာခံစားခဲ့ရသူများသည် လှိုင်သာယာမြို့နယ်ဆေးရုံသို့ ညနေ ၃ နာရီခန့်မှ စတင်ကာ တဖွဲဖွဲရောက်လာကြောင်း၊ ၎င်းတို့အား ဆေးကုသမှုပေးပြီး အချို့မှာ နာရီပိုင်းအတွင်း ရောဂါသက်သာလာပြီး ဆေးရုံမှ ဆင်းနိုင်ခဲ့ကြောင်း၊ ဝေဒနာရှင်များအား စောင့်ကြည့်ကုသမှုများ ပြုလုပ်အပြီး ဇူလိုင် ၁၅ ရက် မနက်ပိုင်းတွင် ၎င်းတို့အားလုံး ရောဂါသက်သာကာ ဆေးရုံမှ ဆင်းသွားပြီဖြစ်ကြောင်း လှိုင်သာယာမြို့နယ် ကျန်းမာရေး ဦးစီး၌ာနမှူးက သတင်းထောက်များသို့ ပြောသည်။

"မူးတယ်၊ အန်တယ်။ ထန်းလျက်နဲ့ ကန်စွန်းရွက် ဝါးစားကြည့်တယ်။ မရဘူး။ ကလေးတွေက ပိုခံရတယ်"ဟု ကြက်ဥနှင့် ဂေါ်ဖီကြော်များ ပါဝင်သည့် အဆိုပါ ထမင်းထုတ်များ စားသုံးခဲ့ပြီး ဝေဒနာခံစားခဲ့ရသည့် အသက်(၂၀)နှစ်အရွယ်မအေးမွန်ကပြောသည်။

အိမ်ခြေ ၂,၀၀၀ နီးပါးရှိသည့် အဆိုပါကျေးရွာတွင်ဝေဒနာခံစားခဲ့ရသူများမှာ ၈၉ ယောက်အထိ ရှိကြောင်း ဒိုင်စုကျေးရွာ အုပ်ချုပ်ရေးမှူးဦးဝင်းရွှေကပြောသည်။ ဝေဒနာခံစားခဲ့ရသူများအ နက် နှစ်ဦး၊ သုံးဦးခန့်သာ လူကြီးများဖြစ်ပြီး ကျန်သူများမှာ ကလေးငယ်များဖြစ်ကြောင်း ၎င်းကဆိုသည်။

ရောဂါဖြစ်ပွားသည့် အဓိကအကြောင်းအရင်းကို သိရှိနိုင်ရန် ထမင်းထုပ်များကို ဓာတ်ခွဲစစ်ဆေးမှုများပြုလုပ်ရန် သက်ဆိုင်ရာသို့ပို့ဆောင်ထားကြောင်း မြို့နယ်ကျန်းမာရေးဦးစီး၌ာနမှူးကပြောသည်။

လှိုင်သာယာမြို့နယ် ဒိုင်စုကျေးရွာတွင် နာဂစ်မုန်တိုင်း တိုက်ခတ်ပြီးကတည်းက စေတနာရှင်များက စနေနေ့ရောက်တိုင်း အလှူအတန်း ပြုလုပ်ကျွေးမွေးလေ့ရှိကြောင်း ဒေသခံများက ပြောသည်။ လေးနှစ်ကျော်အတွင်း ယခုကဲ့သို့ ဖြစ်ပွားခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်ကြောင်း ၎င်းတို့ကဆိုသည်။

အလားတူအဖြစ်မျိုး ၂၀၁၁ ခုနှစ် အောက်တိုဘာ ၇ ရက်က မန္တလေးတိုင်းဒေသကြီး အမရပူရမြို့တွင် အလှူတစ်ခုတွင် ဖြစ်ပွားခဲ့ဖူးသည်။ အလှူတွင်ကျွေးသည့် အစားအစာ စားသုံးပြီး လူ ၄၀၀ ကျော်မူးဝေ၊ အော့အန်ခြင်းများဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ကျွေးမွေးသည့် အစားအစာများအား ဓာတ်ခွဲစစ်ဆေးရာ ချက်ပြုတ်ရာတွင် မသန့်ရှင်းမှုမှ ဖြစ်ပေါ်လာသော စတက်ဖီလိုကောကပ်စ်ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ကြောင်း သိရသည်။



ခြေစစ်ပွဲအောင် မြန်မာယူ-၂၂အသင်းသားများနှင့်အတူတွေ့ရသည့် ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် ဓာတ်ပုံ-ဗိုလ်ဗိုလ်ဝင်း

# မြန်မာ ယူ-၂၂ ဘောလုံးအသင်း ဆုငွေကန်ဒေါ်လာ နှစ်သိန်းခွဲရ

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇူလိုင်-၁၅**

အာရှယူ-၂၂ ခြေစစ်ပွဲ အောင်မြင်ခဲ့သည့် မြန်မာဘောလုံးအသင်းသည် ဂုဏ်ပြုဆုငွေစုစုပေါင်း အမေရိကန်ဒေါ်လာ နှစ်သိန်းငါးသောင်းရရှိခဲ့ကြောင်း သတင်းရရှိသည်။

မြန်မာယူ-၂၂ အသင်းအတွက်ဂုဏ်ပြုပွဲအခမ်းအနားကို ဇူလိုင် ၁၅ရက် ညပိုင်းက ဆီဒိုးနားဟိုတယ်၌ ပြုလုပ်ခဲ့ပြီး၊ တာဝန် ရှိသူများနှင့် လုပ်ငန်းရှင်များက စုစုပေါင်းကန်ဒေါ်လာနှစ်သိန်းငါးသောင်း ချီးမြှင့်ခဲ့သည်။ အာရှဘောလုံးအဖွဲ့ချုပ်က ယခုနှစ်တွင် စတင်ကျင်းပသည့် အာရှယူ-၂၂ ပြိုင်ပွဲအုပ်စု(ဆ)တွင် ပါဝင်ယှဉ်ပြိုင်ခဲ့သော မြန်မာအသင်းသည် တောင်ကိုရီးယားအသင်းနှင့်အတူ ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။

ခြေစစ်ပွဲအောင်အသင်း ၁၅သင်းတွင် အာဆီယံဒေသတွင်းမှမြန်မာတစ်သင်းတည်းသာပါဝင်ခဲ့ပြီး၊ ၎င်းပြိုင်ပွဲ၏ နောက်ဆုံးအဆင့်ပွဲစဉ်များကို ၂၀၁၄ ခုနှစ် ဇန်နဝါရီတွင် ကျင်းပမည်ဖြစ် သည်။ နောက်ဆုံးအဆင့်ပွဲစဉ်များ လက်ခံကျင်းပမည့် အိမ်ရှင်ရွေးချယ်ခြင်း အခမ်းအနားကို ဇူလိုင် ၁၉ ရက်တွင် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



7 DAY NEWS JOURNAL
Vol.11, No.19 • JULY 19 , 2012

## ၂၀၁၂ ဇူလိုင် ၁၈မှ ၂၄ရက်ထိ မိုးလေဝသနှင့် ဇလဗေဒသန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော် မုန်တိုင်းအခြေအနေ**

ယခုရက်သတ္တပတ်အတွင်း ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းငယ်တစ်ခုဖြစ်လာရန် အလားအလာ မရှိသေးဘဲ ဆက်လက်လျော့နည်းနေနိုင်ပါတယ်။ အနောက်တောင် မုတ်သုံလေဟာ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းမှာ အားကောင်းနိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်နဲ့ ကပ္ပလီပင်လယ်ပြင်မှာ အားအသင့်အတင့် ရှိနိုင်ပါတယ်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြန်မာ့ပင်လယ်ပြင်နဲ့ ကမ်းလွန်ပင်လယ်ပြင်မှာလှိုင်းအနည်းငယ်မှ အားအသင့်အတင့်သာ ရှိနိုင်ပါတယ်။

**မိုးရွာသွန်းမှုအခြေအနေ**

မိုးလေဝသဂြိုဟ်တုမှတိုင်းတာချက်အရပြီးခဲ့တဲ့ဇူလိုင်လ(၇)ရက်မှ ဇူလိုင်လ(၁၃)ရက်နေ့အထိ ရက်သတ္တတစ်ပတ်အတွင်းမှာ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ကချင်ပြည်နယ်မြောက်ပိုင်းနဲ့ တနင်္သာရီတိုင်းမှာ မိုးရေချိန် (၂)လက်မမှ(၆)လက်မခန့်၊ ကချင်ပြည်နယ်တောင်ပိုင်း၊ ရခိုင်ပြည်နယ်မြောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသများစတာတွေမှာ မိုးရေချိန် (၂)လက်မမှ(၄)လက်ခန့်အထိ ရရှိခဲ့ပါတယ်။ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းအရှေ့ပိုင်း၊ ချင်းပြည်နယ်အရှေ့ပိုင်း၊ စစ်ကိုင်းတိုင်းအထက်ပိုင်းဒေသအချို့တို့မှာ မိုးရွာသွန်းမှု ဆက်လက်လျော့နည်းနေပြီး တစ်ပတ်အတွင်း မိုးရေချိန် (၀ဒသမ၈) လက်မခန့်သာ ရရှိခဲ့ပါတယ်။ ကျန်ဒေသတွေမှာ မိုးရေချိန်(၁)လက်မမှ(၂)လက်မခန့် ရွာသွန်းခဲ့ပါ တယ်။

**မိုးရွာသွန်းနိုင်မှုခန့်မှန်းချက်**

ခန့်မှန်းကာလအတွင်း တစ်ပြည်လုံးတွင် မိုးအားလျော့နည်းဖွယ်ရာရှိပါတယ်။ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းတောင်ပိုင်းတို့မှာ နေရာအနှံ့အပြား ငါးရက်ခန့် မိုးရွာနိုင်ပါတယ်။ ချင်းပြည်နယ်အရှေ့ပိုင်း၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း နဲ့ မြောက်ပိုင်း၊ ပဲခူးတိုင်းမြောက်ပိုင်း၊ မကွေးတိုင်းအရှေ့ပိုင်း၊ မန္တလေးတိုင်းတွေမှာ နေရာကွက်ကျား လေးရက်ခန့် မိုးရွာနိုင်ပြီး ရွာသွန်းမြဲအောက် လျော့နည်းနိုင်ပါတယ်။ ကျန်ဒေသတွေမှာတော့ နေရာကျဲကျဲမှစိပ်စိပ်(၄)ရက်မှ(၅)ရက်ခန့် မိုးရွာပြီး ရွာသွန်းမြဲခန့်ရှိနိုင်ပါတယ်။ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ဧရာဝတီတိုင်းနဲ့ ရန်ကုန်တိုင်းတို့မှာ နေရာကွက်ပြီး မိုးကြီးနိုင်ပါတယ်။

**မိုးတိမ်တောင်များဖြစ်ပေါ်နိုင်မှုအခြေအနေ**

အများအားဖြင့် တစ်ပြည်လုံးမှာ ထစ်ချုန်းမည့်အခြေအနေများ တဖြည်းဖြည်း လျော့နည်းလာနိုင်ပါတယ်။ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းမြောက်ပိုင်း၊ ချင်းပြည်နယ်တောင်ပိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်းနဲ့ အရှေ့ပိုင်းတွေမှာ မိုးတိမ်တောင်များဖြစ်ပေါ်ဖို့ အလားအလာ အများဆုံးဖြစ်နိုင်ပါတယ်။ တစ်ခါတစ်ရံနေရာကွက် မိုးကြီးနိုင်ပါတယ်။

**နေ့အပူချိန်များအခြေအနေ**

ကချင်ပြည်နယ်အရှေ့ပိုင်း၊ ရှမ်းပြည်နယ်အရှေ့မြောက်ပိုင်း၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့မှာ အပူရှိန်လျော့နည်းနိုင်ပါတယ်။ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ကယားပြည်နယ်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းတို့မှာ အပူရှိန် မြင့်မားနိုင်ပါတယ်။ ကျန်ဒေသများမှာတော့ ပုံမှန် အပူရှိန်ခန့်သာရှိနိုင်ပါတယ်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ စစ်တောင်းမြစ်၊ သံလွင်မြစ်၊ ပဲခူးမြစ်စသည့် မြစ်တို့တွင် လက်ရှိရေအမှတ်များထက် အနည်းငယ်ပိုမိုမြင့်တက်လာနိုင်ပြီး နောက်ပိုင်းတွင် ပြန်လည် ကျဆင်းသွားနိုင်ပါတယ်။ ရန်ကုန်တိုင်းနဲ့ ပဲခူးတိုင်းတို့မှာရှိမြစ် ချောင်းများမှာ ရေလျှံမှုအလားအလာများနိုင်ပါတယ်။

**တောင်တရုတ်ပင်လယ်ပြင်အခြေအနေ**

တောင်တရုတ်ပင်လယ်ပြင်မှာ အခုလာမယ့် ရက်သတ္တာ တစ်ပတ်အတွင်းမှာ မုန်တိုင်းများ ဖြစ်လာနိုင်မယ့် အခြေအနေများမရှိတဲ့အတွက် မြန်မာနိုင်ငံဘက်ကို အရှေ့ဘက်မှ မုန်တိုင်း အကြွင်းအကျန်နဲ့ လေပွေလှိုင်းများ ရောက်ရှိလာနိုင်ဖွယ်ရာ မရှိပါဘူးလို့ ခန့်မှန်းရပါတယ်။

**ဒေါက်တာထွန်းလွင်**

# မြေယာအသုံးချမှု မူဝါဒ ရေးဆွဲရန် ပြင်ဆင်

**အိဖြူမွန်၊ အောင်နိုင်**
**ရန်ကုန်၊ ဇူလိုင်-၁၆**

မြေရာအသုံးချမှုဆိုင်ရာ အငြင်းပွားမှုများ ဖြေရှင်းရန်အတွက် မြေယာအသုံးချမှုမူဝါဒ (Land Use Policy) ရေးဆွဲရန်ပြင်ဆင်ဆောင်ရွက်နေပြီး မြေယာခွဲဝေအသုံးချမှု စိစစ်ဆောင်ရွက်ရေး ကော်မတီပါ ဖွဲ့စည်းလိုက်ကြောင်း သတင်းရရှိသည်။

မြေယာအသုံးချမှု မူဝါဒ ရေးဆွဲရန် ဝန်ကြီးဌာနပေါင်းစုံပါဝင်သော အဖွဲ့ဝင် ၂၁ ဦးပါ မြေယာခွဲဝေအသုံးချမှု စိစစ်ဆောင်ရွက်ရေးကော်မတီကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ယခင်ထွက်ရှိပြီးသား မြေယာနှင့်ဆိုင်သော ဥပဒေနှင့် နည်းဥပဒေ ၁၇ ခုကို ခေတ်နှင့်အညီ အသုံးချရန် ပြန်လည်သုံးသပ်မည်ဖြစ်သည်။

"အရင်ကဟာကို အခြေခံပြီး ပြောင်းလဲသင့်တဲ့ဟာတွေကို ပြောင်းလဲမှာပါ။ ဌာနအလိုက် ပြင်ဆင်သင့်တာတွေ အစီရင်ခံစာတင်မယ်။ အဲဒီဟာကိုကြည့်ပြီး လုပ်ငန်းကော်မတီတွေ အဆင့်ဆင့်ခွဲပြီး ရေးဆွဲဖို့လုပ်နေကြပါတယ်"ဟု နေပြည်တော်တွင် ကျင်းပသော မြေယာအသုံးချမှု မူဝါဒဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံတွင် မြေအသုံးချမှုနှင့်ပတ်သက်၍ ရေရာသော ပိုင်ဆိုင်မှုများ မရှိသောကြောင့် အငြင်းပွားမှုများ၊ လျော်ကြေးထိုက်တန်စွာ မရရှိခြင်းများကြောင့် ဆန္ဒပြလှုပ်ရှားမှုများ ဖြစ်ပေါ်လျက်ရှိသည်။ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်တွင် တိုင်ကြားစာစုစုပေါင်း၏ ၈၀ ရာခိုင်နှုန်းနှင့် လွှတ်တော်ရှိရေးရာကော်မတီများသို့ရောက်ရှိသော တိုင်ကြားစာစုစုပေါင်း၏ ၅၀ ရာခိုင်နှုန်းသည် လယ်ယာမြေ အသိမ်းခံရမှုနှင့် ပတ်သက်သော တိုင်ကြားစာများဖြစ်သည်။

မြေယာအငြင်းပွားမှုများကို ဥပဒေကြောင်းအရ နားလည်စေရန်နှင့် ပြောင်းလဲလက်ခံသင့်သော မြေအသုံးချမှု မူဝါဒများနှင့် ပတ်သက်သည့် အသိပညာပေးခြင်းများကို နိုင်ငံရေးပါတီအချို့နှင့် လူမှုအဖွဲ့အစည်းများက လုပ်ကိုင်လျက်ရှိသည်။ နိုင်ငံတော်အဆင့်အနေဖြင့်စားပွဲဝိုင်းတွင်ပထမဆုံးအကြိမ် ဝိုင်းဝန်းစဉ်းစားလာခြင်းဖြစ်သည်။

ယင်းသို့ နိုင်ငံတော်အဆင့် ဝိုင်းဝန်းစဉ်းစား ဆွေးနွေးလာမှုအပေါ် သိမ်းဆည်းခံ လယ်သမားများနှင့် လယ်သမားရေးလှုပ်ရှားဆောင်ရွက်ပေးနေသူများ ကြိုဆိုကြောင်းနှင့်အောက်ခြေအထိဆင်း၍ မျှတသောမူဝါဒများ ချမှတ်ပေးရန်လည်း တောင်းဆိုကြသည်။

"စာရွက်ပေါ်မှာ မဟုတ်ဘဲ တကယ်အောက်ခြေအထိ ဆင်းပြီးလုပ်သင့်တယ်။ မဟုတ်ရင်တော့ ဒီလိုဖြစ်နေမှာပါ။ ဆွေးနွေးရင်လည်း တကယ့်လယ်မြေမှုခင်းနဲ့ပတ်သက်လို့ အတွေ့အကြုံရှိတဲ့လူတွေကိုဖိတ်သင့်တယ်။ ဘာမှမသက်ဆိုင်တဲ့ သူတွေနဲ့ ဆွေးနွေးဆောင်ရွက်မယ်ဆိုရင်တော့ အကျိုးထူးလာမှာ မဟုတ်ဘူး။ လယ်သမားတွေဘက်ကလည်း ဥပဒေပညာရှင်တွေ လိုအပ်တယ်"ဟု လမ်းပြကြယ် ဦးအေးမြင့်က ပြောသည်။

ယခင်က ပြဋ္ဌာန်းထားသော ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ပြန်လည်သုံးသပ်ပြီး လုပ်ငန်းအလိုက် ကောက်ခံသော မြေအသုံးချမှု အခွန်အခများ၊ ရင်းနှီးမြှုပ်နှံမှု စီမံကိန်းနှင့်မြို့ရွာဖွံ့ဖြိုးရေး စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားထိခိုက်မှုများ လျော့လာစေရန် မြေခွဲဝေအသုံးချမှု လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းပြီး မြေအသုံးချမှု မူဝါဒတွင် ထည့်သွင်းမည်ဖြစ်ကြောင်း သိရသည်။

"ဒီလို ကော်မတီပေါ်လာတာ သမ္မတကြီးကိုရော၊ လွှတ်တော်ကိုယ်စားလှယ်တွေရော ကျေးဇူးတင်ပါတယ်။ နိုင်ငံအတွက် အကျိုးမရှိလယ်သမားတွေလည်း ဒုက္ခရောက်တဲ့ စီမံကိန်းတွေကို ပြန်စဉ်းစားမယ်ဆိုရင် ဝမ်းသာတယ်။ အချိန်တောင်နည်းနည်း လွန်နေပါပြီ"ဟု သန်လျင်မြို့နယ်မှ လယ်သမားဦးလှမြင့်က ပြောသည်။

အောက်ခြေတွင် အမှန်တကယ် ကြုံတွေ့နေရသော သူများနှင့်လုပ်ငန်းကော်မတီများ ပါဝင်သော အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကိုဩဂုတ်လတွင် ကျင်းပရန် ပြင်ဆင်နေကြောင်း၊ ယခုမှာ ကော်မတီအဆင့်သာ ဖွဲ့စည်းထားသောကြောင့်လုပ်ငန်းကော်မတီအဆင့် ဖွဲ့စည်းရန် ပြင်ဆင်နေကြောင်း၊မည်သည့်လုပ်ငန်းကို အဆင့်ဆင့် လုပ်ဆောင်ရန် ဆွေးနွေးညှိနှိုင်းသည့် အဆင့်သာရှိကြောင်း ယင်းဆွေးနွေးပွဲတက်ရောက်ခဲ့သူကထပ်မံပြောသည်။

ကောက်ယူရရှိသော စာရင်းဇယားများကို အခြေခံ၍ တရားမဝင် ကျူးကျော်လုပ်ကိုင်နေသူများအား နေရာချထားရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် မြေအသုံးချခွင့် ပေးနိုင်မည့် သစ်တောမြေ၊ မြေလွတ်မြေရိုင်းနှင့် အစိုးရစီမံပိုင်ခွင့်ရှိသော မြေများကို စိုက်ပျိုးရေးနှင့် စက်မှုဆိုင်ရာ လုပ်ငန်းများအတွက် ဖွံ့ဖြိုးစေရန် သတ်မှတ်ခြင်းများနှင့် ပြည်သူများ လိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရေးတို့အတွက် နယ်မြေများ သတ်မှတ်ပေးမည်ဟု သိရသည်။

# ရုပ်ရှင်ရုံများတွင် နိုင်ငံတော်အလံ အလေးပြုခြင်းအစဉ်အလာ အားနည်းလာခြင်းကို ပညာပေးဆောင်ရွက်မည်

**အေးသူစံ**
**ရန်ကုန်၊**
**ဇူလိုင်-၁၄**



ရုပ်ရှင်ရုံများတွင် ရုပ်ရှင်ပြသခြင်းမပြုမီ နိုင်ငံတော်အလံကိုပြသရာတွင် ရုပ်ရှင်ကြည့်ပရိသတ်များက နိုင်ငံတော်အလံအား အလေးပြုခြင်း အစဉ်အလာ အားနည်းလာခြင်းကို ပထမအဆင့်အနေဖြင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များဖွဲ့၍ ပညာပေးခြင်းပြုလုပ်သွားမည်ဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်က ပြောသည်။

ဇူလိုင် ၁၂ ရက်တွင် ကျင်းပသော အမျိုးသားလွှတ်တော် အစည်းအဝေး၌ အထက်ပါကိစ္စကို မေးမြန်းဆွေးနွေးခဲ့သည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ရန်ကုန်မြို့လယ်ရှိ အဆင့်မြင့်ရုပ်ရှင်ရုံတစ်ရုံမှ တာဝန်ရှိသူတစ်ဦးအား မေးမြန်းရာ "ဝန်ကြီးဌာနက ညွှန်ကြားလာရင် ညွှန်ကြားချက်အတိုင်း လုပ်ရပါမယ်။ ကျန်တာတော့ ဖြေလို့မရလို့ပါ" ဟု ပြောကြားသည်။

ဈေးဝယ်စင်တာနှင့် ရုပ်ရှင်ရုံတွဲလျက်ဖွင့်ထားသော Juntion Square ရှိ ရုပ်ရှင်ရုံမှ တာဝန်ရှိသူတစ်ဦးက "ကျွန်မတို့ ရုပ်ရှင်ရုံတွေမှာနိုင်ငံတော်အလံကိုမပြသမီ ရုပ်ရှင်ကြည့် ပရိသတ်တွေ အလေးပြုပေးဖို့ စာသားနဲ့လည်း စာတန်းထိုးပေးပါတယ်။ Announcer တစ်ဦးရဲ့ အသံနဲ့လည်း အလေးပြုဖို့ သတိပေးကြေညာပါတယ်"ဟု ဖြေကြားသည်။

နိုင်ငံတော်အလံအား အလေးပြု၊ ဂါဝရပြုရန် မလိုက်နာပါက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၈၈ ဖြင့် အရေးယူခံရနိုင်ကြောင်း အထက်တန်းရှေ့နေတစ်ဦးက ပြောသည်။

"ပြည်သူ့ဝန်ထမ်းက နည်းလမ်းတကျ ထုတ်ပြန်ထားတဲ့ကြေညာချက်ကို မလိုက်နာရင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၈၈ ဆိုတာရှိတယ်။ အလံတော်ကိုအလေးမပြုရင် ဒီပုဒ်မနဲ့ အရေးယူခံရနိုင်ပါတယ်။ ပြစ်ဒဏ်ကတော့ အလုပ်မဲ့ထောင်ဒဏ် တစ်လဖြစ်စေ၊ ၂၀၀ ထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်ပါတယ်" ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ရုပ်ရှင်ကြည့် ပရိသတ်များ အနေဖြင့်နိုင်ငံတော်အလံအလေးမပြုခြင်းကြောင့် ယခင်က ရုပ်ရှင်ရုံများတွင် စည်းကမ်းထိန်းသိမ်းရေးရဲများထားရှိပြီး အလေးမပြုသူများကို ရုံပြင်ခေါ်ထုတ်၍ ဒဏ်ရိုက် အရေးယူခြင်းများ ရှိခဲ့ဖူးကြောင်းနှင့် နိုင်ငံတော်အလံ ဥပဒေနှင့် နည်းဥပဒေများတွင် ရုပ်ရှင်ရုံများ၌ နိုင်ငံတော်အလံ အလေးပြုရန် ပျက်ကွက်ပါက အရေးယူဆောင်ရွက်ရန် ထည့်သွင်းဖော်ပြထားခြင်း မရှိသေးကြောင်း ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးစိုးဝင်းက ဇူလိုင် ၁၂ ရက်နေ့အမျိုးသား လွှတ်တော်အစည်းတွင် ဆွေးနွေးပြောကြားသည်။

၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သူ ကိုဂျင်မီက "ကိုယ့်နိုင်ငံအလံကို အလေးပြုတာတော့ ကောင်းတဲ့ကိစ္စပါ။ ဒါပေမဲ့ အလေးပြုဖို့ဆိုတာ ရင်ထဲအသည်းထဲမှာရှိဖို့ လိုအပ်တယ်။ ရင်ထဲအသည်းထဲမှာ နိုင်ငံတော်ကို လေးစားတဲ့စိတ်ရှိနေရင် အလေးပြုဖို့ဆိုတာ ပြောစရာမလိုပါဘူး။ အလိုလိုဖြစ်လာမှာပါ။ ဒီတော့ လူငယ်တွေရဲ့ အရင်းခံစိတ်ဓာတ်ကို အရင်ပြောင်းဖို့လိုပါမယ်" ဟု ၎င်း၏ သဘောထားကို ပြောသည်။

Life
7 DAY NEWS JOURNAL
Vol.11, No.19 • JULY 19 , 201

# အရက်နှင့် အမျိုးသမီးများ၏ ၁၀

မုန်လိုသူ



**“ခြောက်ဆယ့်တစ်ယောက်မြောက်တော့ သွားပြီးဟော့၊ ခြောက်ဆယ့် နှစ်ယောက် ဘယ်သူဖြစ်မလဲ မသိဘူး”**

**“ဘယ်သူဖြစ်ဖြစ်ပါကွာ အရေးမကြီးပါဘူး။ ငါတို့ထဲက တစ်ယောက်ယောက်ဖြစ်မှာပါပဲ”**

ထိုကဲ့သို့ ပြောဆိုနေသံများသည် ကျွန်တော်မုန့်ဟင်းခါးစားနေသော မုန့်ဟင်းခါးဆိုင် အနောက်ဘက် အရက်ဆိုင်ထဲမှ အသံများဖြစ်ပါသည်။ ကျွန်တော်နာရီကိုကြည့်လိုက်တော့ မနက် ၈ နာရီစွန်းစွန်းပင် ရှိသေးသည်။ အရက်ဆိုင်ထဲ၌ အရက်ဝိုင်းနှစ်ဝိုင်း ရှိနေလေပြီ။ တစ်ဝိုင်းမှာ ထိုင်သောက်နေကြသော သူများကို ကျွန်တော်သိသည်။ ကျွန်တော်တို့ ရပ်ကွက်ထဲမှ လူငယ်များပင်။ သူတို့တွေရဲ့အသက်က နှစ်ဆယ်မှ သုံးဆယ်အတွင်းပင် ရှိကြပေဦးမည်။ သူတို့တွေ ဘယ်အသက်အရွယ်လောက်က အရက်ကို စသောက်တတ်သည်ကို မသိသော်လည်း ယခုလို မနက်မိုးလင်းတာနဲ့ အရက်ဆိုင်ကို ရောက်ရောက်နေတတ်ကြသည်။ ပြီးလျှင် တစ်နေ့လုံးသောက်သည်။ အိမ်ပြန်လျှင်လည်း တစ်ခဏသာ၊ နောက်ပြီး အရက်ဆိုင်ကိုပဲ ပြန်ရောက်လာကြပြန်သည်။ လူပြန်စုသည်။ ပြန်သောက်သည်၊ ထိုကဲ့သို့ သောက်နေကြခြင်းသည် တစ်နှစ်မဟုတ်၊ လေးငါးနှစ်ပင် ရှိပေတော့မည်။ သူတို့တွေ အလုပ်မလုပ်နိုင်ကြပါ။ အလုပ်လုပ်သည်ဆိုသော်လည်း ရပ်ကွက်ထဲရှိ အိမ်များမှ တိုလီမိုလီကိစ္စလေးများရှိလျှင် ခေါ်ခိုင်းပြီး အရက်ဖိုးငါးရာ၊ တစ်ထောင် ပေးလိုက်ရုံပင်။ ထိုလူငယ် အရက်သမားအုပ်စု၌ မိန်းမလုပ်စာထိုင်စားနေသူပါသည်။ လက်သမားဆရာပါသည်။ ပန်းရန်ဆရာပါသည်။ ၁၀ တန်းအောင်ပြီး တက္ကသိုလ်ဆက်မတက်သော ကျောင်းသားနှစ်ယောက်ပါသည်။ ဒါပေမဲ့ သူတို့တွေ ဘယ်တော့မှ အလုပ်ကိုလက်ကြောတင်းအောင် မလုပ်ကြတော့၊ အရက်ဆိုင်၌သာ အချိန်ဖြုန်းနေကြတော့သည်။

သူတို့တွေ ပြောနေသော ခြောက်ဆယ့်တစ်ယောက်နှင့် ခြောက်ဆယ့်နှစ်ယောက်ကိစ္စကို ကျွန်တော်နားမလည်။ ထို့ကြောင့် မုန့်ဟင်းခါးရောင်းသော မအေးစိန်ကို မေးကြည့်မိသည်။ ခြောက်ဆယ့်တစ်ယောက်ဆိုသည်မှာ ညက သေသွားသော အရက်သမားသန်းဌေးဖြစ်ကြောင်းနှင့် ခြောက်ဆယ့်နှစ်ယောက်ဆိုတာကတော့ယခုသောက်နေကြသော အရက်သမားများထဲမှတစ်ယောက်ကို ရည်ညွှန်းကြောင်း၊ ထို့ကြောင့် ခြောက်ဆယ့်တစ်ယောက်ပြီးလျှင် ခြောက်ဆယ့်နှစ်ယောက်ဟု သူတို့တွေပြောနေကြခြင်းဖြစ်ကြောင်း မုန့်ဟင်းခါးရောင်းသည့် မအေးစိန်က ကျွန်တော့်ကို ရှင်းပြသည်။ ထိုမှသာ ကျွန်တော်ဇာတ်ရည်လည်သွားတော့၏။

မုန့်ဟင်းခါးစားပြီး အိမ်သို့ပြန်လာသော လမ်းတစ်လျှောက် ကျွန်တော်စဉ်းစားမိသည်မှာ ထိုအရက်ဆိုင်သည် ကျွန်တော်တို့ ရပ်ကွက်ထဲ၌ စဖွင့်ခဲ့သည်မှာ ၁၉၈၉ ခုနှစ်က ဖြစ်ပေလိမ့်မည်။ ယခု ၂၀၁၂ ခုနှစ်ဆိုတော့ ၂၃ နှစ်ပင် ပြည့်တော့မည်။ ထို ၂၃ နှစ်အတွင်း၌ သေဆုံးသွားကြသူတို့မှာ ယခုဆိုလျှင် ၆၀ ကျော်သွားလေပြီ၊ ပျမ်းမျှတစ်နှစ်ကို သုံးယောက်နှုန်းလောက် သေဆုံးပြီးလေပြီ။ မသေသေးသော်လည်း အလုပ်ကို မလုပ်နိုင်ကြတော့သည့် လူငယ်တွေကျန်နေပါသေးသည်။ ထိုအရက်ကြောင့်ပင်အလုပ်အကိုင်ပျက်ပေလိမ့်မည်။ အလုပ်ကောင်းကောင်း မလုပ်နိုင်တော့ စီးပွားလည်း ပျက်မှာသေချာသည်။ ကိုယ့်စီးပွားကို တောင်ကိုယ်ဂရုမစိုက်နိုင်လျှင် ကျန်သည့် လူမှုရေးကိစ္စများသည် ပျက်ယွင်းပေလိမ့်မည်။ ထိုအတွေးတို့ဖြင့် ပြန်လာခဲ့သောလမ်းတစ်လျှောက်၌ ကျွန်တော်၏အစ်ကိုနှင့်ညီကို သတိရနေမိပြန်သည်။ ယခုသူတို့ မရှိကြတော့ပါ။ တမလွန်ဘဝသို့ကူးပြောင်းသွားသည်မှာ ဘာမှမကြာသေး။ တစ်ယောက်နှင့်တစ်ယောက် ၂ နှစ်သာ ခြားသည်။ အစ်ကိုဆုံးတော့ အစ်ကို့အသက် (၄၄) နှစ်၊ ကလေး ၄ ယောက် ကျန်ခဲ့သည်။ 

**စာ(၁၁)သို့**



ဈေးဝယ်ထွက်မယ်

## မဟူရာကျောက်မျက်ဒီဇိုင်းဆန်းလေးတွေရှိတဲ့နေရာ



ဓာတ်ပုံ-ကျော်မောင်မောင်(အမရပူရ)

**မေပယ်လ်**

မင်္ဂလာပွဲတွေနဲ့အခမ်းအနားတွေ သွားကြတဲ့အခါ ပေါ့ပေါ့ပါးပါး ဟိုနားဒီနားသွားလာကြတဲ့အခါမှာ အမျိုးသမီးတွေ အနေနဲ့ အဝတ်အစားနဲ့လိုက်ဖက်ညီတဲ့အဆင်တန်ဆာတွေကို ရွေးချယ်ဝတ်ဆင်တတ်ဖို့ကလည်း လိုအပ်လာပါတယ်။

တန်ဖိုးကြီးမားတဲ့လက်ဝတ်ရတနာတွေကို မဝတ်ဆင်လိုသူတွေအတွက် အမြင်လည်းဆန်း၊ ဆွဲဆောင်မှုလည်းရှိပြီး မြန်မာ၊ အနောက်တိုင်းအဝတ်အစားတွေနဲ့ လိုက်ဖက်ညီကာ ပေါ်လွင်လှပစေမယ့် အနက်ရောင်ကျောက်(မဟူရာ) နဲ့ဒီဇိုင်းလန်းစေအောင် လုပ်ဆောင်ပေးနိုင်မယ့်နေရာလေးကို ဒီတစ်ပတ် လမ်းညွှန်ချင်ပါတယ်။

ထိုင်းနိုင်ငံထုတ်ပစ္စည်းတွေဖြစ်ပြီး အရည်အသွေးကော၊ ဒီဇိုင်းပိုင်းမှာပါ ဆန်းသစ်ကောင်းမွန်တဲ့ ငွေကြိုးငွေ့၊ မဟူရာနဲ့ 925 မဝတ်ဖူးသူတွေတောင်နှစ်သက်ကြမှာပါ။ နားကပ်၊ လော့ကတ်သီး၊ လက်စွပ်ဝမ်းဆက်ဒီဇိုင်းတွေရှိသလို တစ်မျိုးချင်းစီအတွက်လည်း ဒီဇိုင်းလှလှတွေအများကြီးရွေးချယ်နိုင်ပါတယ်။

နားကပ်၊လော့ကတ်သီး၊လက်စွပ်ဝမ်းဆက်အတွက် ဒီဇိုင်းပေါင်း ၅၀ လောက်ရွေးချယ်နိုင်မှာဖြစ်ပြီး ဈေးနှုန်းတွေက ကျပ်ငါးသောင်းကနေကျပ်တစ်သိန်းကျော်အထိ သတ်မှတ်ထားတယ်လို့ဆိုပါတယ်။ လက်စွပ်တစ်မျိုးတည်းဆိုရင် ဈေးနှုန်းကကျပ်တစ်သောင်းကျော်ကနေ ငါးသောင်းကျော်အထိရှိပါတယ်။ နားကပ်တွေကတော့ ကျပ်တစ်သောင်းကျော်ကနေ နှစ်သောင်းလောက်အထိ ရှိပြီး၊ လော့ကတ်သီးဆိုရင်ကျပ် တစ်သောင်းကျော်ကနေ ကျပ်လေးသောင်းကျော်အထိ ဈေးရှိတယ်လို့သိရပါတယ်။ ပစ္စည်းတစ်မျိုးချင်းစီတွေမှာ ဒီဇိုင်းပေါင်း ၆၀ ခန့်ရှိတာကြောင့် စိတ်ကြိုက်ရွေးဝယ်နိုင်မှာဖြစ်ပါတယ်။

အနက်ရောင်ကျောက်မျက်အဆင်တန်ဆာတွေကိုမှနှစ်သက်သူတွေ၊တစ်ခါမှမဝတ်ဖူးသူတွေပါ အကြိုက်တွေ့သွားနိုင်မယ့်မဟူရာလက်ဝတ်ရတနာတွေရှိတဲ့ နေရာကတော့ Adorable 925 Silver& Jewllery၊ အမှတ် ၅၆၊ ဗိုလ်ချုပ်အောင်ဆန်းဈေး၊ အနောက်ဒီရုံပါလို့ ဈေးဝယ်ထွက်ကြည့်ဖို့ လမ်းညွှန်ပေးလိုက်ပါတယ်။



ဒေါ်နွဲ့လေး ချက်ကြရအောင်

## ဆူးပုပ်ရွက်ကော်ပြန့်



ဒီတစ်ပတ်ကတော့ ဝိုက်ဖီက အားလုံးသိတဲ့ ဟင်းတစ်ခွက်ကိုပဲ ပုံစံတစ်မျိုးလေးနဲ့ ပြင်ဆင်ထားတာပါ။ ဆူးပုပ်ရွက်ဘဲဥမွှေကြော်၊ ဆူးပုပ်ရွက်အချပ်ကြော်တို့ကို ကြော်စားနေကြသူတွေအတွက် ဆူးပုပ်ရွက်ဘဲဥကော်ပြန့်ကြော်လေးကိုပြင်ဆင်ထားတာပါ။ အဲဒါကြော်ဖို့အတွက်တော့ ဘဲဥနဲ့ ဆူးပုပ်ရွက်နုနုလေးတွေပဲ လိုပါတယ်။ ဒါပေမဲ့ ယိုးဒယားစတိုင်ကြော်ချင်ရင်တော့ ခရမ်းကစော့သီး၊ ငါးပိနဲ့ ငရုတ်သီးစိမ်းတို့ပါလိုပါတယ်။

ကော်ပြန့်အတွက်ကိုတော့ ဘဲဥကိုဖောက်၊ ဇွန်းနဲ့ခေါက်ပြီးမွှေ။ နွှင်ထားပြီးဖြစ်တဲ့ ဆူးပုပ်ရွက်နုနုလေးကို ထည့်လိုက်။ အရသာပါ အနေတော်ထည့်ပြီးရင် ဒယ်အိုးပြားထဲ ဆီထည့်ပြီး အပြန့်လိုက်လေးလောင်းပါ။ အိုးကိုင်းကနေ နည်းနည်းကိုလှုပ် အပေါ် အောက်တစ်ချက်လှန်ပေးပြီး ဇွန်းပြားနဲ့ ချက်ချင်းလိပ်ပေးပါ။ အရောင်လေး ရဲလာတဲ့အထိ ဆီထဲလှိမ့်ပေးပြီး ချလို့ရပါပြီ။ ပြီးရင်တော့ ကတ်ကြေးလေးနဲ့ ညီညီလေးညှပ်လိုက်တဲ့အခါ ဆူးပုပ်ရွက်ကော်ပြန့်ကို ရပါပြီ။

ဒါပေမဲ့ ယိုးဒယားစတိုင်ဆိုရင်တော့ အဲလို ဆူးပုပ်ရွက်ကော်ပြန့် အပေါ်ကို ငါးပိရည်ချဉ်စပ်စပ်လေးလောင်းပေးပါတယ်။ ငါးပိကိုအိုးပူတိုက်ပြီး သံပရာရည်ညှစ်၊ ခရမ်းကစော့သီးရေနွေးဖျောပြီး အခြမ်းလိုက်လေးတွေ လှီးထည့်၊ ငရုတ်သီးစိမ်းပါးပါးလှီးထားတာ အရေဖျော်ထည့်လိုက်ရင် ချဉ်ချဉ်စပ်စပ်ဆော့စ်လေးတစ်ခွက်ရပြီပေါ့။ အဲဒီဆော့စ်ကို အပေါ်ကစမ်းရင်စမ်း၊ မဟုတ်လည်း တို့ဖက်ဆော့စ်အနေနဲ့ သုံးဆောင်နိုင်ပါတယ်။

7DAY NEWS JOURNAL
Vol.11, No.19 • JULY 19 , 2012

# နိဗ္ဗာန်ယာဉ်များ တင်သွင်းမှု အခွန်ကင်းလွတ်ခွင့်ပြု

**မင်းဟိန်းကျော်**

**ရန်ကုန်၊**

**ဇူလိုင် - ၁၀**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက နိဗ္ဗာန်ယာဉ်များအား အခွန်ကင်းလွတ်ခွင့်ပြုခဲ့၍ နာရေးကူညီမှုအသင်း(ရန်ကုန်)က ဇွန်လအတွင်း တင်သွင်းခဲ့သော နိဗ္ဗာန်ယာဉ်အသစ်တစ်စီးအား အခွန်ပေးဆောင်ရခြင်းမရှိဘဲ တင်သွင်းခွင့်ရခဲ့ကြောင်း အဆိုပါအသင်းမှ ဥက္ကဋ္ဌ ဦးကျော်သူကပြောသည်။

“ပြီးခဲ့တဲ့ တစ်လလောက်က ရောက်တဲ့ ကားကို အခွန်ကင်းလွတ်ခွင့်ပေးတယ်။ ဒီလို လုပ်ပေးတာ ကျွန်တော်တို့လို လူမှုရေးအသင်းအဖွဲ့တွေအတွက် အရမ်းကောင်းတယ်”ဟု ဦးကျော်သူကပင်ပြောသည်။

နာရေးကူညီမှုအသင်း (ရန်ကုန်)တွင် အသုံးပြုနေသောယာဉ်များမှာ နိုင်ငံခြားမှ တင်သွင်းသောကားများရှိသကဲ့သို့ပြည်တွင်းမှတစ်ဆင့်ဝယ်ယူထားသောကားများလည်းရှိသည်။ လက်ရှိတွင် နိဗ္ဗာန်ယာဉ် ၁၄စီးကို အသုံးပြုလျက်ရှိပြီး အခွန်ကင်းလွတ်ခွင့်ဖြင့်တင်သွင်းလာသောယာဉ်အား ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှနိဗ္ဗာန်ယာဉ်များတွင် အသုံးပြုသော ယာဉ်နံပါတ်ဖြစ်သည့် နိဗ္ဗာန်-၁၀၁ဖြင့် လိုင်စင်ချထားပေးခဲ့ကြောင်း၊ ယခင်က ပြည်ပမှ တင်သွင်းသော ယာဉ်တစ်စီးလျှင်ငွေကျပ်၁၂သိန်းခန့်ပေးသွင်းရကြောင်းယင်းအသင်းမှ တာဝန်ရှိသူက ပြောသည်။

ဇူလိုင် ၉ ရက်က ပြုလုပ်ခဲ့သော ပြည်သူ့လွှတ်တော် စတုတ္ထနေ့ အစည်းအဝေးတွင် နာရေးကူညီမှုအသင်းများအနေဖြင့် ပြည်ပမှ တင်သွင်းလာသောယာဉ်ကို နိဗ္ဗာန်ယာဉ်အဖြစ် အသုံးပြုရန် အသင်းအဖွဲ့တရားဝင်မှတ်ပုံတင်ဖြင့်လျှောက်ထားလာပါက နိဗ္ဗာန်ယာဉ်အမျိုးအစားမှလွဲ၍ အခြားယာဉ်အမျိုးအစားသို့ ပြောင်းလဲအသုံးပြုခွင့်မပြုသော ကန့်သတ်ချက်ဖြင့် ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခကင်းလွတ်ခွင့်ပြုမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းကပြောသည်။











# ရခိုင်ရှိ ကယ်ဆယ်ရေးစခန်းများတွင် အမျိုးသမီးအသုံးအဆောင်ပစ္စည်းများ လိုအပ်

**အိဖြူမွန်**

**ရန်ကုန်၊ ဇူလိုင်-၁၄**

ရခိုင်ဒုက္ခသည် ကယ်ဆယ်ရေးစခန်းများရှိ အမျိုးသမီးများအတွက် အမျိုးသမီးသုံးဆောင်ပစ္စည်းများ အရေးတကြီးလိုအပ်နေကြောင်း ဝံလက်ဒေသဖွံ့ဖြိုးရေးဖောင်ဒေးရှင်းမှ ကိုနိုင်စိုးကပြောသည်။

ရခိုင်ပြည်နယ်ရောက် ဒုက္ခသည် ကူညီစောင့်ရှောက်သူများသည်အရေးပေါ်စားဝတ်နေရေးနှင့်ပြန်လည်တည်ဆောက်ရေး၊မီးဖိုချောင်အသုံးဆောင်ပစ္စည်း လိုအပ်ချက်များကို ကူညီနေခြင်းဖြစ်သောကြောင့် ယခုကဲ့သို့ အမျိုးသမီး အသုံးဆောင်ပစ္စည်းများအားမေ့လျော့နေခြင်းဖြစ်ကြောင်း ကိုနိုင်စိုးကပြောသည်။

စစ်တွေမြို့ပေါ်ရှိ ကယ်ဆယ်ရေးစခန်း ၂၀ တွင် နေထိုင်ကြသော လူဦးရေ ၁၅၁၇ ယောက်ရှိသည့်အနက် ၉၀၇ ယောက်(ထက်ဝက်ကျော်)သည် အမျိုးသမီးများဖြစ်သည်။ အမျိုးသမီးတစ်ဝက်ကျော်တွင် ကိုယ်ဝန်ဆောင် ၂၁ဦးပါဝင်သည်။ လိုအပ်သော အမျိုးသမီးအသုံးဆောင်ပစ္စည်းများမှာ ထဘီ၊ လစဉ်သုံးပစ္စည်း၊ အပေါ်၊ အောက် အတွင်းခံနှင့် ဖိနပ်တို့ဖြစ်ကြောင်း ကိုနိုင်စိုးက ဆက်လက်ပြောသည်။ ဘူးသီးတောင်နှင့်မောင်းတောမြို့ရှိကယ်ဆယ်ရေးစခန်းများတွင် အမျိုးသမီးဦးရေအတိအကျမသိရှိရသေးသော်လည်း ယင်းပစ္စည်းများ လှူဒါန်းရန် လိုအပ်နေကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။



ဓမ္မ

အသိတစ်လုံးအမြတ်ဆုံး
တစ်လုံးအသိအကျိုးရှိ၏



## မှန်ကန်စွာမေတ္တာပို့ခြင်း ...

မေတ္တာဆိုတဲ့ မေတ္တာစေတသိက်ဟာ ကရုဏာ၊ ဖြဟ္မာ့ပြည်လားနိုင်တဲ့ကုသိုလ်ဖြစ်တယ်။ ဒါပေမဲ့ မေတ္တာထဲရာဂဝင်လာတာ၊ လောဘဝင်လာတာတွေကိုသိခဲတယ်။ မိမိက ပို့သတဲ့ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ စီးပွားရတနာတိုးတက်ပါစေ၊ အန္တရာယ်ကင်း၍ ဘေးရှင်းပါစေဆိုတာ မေတ္တာတွေဖြစ်တယ်။ ဒီလို မေတ္တာပို့နေတာတော့ လူတိုင်းရဲ့မေတ္တာပဲ။ ပို့တဲ့ အထဲမှာ ကိုယ်ခင်တဲ့ပုဂ္ဂိုလ်၊ ကိုယ် အင်မတန်မြတ်နိုးတဲ့ပုဂ္ဂိုလ်ကို လှည့်လည်ပြီး မေတ္တာသွားတတ်တယ်။ အဲဒီအခါ အဲဒီပုဂ္ဂိုလ်တွေထဲက သူလည်း အရေးကြီးတယ်၊ ဟိုသူလည်း အရေးကြီးတယ်ဆိုပြီး ကျန်းမာ ဖို့၊ ချမ်းသာဖို့ အရေးကြီးတယ်ဆိုတာတွေနဲ့ တစ်ဦးတစ်ယောက်ကိုသာ စူးစူးစိုက်စိုက်ကြည့်ဖြစ်ကြတယ်။ သတ္တဝါအားလုံးကို ပို့သရမယ့် မေတ္တာဓာတ်တွေဟာ အဲဒီသမုဒယတွယ်မိတဲ့ပုဂ္ဂိုလ်ကို အရင်ရောက်သွားတယ်။ အဲဒီလိုမေတ္တာက စွဲလမ်းမှုတဏှာရဲ့ ညွှန်ကြားရာ သွားတဲ့အခါ မေတ္တာဆိုတာ ခင်မှုမင်မှုကြောင့် ပြောဆိုလိုက်တဲ့စကားမျိုးဖြစ်သွားပါတော့ တယ်။

အဲဒီအခါ မေတ္တာရဲ့ ဖြန့်ကြက်မှုကို ပို့သတဲ့သူက မသိလိုက်ဘဲ ကိုယ်ကတော့ မေတ္တာပို့နေတယ်လို့ပဲ ထင်တတ်တယ်။ ဒါကြောင့် မေတ္တာပို့ရင် ရှင်းရှင်းလင်းလင်း ပို့တတ်ဖို့လိုတယ်။ မေတ္တာဖြန့်ကြက်နေစဉ်မှာ သမုဒယတွေဟူသမျှ မလာဖို့လိုတယ်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဖြဟ္မာဝိဟာရတရားဆိုတာ ဖြဟ္မာများကဲ့သို့ပျမ်းမျှဖြန့်ကျက် မေတ္တာပို့ခြင်းဖြစ်တယ်။ သဗ္ဗသတ္တာတွေထဲမှာ ကိုယ်ခင်ရာတွေ ရောယှက်ပြီး မေတ္တာလိုလိုနဲ့ တဏှာရဲ့လှည့်စားသွားမှုကို အလှည့်စားခံရတဲ့ ပုဂ္ဂိုလ်က မသိဘဲ ဖြစ်တတ်လို့ မှန်ကန်စွာ မေတ္တာပို့တတ်ဖို့လိုတယ်။

ရည်ညွှန်း- မိုးကုတ်ဆရာတော်ဘုရားကြီး၏ 'မေတ္တာပို့'

# ဇာတကတတွ နက္ခတ်ဗေဒင်ကျမ်းဆွေးနွေးပွဲ ပထမဆုံးအကြိမ် ကျင်းပမည်

**ဥက္ကာကိုကို**

**ရန်ကုန်၊ ဇူလိုင်-၉**

မြန်မာနိုင်ငံ၏ ပထမဆုံးသော ဇာတကတတွ နက္ခတ်ဗေဒင်ကျမ်းဆွေးနွေးပွဲနှင့် ကောင်းကင်အမြင် နက္ခတ်ရှင်းလင်းပြသပွဲကို ယခုလ ၁၅ ရက်တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အဆိုပါပွဲတွင် ဗေဒင်ဆရာ ၂၉ ဦးက အခမဲ့ပညာဒါန ဗေဒင်ဟောပြောပေးခြင်းကိုပါပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ ပွဲတွင် မြန်မာနိုင်ငံတွင် ဆရာကြီးဦးသိန်းဖေ(BA,BL) ဘာသာပြန်ဆိုခဲ့သည့်ဇာတကတတွ ကျမ်းပထမပိုင်းကို ဆွေးနွေးခြင်း၊ ကောင်းကင်အမြင် နက္ခတ်များအား ပရိုဂျက်တာဖြင့် ရှင်းလင်းပြသခြင်း၊ သင်တန်းဆင်း လက်မှတ်များပေးအပ်ခြင်းတို့ကိုပြုလုပ်သွားမည်ဖြစ်သည်။ အဆိုပါ ပွဲကို ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ရွှေတိဂုံဘုရားလမ်းပေါ်ရှိ ကျားကူးစမ္မဗိမာန်တော်ကြီးတွင် ဇူလိုင် ၁၅ ရက် မွန်းလွဲ ၂ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပသွားမည် ဖြစ်သည်။

ပညာဒါန ဗေဒင်ဟောပြောခြင်းကိုမွန်းတည့်၁၂နာရီမှစတင်မည်ဖြစ်ပြီး ညနေ ၄ နာရီအထိ ဆရာကြီးမင်းသိခ်၏ တပည့်ရင်းများနှင့် ဆရာဇေယျာမိုး(ဝေဒဗိမာန်)၏တပည့်ရင်းများကဟောပြောပေးကြမည်ဖြစ်သည်။

ဗေဒင်ပညာကို ဝါသနာပါသူများ၊ စိတ်ပါဝင်စားသူများ၊ ဗေဒင်ပညာရှင်များ မည်သူမဆိုလာရောက်လေ့လာနိုင်ပြီး မြန်မာနိုင်ငံတွင် ဗေဒင်ပညာရပ်များ တိုးတက်ပြန့်ပွားလာစေရန် ရည်ရွယ်၍ ပြုလုပ်သည့်ပွဲတွင် ဗေဒင်မေးမြန်းလိုသူများအနေဖြင့် ဆရာဇေယျာမိုး -၀၉-၄၁၉၀ ၂၁၅၂၊ ဆရာရန်မိုးအောင်-၀၉ ၄၃၁ ၂၂၃၆၉၊ ၀၉ ၄၉၂ ၈၉၉၆၁ တို့ထံ စာရင်းပေးသွင်းနိုင်ကြသည်ဟု သိရသည်။

## စာ -၉၊ အရက်နှင့်အမျိုးသမီးများ ဘဝ မှ

ညီဖြစ်သူဆုံးတော့လည်း အသက်က (၃၈)နှစ်၊ ကလေးတစ်ယောက်ကျန်ခဲ့သည်။

သူတို့တွေ ဘာဖြစ်လို့ သေဆုံးသွားခဲ့ကြပါသနည်းဟု မေးလျှင် အဖြေကတော့ အရက်သောက်၍ သေသည်ဟုသာ ဖြေရပါမည်။ ကျွန်တော်၏အစ်ကိုဖြစ်သူရော၊ ညီဖြစ်သူပါ ပထမ အရက်ကို အပျော်သောက်သည်။ နောက်တော့ အရက်ကို လုံးဝကြိုက်နှစ်သက်သွားပြီး ဖြတ်မရတော့ပါ။ နောက်ဆုံးသေသွားခြင်းပင်။ ညီဖြစ်သူက နောင်တရပြီး စိတ်ကျန်းမာရေးဆေးရုံ၊ ရွာသာကြီးမှာ အရက်တက်ဖြတ်သည်။ ဒါပေမဲ့ မရတော့ ဆေးရုံတက်ပြီး သုံးရက်အကြာမှာ ဆုံးသွားသည်။ သူတို့တွေ သေဆုံးသွားတော့ သူတို့မိန်းမတွေမှာ ကလေးတွေကျန်ခဲ့သည်။ ထိုကလေးတွေနှင့် ဘဝကို ဘယ်လိုရင်ဆိုင်ဖြတ်သန်းကြမည်လဲ၊ ကျန်ခဲ့သည့် ကလေးများသည်လည်း လူ့အသိုက်အဝန်းပတ်ဝန်းကျင်တွင် မျက်နှာငယ်ကြရပေဦးမည်။ မိခင်ဖြစ်သူတစ်ယောက်တည်း၏လုပ်ခလစာဖြင့်မည်သည့်နည်းနှင့်မျှ ဘဝကို ပြေပြေလည်လည်ဖြတ်သန်းနိုင်ကြမည်မဟုတ်ပါ။ ကျွန်တော်၏ မရီးများကဲ့သို့ပင် ကျွန်တော်တို့နိုင်ငံအတွင်း၌ အရက်သမားမယားများ မည်မျှရှိနေဦးမည်မသိသော်လည်း သေချာသည်ကတော့ ယခုခေတ်အရက်များကို သုံးနှစ်လောက် ဆက်သောက်မိသည်နှင့် ထိုလူသည် အလုပ်ကိုကောင်းစွာ မလုပ်နိုင်ကြတော့ပါ။ နောက်တဖြည်းဖြည်း ကျန်းမာရေးချို့ယွင်းလာပြီး ရောဂါတစ်ခုခုနှင့်သာ လူ့သက်တမ်း မစေ့မီ သေကြရပြန်သည်။ ထိုကဲ့သို့ ဖြစ်ရခြင်းသည် ဓာတုဗေဒပစ္စည်းများဖြင့် အရက်ကိုချက်လုပ်ကြခြင်းကြောင့်ဖြစ်ပေမည်။ စံချိန်စံညွှန်းမမီသော ထိုအရက်များ၏ တန်ဖိုးသည် ကလေးမုန့်ဖိုးလောက်သာရှိနေခြင်းကြောင့်လည်း အရက်သောက်သုံးသူ များပြားလာခြင်းလည်း ဖြစ်နိုင်ပါသည်။

အရက်၏မကောင်းကြောင်းကို ရေးမည်ဆိုလျှင် အများကြီးရေး၍ ရပါသည်။ ပထမဦးဆုံး မိမိကိုယ်တိုင်ငွေကုန်ပါမည်။ အရက်မူးလာပြီဆိုလျှင် စဉ်းစားဉာဏ် ဆင်ခြင်တုံတရားမရှိတော့ပါ။ ကောင်း၏၊ မကောင်း၏ မဝေခွဲနိုင်ဖြစ်ရဦးမည်။ အရက်သောက်ပြီး ပြုမူပြောဆို ဆက်ဆံရေးများသည် ကောင်းသည့်ဘက်ထက် ဆိုးသည့်ဘက်က ပိုများပါလိမ့်မည်။ သားသမီးရှိလျှင်လည်း ထိုသားသမီးသည် ကျောင်းစာသင်ခန်း၌သော်လည်းကောင်း ရပ်ကွက်ထဲ၌သော်လည်းကောင်း အရက်သမား သားသမီးဆိုပြီး သူ့ပတ်ဝန်းကျင် အသိုင်းအဝိုင်းသေးသေး ကျဉ်းကျဉ်းလေးထဲမှာ မျက်နှာငယ်ငယ်နှင့် စိတ်အားငယ်စွာရှိနေပေဦးမည်။ ယနေ့ထွက်နေသော မှုခင်းသတင်း၊ ဂျာနယ်များကို ဖတ်ကြည့်လျှင်လည်း အရက်ကြောင့် ဖြစ်ပွားသည့် အမှုအခင်းသာ များသည်ကို ကြည့်လျှင် ထိုအရက်သည် မည်သူတစ်ဦးတစ်ယောက်ကိုမှ မျက်နှာသာ မပေး။ ဆိုးကျိုးကိုသာ ပေးသည်ဆိုတာ အထင်အရှား တွေ့ရမှာသေချာသည်။ ထိုမကောင်းသော အရက်များကို အဘယ့်ကြောင့်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခွင့်ပေးနေကြပါသနည်း။

ယခုဆိုလျှင် ကျွန်တော်တို့နိုင်ငံတော်အတွင်း၌မြန်မာအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းအမျိုးမျိုးဖြင့် အသိပညာပေး လှုံ့ဆော်နေကြသည်။ သားဆက်ခြားပညာပေးခြင်း၊ အမျိုးသမီးများ၏ အခက်အခဲများကိုနှစ်သိမ့်ဆွေးနွေးအဖြေရှာပေးခြင်း၊ ဘတ်စ်ကားပေါ်တွင် လိင်အကြမ်းဖက်မှုမှကာကွယ်ရန် ဝီစီများပေး၍ စောင့်ရှောက်ခြင်းစသည့်အမျိုးမျိုးသော အကြောင်းအရာတို့ဖြင့်ကာကွယ်နေသည်မှာ အမှန်ရော ထိရောက်မှု ရှိရဲ့လား။ အမျိုးသမီးများ၏ ဘဝသည် စိတ္တသုခ၊ ကာယသုခနှင့်ရော အမှန်ပြည့်စုံနေကြပါပြီလား။ တကယ်တော့မပြည့်စုံပါ။ အဘယ်ကြောင့်ဆိုလျှင် မြန်မာအမျိုးသမီးများစွာတို့၏ ခင်ပွန်းလင်ယောကျ်ားများသည် အရက်ကို သောက်သုံးနေသူများနေသောကြောင့်ပင် ထိုအရက်သမားဆယ်ယောက်တွင် တစ်ယောက်ကတော့ အိမ်ပြန်ရောက်လျှင် ပြဿနာရှာတတ်မှာသေချာသည်။ ထိုတစ်ယောက်၏ အပြုအမူများသည် ဇနီးမယားအပေါ်၌ စိတ်ဒုက္ခကိုပေးမှာ အမှန်ပင်။ ထိုထက်ဆိုးသည်မှာ နှလုံးသားနုနယ်သေးသော ကလေးများကိုပါ ကူးစက်မည်မှာ မလွဲပါ။ မြန်မာအမျိုးသမီးများသည် သားကိုသခင်၊ လင်ကိုဘုရားဆိုသည့် ဆိုရိုးစကား၏ နောက်၌ လင်ဖြစ်သူသည် အိမ်ဦးနတ်အရှင်သခင်ဟူသည့် အသိနှင့်ဦးစားပေးမည်မှာ အမှန်ပင်။ ဒါပေမဲ့ အိမ်ဦးနတ်ဖြစ်နေသော လင်ယောကျ်ားများသည် အရက်သောက်ပြီး အိမ် ဦးနတ်နေရာနှင့်ရော အမှန်တကယ် ထိုက်တန်ပါရဲ့လား။ ဒါကို စဉ်းစားဖို့လိုပေဦးမည်။ အိမ်ထောင်ရှင်အမျိုးသမီးတိုင်း ကိုယ့်လင်ယောကျ်ား အရက်သေစာသောက်စားမူးယစ်တတ်တာကို မည်သူမှ ကြိုက်မည်မဟုတ်ပါ။ အဘယ်ကြောင့် လင်ယောကျ်ားများက အရက်ကို သောက်နေကြပါသနည်း။

အကြောင်းတော့ ရှိရပေမည်။ များသောအားဖြင့် တစ်နေ့လုပ် တစ်နေ့စား ဆင်းရဲသားဘဝများမှ လင်ယောကျ်ားများ သောက်တတ်တာပိုများသည်။ အလုပ်ပင်ပန်း၍ သောက်တာတစ်မျိုး၊ အိမ်၏စီးပွားရေးမပြေလည်၍ သောက်တာတစ်ဖုံ အကြောင်းအမျိုးမျိုးပြ၍ သောက်ဖြစ် နေခြင်းသည် ပေါလွန်းအားကြီးသော အရက်အမျိုးမျိုးကြောင့်ပင်။ အရက်တစ်လုံး၏ တန်ဖိုးသည် ကလေးမုန့်ဖိုးသာသာ လောက်သာရှိ၍ သောက်ခြင်းဖြစ်သလို အရက်ဆိုင်များ ပေါများခြင်းကြောင့်လည်း ဖြစ်နိုင်ပါသည်။ ထို့ကြောင့် အရက်ဆိုင်များ အမှန်တကယ်လျှော့ချရပေမည်။ အရက်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခွင့်ကိုလည်း စိစစ်ကြပ်မတ်၍ စံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်ရောင်းချစေခြင်းဖြင့် ထိန်းချုပ်ဖို့လိုအပ်နေသည်မှာ အမှန်ပင်။ ကျွန်တော်တို့ ငယ်ငယ်တုန်းကလို လူတစ်ဦးလျှင် ဘယ်နှပက်နှုန်းဖြင့်သော်လည်းကောင်း၊ အသက်(၁၈)နှစ်မပြည့်လျှင် ရောင်းချမပေးခြင်းဖြင့်သော်လည်းကောင်း ဥပဒေထုတ်ပြန်သင့်သည့် အချိန်ရောက်နေပါသည်။ အရက်ရောင်းချသည့် ဆိုင်ရှင်များသည်လည်း အရက်ကြောင့် အချို့အမျိုးသမီးများ မျက်ရည်ပေါက်ကြီးငယ် ကျနေကြရသည်ဆိုတာကို သတိရှိစေချင်ပါသည်။

မည်သို့ပင်ဆိုစေ မြန်မာ အမျိုးသမီးများ၏ ဘဝများ အမှန်တကယ် လှပစေချင်သည့် စေတနာ အပြည့်ရှိသည်ဆိုလျှင် သွယ်ဝိုက်သောနည်းဖြင့်သူတို့တွေ၏ဘဝကို ဒုက္ခပေးနေသော လင်ယောကျ်ားများ၏သောက်စားမူးယစ်နေခြင်းကို ထိန်းချုပ်ပေးခြင်းဖြင့်ကာကွယ်စေချင်ပါသည်။ သို့မှသာ ထိုအမျိုးသမီးများ၏ဘဝနှင့် ကလေးသူငယ်များ၏ ဘဝသည် စိတ္တသုခ၊ ကာယသုခနှင့် ပြည့်စုံ၍ နောင်အနာဂတ်ဘဝ၌ တိုင်းပြည်၏ တန်ဖိုးရှိသော မိခင်များ၊ ရင်သွေးရတနာများ ပေါ်ထွက်လာမည်မှာ အမှန်ပင်ဖြစ်ကြောင်း ရေးသားလိုက်ရပါတော့သည်။

7 DAY NEWS JOURNAL
Vol.11, No.19 • JULY 19 , 2012

## မျက်နှာဖုံး-တရုတ်နိုင်ငံလုပ်မုန့်များ ကျောင်းဈေးဆိုင်များတွင်မရောင်းရန် ကောလင်းပညာရေးဌာနက တားမြစ် မှ

“တရုတ်မုန့်တွေနဲ့ပတ်သက်ပြီး မြို့ပေါ်ကျောင်းတက်တဲ့ကလေးတွေ ကြိုက်နှစ်သက်ပြီး စားသုံးနေတာတွေ အမြဲတွေ့နေရပါတယ်။ တချို့ရပ်ကွက်တွေမှာဆိုရင်အဲဒီမုန့်တွေစားလို့ဗိုက်အောင့်တာတွေ ဝမ်းကိုက်တာတွေ ရှိကြတယ်လို့ မကြာခဏ ကြားနေရတာပါပဲ။ ကျွန်တော်တို့ ကျောင်းမှာတော့ အဲဒီမုန့်တွေစားလို့ ဖြစ်တယ်ဆိုတာတော့မကြားမိခဲ့ပါဘူး။ ကျွန်တော်ကတော့ တရုတ်ကဝင်တဲ့မုန့်တွေမှ တားမြစ်တာမဟုတ်ပါဘူး။ ကျောင်းသူ/သားတွေ ရေခဲချောင်းစားရင်တောင် တားမြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရေခဲချောင်းထုတ်လုပ်တဲ့အခါမှာ အသုံးပြုတဲ့ရေဟာ သန့်ရှင်း/မသန့်ရှင်းဆိုတာ မသိရတော့ မသန့်ရှင်းတဲ့ရေနဲ့ ထုတ်လုပ်ပြီး ရောင်းချတယ်ဆိုရင်ကလေးတွေအတွက် ဝမ်းပျက်ဝမ်းလျှောရောဂါတွေ ဖြစ်မှာစိုးလို့ ကျောင်းဝင်းထဲမှာလည်း မစားဖို့ တားမြစ်သလို ရောင်းချခွင့်လည်း မပေးထားပါဘူး” ဟု မြောက်အင်း အ. မ. က ကျောင်းအုပ်ဆရာကြီး ဦးညိုမြင့်က သုံးသပ်ပြောကြားသည်။

ယခုအခါတရုတ်နိုင်ငံမှဈေးကွက်ထိုးဖောက်မှုများတွင် ဟင်းချိုမှုန့်၊ ကြက်အူချောင်း၊ မုန့်မျိုးစုံ အများဆုံးပါဝင်ပြီး ထိုပစ္စည်းများထုတ်လုပ်သည့် ရက်စွဲ၊ သက်တမ်းကုန်ဆုံးသည့် ရက်စွဲ မပါသောကြောင့် စားသုံးသူများအတွက် အန္တရာယ်ရှိနိုင်ပြီး ထိုစားသောက်ကုန်ပစ္စည်းများသည်နယ်စပ်မှတစ်ဆင့် ဝင်ရောက်လာမှုများဖြစ်သည်ဟုဆိုသည်။

တရုတ်နိုင်ငံလုပ် မုန့်များသည် ဈေးနှုန်းသက်သာသလို ထုပ်ပိုးမှုကောင်း၍ မျက်နှာပန်းလှသည့်အတွက် အခါကြီး၊ ရက်ကြီးနေ့များတွင်ကန်တော့ကြသည့်အခါပြည်တွင်းထုတ်မုန့်များထက်ထုပ်ပိုးမှုစနစ်ကောင်းခြင်းကြောင့်ပြည်တွင်း မုန့်များနှင့် နှိုင်းယှဉ်ပါက ၎င်းမုန့်များသည် ပိုမိုအရောင်းသွက်လျက်ရှိသည်။

## စာ-၄၊ အဆောက်အအုံနှင့် ပစ္စည်းများတွင် အမှတ်တရစာရေးသည့် အကျင့်က ယဉ်ကျေးမှုအမွေအနှစ်များကို ပျက်စီးစေ မှ

နှစ်ပေါင်းတစ်ထောင်ဝန်းကျင်သက်တမ်းရှိသည့်ပုဂံကဲ့သို့ယဉ်ကျေးမှုအမွေအနှစ်ပေါများသောဒေသတွင် ရှေးဟောင်းအမွေအနှစ်များကို ပျက်စီးစေသည့် အပြုအမူမျိုး မပြုလုပ်ရန် သတိပေး တားမြစ်စာတန်းများ၊ အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ခြင်းကြောင့် ရေးခြစ်မှုများ လျော့ကျလာသော်လည်း ဆင်ခြင်မှုမရှိသည့် အပြုအမူအချို့ တွေ့ရှိနေရသေးကြောင်း ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်း သုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်ကပြောသည်။

“အခုထိတော့ ရေးကြတုန်းပါပဲ။ လုံးဝတော့ မပျောက်သေးဘူး”ဟု ၎င်းက 7Day News သို့ တယ်လီဖုန်းမှတစ်ဆင့်ဖြေကြားသည်။

အမှတ်တရစာတန်းများရေးခြစ်သူများသည် ၎င်းတို့ ခံစားချက်များကို မှင်ဖျက်ဆေးဖြူ၊ ခဲတံ၊ ဘောပင်၊ မြေဖြူခဲ၊ အုတ်နီခဲ၊ မီးသွေးခဲနှင့် သံချောင်းများ အပါအဝင် ရေးခြစ်လို့ ရသည့် အရာဝတ္ထုများအားလုံးကို အသုံးပြု ရေးခြစ်ခြင်းများရှိကြောင်း ရှေးဟောင်းသုတေသနပညာရှင်များနှင့် ကိုယ်တွေ့ကြုံသူများကပြောသည်။ အဆိုပါလုပ်ရပ်များကြောင့် ပြန်လည်ပြုပြင်မှုများ ပြုလုပ်ပါက ကုန်ကျစရိတ် အလွန်ကြီးမားခြင်း၊ မူလလက်ရာအချို့တိမ်ကောပပျောက်သွားခြင်းများ ကြုံတွေ့ရကြောင်း ဦးကျော်ဦးလွင်က ပြောသည်။

“နိုင်ငံခြားသားတွေ တွေ့တဲ့အခါမှာလည်း လူမျိုးရဲ့သိက္ခာကို အများကြီး ထိခိုက်စေပါတယ်”ဟု ၎င်းကပြောသည်။

ရှေးဟောင်းလက်ရာများပေါ် ရေးခြစ်သူအများစုမှာ လူငယ်များဖြစ်ပြီး ၎င်းတို့အား ရှေးဟောင်းယဉ်ကျေးမှုလက်ရာများကိုထိန်းသိမ်းရေးသည်မည်မျှအရေးကြီးကြောင်းကို သိရှိရန် ပညာပေးလုပ်ငန်းများ အလျင်အမြန်လုပ်ဆောင်ရန်လိုအပ်နေပြီဖြစ်ကြောင်း၊ ရှေးဟောင်းယဉ်ကျေးမှုအဆောက်အအုံများပေါ်တွင် ရေးခြစ်သူများသည် ရှေးဟောင်းသုတေသနပညာလေ့လာနေသောလူငယ်အချို့ပင်တွေ့ရှိရကြောင်း မန္တလေးမြို့ရှိ ရှေးဟောင်းဘုရားများ၏ နံရံဆေးရေး ပန်းချီများအကြောင်း စာတမ်းပြုစုနေသူတစ်ဦးကပြောသည်။

“နှစ်ကာလပေါင်း ရာနဲ့ထောင်နဲ့ ချီပြီးတော့ ရှိထားတဲ့ တန်ဖိုးကြီးကို ငါတို့ လက်ကလေးတစ်ချက်နဲ့ အဲလို လုပ်လိုက်တာနဲ့ ဒါကြီးဟာ ပျက်စီးသွားပါလားဆိုတဲ့အသိ သူတို့မှာ မရှိကြရှာဘူး။ အဲဒါကိုသိအောင်လုပ်ပေးရမယ်” ဟု စာရေးဆရာချစ်ဦးညိုကပြောသည်။ အမှတ်တရ စာရေးခြစ်လိုသူများအတွက် သီးသန့် နေရာတစ်ခုဖန်တီးပေးရန် လိုအပ်ကြောင်း၊ လူငယ်များအား ယဉ်ကျေးမှုအမွေအနှစ်များကို ချစ်တတ်သည့်စိတ်ဝင်ရန် ပညာပေးလုပ်ငန်းများ လုပ်ဆောင်ရမည်ဖြစ်ကြောင်း စာရေးဆရာချစ်ဦးညိုက ဆက်လက်ပြောသည်။

အခြားနိုင်ငံများတွင် ယဉ်ကျေးမှုအမွေအနှစ်များကို လူကြီးလူငယ်မရွေး အသိစိတ်ဖြင့် ထိန်းသိမ်းကြကြောင်း၊ ယုတ်စွအဆုံး လမ်းဘေးတွင် ရောင်စုံမှုတ်ဆေးဘူးများဖြင့် ဆေးခြယ်ကြသည့် လူငယ်များပင် ၎င်းတို့ရေးခြယ်လိုသည်များကို ရှေးဟောင်းအဆောက်အအုံများကိုရှောင်ရှားပြီး ရေးခြယ်လေ့ရှိကြောင်း ပြင်သစ်နိုင်ငံသို့ ၁၉၉၈ ခုနှစ်က သွားရောက်လည်ပတ်ခဲ့သူ စာရေးဆရာနေဝင်းမြင့်ကပြောသည်။

ကမ္ဘာ့အမွေအနှစ်များရန်ပုံငွေအဖွဲ့ ( Global Heritage Fund) က မေလ ၃ ရက်တွင် ထုတ်ပြန်ခဲ့သည့် အာရှတိုက်မှ စိုးရိမ်ဖွယ်ရာ အခြေအနေနှင့် ရင်ဆိုင်နေရသော ယဉ်ကျေးမှုအမွေအနှစ် ဆယ်ခုစာရင်းတွင် ရခိုင်ပြည်နယ်မှ ရှေးဟောင်းမြို့တစ်မြို့ဖြစ်သည့် မြောက်ဦးမြို့ကို အဆင့်-၆ နေရာတွင် ထည့်သွင်းထားသည်။

## စာ-၅၊ ဒီမိုကရက်တစ်အလေ့အထကွယ်ပျောက်နေခဲ့သည့် မြန်မာနိုင်ငံအတွက် ပြုပြင်ပြောင်းလဲမှုများက စိန်ခေါ်မှုကြီးဖြစ်ဟု သမ္မတပြောကြား မှ

အရပ်ဘက်လူ့အဖွဲ့အစည်းများမှ ခေါင်းဆောင်များ၊ ပြည်တွင်းပြည်ပ ပညာရှင်များ၊ စာပေ၊ စာနယ်ဇင်းသမားများ၊ ကဏ္ဍမျိုးစုံမှ လူပေါင်းများစွာနှင့် တွေ့ဆုံညှိနှိုင်းမှုများ ပြုလုပ်ကာ လက်တွဲခေါ်ဆောင်ခဲ့ကြောင်း သမ္မတက ပြောကြားသွားသည်။

နိုင်ငံရေးအကျဉ်းသားများလွှတ်ပေးခြင်း၊ သတင်းဆက်သွယ်ရေး နည်းပညာများ ပွင့်လင်းစွာ အသုံးပြုနိုင်ရန် ဆောင်ရွက်ပေးခြင်း၊ ထိန်းချုပ်ကန့်သတ်မှုများကို ပယ်ဖျက်ပေးခြင်း၊ ပြည်ပရောက်နိုင်ငံသားများပြန်လာနိုင်ရန် ဖိတ်ခေါ်ပေးခြင်း၊ စာပေထုတ်ဝေရေးလုပ်ငန်းစဉ်များ အဆင့်ဆင့် လျှော့ချပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး မကြာခင်ကာလတွင်လည်း လွတ်လပ်ပွင့်လင်းသည့် မီဒီယာဖြစ်လာစေရန် ဥပဒေနှင့်အညီ လုပ်ဆောင်ပေးရန် ကတိကဝတ် ပြုထားပြီးဖြစ်ကြောင်း သမ္မတက ပြောကြားခဲ့သည်။

ထို့အပြင် ဆယ်စုနှစ်ပေါင်းများစွာ ခွင့်ပြုခြင်းမရှိခဲ့သည့် အလုပ်သမားအစည်းအရုံး၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ ဖွဲ့စည်းခွင့်နှင့် လွတ်လပ်စွာစုဝေးခွင့်၊ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ခွင့်များအတွက် ဥပဒေများကိုလည်း ပြဋ္ဌာန်းပေးခဲ့ပြီးဖြစ်သည်ဟု ပြောကြားသွားသည်။

ဒုတိယပြုပြင်ပြောင်းလဲမှုအနေဖြင့် နှစ်ပေါင်း ၆၀ ကျော်ကြာမြင့်ခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင် ပဋိပက္ခများကိုလည်း ပြီးခဲ့သည့် တစ်နှစ်အတွင်း ပုံစံသစ်၊ ဒိုင်ယာလော့ခ် အစစ်အမှန်ဖြင့် စေ့စပ်ညှိနှိုင်းခဲ့သဖြင့် တိုင်းရင်းသားလက်နက်ကိုင် ၁၀ ဖွဲ့နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု ရရှိခဲ့ပြီး၊ အေအိုင်အို၊ ကေအိုင်အေနှင့်လည်း မကြာမီကာလတွင် ငြိမ်းချမ်းရေးအောင်မြင်မည်ဟု မျှော်လင့်ကြောင်း သမ္မတက ပြောကြားခဲ့သည်။

တတိယအနေဖြင့် စီးပွားရေးပြုပြင်ပြောင်းလဲမှု များစွာကိုလည်း ပြုလုပ်လျက်ရှိပြီး ထိုသို့ ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်နေချိန်တွင် စိန်ခေါ်မှုများ များစွာရင်ဆိုင်ရပြီး အောင်မြင်မှုရရှိရန် အထူးကြိုးစားရကြောင်း ပြောကြားသွားခဲ့သည်။

ယခုကဲ့သို့ ဒီမိုကရေစီနိုင်ငံသစ်ကို တည်ဆောက်နေချိန်တွင် ပိတ်ဆို့အရေးယူမှုများက ကန့်သတ်ထားဆဲဖြစ်သဖြင့် အခက်အခဲများစွာ ကြုံတွေ့ရကြောင်း ပြောကြားခဲ့သည်။

သမ္မတ၏ မိန့်ခွန်းနိဂုံးချုပ်တွင် မြန်မာနိုင်ငံသည် နှစ်ပေါင်း ၆၀ ကျော် အထီးကျန်ပြီး ဖွံ့ဖြိုးမှုနောက်ကျခဲ့ရကြောင်းနှင့် အာရှတွင်မိတ်ဆွေနိုင်ငံများက အလေးထားအသိအမှတ်ပြုခံရမည့်ဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံဖြစ်ရန် အစွမ်းကုန်ကြိုးစားသွားမည်ဖြစ်ကြောင်း ကတိပေးပြောကြားသွားခဲ့သည်။

## စာ-၃၊ ခရီးသည်တင်ယာဉ်တိုက်မှုများကြောင့် ခြောက်လအတွင်း သေဆုံးသူ ၆၀ ကျော် မှ

ယခုနှစ်စမှ ဇွန်လ ၃၀ ရက်ထိ ခရီးသည်တင်ယာဉ်တိုက်မှု ၁၃၀ တွင် သေဆုံးသူ ၆၄ ဦးနှင့် ဒဏ်ရာရသူ ၄၁၂ ဦးရှိခဲ့သည်။

ထို့အပြင် ယခုနှစ် ခြောက်လအတွင်း ဇွန်လသည် ခရီးသည်တင်ယာဉ်တိုက်မှု အများဆုံးဖြစ်ပွားခဲ့ကာ သေဆုံးသူနှင့် ဒဏ်ရာရသူများမှာလည်း အများဆုံးဖြစ်ခဲ့သည်။

၂၀၁၂ခုနှစ် ဇွန်လအတွင်း ယာဉ်တိုက်မှု ၃၁မှုကြောင့် သေဆုံးသူ ၂၀ ဦးနှင့် ဒဏ်ရာရသူ ၁၀၇ ဦးရှိခဲ့ရာ ယခုနှစ်အတွင်း ဒဏ်ရာရသူဦးရေ ၁၀၀ ကျော်ခဲ့သော ပထမဆုံးလဖြစ်သည်။

ခရီးသည်တင်ယာဉ်လိုင်းများတွင် အဖြစ်များဆုံး ယာဉ်တိုက်မှုများမှာ မဆင်မခြင်မောင်းနှင်မှုများကြောင့်ဖြစ်ကြောင်း၊ မိမိတို့ပြုစုထားသည့် နှစ်စဉ်မှတ်တမ်းများအရ လမ်းကြောင့်နှင့် အခြားအကြောင်းရင်းများကြောင့် ဖြစ်ပွားသော ယဉ်တိုက်မှုများမှာ နည်းပါးကြောင်း မထသ (ဗဟို)မှ စည်းကမ်းထိန်းသိမ်းရေး ဌာနခွဲမှူး ဗိုလ်မှူးသိန်းဝင်း(ငြိမ်း) က ပြောသည်။

ယခုကဲ့သို့ ယာဉ်မတော်တဆမှုများ ဖြစ်ပွားလာရခြင်းမှာ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ၏ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အားနည်းမှုများကြောင့်ဖြစ်ကြောင်း၊ ခရီးသည်တင်ယာဉ်များနှင့်ပတ်သက်သည့်ပြဿနာများ ပြေလည်စေရန်ရည်ရွယ်၍ ယာဉ်မောင်း၊ယာဉ်နောက်လိုက်များအား မိမိတို့ဌာနမှ သင်တန်းများ အပတ်စဉ်ဖွင့်လှစ်ဟောပြောမှုများပြုလုပ်နေကြောင်း မထသ(ဗဟို)မှ ဥက္ကဋ္ဌ ဦးလှအောင်က ပြောသည်။ မထသ(ဗဟို)၏ ကြီးကြပ်ကွပ်ကဲမှုအောက်တွင် မထသ(မြို့တွင်း)၊ မထသ(အဝေးပြေး)၊ ဇမ္ဗူလ(ပါရမီ၊ အဓိပတိ) အစရှိသည့် ယာဉ်လိုင်းများနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲနေသော ယာဉ်လိုင်းများအပါအဝင် ယာဉ်လိုင်းကြီး ၁၇ လိုင်း ပါဝင်သည်။

### ပြင်ဆင်ဖတ်ရှုပါရန် -

7Day News ဂျာနယ်၊ အတွဲ-၁၁၊ အမှတ်(၁၈)အချပ်ပို (B)တွင် ပါဝင်ခဲ့သော **‘စစ်တွေမြစ်ဝအနီးစက်လှေမှောက် . . . ’** သတင်း၌ ဖော်ပြခဲ့သော **“စက်လှေ ၁၈ စီးခန့် ခိုးဝင်ရန်ကြိုးစားခဲ့ပြီး”** နေရာတွင် **“စက်လှေ ၁၈ စီးခန့်တိမ်းရှောင်ရန် ကြိုးစားခဲ့ပြီး”** ဟူ၍လည်းကောင်း၊ စာမျက်နှာ(၁၁)တွင် ဖော်ပြခဲ့သော **‘သခင်ကိုယ်တော်မှိုင်း’** သတင်း၌ မွေးဖွားရာခုနှစ်ကို **‘၁၈၅၇ ခုနှစ်’** အစား **‘၁၈၇၅ ခုနှစ်’** ဟူ၍လည်းကောင်း၊ စာမျက်နှာ(၃၁)တွင် ဖော်ပြခဲ့သောဆောင်းပါး ဒုတိယကော်လံ၌ ‘Contact Laws’ ဝေါဟာရအစား‘ Contact hours ’ ဟူ၍လည်းကောင်း ပြင်ဆင်သိမှတ်ပေးပါရန်။

**-အယ်ဒီတာ**

AGD BANK
Asia Green Development Bank Limited.

အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်လီမိတက်၊ မော်တော်ယာဉ်ဌာနတွင် တာဝန်ထမ်းဆောင်ရန်အတွက် အောက်ဖော်ပြပါ အရည်အချင်းနှင့် ကိုက်ညီမှုရှိသူများ လျှောက်ထားနိုင်သည်။

**ယာဉ်မောင်း** **ကျား(၁၀)ဦး**

(၁) ယာဉ်မောင်းလိုင်စင်သက်တမ်း(၃)နှစ်နှင့် အထက်ရှိရမည်။
(၂) အသက်(၂၅ မှ ၃၅)နှစ်အတွင်း ဖြစ်ရမည်။
(၃) ကားကြီး၊ ကားသေး ကျွမ်းကျင်စွာ မောင်းနှင်နိုင်၍ နယ်ခရီးသွားနိုင်ရမည်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးအကျဉ်း၊ ယာဉ်မောင်းလိုင်စင်မိတ္တူ (၆)လ အတွင်း ရိုက်ကူးထားသော ကာလာလိုင်စင်ဓါတ်ပုံ(၃)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်း၏ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်၊ အိမ်ထောင်စုစာရင်းမိတ္တူနှင့်တကွ အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်၊ လူ့စွမ်းအားအရင်းအမြစ်စီမံရေးရာဌာန၊ အမှတ်- (၅၁၉)၊ အခန်း- (၄၁၀/၄လွှာ)၊ လှည်းတန်းမီးပွိုင့်အနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့သို့ (၂၅. ၇. ၂၀၁၂)နောက်ဆုံးထား၍ လာရောက်လျှောက်ထားနိုင်ပါသည်။

# Health

7 DAY NEWS JOURNAL

Vol.11, No.19 • JULY 19 , 2012



ဓာတ်ပုံ-u

# မွေးဖွားမှုထိန်းချုပ်မထားသော်လည်း
# မွေးဖွားချိန် အန္တရာယ်ကို သတိပြုသင့်

**ဝတ်ရည်အောင်**

လူဦးရေတိုးတက်မှုအား ထိန်းချုပ်ရန်အတွက် မြန်မာနိုင်ငံတွင် မိသားစုတစ်စုတွင် ကလေးဦးရေမည်မျှဆိုသည့် ကန့်သတ်ချက်မရှိပေ။ ထိုကန့်သတ်ချက် မရှိသော်လည်း ကလေးတစ်ဦးနှင့်တစ်ဦး နီးကပ်ခြင်းနှင့် ကလေးဦးရေများပြားခြင်းက ထင်သာမြင်သာရှိသည့် စီးပွားရေး၊ လူမှုရေးအခက်အခဲများ ဖြစ်ပေါ်စေသည့်အပြင် အမျိုးသမီးများတွင် ရောဂါအမျိုးမျိုးဖြစ်ပေါ်စေခြင်း၊ သေဆုံးနိုင်သည့် အခွင့်အလမ်းများပြားခြင်းတို့ကို သတိပြုရမည်ဖြစ်သည်။

အိမ်ထောင်ပြုသည့် အချိန်မှစတင်၍ အိမ်ထောင်သည်များက ယူကြမည့်ကလေးအရေအတွက်နှင့် အချိန်ကာလမည်မျှခြားပြီးမှ ထပ်ယူမည်ဆိုသည့် ဆုံးဖြတ်ချက်သည် ကိုယ်ဝန်ဆောင် မိခင်သေဆုံးမှုနှင့် နာမကျန်းဖြစ်မှုလျော့ချရာတွင် အရေးကြီးသည့် အချက်ဖြစ်ကြောင်းသိရသည်။ ထိုကဲ့သို့ မိသားစုအစီအစဉ်ချထားမှုမှာ လူဦးရေအနည်းငယ်သာ ကြိုတင်ပြင်ဆင်မှုရှိသော်လည်း အများစုသော အိမ်ထောင်ရှင်များမှာ ထိုစီစဉ်မှုအားနည်းနေခြင်းကြောင့် မိခင်နှင့်ကလေး သေဆုံးမှုလည်း မြင့်မားနေဆဲဖြစ်ကြောင်းသိရသည်။

အမျိုးသမီးအတွက် ကလေးမွေးဖွားခြင်းသည် သေဆုံးနိုင်သည့်အခွင့်အလမ်း အများပြားဆုံးအချိန်ဖြစ်ပြီး မိခင်သေဆုံးမှု အများဆုံးအကြောင်းအရင်းများမှာလည်း ကလေးမွေးပြီးချိန် မီးတွင်းထဲတွင် သွေးသွန်ပြီး သေဆုံးခြင်းသည် အများဆုံးအကြောင်းအရာဖြစ်ကြောင်းသိရသည်။ ကိန်းဂဏန်းများအရ ကိုယ်ဝန်ဆောင်ခြင်း၊ ကလေးမွေးဖွားခြင်းနှင့်ဆက်နွှယ်သည့်ပြဿနာများကြောင့် နှစ်စဉ် မိခင်နှစ်ထောင်ခန့်မှာ အသက်ဆုံးရှုံးနေကြောင်း သိရသည်။

"ပြောမယ်ဆိုရင် မိခင်တွေသေဆုံးမှုရဲ့ အဓိကအကြောင်းအရင်းက ကလေးမွေးရင်းနဲ့လို့ပြောလို့ရတယ်။ ကလေးတွေ များများမွေးလေ၊ သေဆုံးနိုင်ဖို့ အခွင့်အရေးများလေလို့ ပြောလို့ရတယ်" ဟု မြန်မာနိုင်ငံ ဆရာဝန်အသင်းမှ ဒေါက်တာမြင့်ဇော်က ပြောသည်။

အမျိုးသမီးတစ်ဦးတွင် ကလေးမည်မျှယူသင့်သည်ဆိုသည့် အချက်သည် စီးပွားရေးအခြေအနေ၊ အသက်အရွယ်နှင့် ကျန်းမာရေးအပေါ်တွင် မူတည်နေပြီး မိမိဘာသာဆုံးဖြတ်ရခြင်းဖြစ်သော်လည်း အမျိုးသမီးများသည် သင့်တော်သည့် ကျန်းမာရေးအခြေအနေပြန်လည်ဖြစ်ပေါ်စေရန်ကလေးတစ်ဦးနှင့်တစ်ဦးသည် အနည်းဆုံး ၂နှစ်မှ၃နှစ်အထိခြားသင့်ကြောင်း သားဖွားမီးယပ်ဆိုင်ရာပညာရှင်များကပြောသည်။

"ကလေးတစ်ယောက် မွေးပြီးတဲ့အခါ မိခင်အတွက် အင်မတန်ပင်ပန်းပါတယ်။ သူ အသွေးအသား တော်တော်များများကုန်ခန်းသွားတယ်။ အဲဒီတော့ နောက်တစ်ခါ ပြန်ကိုယ်ဝန်ဆောင်ဖို့အတွက် သားအိမ်၊မွေးလမ်းကြောင်းတွေ ပြန်လည်ကျန်းမာလာဖို့အတွက်အချိန်ယူဖို့မဖြစ်မနေလိုအပ်တယ်။ မဟုတ်ရင် အခု ကလေးမွေးလ အနည်းငယ်ကြာရင် ကိုယ်ဝန်ယူဆိုတဲ့အခါ အစိတ်အပိုင်းတွေရဲ့ထိခိုက်မှုတွေလည်းများလာတယ်"ဟု မြန်မာနိုင်ငံ ဆရာဝန်အသင်းမှ ဒေါက်တာမြင့်ဇော်က ပြောသည်။

ကလေးမွေးဖွားပြီးတိုင်းတွင် ခန္ဓာကိုယ်အတွင်းပိုင်းရှိ အင်္ဂါအစိတ်အပိုင်းများ ထိခိုက်သကဲ့သို့ ခန္ဓာကိုယ်ပြင်ပရှိ အလှအပများလည်း ထိခိုက်မှုရှိသည်။ ကိုယ်ဝန်ဆောင်ချိန် ကြွက်သားအနေအထား ပြောင်းလဲမှုကြောင့် ဝမ်းဗိုက်ကြွက်သားများ တဖြည်းဖြည်းပျော့ပြီး ပူလာသကဲ့သို့ တင်ပါးရှိ ကြွက်သားများလည်း တဖြည်းဖြည်း လျော့ရဲလာသည်။

**စာ(၁၄)သို့**

## WHO အသိအမှတ်ပြုငှက်ဖျားဆေး ရှစ်ရာခိုင်နှုန်းခန့် အရည်အသွေးမပြည့်မီကြောင်း တွေ့ရှိ

**လန်ဒန်၊ ဇူလိုင် - ၁၁**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့် အခြားသော ကျန်းမာရေးအာဏာပိုင်အဖွဲ့များက အသိအမှတ်ပြုလက်ခံထားသော ငှက်ဖျားရောဂါဆေးများ၏ ရှစ်ရာခိုင်နှုန်းခန့်မှာ မှန်ကန်သော ဆေးအရည်အသွေးပါဝင်မှုမရှိဘဲ ဆေးခံနိုင်ရည်ရှိမှုကိုပင် တိုးပွားစေနိုင်ကြောင်း သုတေသီများက ပြောကြားလိုက်သည်။



Research and Reports in Tropical Medicine စာစောင်တွင် ပုံနှိပ်ဖော်ပြခဲ့သော လေ့လာမှုအရ ဆေးအတုထုတ်လုပ်မှုထက် ဆေးဝါးထုတ်လုပ်နိုင်မှုဆိုင်ရာပြဿနာများ၊ ဝင်ငွေနိမ့်ပါးသောနိုင်ငံများတွင် ရှိနေသည့် စံချိန်မမီသည့် ဆေးဝါးများအကြောင်းတို့ကို လေ့လာတင်ပြထားသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဆေးဝါးကို အရည်အသွေးနိမ့်ကျစွာထုတ်လုပ်ခြင်းနှင့် အတုပြုထုတ်လုပ်ခြင်းတို့သည် ကမ္ဘာလုံးဆိုင်ရာ အဓိကပြဿနာတစ်ရပ် ဖြစ်နေပြီး ငှက်ဖျားကုသရာ၌ ဆေးမတိုးမှုဖြစ်ပေါ်စေကာ ၂၀၁၀တွင် လူပေါင်း ၆၅၅,၀၀၀ ဦးကို သေဆုံးစေခဲ့ကြောင်းဆိုသည်။

သုတေသနကိုဦးဆောင်ရေးသားခဲ့သည့် ပညာရှင်ရော်ဂျာဘိတ်က "ဒီဆေးတွေကို အတုလို့ဘာ့ကြောင့်မပြောနိုင်ရတာလဲဆိုရင် အဲဒါတွေမှာ တကယ့်ဆေးအမယ်ပါဝင်မှု ၅၀ ရာခိုင်နှုန်း ကျော်ရှိနေတာပါ။ ဒါပေမဲ့ ဆေးတွေအားလုံးမှာ ဆေးအမယ်ပါဝင်မှုအစစ်က ၇၅ ရာခိုင်နှုန်းအောက်မှာပဲ ရှိပါတယ်" ဟုပြောသည်။

အခြားလေ့လာမှု တစ်ခုတွင်လည်း ငှက်ဖျား၊ တီဘီနှင့် ဘက်တီးရီးယားပိုးကူးစက်မှုဆိုင်ရာ ဆေးဝါးများမှ WHO အသိအမှတ်ပြု ဆေးဝါးထုတ်ကုန် ၆ ဒသမ ရာခိုင်နှုန်းမှာ စံချိန်မမီကြောင်း တွေ့ခဲ့သည်။ ကမ္ဘာ့မြို့ နေရာပေါင်း ၁၁ခုမှ ရရှိသော ဆေးနမူနာများကို စစ်ဆေးကြည့်ရာတွင် တရုတ်နိုင်ငံထုတ်ဆေးဝါးများမှာ စံချိန်စံညွှန်းမပြည့်မီမှု အများဆုံးဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် ၁၇ ဒသမ ၆၅ရာခိုင်နှုန်းရှိခဲ့သည်ဟုသိရသည်။ သုတေသီများက WHO သည်ယခုအခါ ထိုဆေးဝါးများကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေကြောင်းပြောကြားသည်။ —Ref: AP

ဝိဘာဝတီ
နိုင်ငံတကာအဆင့်မီဆေးရုံကြီး၊
ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့



ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ ဝိဘာဝတီ ဆေးရုံကြီးမှ အရိုးအဆစ် နှင့် ကျောရိုးမကြီးဆိုင်ရာ အထူးကု ဆရာဝန်ကြီး DR. PIYAPAN TARANUT သည် ဇူလိုင်လ ( 28 - 29 ) ရက် တွင် ရန်ကုန်သို့ လာရောက်မည်ဖြစ်ပါသဖြင့် လူနာဟောင်း၊ လူနာသစ်များ အခမဲ့ ဆွေးနွေးနိုင်ရန် စာရင်းပေးနိုင်ပါသည်။ အထူးဈေးနှုန်းများ -

* ကျောရိုးမကြီး MRI ရိုက်ကူးခြင်း
* အာထရာဆောင်း Package

2012- စက်တင်ဘာလ အထိ

* အသည်းရောင် ရောဂါစီပိုးကုသခြင်း 2012- ဒီဇင်ဘာလ အထိ

Vibhavadi HOSPITAL โรงพยาบาลวิภาวดี

ဝိဘာဝတီ ဆေးရုံကြီး မြန်မာပြည်ရုံးချုပ် (ရန်ကုန်မြို့) Happy Healthy
အမှတ် (၂၁၄- ပထပ်-ညာ)၊ ဝေဇယန္တာလမ်းမကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ ။
Hot Line - ၀၉-၂၀၁၁-၇၇၂၊ ၀၉-၇၃၁-၆၅၀၄၅ Phone: ၀၉-၇၃၁-၃၈၁၅၃၊ ၀၉-၈၆၂၅၀-၈၆။
Email: vibhavadimyanmar@gmail.com, www.vibhavadimyanmar.com

မြစ်ကြီးနားမြို့ တာဝန်ခံ
မနီလာကျော်
Ph: ၀၉-၂၄၀-၂၁၄၃

7 DAY NEWS JOURNAL
Vol.11, No.19 • JULY 19 , 2012

## မိခင်နှင့်ကလေးဆိုင်ရာ စီမံကိန်းများအတွက် ဗြိတိန်အခြေစိုက်အေဂျင်စီက စတာလင်ပေါင်သန်း၈၀လှူ

**ရန်ကုန်၊ ဇူလိုင် -၁၂**

မြန်မာနိုင်ငံရှိမိခင်နှင့်ကလေးငယ်များကျန်းမာရေးတိုးမြှင့်ဆောင်ရွက်နိုင်ရန်နှင့် မျိုးဆက်ပွားစီမံကိန်း (Family Planning) ဆိုင်ရာများဆောင်ရွက်နိုင်ရန်အတွက် ဗြိတိန်အခြေစိုက်အေဂျင်စီ Department for International Development (DFID) က လာမည့် ၄ နှစ်တာကာလတွင်း စတာလင်ပေါင် သန်း ၈၀ ကို လှူဒါန်းမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ DFID မှဒါရိုက်တာမစ္စတာပေါလ်ဝှစ်တင်ဂမ်ကပြောကြားခဲ့သည်။

ယခုကဲ့သို့သောလှူဒါန်းမှုအရမရည်ရွယ်ဘဲကိုယ်ဝန်ရရှိမှုပေါင်း ၁၅၃,၀၀၀ ခန့်ကိုတားဆီးကာကွယ်နိုင်ကာ အမျိုးသမီး ၅၇,၅၀၀ ခန့်ကို လိုအပ်သောကိုယ်ဝန်စောင့်ရှောက်မှုများပေးနိုင်မည်ဟု ယုံကြည်ကြောင်းပြောကြားခဲ့သည်။

ဗြိတိန်အခြေစိုက်DFID၊ မာရီစတုပ်အင်တာနေရှင်နယ်နှင့် UNFPA တို့ပူးပေါင်းကာ မြန်မာနိုင်ငံတွင်း မျိုးဆက်ပွားစီမံကိန်းဆိုင်ရာများ၊ ကိုယ်ဝန်ပျက်ကျမှု၊ မီးဖွားစဉ်မိခင်သေဆုံးမှု၊ ကလေးငယ်သေဆုံးမှုများ လျော့နည်းစေရေးစသည်များကို ဆောင်ရွက်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ လူဦးရေသန်း ၆၀ခန့်တွင် သားသမီးမွေးဖွားနိုင်သည့်အမျိုးသမီးဦးရေမှာ ၁၆ သန်းခန့်ရှိသည်ဟုသိရပြီး စာရင်းဇယားများအရ မြန်မာနိုင်ငံတွင် ၁၉၉၉ခုနှစ်က မိခင်သေဆုံးနှုန်းသည် ကလေးအရှင်တစ်သိန်းတွင် ၅၂၀ ရှိခဲ့ရာမှ ၂၀၁၀ ပြည့်နှစ်တွင် ၂၀၀ ခန့်သို့ လျော့ကျသွားခဲ့သော်လည်း ကလေးမွေးဖွားခြင်းနှင့်ဆက်နွှယ်သည့် ပြဿနာများကြောင့် နှစ်စဉ်မိခင် ၂,၀၀၀ ခန့်အသက်ဆုံးရှုံးနေကြရဆဲဖြစ်ကြောင်းသိရသည်။

ယနေ့ကမ္ဘာတွင် မျိုးဆက်ပွားကျန်း မာရေးပြဿနာများသည် ကလေးမွေးဖွားနိုင်သည့်အရွယ် အမျိုးသမီးများမကျန်းမမာဖြစ်ခြင်း၊ အသက်ဆုံးရှုံးခြင်းတို့ကိုဖြစ်စေသော အဓိကအကြောင်းအရင်းအဖြစ် ဆက်လက်တည်ရှိဆဲဖြစ်ပြီး ဆင်းရဲနွမ်းပါးသည့်အမျိုးသမီးများ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများမှ အမျိုးသမီးများတွင် မရည်ရွယ်ဘဲကိုယ်ဝန်ရှိခြင်း၊ ကလေးမွေးဖွားစဉ်သေဆုံးခြင်း၊ မသန်စွမ်းဖြစ်ရခြင်း၊ အိတ်ချ်အိုင်ဗီအပါအဝင်လိင်မှတစ်ဆင့်ကူးစက်တတ်သည့်ရောဂါများကြောင့် ဆင်းရဲဒုက္ခမျိုးစုံခံစားနေရမှုများ လွန်စွာများပြားလျက်ရှိသည်။

ယခုလ ၁၁ ရက်က လန်ဒန်မြို့၌ ကျင်းပခဲ့သည့် မျိုးဆက်ပွားကျန်းမာရေးစီမံကိန်းဆိုင်ရာ ဆန်းမစ်တွင် ကမ္ဘာ့အမျိုးသမီးဦးရေသန်း ၂၆၀အတွက်သန္ဓေတားမှုဆိုင်ရာအသိပညာနှင့်အကူညီပေးမှုများလုပ်ဆောင်သွားမည်ဖြစ်ပြီးလာမည့် ၂၀၂၀ပြည့်နှစ်တွင်ကမ္ဘာတစ်လွှားရှိဆင်းရဲနွမ်းပါးနိုင်ငံများမှ အမျိုးသမီးဦးရေသန်း ၁၂၀အတွက် သားဆက်ခြားမှုဆိုင်ရာ လိုအပ်ချက်များကို ထပ်မံပေးအပ်သွားရန် ဆွေးနွေးခဲ့ကြကြောင်းသိရသည်။ ယင်းသို့ဆောင်ရွက်ခြင်းဖြင့် အမျိုးသမီးနှင့်မိန်းကလေးဦးရေ နှစ်သိန်းနှင့် ကလေးငယ် သုံးသန်းတို့ကို ကာကွယ်ပေးနိုင်မည်ဟုဆိုသည်။

ကမ္ဘာတစ်လွှားတွင် ကိုယ်ဝန်ဆောင်ခြင်းနှင့်ဆက်စပ်သော အကြောင်းရင်းများကြောင့်နှစ်စဉ်အမျိုးသမီးပေါင်း၃၅၀,၀၀၀ကျော်အသက်ဆုံးရှုံးနေမှုများရှိပြီး ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အန္တရာယ်မကင်းသည့် ကိုယ်ဝန်ဖျက်ချမှုများသည် နှစ်စဉ် အကြိမ်ရေ၁၉ သန်းခန့်ဖြစ်ပွားနေကြောင်း သိရသည်။

## အလုပ်နှင့်ပတ်သက်သော ဖိအားများကြောင့် လူအများအပြား အိပ်မပျော်ဖြစ်နေ

**နယူးယောက်၊ ဇူလိုင် - ၁၀**

အလုပ်ကြောင့် ဖြစ်ပေါ်သော စိတ်တင်းကျပ်မှုနှင့် အလုပ်မရှိသောအခါ ဖိအားများကြောင့် လူအများအပြားမှာ အိပ်မပျော်ခြင်းနှင့် အိပ်ရာမှ နိုးလာပြီး ပြန်မအိပ်နိုင်ခြင်းများ ဖြစ်ပွားနေကြောင်း အမေရိကန်စစ်တမ်းတစ်ရပ်ကတွေ့ရှိခဲ့သည်။

စားသုံးသူ အစီရင်ခံစာအတွက်တုံ့ပြန်သော လူပေါင်း ၂၆,၄၅၁ ဦးတွင် ညဘက်၌ အိပ်ပျော်ရန်ခက်ခဲသည်ဟု အလုပ်လက်မဲ့ ၆၉ ရာခိုင်နှုန်းက ပြန်ကြားပြီး အလုပ်ရှိသူ ၅၉ ရာခိုင်နှုန်းကလည်း ယင်းသို့ ပြန်ကြားသည်။

အလုပ်အကိုင်နှင့် မပတ်သက်လျှင်ပင် ပျမ်းမျှလူပေါင်း ၅၇ ရာခိုင်နှုန်းက ညဘက်တွင် အိပ်ပျော်ရန် အခက်အခဲရှိသည်ဟု ပြောကြားပြီး သုံးဦးလျှင် တစ်ဦးကတစ်ညလျှင် ၃၊ ၄ ကြိမ်ခန့် အိပ်ရာမှ လန့်နိုးတတ်သည်ဟု ပြောကြားသည်။

ညဘက်တွင် အိပ်မပျော်ခြင်းအဓိက အကြောင်းအရင်းမှာ အလုပ်နှင့် ပတ်သက်သော စိတ်တင်းကျပ်မှုကြောင့်ဟုဖြေကြားသူ ၄၇ ရာခိုင်နှုန်းရှိပြီး ကျန်းမာရေးကြောင့် အိပ်မပျော်သူ ၂၈ ရာခိုင်နှုန်း၊ ဘဏ္ဍာရေးအခက်အခဲကြောင့် အိပ်မပျော်သူ ၂၂ ရာခိုင်နှုန်းရှိခဲ့သည်။



၄၀ ရာခိုင်နှုန်းသော ပြန်ကြားသူများက တစ်ကြိမ်မဟုတ်တစ်ကြိမ် အလွယ်တကူ ဝယ်ယူနိုင်သော အိပ်ဆေးများ အသုံးပြုသည်ဟု ပြောကြားပြီး ၃၀ ရာခိုင်နှုန်းက ဆရာဝန်ညွှန်ကြားသော ဆေးဝါးများ သောက်သုံးကြသည်ဟုပြန်ကြားကြသည်။ —Ref: UPI

## စာ-၁၃၊ မွေးဖွားမှုထိန်းချုပ်မထားသော်လည်း မွေးဖွားချိန် အန္တရာယ်ကိုသတိပြုသင့် မှ

ကလေး များများမွေးဖွားပြီးပါက ထိုဆိုးကျိုးများအား ပိုမိုခံစားရမည်ဖြစ်ကြောင်း ကိုယ်ခန္ဓာကျန်းမာသန်စွမ်းရေး ပြန်လည်လေ့ကျင့်ပေးသည့် ပညာရှင်များကပြောသည်။

မိသားစုအစီအစဉ်ချခြင်း၊ ကလေးတစ်ဦးနှင့်တစ်ဦး နှစ်အပိုင်းအခြား ကွာခြားခြင်း စသည်တို့အား မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ဗဟုသုတရှိသူများ၊ မြို့ပေါ်ဒေသများတွင်နေထိုင်သူများ တဖြည်းဖြည်း စတင်ကျင့်သုံးလာပြီဖြစ်သော်လည်း အများစုဖြစ်သည့် ကျေးလက်ဒေသများတွင် ကလေးရသလောက် ယူနေကြဆဲဖြစ်ကြောင်း နေပြည်တော်တွင် ကျင်းပသည့် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် အခမ်းအနား၌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းကပြောကြားသည်။

ကိုယ်ဝန်ဆောင်ရင်း သေဆုံးသည့်ပြဿနာ၊ သားဆက်ခြားခြင်းနည်းလမ်းများအား ကောင်းမွန်စွာမသိခြင်းတို့ကြောင့်နောက်ဆက်တွဲဖြစ်လာသည့် ကိုယ်ဝန်ဖျက်ခြင်းစသည်တို့ကြောင့် အမျိုးသမီးများ သေဆုံးမှုများ၊ နာတာရှည်မသန်စွမ်းဖြစ်မှုများကြိုတင်ကာကွယ်ရန် မျိုးဆက်ပွားကျန်းမာရေးဗဟုသုတများလည်း လူထုအတွင်း ပိုမိုလိုအပ်လာကြောင်း ဒေါက်တာစိုင်းမောက်ခမ်းက ဆက်လက်ပြောကြားသည်။

မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ဗဟုသုတမရှိ၊ သန္ဓေတားနည်းလမ်းများ အသုံးမပြုပါက ၁၈ နှစ်နှင့် အိမ်ထောင်ကျပြီး ကျန်းမာရေးကောင်းမွန်သည့် အမျိုးသမီးတစ်ဦးသည် အိမ်ထောင်သားမွေးဘဝတွင် ကလေး တစ်ဒါဇင်ခန့်အား အလွယ်တကူ မွေးဖွားနိုင်မည်ဖြစ်ကြောင်းသိရသည်။

မြန်မာလူမျိုးများအတွက် ယခင်က မျိုးဆက်ပွားဆိုင်ရာအသိပညာဆိုသည်မှာ လိင်ပိုင်းဆိုင်ရာ အကြောင်းများဖြစ်သဖြင့် လူငယ်များ အတုယူမှားနိုင်သည်ဟူသော ထင်မြင်မှုများဖြင့် စာသင်ကျောင်းများတွင် ဟောပြောပွဲများ ကျင်းပခြင်း စသည်တို့ကို တားမြစ်ခဲ့ကြသည်။ သို့သော် နောက်ပိုင်းတွင်မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ဗဟုသုတများအား စတင် အရွယ်ရောက်လာသည့် ထိုလူငယ်များ မသိရှိပါက နောက်ဆက်တွဲ ဖြစ်ပွားလာနိုင်သည့် ကူးစက်ရောဂါများနှင့် အသက်ဆုံးရှုံးမှုများကြောင့် ပညာပေးခြင်းများအား ကျောင်းများတွင် ပညာပေးမှုများကိုပါ အာရုံစိုက်ဆောင်ရွက်လာခဲ့ရကြောင်း သိရသည်။

"မျိုးဆက်ပွားကျန်းမာရေးဆိုတာ လိင်ပိုင်းဆိုင်ရာကိုပြောတာမဟုတ်ပါဘူး။ ယောက်ျားလေးနဲ့ မိန်းကလေး အပျိုဖော်ဝင်လာတဲ့အချိန်မှာ ပြောင်းလဲလာတဲ့ ခန္ဓာပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာတွေကနေ အိမ်ထောင်ပြုပြီး ကလေးဘယ်နှယောက်ယူမယ်။ ဘယ်လောက်ခြားရမယ်ဆိုတဲ့ အရာတွေအထိ အန္တရာယ်ရှိတဲ့ အပြုအမူများဖြင့် အသက်ဆုံးရှုံးမှုနည်းပါးစေရန် ကြိုတင်ကာကွယ်တဲ့အရာမျိုးပါ"ဟု ဒေါက်တာမြင့်ဇော်ကပြောသည်။

ယခုတွင် ကျောင်းသား၊ ကျောင်းသူများအတွက် တွဲဖက်သင်ရိုးဝင်ဘာသာအဖြစ် မျိုးဆက်ပွားကျန်းမာရေး ပညာပေးမှုများကိုပါ ထည့်သွင်းထားပြီးဖြစ်ကြောင်းသိရသည်။

ဒေါက်တာစိုင်းမောက်ခမ်း ပြောကြားသည့်မိန့်ခွန်းတွင်လည်း တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကောက်ယူခဲ့သည့် မွေးဖွားမှုနှင့် မျိုးဆက်ပွားကျန်းမာရေး စစ်တမ်းများအရလည်း မြန်မာနိုင်ငံတွင် အိမ်ထောင်မပြုသူ အချိုးပိုမိုများပြားလာသကဲ့သို့ အိမ်ထောင်ပြုသည့် အသက်အရွယ်သည်လည်း တဖြည်းဖြည်းမြင့်မားလာသည်။ မျိုးဆက်ပွားနိုင်သည့် အရွယ်အများစုသည် အန္တရာယ်မကင်းသောအမူအကျင့်များ ရှိနိုင်သည့်အတွက် မရည်ရွယ်၊ မလိုချင်ဘဲ ကိုယ်ဝန်ဆောင်ခြင်း၊ ကိုယ်ဝန်ဖျက်ချခြင်းတို့ကြောင့် သေဆုံးမှုမရှိစေရန် မျိုးဆက်ပွားကျန်းမာရေးဗဟုသုတများလည်း ပိုမိုလိုအပ်လာကြောင်း ထည့်သွင်းပြောကြားသွားသည်။

အိမ်ထောင်ရှင်များအတွင်း မိသားစုရှေ့ရေးထားရှိမှု ပိုမိုကျယ်ပြန့်လာသည့်အခါတွင်လည်း မိမိတို့စီးပွားရေးအခြေအနေ၊ အသက်အရွယ် စသည့်အရာရာအား ချင့်ချိန်မှုများဖြင့် ကလေးအရေအတွက်နည်းပါးလာခြင်း၊လုံလောက်သောအချိန်အပိုင်းအခြားရယူနိုင်ခြင်းတို့ကြောင့် ကိုယ်ဝန်ဆောင်မိခင်သေဆုံးမှု တဖြည်းဖြည်းနည်းပါးလာစေရန် အထိဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**မွန်မြတ်ဆေးခန်း** မိသားစုဘဝ၊ ကျန်းမာသုခ၊ မွန်မြတ်ဆေးခန်း၊ အမှန်ယုံကြည်ရ

**ဆေးခန်းသုံး တိုင်းရင်းဆေးများသာ**

**ရန်ကုန်/မော်လမြိုင်**

**လိပ်ခေါင်းရောဂါကုသခြင်း**
- ဆေးကုသချိန်(၁၅)မိနစ်သာကြာပြီး နာကျင်မှုမရှိပါ။
- ဆေးရုံတက်ရန်နှင့် ခွဲစိတ်ရန်မလိုသည့် နောက်ဆုံးပေါ်ဆေးကို အသုံးပြုကုသမှုဖြစ်ပါသည်။

**သွေးတိုးနှင့်ဆက်နွှယ်သောနလုံးရောဂါ၊ သွေးထဲအဆီများသူများ ကုသခြင်း**
- (၁)ရက်တစ်ကြိမ်သောက်သုံးခြင်းဖြင့် သွေးဖိအားကို (၂၄)နာရီတည်ငြိမ်အောင် ထိန်းထားပေးနိုင်သည်။
- (၇)ရက်သောက်သုံးပါက ခေါင်းမူး၊ ခေါင်းကိုက်ခြင်း၊ နားအူခြင်း၊ နားလေထွက်ခြင်း၊ မူးမော်ခြင်း၊ စိတ်ဆိုးလွယ်ခြင်း စသည့်ရောဂါလက္ခဏာများကို ဖယ်ရှားပေးသည်။
- (၆)လသောက်သုံးပါက နှလုံးနှင့်ဦးနှောက်သွေးကြောရောဂါ ပြဿနာများကို ဖြေရှင်းတားဆီးကာကွယ်ပေးပါသည်။

**ဆီးချို၊ သွေးချိုရောဂါကုသခြင်း**
- တစ်ကြိမ်လျှင် (တစ်လုံးမှ သုံးလုံး) တစ်နေ့တစ်ကြိမ်မှ နှစ်ကြိမ်သာသောက်သုံးရန်လိုအပ်ပြီး၊ အစားအသောက်အထူးရှောင်ရန်မလို၊ ပုံမှန်စားသောက်နိုင်ပါသည်။
- ဝေဒနာရှင်များသည် အခြေခံအားဖြင့် ဆေးကို (၆)လခန့်သောက်ပြီး လိုအပ်လျှင်အနိမ့်ဆုံးပမာဏကို သာသောက်၍ ဆီးချို၊ သွေးချိုနှင့် နောက်ဆက်တွဲရောဂါများကိုကာကွယ်နိုင်ပါသည်။

လိပ်စာ-အမှတ်(၅၅)၊ ဘုန်းကြီးလမ်း(အလယ်)၊လမ်းမတော်မြို့နယ် ၊ ရန်ကုန်မြို့ ဖုန်း-၀၁ ၂၂၅၅၃၂၊ ၀၉ ၇၃၁ ၇၁၀၃၃
အမှတ်-၁၈၇(A)၊ အောက်လမ်းမကြီး၊ ရွှေတောင်ရပ်၊ မော်လမြိုင်။ ဖုန်း-၀၉ ၄၀၁ ၅၈၅၉၄၅

RELIEF INTERNATIONAL

**PUBLIC NATIONAL TENDER**
**For Birth Spacing Commodities**

Relief International will implement a project in Dedaye Township, is inviting National Companies/ Any Organizations to participate in the tender for the award of supply contracts for purchasing "Birth Spacing Commodities".

| | Item | Amount |
|---|---|---|
| 1) | Condoms | 100,000 pieces |
| 2) | Oral Contraceptive Pills | 58,000 cycles |
| 3) | Injection Depo | 33,000 vials |
| 4) | IUD | 1,500 pieces |

**Award Criteria:** The award criteria will be in compliance with RI rules and regulations. The tender dossier is available on the request starting from **Monday, 16th July 2012 at Relief International Office:** No. 4/D, Kaba Aye Pagoda Road, 8 mile, Mayangone Township, Yangon, Ph: 01-661554.

**Closing Date:** Deadline for submission of quotations is on **27th July 2012.**

Regional
7 DAY NEWS JOURNAL
Vol.11, No.19 • JULY 19 , 2012

# တောင်ကုတ်မြို့နယ်ရှိ တိုက်နယ်ဆေးရုံများ ဆရာဝန်လိုအပ်နေ

**အောင်ရက္ခ**

**တောင်ကုတ်၊ ဇူလိုင်-၁၁**

တောင်ကုတ်မြို့နယ်အတွင်းရှိ တိုက်နယ်ဆေးရုံနှစ်ရုံတွင် ဆရာဝန်များ ပြောင်းရွှေ့သွားပြီးနောက် အစားထပ်မံ ရောက်ရှိလာခြင်း မရှိသဖြင့် ဒေသခံများအတွက် ကျန်းမာရေး အခက်အခဲ ရှိနေကြောင်း သတင်းရရှိသည်။

လမူးမော်တိုက်နယ်ဆေးရုံတွင် တာဝန်ကျဆရာဝန် ပြောင်းရွှေ့သွားသည်မှာခုနစ်လခန့်ရှိသွားပြီဖြစ်သော်လည်း ယခုအချိန်ထိ တာဝန်ကျဆရာဝန်ထပ်မံမရောက်ရှိသေးပေ။ ထို့ပြင် ရွာမတိုက်နယ်ဆေးရုံတွင်လည်း ဆရာဝန်လစ်လပ်လျက်ရှိသည်မှာအတော်ကြာသွားပြီဖြစ်ကြောင်း သိရသည်။

"လမူးမော်ကျေးရွာကနေ တောင်ကုတ်မြို့ပြည်သူ့ဆေးရုံသို့ ဆေးကုသမှုခံယူရာရောက်ရှိလာခဲ့တဲ့ ကလေးငယ်တော်တော်များများ နေမကောင်းဖြစ်ကြတယ်။ ရွာက တိုက်နယ်ဆေးရုံမှာ ဆရာဝန်မရှိတော့ စိုးရိမ်တဲ့မိဘတွေက တောင်ကုတ်ဆေးရုံကို လာကုကြတယ်။ အခုတောင် လမူးမော်ရွာက လူနာသုံးဦးရှိတယ်။ တချို့က မအီမြို့နယ်ခွဲ ဆေးရုံကိုလည်း သွားကုနေကြသေးတယ်"ဟု ကလေးလူနာတစ်ဦး၏ မိခင်ကပြောကြားသည်။

တောင်ကုတ်မြို့ရှိ သွေးလှူရှင်များ အစုအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကလည်း "ကျွန်တော်တို့ သွေးလှူရှင်အစုအဖွဲ့ စဖွဲ့ခဲ့တာ သုံးလရှိပါပြီ။ နေ့စဉ် တောင်ကုတ်မြို့နယ်ဆေးရုံအတွက် သွေးတစ်ပုလင်းကနေ သုံးပုလင်းအထိ လှူပေးနေရပါတယ်" ဟု ပြောပြသည်။

တောင်ကုတ်မြို့နယ်ဆေးရုံတွင်လည်း တာဝန်ကျမြို့နယ်ဆရာဝန်ကြီး ပြောင်းရွှေ့သွားသည်မှာ နှစ်လကျော်သွားပြီ ဖြစ်သော်လည်း ယခုချိန်အထိ မြို့နယ်ဆရာဝန်ကြီး ရောက်ရှိမလာသေးကြောင်း သိရသည်။

# ရေနံမှော် လက်ယက်တွင်းများတွင် မီးလောင်မှုများ မကြာခဏ ဖြစ်ပွားနေ

**ထူးအောင်ကြီး**

**သရက်၊ ဇူလိုင်-၆**



*မင်းဘူးမြို့နယ်အတွင်းရှိ ရေနံမှော်တစ်ခုအား တွေ့ရစဉ်*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

သရက်မြို့နယ် ပိတောက်ပင် ရေနံမှော် လက်ယက်တွင်းတိမ် လုပ်ကွက်အတွင်း ပြီးခဲ့သည့် ဇွန်လ ၃၀ ရက် ည ၉ နာရီခွဲအချိန်ခန့်က မီးလောင်မှုကြောင့် တွင်းပိုင်ရှင်များ ဆုံးရှုံးနစ်နာမှု များပြားခဲ့ကြောင်း သတင်းရရှိသည်။

ပိတောက်ပင်ရေနံမှော် ရွှေရာသီကုမ္ပဏီရေနံလက်ယက်တွင်းတိမ်လုပ်ကွက်အတွင်းရှိ ဦးကြည်နိုင်ပိုင်တွင်းအမှတ် GS-16 ရေနံလျှံတွင်းမှရေနံခပ်ယူစဉ်မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း၊ မီးလောင်မှုစတင်ဖြစ်ပွားရခြင်းကို တိတိကျကျ မပြောနိုင်သော်လည်း ရေနံများ လျှံထွက်နေစဉ် ပိုက်အားမလှုပ်ရှားနိုင်အောင် ဖိထားသော်လည်း ပိုက်၏တုန်ခါပွတ်တိုက်မှုမှ မီးစတင်လောင်ကျွမ်းခြင်းဖြစ်ကြောင်း သက်ဆိုင်ရာမှ သိရသည်။

မီးလောင်မှုကြောင့် တဲ(၁၁)လုံး၊ ရေနံတူး Water Jet ကရောင်းစက်နှင့် ဆက်စပ်ပစ္စည်းများ အပါအဝင် ရေနံတွင်း (၅)တွင်း၊ ရေနံစိမ်း (၁၅၀)ပီပါ၊ ရေနံစိမ်း လှောင်မိုးကာကန်များထဲမှ ရေနံစိမ်းများ၊ မော်တော်ဆိုင်ကယ် (၄)စီး၊ ရေသယ်ထော်လာဂျီ(၁)စီး၊ တရုတ်နီအင်ဂျင် (၁၀) လုံးတို့ မီးလောင်ဆုံးရှုံးခဲ့ပြီး တွင်းတူးလုပ်သား ထွန်းမင်းနိုင် (၂၇) နှစ်၊ မင်းဘူးမြို့နယ်နှင့် ကျော်ဇေယျ (၃၀)နှစ်၊ ပခုက္ကူမြို့နယ်တို့၏ခြေ၊ လက်ဝဲယာ၊ ရင်ဘတ်တို့တွင် မီးလောင်ဒဏ်ရာများ ရရှိခဲ့ကြသဖြင့်သရက်ခရိုင်ပြည်သူ့ဆေးရုံကြီးတွင် အတွင်းလူနာများအဖြစ် ဆေးကုသလျက်ရှိသည်။

မီးလောင်မှုစတင်ဖြစ်ပွားခဲ့ရသော တွင်းအမှတ် GS-16 ကို သက်ဆိုင်ရာတာဝန်ရှိသူများက ပိတ်ပင်ခဲ့ပြီး တွင်းလုပ်သား ထွန်းမင်းနိုင် (၂၇)နှစ်ကို မဆင်မခြင်ပေါ့ဆစွာပြုလုပ်ဆောင်ရွက်မှုဖြင့် အရေးယူထားသည်။

မီးကူးစက်လောက်ကျွမ်းခံရသော ရေနံတွင်းများမှာ လျှံတွင်းများဖြစ်သောကြောင့် ရေနံတွင်းတစ်တွင်းကို Water Jet ကရောင်းစက်နှင့် တွင်းတူးပစ္စည်းမျိုးစုံ၊ ရေနံစိမ်းထည့်ပြီး ပီပါ(၄၀)ကျော်၊ ရေနံစိမ်းလှောင်မိုးကာကန်တစ်ကန်လျှင် ရေနံစိမ်းဂါလန် (၄၀၀) ကျော်တို့ ဆုံးရှုံးခဲ့ရသည်။ ရေနံစိမ်းအမြောက်အမြား မီးလောင်ဆုံးရှုံးရခြင်းမှာ ရွှေရာသီကုမ္ပဏီမှ ရေနံစိမ်းများကို နိုင်အောင် ဝယ်ယူသယ်ဆောင်ခြင်း မပြုလုပ်နိုင်သောကြောင့် မီးလောင်မှုကြီးမားခဲ့ရပြီး ဆုံးရှုံးမှုများပြားခဲ့ကြောင်း တွင်းပိုင်ရှင်တစ်ဦးက ပြောသည်။

ပိတောက်ပင်ရေနံမှော်လက်ယက်တွင်းတိမ် လုပ်ကွက်အတွင်း ရေနံလျှံတွင်းများ မီးလောင်မှုဖြစ်ပွားလျက်ရှိရာ မေ ၁၄ ရက်နှင့်မေ ၄ ရက်တို့တွင် ကလပ်ခုံ ရေနံလျှံတွင်းများမှ မီးလောင်ကျွမ်းမှု နှစ်ကြိမ်ဖြစ်ပွားခဲ့ပြီး ယခု လောင်ကျွမ်းသော ရေနံလျှံတွင်းများမှာ Water Jet က ရောင်းစက်ပေနက်တွင်းများဖြစ်သည့်အပြင် အနီးပတ်ဝန်းကျင်ရှိ ရေနံလျှံတွင်းများကိုပါ ကူးစက်လောင်ကျွမ်းနေသဖြင့် ဆုံးရှုံးနစ်နာမှု များပြားကြောင်း သိရသည်။

# နေဝင်မီးငြိမ်းအမိန့် ချိုးဖောက်သူများကို ထောင် ၆ လစီချမှတ်

**မြတ်စုမွန်**

**ရန်ကုန်၊ ဇူလိုင်-၉**

အရေးပေါ် အခြေအနေ ထုတ်ပြန်ထားသည့်ကန့်သတ်မိန့်ကိုချိုးဖောက်သွားလာမှုကြောင့် ဖမ်းဆီးခဲ့သည့် လူနှစ်ဦးအား ထောင်ဒဏ်ခြောက်လစီအသီးသီးချမှတ်လိုက်ကြောင်း ရခိုင်ပြည်နယ်၊ သံတွဲမြို့ရှိရဲအရာရှိတစ်ဦးထံမှ သတင်းရရှိသည်။

"သူတို့သံတွဲထောင်မှာခြောက်လစီကျသွားပါပြီ။ ဒီဥပဒေရဲ့ အမြင့်ဆုံးပြစ်ဒဏ်ပါ" ဟု သံတွဲမြို့နယ်ရဲစခန်းမှူးက ပြောသည်။

အရေးပေါ် အခြေအနေတွင် ထုတ်ပြန်ထားသည့် ညမထွက်ရအမိန့်ကိုကျူးလွန်ချိုးဖောက်ပါက အနိမ့်ဆုံးပြစ်ဒဏ်တစ်လမှ ခြောက်လအထိ ကျခံရနိုင်ကြောင်း အထက်ပါစခန်းမှူးက ဆက်လက်ပြောသည်။

ညနေ၆နာရီမှနံနက်၆နာရီအတွင်းအပြင်ထွက်ခွင့်ကန့်သတ်ထားသည့် စည်းကမ်းချက်ကို ချိုးဖောက်ကာ ည ၇ နာရီ ကျော်အချိန် မြို့တွင်းလမ်းမပေါ် သွားလာမှုကြောင့် ဇွန်လနောက်ဆုံးပတ်အတွင်းက ဒေသခံနှစ်ဦးကိုထောင်ချုပ်ဖြင့်ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

"တစ်ယောက်က ကမန်လူမျိုးပါ။ နောက်တစ်ယောက်က အခွန်ဌာနက နေ့စားဝန်ထမ်းတစ်ယောက်ပါ။ ဒီလ ၆ ရက်က သူတို့ကို အမိန့်ချလိုက်တယ်"ဟု သံတွဲအကျဉ်းဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောသည်။ သံတွဲမြို့ရှိ လမ်းဆုံလမ်းခွများတွင် တပ်မတော်၊ ရဲတပ်ဖွဲ့များ၊ ရဲကင်းများရှိပြီး လှည့်လည်သွားလာနေသော လှည့်ကင်းများလည်း ရှိကြောင်း အမှတ်(၅)ရပ်ကွက်မှ ဒေသခံတစ်ဦးက ပြောသည်။

ရခိုင်ပြည်နယ်တွင် ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခများကြောင့် ဘူးသီးတောင်မြို့၊ မောင်တောမြို့၊ စစ်တွေမြို့၊ ကျောက်ဖြူမြို့၊ သံတွဲမြို့နှင့်ရမ်းဗြဲမြို့များတွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ ကို မြို့နယ်အသီးသီးမှ အုပ်ချုပ်ရေးမှူးများ၏ အမိန့်အာဏာဖြင့် ရုံးတံဆိပ်နှိပ်၍ ဇွန်လ ၁၀ ရက်က ကြေညာချက်တစ်ရပ်ထုတ်ပြန်ခဲ့သည်။



7 DAY NEWS JOURNAL
Vol.11, No.19 • JULY 19 , 2012

# မုံရွာတွင် အများပိုင်ကုမ္ပဏီတစ်ခု ထူထောင်

**မျိုးမင်းဦး**

**မုံရွာ၊ ဇူလိုင်-၁၂**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စီးပွားရေးလုပ်ငန်းရှင်ကြီးများ စုပေါင်း၍ အများပိုင်စီးပွားရေးကုမ္ပဏီတစ်ခုအား ဇူလိုင်လ ၁၀ ရက်တွင် စတင်ထူထောင်လိုက်ပြီး အစုရှယ်ယာများအား တစ်စုလျှင် ကျပ်ငါးသောင်းနှုန်းဖြင့် စတင်ရောင်းချရာ စီးပွားရေးလုပ်ငန်းရှင်(၁၉)ဦးက အစုရှယ်ယာပေါင်း နှစ်သောင်းကျော် အဆိုပြုတင်သွင်းခဲ့ကြောင်း အများပိုင်ကုမ္ပဏီ ကြီးကြပ်မှုကော်မတီအဖွဲ့ဝင် ဦးကျော်မျိုးဝင်းက ပြောကြားခဲ့သည်။

“စစ်ကိုင်းတိုင်းဒေသကြီး အများပိုင်ကုမ္ပဏီကိုစတင်ဖွဲ့စည်းတဲ့ ပထမနေ့မှာ လုပ်ငန်းရှင်(၁၉)ဦးက အစုရှယ်ယာပေါင်း နှစ်သောင်းကျော်ကိုအဆိုပြုပါတယ်။ လုပ်ငန်းရှင်တစ်ဦးအနေနဲ့ အစုရှယ်ယာအများဆုံး(၁,၉၀၀)ထက်ကျော်လွန် ဝယ်ယူခွင့်မရှိပါဘူး။ ကုမ္ပဏီလုပ်ငန်းရှင်ကြီးတွေသာမက အခြေခံလူတန်းစားတွေပါ အစုရှယ်ယာဝင်တွေဖြစ်အောင်ကြိုးစားသွားမယ်”ဟု ဦးကျော်မျိုးဝင်းက အများပိုင်ကုမ္ပဏီစတင်ဖွဲ့စည်းခြင်း အခမ်းအနားတွင် ပြောကြားခဲ့သည်။

ယခုဖွဲ့စည်းသည့် စစ်ကိုင်းတိုင်းဒေသကြီး အများပိုင်ကုမ္ပဏီအား စတင်ဖွဲ့စည်းခဲ့သော်လည်း ဖွဲ့စည်းပုံရေးဆွဲခြင်း၊ ကုမ္ပဏီအမည်ရွေးချယ်ခြင်းနှင့် တရားဝင်အသင်းအဖွဲ့ မှတ်ပုံတင်ဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ စတင်ဖွဲ့စည်းချိန်တွင် ရင်းနှီးမြှုပ်နှံမှုမတည်ငွေ ကျပ် ၁၀ ဘီလီယံ (ကျပ်ငါးသောင်းတန် အစုရှယ်ယာနှစ်သိန်း) သတ်မှတ်ထားသည်။ စက်မှုကုန်ထုတ် အများပိုင်ကုမ္ပဏီအဖြစ်စစ်ကိုင်းတိုင်းဒေသကြီး အများပိုင်ကုမ္ပဏီဖွဲ့စည်းရေးတွင် အများပိုင်ကုမ္ပဏီ ကြီးကြပ်ရေးကော်မတီ(၁၀)ဦးဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး အစုရှယ်ယာ (၁,၀၀၀) ကျပ်သိန်း(၅၀၀)နှင့်အထက် အစုရှယ်ယာဝင်များအား ဒါရိုက်တာ အဖွဲ့ဝင်များအဖြစ် သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

“စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ ကြေးနီ၊ ရွှေ၊ ကျောက်မီးသွေး၊ သစ်၊ ဆန်စပါးစတဲ့ သယံဇာတတွေပေါတော့ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူတွေ အချိန်မရွေး ဝင်ရောက်လုပ်ကိုင်နိုင်တယ်။ စီးပွားရေး လုပ်ငန်းရှင်ကြီးတွေနဲ့ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေကြောင့် ဒေသခံ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်တွေ လမ်းဘေးရောက်ကုန်တယ်။ အခုလို အများပိုင် ကုမ္ပဏီအနေနဲ့ ငွေကြေးရင်းနှီးမြှုပ်နှံမှုတွေကြောင့် စီးပွားရေးလုပ်ငန်းတွေ ထိုးနှက်မှုကိုကာကွယ်နိုင်မယ်လို့ ယုံကြည်တယ်”ဟု စစ်ကိုင်းတိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်အသင်းဝင်တစ်ဦးက ပြောသည်။

အစိုးရသစ်လက်ထက်တွင် အများပိုင်စီးပွားရေးကုမ္ပဏီများ ဖွဲ့စည်းခွင့်ပြုချိန်၌ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းဆန်စပါးအများပိုင်ကုမ္ပဏီနှင့် မြန်မာ့ရွှေဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီများ ဖွဲ့စည်းခဲ့သည့်နောက်ပိုင်း စက်မှုကုန်ထုတ်အများပိုင်ကုမ္ပဏီမှာတတိယမြောက် ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

# ယာဉ်မောင်းလိုင်စင်များ ငါးနှစ်သက်တမ်းတိုးပေး

**ညီညီဇော်**

**မန္တလေး၊ ဇူလိုင် - ၁၃**

မော်တော်ဆိုင်ကယ် ယာဉ်မောင်းလိုင်စင်နှင့် ကိုယ်ပိုင်မော်တော်ယာဉ်မောင်းလိုင်စင်များ၏ မှတ်ပုံတင်သက်တမ်းကာလသုံးနှစ်ကို ငါးနှစ်သို့ပြောင်းလဲလိုက်ကြောင်း သတင်းရရှိသည်။

“လူထုအတွက် အဆင်ပြေအောင်လုပ်ပေးတာပါ။ အာဆီယံနိုင်ငံတွေရဲ့ ယာဉ်မောင်းလိုင်စင်သက်တမ်းနဲ့ မတိမ်းမယိမ်းလေးဖြစ်သွားမှာပါ”ဟု မန္တလေးတိုင်းဒေသကြီး က. ည. န မှ တိုင်းဒေသကြီး ဦးစီးမှူး ဦးသိန်းဦးက ပြောသည်။ သက်တမ်းတိုးမြှင့်ပေးသည့် လိုင်စင်အမျိုးအစားထဲတွင် ယာဉ်နောက်လိုက်လက်မှတ်ရောင်းလိုင်စင်ပါပါဝင်မည်ဖြစ်ပြီး အငှားယာဉ်မောင်းလိုင်စင်များကိုမူ တိုးမြှင့်ပေးဦးမည်မဟုတ်ကြောင်း ၎င်းတာဝန်ရှိသူက ပြောသည်။

၂၀၁၂ ခုနှစ် ဇွန်လ ၁၅ ရက်နောက်ပိုင်းပြုလုပ်သော လိုင်စင်များသည် ငါးနှစ်သက်တမ်းရှိမည်ဖြစ်ပြီး ယင်းနေ့မတိုင်မီ ပြုလုပ်ထားသူများသည် သုံးနှစ်သက်တမ်းသာရှိမည်ဖြစ်သည်။ ယာဉ်မောင်းလိုင်စင်များကို အသက် ၁၈ နှစ်ပြည့်ပြီးပါက က. ည. နတွင် သင်တန်းသုံးရက်ခန့် တက်ရောက်ပြီး လျှောက်ထားရမည်ဖြစ်သည်။



ဓာတ်ပုံ - အားမာန်

ယာဉ်မောင်းလိုင်စင်ပြုလုပ်ချင်သော်လည်း မိမိတို့လုပ်ငန်းမှ ခွင့်မပေး၍အခက်တွေ့နေကြောင်း မန္တလေးမြို့ခံအမျိုးသမီးတစ်ဦးကဆိုသည်။ “နှစ်ရက်၊ သုံးရက်ဆိုတော့ ရုံးကခွင့်မပေးဘူး။ ဒါကြောင့် လိုင်စင်ကို မရှိသေးဘူး” ဟု အသက် ၂၈ နှစ်အရွယ် ယင်းအမျိုးသမီးက ဆိုသည်။

က. ည. နမှ တိုင်းဦးစီးမှူးဦးသိန်းဦးက “လိုင်စင်လုပ်ရာမှာ ရက်လျှော့ပေးဖို့တော့ မရှိပါဘူး။ ယာဉ်မောင်းရာမှာ သိသင့်သိထိုက်တာတွေ အများကြီးရှိတော့ နှစ်ရက်၊ သုံးရက်ဆိုတာ နည်းတောင်နည်းနေပါသေးတယ်”ဟု ပြောသည်။

မန္တလေးတိုင်းဒေသကြီး က. ည. န ရုံးမှ တစ်လလျှင် ယာဉ်မောင်းလိုင်စင်အသစ် လေးထောင်ဝန်းကျင်ခန့် ထုတ်ပေးနေရကြောင်း ယာဉ်မောင်းလိုင်စင်ဌာနမှတာဝန်ရှိသူများက ပြောသည်။






7DAY NEWS JOURNAL
Vol.11, No.19 • JULY 19 , 2012

## ချင်းတောင်တွင် နွားနောက်မွေးရန် သ/မဘဏ်နှင့် မွေးရေဘဏ်တို့က ကျပ်သိန်းခုနစ်ထောင်နီးပါး ထုတ်ချေးမည်

**သန်းဌေး**

**ရန်ကုန်၊ ဇူလိုင် - ၁၁**

ချင်းတောင်ဒေသတွင် နွားနောက်မွေးမြူရေးသမားများအား ကျပ်သိန်းခုနစ်ထောင်နီးပါး ချေးပေးရန် လျာထားကြောင်း မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးကပြောကြားသည်။

"လက်ရှိ ဝန်ကြီးကလည်း သမဝါယမကို ကိုင်ထားတော့ သ/မဘဏ်မှာ ၁ ဒသမ ၉ ဘီလီယံရှိတယ်။ အဲဒီ့ထဲကနေ ထုတ်ချေးမယ်။ အခု ချင်းတောင်မှာ မွေးမြူရေးဘဏ်ကလည်းကျပ်သိန်းငါးထောင်ချေးဖို့ လျာထားတယ်။ ဒါပေမဲ့ အရင်က ချေးထားတဲ့ငွေတောင် ပြန်မဆပ်နိုင်ဘူး" ဟုၚင်းကပြောသည်။

နွားနောက်မွေးမြူရေးသမားများအတွက် လောလောဆယ်တွင် သ/မဘဏ်မှ ၁ ဒသမ ၉ ဘီလီယံထုတ်ချေးပေးပြီး မလောက်ပါက မွေး/ရေဘဏ်မှ ကျပ်သိန်းပေါင်းငါးထောင်ထပ်ချေးပေးမည်ဖြစ်သော်လည်း ပြန်မဆပ်ပါကရဲကိုတိုင်ကြားဖမ်းဆီးရလိမ့်မည်ဖြစ်ကြောင်း ဦးခင်မောင်အေးက မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၁၂နှစ်မြောက်နှစ်ပတ်လည်အခမ်းအနားတွင် ပြောသည်။

"ပြည်နယ်အတွင်းမှာ ကြုံတွေ့ရတဲ့အခက်အခဲတွေကတော့ အစာစရိတ်ကြီးမြင့်တယ်၊ မြေနေရာအခက်အခဲရှိတယ်။ မွေးမြူရေးလုပ်ငန်း တိုးချဲ့လုပ်ကိုင်ဖို့အတွက်လည်း အတိုးနှုန်းသက်သာတဲ့ ကာလရှည် ချေးငွေလိုအပ်ပါတယ်" ဟု ကရင်ပြည်နယ် မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးဇော်မင်းထွေးကပြောသည်။ အလားတူအခြားသောတိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းရှိ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းရှင်များကလည်း ၎င်းတို့ဒေသများတွင် အသေးစားမွေးမြူရေးလုပ်ငန်းရှင်များအတွက် မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်မှ အတိုးနှုန်းသက်သာသော ချေးငွေများ ထုတ်ချေးပေးရန် အဆိုပါအခမ်းအနားတွင်ဝိုင်းဝန်းတောင်းဆိုကြသည်။

## ဆေးရုံလာတက်သည့် မွေးလူနာ၏ ဟန်းဖုန်းနှင့် ရွှေထည်များ ပျောက်ဆုံး

**ကျော်ဇေယျ**

**နေပြည်တော်၊ ဇူလိုင်-၅**

နေပြည်တော် ပျဉ်းမနား ခုတင် (၂၀၀)ဆေးရုံသို့ ကလေးမွေးဖွားရန်ဆေးရုံတက်သော လူနာ၏ ဟန်းဖုန်း၊ ငွေနှင့် ရွှေထည်ပစ္စည်းများ ပျောက်ဆုံးသွား၍ ရဲစခန်းသို့ သွားရောက်အမှုဖွင့်ခဲ့ရသောဖြစ်စဉ်တစ်ခု ယခုလ ၅ ရက်က ဖြစ်ပွားခဲ့သည်။

နန်ချို ရေအားလျှပ်စစ်စီမံကိန်းတွင် ပန်းရန်လုပ်ငန်း လုပ်ကိုင်နေသော ကိုစိုးနိုင်သည် ယင်း၏အစ်မဖြစ်သူ မညိုနှင့်အတူ ဇနီးသည် မစန်းဌေးအား မီးဖွားရန် ယခုလ ၄ ရက်ကနေပြည်တော် ပျဉ်းမနား ခုတင်(၂၀၀)ဆေးရုံသို့ တက်ရောက်နေရသူဖြစ်သည်။ နှစ်ထပ်ဆောင်ဆေးရုံ၏ အောက်ထပ် အနောက်ဘက်ဝရံတာ ဘေးခုတင်တွင် မညိုက မစန်းဌေးခုတင်အနီး စောင့်အိပ်ကာ ကိုစိုးနိုင်ကလည်း ဆေးရုံရှေ့ဝရံတာတွင်စောင့်အိပ်ခဲ့သည်။ နောက်တစ်နေ့ ဇူလိုင် ၅ ရက် မနက် ၄ နာရီအချိန် မစန်းဌေးခုတင်ပေါ်တွင် ထားရှိသောနီညိုရောင်ဆလင်းဘက်အိတ်မှာ ပျောက်ဆုံးသွားခဲ့သည်ဟု ဆိုသည်။

အဆိုပါ အိတ်ထဲတွင် အမျိုးသားမှတ်ပုံတင်နှစ်ခု၊ ငွေကျပ်နှစ်သိန်းရှစ်သောင်း၊ ဂျီအက်စ်အမ်ဖုန်းတစ်လုံး၊ တစ်ကျပ်သားခန့်ရှိ ရွှေဆွဲကြိုးတစ်ကုံး၊ သုံးမတ်သားခန့်ရှိရွှေဆွဲကြိုးတစ်ကုံး၊ ရွှေလက်စွပ်နှစ်ကွင်း၊ နားကပ်တစ်ရန် စုစုပေါင်း တန်ဖိုးကျပ် (၂၆) သိန်းဖိုးကျော်ပါရှိသွားကြောင်း သိရသည်။

၎င်းတို့သည် ကျောက်ပန်းတောင်းမြို့နယ်မှ နေပြည်တော် နန်ချိုလျှပ်စစ်စီမံကိန်း အထက်ပေါင်းလောင်းစီမံကိန်းသို့ အလုပ်လာလုပ်ရာမှ မီးဖွားရန် ဆေးရုံလာတက်ကြစဉ် အခိုးခံခဲ့ရခြင်းဖြစ်ပြီး အမှုကို နေပြည်တော် ပျဉ်းမနားရဲစခန်းက(ပ)၃၈၇/ ၂၀၁၂ပုဒ်မ ၃၈၀ ဖြင့် အမှုဖွင့်ပေးခဲ့ပြီး ဆက်လက်စစ်ဆေးလျက်ရှိသည်။

## PHOTO NEWS



ဓာတ်ပုံ - ဖိုးသီဟ

ဦးကိုကိုကြီး၊ ဦးမင်းကိုနိုင် ဦးဆောင်သော ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့သည် ဇူလိုင် ၁၂ ရက် နေ့လယ် ၁ နာရီ ၄၅ မိနစ်တွင် ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်သို့ရောက်ရှိလာပြီး သဘော်ဆိပ်တွင် ဦးမင်းကိုနိုင်က မြို့ခံလူထုအား ၁၅ မိနစ်အကြာ မိန့်ခွန်းပြောကြားခဲ့သည်။ ထို့နောက် ဘူးသီးတောင်အကျဉ်းထောင်တွင်ရှိနေဆဲဖြစ်သည့် နိုင်ငံရေးအကျဉ်းသားကိုအောင်သူအား ထောင်ဝင်စာသွားရောက်တွေ့ဆုံခဲ့ကြကာ မောင်တောမြို့နယ်သို့ ဆက်လက်ထွက်ခွာသွားပြီဖြစ်သည်။ ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့ကို ဘူးသီးတောင်မြို့ခံလူထုတစ်ထောင်ကျော်က ရခိုင်မင်္ဂလာစည်တော်များတီးခတ်ကာ လှိုက်လှဲစွာကြိုဆိုခဲ့ကြကြောင်း 7Day News သတင်းထောက်က ပေးပို့သည်။ အထက်ပါပုံမှာ ကယ်ဆယ်ရေးစခန်းတစ်ခုတွင် ဦးကိုကိုကြီးက ဒုက္ခသည်များအား တွေ့ဆုံအားပေးနေစဉ်။

## ဈေးကွက်ဝင်စပါးမျိုးစိတ်များ ပြောင်းလဲစိုက်ပျိုးရန် ဆန်စပါးအထူးပြုကုမ္ပဏီစီစဉ်

**သန်းဌေး**

**ရန်ကုန်၊ ဇူလိုင်-၁၂**

တောင်သူလယ်သမားများအား ဈေးကွက်ဝင် စပါးမျိုးစိတ်များ ပြောင်းလဲစိုက်ပျိုးစေရန် စီစဉ်နေကြောင်း ဆန်စပါးအထူးပြုကုမ္ပဏီများထံမှ သိရှိရသည်။

ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်နှင့် ကျုံပျော်မြို့နယ်အတွင်းရှိ ကျေးရွာများမှ တောင်သူလယ်သမားများသည် စပါးမျိုးကွဲနှစ်ဆယ့်တစ်မျိုးခန့် စိုက်ပျိုးနေသောကြောင့် ဆန်အထူးပြုကုမ္ပဏီများမှ ဈေးကွက်ဝင်စပါးမျိုးစိတ် ခုနစ်မျိုး၏ မျိုးစေ့များ စတင်ဖြန့်ဖြူးပေးနေကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းဥက္ကဋ္ဌ ဦးချစ်ခိုင်က ကျုံပျော်မြို့နယ် ရောမင်းခန်းမတွင် ဇူလိုင် ၁၂ ရက်က ပြောသည်။ ဆန်စပါး အထူးပြုကုမ္ပဏီများက ချပေးသော စပါးမျိုးစိတ်များမှာ ပုလဲသွယ်၊ ဆင်းသုခ၊ ဖိလစ်ပိုင်စသည့်စပါးမျိုးစိတ်များဖြစ်ပြီး သက်တမ်း ၇၅ ရက်မှ အများဆုံး ရက် ၁၃၅ သာရှိကြောင်း သိရှိရသည်။

"သူတို့အတွက် ကနဦးစီမံကိန်း(Pilot Project)အနေနဲ့ မျိုးလေးတွေနဲ့ စိုက်ပြမယ်။ အောင်မြင်ဖြစ်ထွန်းမယ်။ သူတို့ကလည်း ယုံကြည်မှုရှိမယ်။ သူတို့ကလည်း လိုက်လုပ်မယ်။ တွန်းအားပေးပြီး အတင်းလုပ်ဖို့ မဟုတ်ဘူး။ ယုံကြည်မှုရှိလာပြီဆိုရင် လိုက်လုပ်၊ လုပ်လို့ရှိရင် သူတို့တွေ အဆင်ပြေသွားမယ်။ ဘာရည်ရွယ်ချက်မှ မရှိဘူး" ဟု မက်စ်မြန်မာကုမ္ပဏီ ဥက္ကဋ္ဌဦးဇော်ဇော်က ရေကြည်မြို့ မြို့မ-အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် 7Day News သို့ပြောသည်။

ယမန်နှစ်က ကန်ထရိုက်လယ်ယာစနစ်ဖြင့် ဆန်စပါးမျိုးစိတ်အသစ်များစိုက်ပျိုးရန် ဒသမ ၅၀ (ဧကဝက်)အကွက်များအဖြစ် လယ်မြေဧက ၁၀၀ အား ကျုံပျော်မြို့နယ်ရှိ ကျေးရွာများတွင် မြေညှိပြီးသော်လည်း စစ်တပ်မြေကို ဖြတ်ကျော်ကာ သွားရောက်လုပ်ကိုင်ရသောကြောင့် သွားလာရေးအခက်အခဲဖြစ်ကာ လယ်သမားများက မလုပ်လို၍ အဆိုပါအစီအစဉ်ပျက်သွားကြောင်း ကျုံပျော်မြို့နယ်၊ ကျွဲကုန်းကျေးရွာမှ လယ်သမားဦးစံအုန်းက ပြောသည်။

"ဒီနှစ် လယ်သမားသုံးဦးက ကုမ္ပဏီက ချပေးတဲ့ ပုလဲသွယ်မျိုး စစိုက်နေပြီ။ ကျွန်တော်တို့က ကြဲခင်းနဲ့ စိုက်ပေမယ့် သူတို့က ပျိုးထောင်ဖို့ ပျိုးခုံလုပ်ခိုင်းတယ်။ ပျိုးပင်ကို နှုတ်ပြီး ပြန်စိုက်ခိုင်းတော့ ကုန်ကျစရိတ်များတယ်။ မျိုးကိုလည်း အောင်စနဲ့ ချိန်ရောင်းတဲ့ ငါးပြည်ကျော်၊ ခြောက်ပြည်ရှိတာကို နှစ်သောင်းခွဲပေးရတယ်။ စပါးပေါ်ရင်တော့ တစ်တင်းကို ၅၀၀၀ ကျပ်၊ ၆၀၀၀ ကျပ် ပေးမယ်ပြောတယ်" ဟု ၎င်းကပြောသည်။

စပါးပေါ်ချိန်တွင် ဈေးနှိမ်မခံရစေရန် ဆန်အထူးပြုကုမ္ပဏီများမှ သင့်တော်သော ဈေးနှုန်းပေးကာ ဝယ်ယူပြီး ပြည်တွင်းဈေးကွက်နှင့် ပြည်ပဈေးကွက်ရောင်းတန်းဝင် စပါးမျိုးများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် ဆောင်ရွက်ရန် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသိန်းအောင်က ဇူလိုင် ၁ ရက်က ကျုံပျော်မြို့နယ်တွင် ပြောသည်။







7DAY NEWS JOURNAL
Vol.11, No.19 • JULY 19 , 2012

# မန္တလေး-ဗန်းမော် လူစီးသီးသန့် ရေယာဉ်ပြေးဆွဲ

**မိုးညို**

**ရန်ကုန်၊ ဇူလိုင်-၁၂**

ပထမဆုံး လူစီးသီးသန့် ရေယာဉ်အဖြစ် မန္တလေး-ဗန်းမော်ခရီးစဉ်အား ရွှေကိန္နရီသင်္ဘောများဖြင့် စတင်ပြေးဆွဲနေပြီဖြစ်ကြောင်း ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးမှ သိရသည်။

ယင်းခရီးစဉ်မှာ ယခင်က ကုန်စည်နှင့် ခရီးသည်တို့ တွဲဖက်၍ ပုံမှန်ပြေးဆွဲနေသော်လည်း ယခုဇွန် ၁၀ ရက်မှ စတင်ကာ လူစီးသီးသန့် ရေယာဉ်အဖြစ် စတင်ပြေးဆွဲခြင်းလည်း ဖြစ်သည်။ သင်္ဘောအမျိုးအစားမှာ လူ ၉၀ ဆံ့ တစ်ထပ်ခွဲ သင်္ဘောဖြစ်ပြီး ယခင် မန္တလေး-ညောင်ဦး-ပုဂံ ခရီးစဉ်များကို ပြေးဆွဲသော ခရီးစဉ်မှ ယခုလို ပြောင်းလဲပြေးဆွဲပေးခြင်းဖြစ်ကြောင်းပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ အဆင့်မြင့်အရာရှိတစ်ဦးက ပြောသည်။

ၖင်းရွှေကိန္နရီရေယာဉ်အား မန္တလေးမှ အပတ်စဉ် အင်္ဂါနှင့် သောကြာနေ့တို့တွင် ပုံမှန် နှစ်ခေါက်ပြေးဆွဲမည်ဖြစ်ကာ ဗန်းမော်မှ အပတ်စဉ် ကြာသပတေးနှင့် တနင်္ဂနွေနေ့တို့တွင် ပုံမှန်တစ်ပတ်လျှင် နှစ်ခေါက်စီပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ ထုတ်ပြန်ချက်များတွင် ဖော်ပြပါရှိသည်။

"လူစီးသီးသန့်ဆိုတဲ့အတွက် အရင်ကထက်တော့ သက်သောင့်သက်သာနဲ့ အဆင့်မြင့်မြင့်စီးရဖို့ မျှော်လင့်မိပါတယ်"ဟု မန္တလေးမြို့မှကုန်သည်တစ်ဦးကပြောသည်။ အသစ်ထပ်မံပြေးဆွဲသည့် ရွှေကိန္နရီရေယာဉ်၏ ရေယာဉ်စီးခနှုန်းထားများမှာ ပြည်တွင်းခရီးသည်တစ်ဦးလျှင် မန္တလေးမှ ဗန်းမော်အထိ ၂၀,၀၀၀ ကျပ်ဖြစ်ပြီး နိုင်ငံခြားသား ဧည့်သည်တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၆၀ ခန့်ရှိသည်။

## အိမ်အကူအား နှိပ်စက်သည့် အိမ်ရှင်ကို အမှုဖွင့်

**ညီညီဇော်**

**မန္တလေး၊ ဇူလိုင် - ၈**

မန္တလေးမြို့တွင် အသက် ၁၄ နှစ်အရွယ် အိမ်အကူအမျိုးသမီးငယ်တစ်ဦးအားအိမ်ရှင်၏ သမီးဖြစ်သူက ညှဉ်းပန်းနှိပ်စက်သည်ဆို၍ မဟာအောင်မြေမြို့နယ်ရှိအမှတ်(၇)ရဲစခန်းသို့ အမှုဖွင့်တိုင်ကြားထားကြောင်းသတင်းရရှိသည်။

အဆိုပါအိမ်အကူအမျိုးသမီးသည် မဟာအောင်မြေမြို့နယ်စိန်ပန်းတိုက်နယ်၊ ဆင်တိုင်ရပ်ကွက်ရှိနေအိမ်တစ်အိမ်တွင် အိမ်အကူအဖြစ် လုပ်ကိုင်နေစဉ် အသက် ၄၀ ဝန်းကျင်အရွယ် အိမ်ရှင်၏သမီးဖြစ်သူက သူမဆန္ဒမပါဘဲ ဆံပင်ညှပ်ပစ်ခြင်း၊ ပေါင်ကို မီးကြွေအိုးဖြင့် ထိစေခြင်း၊ အင်္ကျီအဝတ်အစားလျှော်ဖွတ်ရာတွင် မပြောင်သောကြောင့်ဟုဆိုကာ သူမလက်ကို သံဘရပ်ချ်ဖြင့် ပွတ်တိုက်ခြင်း၊ ထိုင်ခုံအပုဖြင့်ရိုက်၍ လက်ယောင်သွားခြင်း၊ ခေါင်းကို ဒေါက်ဖိနပ်ဖြင့်ပေါက်သောကြောင့် ခေါင်းပေါက်၍ ချုပ်ရခြင်း အစရှိသည် တို့အပြင် အခြားထိခိုက်နာကျင် စေမှုများဖြစ်စေခဲ့သည်ဟု တိုင်ကြားထားသူ အိမ်အကူအမျိုးသမီးငယ်က ပြောသည်။ နှိပ်စက်ခံရသော အမျိုးသမီးငယ်သည် မိုးကုတ်မြို့မှ လာရောက်လုပ် ကိုင်ခြင်းဖြစ်ပြီး တစ်လလျှင် ကျပ်နှစ်သောင်းရရှိကာ ခြောက်လခန့် အလုပ်လုပ်ပြီးပြီဟုဆိုသည်။

"ကျွန်မတို့ကတော့ ဘယ်သူ့ကိုမှ မနာစေချင်ပါဘူး။ ကလေးဒီလိုဖြစ်နေတာကိုလည်း စိတ်မကောင်းဘူး"ဟု နှိပ်စက်ခံရသည်ဟုဆိုသည့် အမျိုးသမီးငယ်၏ မိခင်ဖြစ်သူဒေါ် သန္တာအုန်းက ပြောသည်။ မဟာအောင်မြေမြို့နယ် အမှတ်(၇)ရဲစခန်းမှတာဝန်ရှိသူတစ်ဦးက "ဟုတ်ပါတယ်။ တရားဝင်အမှုဖွင့်ထားပါတယ်။ ကျန်တာတော့ ပြောလို့မရပါဘူး" ဟု ဖြေကြားသည်။ အိမ်အကူအမျိုးသမီးငယ်ကို ညှဉ်းပန်းနှိပ်စက်သည်ဟု စွပ်စွဲခံရသောအိမ်ရှင်၏ သမီးဖြစ်သူထံ သွားရောက်တွေ့ဆုံမေးမြန်းရာတွင် အဆိုပါနေအိမ်မှ အမျိုး သားတစ်ဦးက ယင်းကိစ္စကို ဖြေကြားပေးမည့် ကာယကံရှင်များမရှိကြောင်း ၎င်းတို့နှင့်ဆက်သွယ်ပြီးပါက မီဒီယာကိုပြန်လည် ဆက်သွယ်မည်ဟုပြောသည်။

## မန္တလေးတိုင်း သမပိုင်မြေနှင့် အဆောက်အအုံများ လေလံစနစ်ဖြင့် ရောင်းချမည်ဟုဆို

**စိုင်းသာအောင်**

**မန္တလေး၊ ဇူလိုင် - ၁၃**

မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်မှ မြို့နယ်သမဝါယမအသင်းများကို ရင်းနှီးငွေများ အတိုးနှုန်းသက်သာစွာ ထုတ်ပေးနိုင်ရန်အတွက် အသင်းပိုင်မြေနေရာနှင့် အဆောက်အအုံများကို ရင်းနှီးမြှုပ်နှံလိုသည့်လုပ်ငန်းရှင်များ၊ အကျိုးတူဆောင်ရွက်လိုသည့်လုပ်ငန်းရှင်များအား လေလံစနစ်ဖြင့်ရောင်းချသွားရန်စီစဉ်ထားကြောင်းသိရသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ 7Day News က မန္တလေးတိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်သို့ဆက်သွယ်မေးမြန်းရာ "ဟုတ်ပါတယ်။ အသင်းစုပိုင် ပြည်ကြီးတံခွန်မြို့နယ် ထိန်ကုန်းရပ်၊ ချမ်းမြသာစည်မြို့နယ် မန္တလေး-ရန်ကုန်လမ်းမကြီးနဲ့မဟာမုနိဘုရားကြီးလမ်းထောင့်မြေကွက်နဲ့ အလျား ၉၈ ပေ× အနံ ၄၁ ပေရယ်၊ ချမ်းအေးသာစံမြို့နယ် ၈၄ လမ်း၊ ၂၇ လမ်းနှင့် ၂၈လမ်းကြား၊ ဈေးချိုအရှေ့ဘက် တိုက်တန်း ပထမထပ်တို့ဖြစ်ပါတယ်"ဟု ပြန်လည်ဖြေကြားသည်။

**TRADEMARK CAUTION**

ASAHI GLASS CO., LTD. a company Incorporated in Japan at 1-5-1, Marunouchi, Chiyoda-ku,Tokyo 100-8405, Japan is the Owner and Sole Proprietor of the following Trademark:-

**LAMISAFE**

Reg:No.4/3611/2007

In respect of Class 12 : Automobile windows, other automobiles and their parts included in this class; Vessels and their parts included in this class; Aircraft and their parts included in this class; Railway rolling stock and their parts included in this class; Two-wheeled motor vehicles and their parts included in this class;

In respect of Class 21 : Unworked or semi-worked glass (not for building).

Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph:371990 19.July.2012

**ဝန်ထမ်းအလိုရှိသည်**

(ပြည်တွင်း၌ကျပ်ငွေဖြင့်သာခန့်ထားရန်)

**AA Medical Products Ltd.** မှ အောက်ဖော်ပြပါရာထူးအတွက် အရည်အသွေးပြည့်စုံသူများအား ခန့်ထားရန်လိုအပ်လျှက်ရှိပါသည်။

၁။**Secretary** **Male (1)post**
-Graduate
-Age between 25-40 years olds.
-Must have at least 3 years experience in related field.
-Fluent in written and spoken english is an asset.
-Must be computer literate & able to use email & internet as well as type in Myanmar language properly.
-Must have good communication skills & must possess honest, hard working characteristics. Able to translate both Myanmar & English.

၂။**Junior Auditor** မ ( ၁ ) ဦး
- **B.Com,DA,LCCI(Level III)**အောင်ပြီးသူဖြစ်ပြီးငွေစာရင်း၊ကုန်ပစ္စည်းစာရင်းစစ်ဆေး ခြင်းလုပ်ငန်းအတွေ့အကြုံရှိရမည်။နယ်ရုံးခွဲစာရင်းများအား တာဝန်ခံစစ်ဆေးနိုင်ရမည်။
- **Computer**ကျွမ်းကျင်ရမည်။

၃။**Driver** (ယာဉ်မောင်း) ကျား ( ၃ ) ဦး
- (၂/၃)တန်အထက် ကားကြီးမောင်းနိုင်သူ၊ နယ်ခရီးမောင်းနိုင်သူ၊ လိုင်စင်အညို/အနီဖြစ်ရမည်။
- ပစ္စည်းပို့ကားသေးမောင်းနိုင်သူဖြစ်ရမည်။ (ရွှေပြည်သာ၊ ထောက်ကြံ့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ သန်လျင်၊ ကျောက်တန်း)မှအပ ကျန်မြို့နယ်နေသူများ လျှောက်ထားနိုင်ပါသည်။

၄။**Security Staff** (လုံခြုံရေး) ကျား ( ၃ ) ဦး
- အသက် ၃၅နှစ်မှ ၄၅နှစ်အတွင်းဖြစ်ရမည်။ ကျန်းမာသန်စွမ်းရမည်။
- ကိုယ်အလေးချိန်ပေါင် ၁၃၀ထက်မနည်းရှိရမည်။
- ပညာအရည်အချင်းအလယ်တန်းအဆင့်ရှိရမည်။အရက်မသောက်စားတတ်သူဖြစ်ရမည်။
- နေ့/ညတစ်လှည့်စီတာဝန်ထမ်းဆောင်နိုင်ရမည်။
- လုံခြုံရေးဆိုင်ရာ လုပ်ငန်းတာဝန်များ ဆောင်ရွက်သည့် အတွေ့အကြုံရှိသူ ကိုဦးစားပေးမည်။

အထက်ပါအလုပ်ကိုစိတ်ဝင်စားသူသည် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်းမိမိ၏ကိုယ်ရေးရာဇဝင်၊ ဓာတ်ပုံနှစ်ပုံ၊ ပညာအရည်အချင်းအထောက်အထား၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊မှတ်ပုံတင်မိတ္တူ၊အိမ်ထောင်စုစာရင်းမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံစာတို့နှင့်အတူ **AA Medical Products Ltd.** အမှတ်-၄၀၈/၄၁၀၊ မဟာဗန္ဓုလလမ်း၊ **Samsung Plaza,** (၄)ထပ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့သို့ ပေးပို့လျှောက်ထားနိုင်ပါသည်။

# မြစ်ကြီးနားတက္ကသိုလ်ရှိ အတွင်းဆောင်များ ပြန်ဖွင့်မည်

**အောင်နိုင်**

**ရန်ကုန်၊ ဇူလိုင်-၁၂**

မြစ်ကြီးနားတက္ကသိုလ်အတွင်းအဆောင်များပြန်ဖွင့်လှစ်ရေး ဆောင်ရွက်တော့မည်ဖြစ်ကြောင်း ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွန်ငန်ဆိုင်း၏ ကိုယ်ရေးအရာရှိက ပြောသည်။

ကချင်ပြည်နယ်အစိုးရအဖွဲ့၊ မြစ်ကြီးနားတက္ကသိုလ်နှင့် ပညာရေးဝန်ကြီးဌာနတို့ ဆွေးနွေးညှိနှိုင်းမှုဖြင့် အဆောင်များကို ပြန်ဖွင့်နိုင်ရန် စီစဉ်ခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။

"မိန်းကလေးနှစ်ဆောင်၊ ယောကျ်ားလေးနှစ်ဆောင်ပါ။ တစ်ဆောင်ကိုကျောင်းသား ၁၀၀ ကျော်ဆံ့ပါတယ်"ဟု ယင်းကိုယ်ရေးအရာရှိက ပြောသည်။ လက်ရှိစာသင်ဆောင်အဖြစ် အသုံးပြုထားသော အဆိုပါအဆောင်များကို ပြန်လည်ပြုပြင်မွမ်းမံမည်ဖြစ်ပြီး သုံးထပ်စာသင်ဆောင်တစ်ဆောင်ကိုလည်း ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"အဆောင်လေးဆောင်ကိုပြန်လည်မွမ်းမံမယ်။ ၂၀၁၂-၁၃ ဘတ်ဂျက်မှာ သုံးထပ်စာသင်ဆောင်တစ်ဆောင် ဆောက်ပါမယ်"ဟု ၎င်းကပြောသည်။ မိုးညှင်းကောလိပ်နှင့်ဗန်းမော်တက္ကသိုလ်တို့တွင် အဆောက်အအုံအဟောင်းများ မရှိသည့်အတွက်ကြောင့် အတွင်းဆောင်များပေးနိုင်တော့မည်မဟုတ်သေးကြောင်း ၎င်းကပြောသည်။

"မြစ်ကြီးနားတက္ကသိုလ်မှာ အဆောင်ပေးမယ်တော့ ကြားနေတာပဲ။လာမယ့် စာသင်နှစ်မှာလို့ပြောကြတာပဲ"ဟု မြစ်ကြီးနားတက္ကသိုလ်ကျောင်းသားတစ်ဦးက ပြောသည်။

မြစ်ကြီးနားမြို့ရှိ ရှေ့နေတစ်ဦးက အတွင်းဆောင်ပြန်ပေးမည့်သတင်းနှင့်ပတ်သက်၍ "အပြင်ဆောင်တွေမှာ မူးယစ်ဆေးဝါးကို အလွယ်တကူရတဲ့အတွက် ပျက်စီးတဲ့ ကျောင်းသားတွေ မနည်းဘူး။ အခုလို အထဲမှာဆိုတော့ ပျက်စီးနိုင်တဲ့ အခွင့်အရေးနည်းသွားတယ်။ ဝေးလံတဲ့ဒေသက ကျောင်းသားတွေလည်း နေရေးအဆင်ပြေသွားတာပေါ့" ဟု သုံးသပ်ပြောကြားသည်။

လက်ရှိတွင် ပညာရေးဝန်ကြီးဌာန လက်အောက်၌ တက္ကသိုလ်ကောလိပ်ပေါင်း ၄၄ ခုရှိပြီး မြစ်ကြီးနားတက္ကသိုလ်သည် အတွင်းဆောင်ပေးနိုင်ရန် ပထမဆုံးဆောင်ရွက်သော တက္ကသိုလ်တစ်ခုဖြစ်နိုင်ကြောင်း သိရသည်။

**TRADEMARK CAUTION**

KWH Mirka Ltd., incorporated in Finland, of Pensalavagen 210, FI-66850, Jeppo, Finland, is the Owner and Sole Proprietor of the following trademarks:

**MIRKA** Reg : 4/9054/2012

**MIRKA** Reg : 4/9055/2012



Reg : 4/9056/2012

In respect of ''Abrasives, coated abrasives, non-woven abrasives, flexible abrasives,abrasive net, abrasive film, abrasive cloth, abrasive paper, abrasive discs, abrasive sheets, abrasive strips, abrasive belts, abrasive rolls in Class 3.

Machines and machine tools for abrasive and polishing purposes in Class 7

Hand tools and implements (hand-operated) in Class 8

**ABRANET**

Reg : 4/9057/2012

Abrasives, coated abrasives, non-woven abrasives, flexible abrasives, abrasive cloth, abrasive paper in Class 3"

Any fraudulent imitation or unauthorized use of the said trademarks will be dealt with according to law.

**KHIN MAUNG CHO & ASSOCIATES**
(FOR KWH Mirka Ltd.)
No. 302, 1st Floor, 40th Street,Kyauk-ta-da Township, Yangon. Ph:9-95-95128853
Dated: July 19, 2012

# အလုပ်သမားအငြင်းပွားမှု ဖြေရှင်းရေး ခုံသမာဓိကောင်စီ အမြန်ဆုံးဖွဲ့နိုင်ရန်စီစဉ်

**အေးမြတ်သူ**

**ရန်ကုန်၊ ဇူလိုင်-၁၅**

အလုပ်သမားအငြင်းပွားမှုများ ဖြေရှင်းနိုင်ရေးအတွက် ခုံသမာဓိကောင်စီကို မူလမှန်းသည့်ကာလထက်စောစီးစွာဖွဲ့စည်း ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းဝင်းက ပြောသည်။

လက်ရှိတွင် မေလအတွင်း ဖြစ်ပွားခဲ့သည့် အလုပ်သမားအငြင်းပွားမှုများအား ခုံသမာဓိ၌ ဖြေရှင်းလျက်ရှိပြီး ခုံသမာဓိတွင် အဆင်မပြေသည့် ကိစ္စရပ်များကို ခုံသမာဓိကောင်စီသို့ လွှဲပြောင်းဖြေရှင်းနိုင်ရေးအတွက်ဖြစ်ကြောင်း ၎င်းကပြောသည်။

"အမှုတွေက ခုံသမာဓိကို တက်နေပြီ။ အဲဒီတော့ သိပ်မကြာတော့ပါဘူး။ ရှေ့အပတ်တွင်း ခုံသမာဓိကောင်စီ ဖွဲ့ခွင့်ရတော့မှာပါ။ ပြည်ထောင်စု အစိုးရအဖွဲ့ပဲ ခွင့်ပြုပေးဖို့ ကျန်တော့တယ်"ဟု ဒေါက်တာသန်းဝင်းကပြောကြားသည်။

ထို့ပြင်ခုံသမာဓိအဖွဲ့အား ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် တရားဝင်ဖွဲ့စည်းခွင့်ပြုထားပြီး မန္တလေးတိုင်း၊ မကွေးတိုင်းဒေသကြီးတို့ကိုလည်း ဆက်လက်ဖွဲ့စည်းခွင့်ပြုရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။

အဆိုပါဖွဲ့စည်းခွင့်ပြုမည့် ခုံသမာဓိကောင်စီတွင် အစိုးရအဖွဲ့မှ ကိုယ်စားလှယ်အဖွဲ့ဝင် ၅ ဦး၊ အလုပ်ရှင်ဘက်မှ ကိုယ်စားလှယ် ၅ ဦး အပါအဝင် အလုပ်သမားဘက်မှ ကိုယ်စားလှယ် ၅ ဦး ပါဝင်ကြောင်း သိရသည်။ အလုပ်ရှင်ဘက်မှ ကိုယ်စားလှယ် ၅ ဦး အနက် ဥပဒေအရာရှိ ၂ ဦး ပါဝင်ပြီး ကုန်သည်စက်မှုအသင်းချုပ်မှ အလုပ်အမှုဆောင်(ငြိမ်း)များ ပါဝင်ထားကြောင်း သိရသည်။

အဆိုပါ ခုံသမာဓိကောင်စီတွင် ပါဝင်သော ကိုယ်စားလှယ်များအနေဖြင့် အလုပ်ရှင်နှင့် အလုပ်သမားပြဿနာများအား ဖြေရှင်းနိုင်သည့်အတွေ့အကြုံရှိရမည်ဖြစ်ပြီး အသက် ၃၅ နှစ်အထက်ရှိသူများ ဖြစ်ရမည်ဖြစ်သည်။

ထို့ပြင် လက်ရှိအလုပ်ရှင်၊ အလုပ်သမား အဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ခြင်း မရှိသူများ ဖြစ်ရမည်ဖြစ်ပြီး လက်ရှိခုံသမာဓိတွင် စက်ရုံလေးရုံအား ဖြေရှင်းရာ၌ နှစ်ရုံကို ဖြေရှင်းနိုင်ခဲ့သည်။

# အလုပ်သမားရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

**မိုးညို**

**ရန်ကုန်၊ ဇူလိုင်-၁၄**

အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ (ILO)နှင့် ပြည်တွင်းအလုပ်သားဆိုင်ရာ အဖွဲ့အစည်းများ ဦးဆောင်၍ မြန်မာနိုင်ငံ၏ အလုပ်သမားရေးရာကိစ္စရပ်များကို အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်အနေဖြင့် ဇူလိုင် ၁၉ ရက်တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

၎င်းအလုပ်ရုံဆွေးနွေးပွဲတွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ အိုင်အယ်လ်အို၊ ပြည်တွင်းမှ မှတ်ပုံတင်ပြီး အလုပ်သမားအဖွဲ့အစည်းများ၊ မှတ်ပုံမတင်ရသေးသော အလုပ်သမားအဖွဲ့အစည်းများ၊ အင်န်ဂျီအိုများ နှင့် အစိုးရဘက်မှ သက်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်းများမှ ဝင်ရောက်ဆွေးနွေးကြမည်ဖြစ်ကြောင်း ယင်းပွဲအားစီစဉ်သူ ကိုသန့်ဇင်ဦးက ပြောသည်။

"လက်ရှိအလုပ်သမားတွေကြုံတွေ့နေတဲ့အခက်အခဲတွေကိုဖြေရှင်းနိုင်ဖို့ ဒီအလုပ်ရုံပွဲကနေ အဖြေတစ်ခုရအောင် ဆွေးနွေးမှုတွေပြုလုပ်သွားမှာပါ"ဟု ၎င်းက ပြောသည်။ အဆိုပါ ဆွေးနွေးပွဲကို ဇူလိုင်လ ၁၉ရက်(အာဇာနည်နေ့)တွင် ရန်ကုန်မြို့ရှိ ဆန်းမစ်ပ့ါခ်ဗျူးဟိုတယ်တွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

## Free Classified

## ဝန်ထမ်းအလိုရှိသည်

## အခမဲ့ကြော်ငြာကဏ္ဍ

**ဝန်ထမ်းအလိုရှိသည်**
TLCC ကွန်ပျူတာစင်တာ
ကြော်ငြာကပ်ရန် ကျား (၁) ဦး
(အသက် ၁၈ မှ ၂၅ နှစ်၊ နံနက် ၉ နာရီမှ ညနေ ၃ နာရီ၊ တစ်ရက် ၁,၅၀၀ ကျပ်)
အမှတ် ၇၆/၈၀၊ ဗညားဒလလမ်း၊ (သိမ်ဖြူ ကားမောင်းကွင်းရှေ့၊ မဆလာစက်မှတ်တိုင်အနီး)
ဖုန်း - ၀၉-၅၁၉၆၀၆၇

---

**ဝန်ထမ်းအလိုရှိသည်**
ASIA GREATLAND Co.,LTD
(အိမ်၊ခြံ၊မြေ စာချုပ်စာတမ်းနှင့် ဝန်ဆောင်မှုလုပ်ငန်း)
၁။ Marketing အတွေ့အကြုံရှိ ကျား/မ (၅) ဦး
၂။ Computer ကျွမ်း ကျား/မ (၂) ဦး
**ဖုန်း- ၀၁-၃၈၉၄၅၇**

---

**ဝန်ထမ်းအလိုရှိသည်**
ရောင်း/မောင်းဝန်ထမ်းနှင့် ယာဉ်မောင်းဝန်ထမ်းအလိုရှိပါသည်။
**ဖုန်း - ၀၁- ၂၉၇၂၁၆**

---

**ဝန်ထမ်းအလိုရှိသည်**
MANS SECURITY AGENCY
(၁) Security Guard ကျား (၂) ဦး
(အသက် ၁၈ မှ ၅၀ နှစ်အတွင်း၊ အခြေခံပညာ အလယ်တန်းအဆင့်၊ လစာကောင်းကောင်းပေးမည်။)
အမှတ်(၇၃)၊ ၄လွှာ၊ ၁၆၆ လမ်းတို၊ တာမွေမြို့နယ်။
**ဖုန်း - ၀၉၇၃၀၆၄၂၉၈**

---

**ဝန်ထမ်းအလိုရှိသည်**
ယာဉ်မောင်း(၂)ဦး အလိုရှိသည်။ အသက်(၅၀)နှင့်အထက်၊ မြို့တွင်းမောင်းရန်။
**ဖုန်း-၃၉၂၀၈၃**

---

**ဝန်ထမ်းအလိုရှိသည်**
ဆံပင်ညှပ်ကျွမ်းကျင် (မ) ၁ ဦး
(နေ၊စားစရိတ်ငြိမ်း၊လစာသုံးသိန်း)
**ဖုန်း - ၀၉၈၅၇၀၆၀၀**

---

**ဝန်ထမ်းအလိုရှိသည်**
အင်းလျားရိပ်သာအထည်ချုပ်စက်ရုံ
မော်တာစက် ချုပ်ကျွမ်းကျင် မ (၂၀) ဦး
(လစာကောင်းကောင်း၊ နေထိုင်ရန်အဆောင်ပေးမည်။ ၃၁. ၇. ၂၀၁၂ နောက်ဆုံးထားလျှောက်ရန်)
(၉/က) အင်းလျားရိပ်သာလမ်း၊ မြကျွန်းသာကစားကွင်းအနီး၊ ကမ္ဘာအေးဘုရားလမ်း၊ ရိပ်သာမှတ်တိုင်။ **ဖုန်း - ၆၆၃၆၀၇**

---

**ဝန်ထမ်းအလိုရှိသည်**
အိမ်စီးကား ကျွမ်းကျင်အော်တိုယာဉ်မောင်းတစ်ဦးအလိုရှိသည်။
**ဖုန်း - ၀၁- ၃၉၈၁၇၄**

---

**ဝန်ထမ်းအလိုရှိသည်**
စေတနာ (အထွေထွေဝန်ဆောင်မှုလုပ်ငန်း)
1. Site Engineer ကျား/မ(၃) ဦး။ 2. Marketing Manager ကျား /မ(၃)ဦး။ 3. Computer Operator ကျား/ မ(၁၀)ဦး။ 4. Office Staff (ဘွဲ့ရ) ကျား/မ (၃) ဦး။ 5.Marketing/အရောင်းစာရေး ကျား/မ (၅) ဦး (၁၀တန်းအောင်)။ 6. Driver/ Sale Drive ကျား(၃)ဦး။ 7. Accountant (LCCI Level III) မ (၃)ဦး။ 8. အရောင်းဝန်ထမ်း(စားရိတ် ငြိမ်း) ကျား/မ (၅) ဦး။
အမှတ်၁၈၇(ခ)၊ပထပ်၊၃၄-လမ်း၊ ကျောက်တံတား။ **ဖုန်း - ၂၄၃၈၁၉**

---

**ဝန်ထမ်းအလိုရှိသည်**
People Trust International Company Limited
Generator Service ကျား (၁)ဦး။
အမှတ် ၁၂၈၊ ကနောင်မင်းသားကြီး၊ အရှေ့ဒဂုံစက်မှုဇုန်၊ ရန်ကုန်မြို့။ **ဖုန်း - ၀၁-၅၈၅၃၄၀**

---

**ဝန်ထမ်းအလိုရှိသည်**
B&C Bakery
၁။ ရောင်း/မောင်း (၁) ဦး
(၁၀ တန်းအောင်)
၂။ မုန့်လုပ်ငန်းကြီးကြပ်ရေးမှူး (၁) ဦး (ဘွဲ့ရ၊ အသက် ၂၅ နှစ်အထက်) လုပ်ငန်းအတွေ့အကြုံရှိသူဦးစားပေးမည်။
**ဖုန်း - ၀၉-၅၁၀၂၁၉၄**

---

**ဝန်ထမ်းအလိုရှိသည်**
Strategic Synergy Co.,Ltd
Administrative Officer
-University Degree
-MS Office Skills (Photoshop and other graphic design is an advantage)
-English (written & oral) is and advantage
-Reception and adminstrative duties
-Respond to written, phone, and face-to-face enquiries
Please send a letter of application to info@edulinkaus-tralia.com. Applications must be received by 23rd July 2012.

---

**ဝန်ထမ်းအလိုရှိသည်**
ဖိုးသားကြီး
Travels & Tour Inbound Dept တွင်တာဝန်ထမ်းဆောင်ရန်၊ နိုင်ငံခြား Tour Operator များနှင့် E-mail ဆက်သွယ်နိုင်ပြီး အတွေ့အကြုံရှိသည့်
- Sale Executive (1) Posts
- Operation Asst (1) Post
- Reservation Staff (1) Post
1024, Pyay Road, Sawbwar gyigone, Insein.
**Ph: 647796, 647798**

---

**ဝန်ထမ်းအလိုရှိသည်**
Requirements
Regent Education Group
- Education Offiecer/ Customer Services Officer
- Receptionist
- Accountant
- Education Editor
- Marketing Executive/ Assistant
- Secretary
- Course/ Teaching Assistant
- Admin/ Office Assistant
အမှတ် (ဘီ-၁၃+၂၃)၊ ရွှေကိန္နရီအဆင့်မြင့်အိမ်ရာ၊ (ရွှေကောင်းဟော့ပေါ့ အရှေ့)၊ နာနတ်တောလမ်း၊ ကမာရွတ်မြို့နယ်။ ရန်ကုန်။

---

**ဝန်ထမ်းအလိုရှိသည်**
Speedy Auto Services Co., Ltd
၁။ ရုံးဝန်ထမ်း မ (၃) ဦး
(ဘွဲ့ရ၊ ကွန်ပျူတာကျွမ်းကျင်သူ)
၂။ ယာဉ်မောင်း ကျား (၂) ဦး
(အတွေ့အကြုံသုံးနှစ်အထက်ရှိသူ၊ အော်တိုဂီယာမောင်းနိုင်သူ)
အမှတ် (၁၃၈)၊ အထက်ပန်းဆိုးတန်းလမ်း၊ **ဖုန်း - ၃၉၃၂၀၂။**

---

**ဝန်ထမ်းအလိုရှိသည်**
ဆိပ်ကမ်းစားသောက်ဆိုင်
၁။ Cashier မ (၂) ဦး
၂။ Waiter ကျား (၅) ဦး
၃။ စည်ဘားကိုင် ကျား (၁) ဦး
၄။ အကြော်ဆရာ ကျား (၂) ဦး
၅။ ဓားကိုင် ကျား (၁) ဦး
၆။ ဂိတ်ကြေးကောက်ဝန်ထမ်း ကျား (၃) ဦး
၇။ ကားပါကင်စာရေး မ (၂) ဦး
အမှတ် (၆၄၇)၊ ရွှေဘုံသာလမ်းနှင့်ကုန်သည်လမ်းထောင့်(အောက်လမ်း)၊ ပန်းဘဲတန်း၊ ရန်ကုန်မြို့။
**ဖုန်း - ၀၉၅၀၉၃၈၇၀**

---

**ဝန်ထမ်းအလိုရှိသည်**
အထွေထွေလုပ်သား ကျား (၄) ဦး
ယာဉ်မောင်း ကျား (၂) ဦး
အမှတ် (၁၃၂)၊ မင်းရဲကျော်စွာ (၆) လမ်း၊ (၁) ထိပ်မှတ်တိုင်အနီး၊ လှိုင်သာယာ။

---

**ဝန်ထမ်းအလိုရှိသည်**
Silver Tiger Co.,Ltd
၁။ Sale&Marketing ကျား/မ (၅) ဦး
၂။ အရောင်း၊ Computer ကျွမ်းကျင်၊ i-Stock ကိုင်နိုင်သူ မ (၃) ဦး။ ၃။ Sale & Marketing Supervisor ကျား/မ (၄) ဦး
၄။ ယာဉ်မောင်း ကျား (၃) ဦး
၅။ အရောင်းဝန်ထမ်း မ (၃) ဦး
အမှတ် G(၄၊၅၊၆)၊ ပုလဲကွန်ဒို၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်း။

---

**ဝန်ထမ်းအလိုရှိသည်**
၁။ waiter ကျား (၁) ဦး
၂။ အကြော်ဆရာ (၁) ဦး
၃။ ဆိုင်အကူ မ (၁) ဦး
(နယ်၌တာဝန်ထမ်းဆောင်ရမည်)
**ဖုန်း - ၀၈၂-၄၀၂၈၈**

---

**ဝန်ထမ်းအလိုရှိသည်**
ရန်ကုန်စာရင်းစစ်လုပ်ငန်း
၁။ Receptionist မ (၁) ဦး
(B.A English ဘွဲ့ရပြီးသူ၊ English - 4 skills ကျွမ်းကျင်၊ Typewriter, Computer (word, Excel) (English, Myanmar ကျွမ်းကျင်)
၂။ Admin Assistant လက်ထောက်စီမံဝန်ထမ်း မ (၃) ဦး
(ဘွဲ့ရပြီး LCCI Level (II, III) အောင်မြင်ပြီးသူ၊ Typewriter, Computer (word, Excel) (English, Myanmar ကျွမ်းကျင်၊ English - 4 skills ကျွမ်းကျင်)
၃။ Auditor စာရင်းစစ် ကျား/မ (၅) ဦး
(B.com/B.Act ဘွဲ့၊ လုပ်ငန်းအတွေ့အကြုံ နှစ်နှစ်၊ Accounting Software ကျွမ်းကျင်၊ Computer (word, Excel) (English, Myanmar ကျွမ်းကျင်) ၄။ Assistant Auditor လက်ထောက်စာရင်းစစ် ကျား/မ (၅) ဦး။ (B.com/B.Act ဘွဲ့၊ Computer (word, Excel) (English, Myanmar ကျွမ်းကျင်) **ဖုန်း- ၀၁-၆၆၃၉၀၁**

---

**ဝန်ထမ်းအလိုရှိသည်**
1. Admin Officer/Human resource officer M (5) Posts
2. Chinese-Myanmar-English Translator M/F (10) Posts
3. ဆောက်လုပ်ရေးဝန်ထမ်း ကျား (၆၀) ဦး
No. M-9, Upper Padaythar pin Rd, FMI City, Hlaingtha-yar Tsp.
**Ph: 09-43173924**

---

**ဝန်ထမ်းအလိုရှိသည်**
၁။ တရုတ်-မြန်မာ ဘာသာပြန် ကျွမ်းကျင် ကျား/မ (၁၀) ဦး
၂။ တရုတ်-မြန်မာ စကားပြန် ကျား/မ (၁၀) ဦး
၃။ Accountant ကျား/မ(၁၀) ဦး။ ၄။ Admin Officer ကျား/ မ (၁၀) ဦး (အမှတ်စဉ် အားလုံးသည် တရုတ်ကျောင်း၊ အထက်တန်းကျောင်းအောင်၊ ဗမာကျောင်း တက္ကသိုလ်ပြီး၊ လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်)
No. Fl-8, Kanyeiktar Rd, FMI City, Hlaingthayar Tsp, Yangon. **Ph: 09-43063506**

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။



edexcel
Approved Centre No: 93081
CHINDWIN COLLEGE
SCHOOL OF BUSINESS
◆ ၂၀၀၇တွင်စတင်တည်ထောင်သော မြန်မာနိုင်ငံတွင်ပထမဆုံး Edexel UK အသိအမှတ်ပြု Higher National Diploma College ဖြစ်သည်။
◆ ချင်းတွင်းကောလိပ်တွင် HND Engineering ရရှိပြီးသူများ ၃နှစ်ဆက်တိုက် University of Sunderland, University of Wolverhampton, Coventry University တို့တွင် B.E (hons) Final Year တိုက်ရိုက်ဝင်ခွင့်ရရှိခဲ့ကြပြီးဖြစ်သည်။
◆ ချင်းတွင်းကောလိပ်မှ Business Management တန်းခွဲသစ်များကို ဇူလိုင်လတွင်စတင်မည်။
◆ တက္ကသိုလ်ဝင်တန်းအောင်ပြီးသူများ International Foundation Course တက်ရောက်နိုင်သည်။ IFC ပြီးဆုံးသူများနှင့်တက္ကသိုလ်ဒုတိယနှစ်အောင်ပြီးသူများ HND ၂နှစ် သင်တန်းတက်ရောက်နိုင်သည်။
◆ HND ရရှိပြီးလျှင် University of Sunderland, University of Wolverhampton, Coventry University တို့တွင် B.B.M Final Year တိုက်ရိုက်ဝင်ခွင့်ရရှိမည်။
ဆက်သွယ်ရန်
ချင်းတွင်းကောလိပ် (ရန်ကုန်) အမှတ်(၇၅) သိမ်ဖြူလမ်း အောက်ဘလောက် ဖုန်း ၀၉-၇၃၀၆၈၃၇၆၊ ၀၁-၂၉၇၆၇၃
ချင်းတွင်းကောလိပ် (မန္တလေး) စံပယ်ဆောင်၊ ဂရိတ်ဝေါ တိုက်ခန်းများ၊ ၇၇ × ၇၈ကြား၊ ၃၁ × ၃၂ကြား ဖုန်း - ၀၉-၂၀၀၁၂၀၀၊ ၀၂-၇၄၁၇၉
www.facebook.com/chindwincollege
OUR PARTNERS
AUSTON
TEG INTERNATIONAL COLLEGE
Coventry University
UNIVERSITY OF WOLVERHAMPTON
SOE SAN
edexcel advancing learning, changing lives
University of Sunderland




NIBBAN®
မိုးရာသီအထူးအရောင်းမြှင့်တင်ရေးအစီအစဉ်
အထူးဈေးနှုန်း + လက်ဆောင်ပစ္စည်းများ
» အမြို့မြို့အနယ်နယ်ရှိ အရောင်းကိုယ်စားလှယ်ဆိုင်များ၊ Super Market ဆိုင်များနှင့် အောက်ဖော်ပြပါ အရောင်းပြခန်းများတွင် ဝယ်ယူရရှိနိုင်ပါသည်။ «
SHOWROOM & SERVICE CENTERS
စမ်းချောင်းအရောင်းပြခန်း – အမှတ်(၈၈)မြေညီထပ်၊ ဗဟိုလမ်း(ခ) ရှမ်းလမ်း၊ မုန့်လက်ဆောင်းတောင်ရပ်ကွက်။ စမ်းချောင်းမြို့နယ်။ ၀၉-၄၂၁၁ ၂၇၇၁၀၊ ၄၂၁၁၁၄၁၃
သမိုင်းအရောင်းပြခန်း – အမှတ်(၁၁၀)၊အခန်း(၆)၊ မြေညီထပ်၊ ဈေးဘူတာ မှတ်တိုင်အနီး သမိုင်းဘူတာရုံလမ်း၊ လှိုင်မြို့နယ်။ ဖုန်း – ၀၉၄၂၀၀၉၃၅၉၄၊ ၄၂၀၀၉၃၅၉၅
တာမွေအရောင်းပြခန်း – အမှတ်(၃၀၄)၊ ဗညားဒလလမ်း၊ သီတာလမ်းမှတ်တိုင်နှင့် အောင်မင်္ဂလာမှတ်တိုင်ကြား၊ တာမွေမြို့နယ်။ ဖုန်း (၀၁) ၅၄ ၂၀၀၂၊ (၀၉) ၇၃၁ ၇၆၄၀၀
ဗဟန်းအရောင်းပြခန်း – အမှတ်(၈၂)၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉ – ၇၃၁ ၇၆၃၉၉၊ ၄၃၁ ၂၄၂၆၃
လသာအရောင်းပြခန်း – အမှတ်(၁၆၄)၊ ပိုလ်ရှဲလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း(၀၁) ၂၅၁၇၉၂၊ ၃၈၄၇၃၀
တောင်ဒဂုံအရောင်းပြခန်း – အမှတ်(၃–၅)၊ နှင်းဆီဆောင်၊ ပြည်ထောင်စုလမ်းမ၊ ဒဂုံတောင်/မြောက်လမ်းဆုံအနီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း(၀၁)၅၉၀၁၄၅၊ ၅၉၁၄၀၃
မန္တလေးအရောင်းပြခန်း – အမှတ်(၂၉၄)၊ ၈၃လမ်း၊ ၂၉လမ်းနှင့် ၃၀လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း(၀၂)၃၀၃၂၂၊ (၀၉)၉၁၀၀၈၃၉၆

# Education

7DAY NE

Vol.11, No.19 • JULY 19 , 2012




# ပညာသင်ဆုအတွက်ဘယ်လိုပြင်

**နေလင်းထွန်း**

**မြန်မာကျောင်းသားများအတွက် ပြည်တွင်း၊ ပြည်ပပညာသင်ဆု အခွင့်အလမ်းများ ပွင့်လန်းလာချိန်တွင် ပညာသင်ဆု လျှောက်ထားခြင်းနှင့် ပတ်သက်သော ဗဟုသုတများကို လေ့လာသိရှိထားရန် အရေးကြီးလာသည်။ ပညာသင်ဆုသည် မိမိနှင့်ထိုက်တန်ကြောင်း၊ လူအဖွဲ့အစည်းအတွက် အကျိုးပြုရန် စိတ်အားထက်သန်ကြောင်းကို ဆုရွေးချယ်ရေးအဖွဲ့က သိမြင်နားလည်အောင် ဖော်ပြနိုင်ရမည်ဖြစ်သည်။**

ပညာသင်ဆုသည် လွယ်လွယ်နှင့် ရရှိနိုင်သည့် အခွင့်အလမ်းတစ်ခု မဟုတ်သောကြောင့် အချိန်ယူပြင်ဆင် ကြိုးပမ်းရန် လိုအပ်မည်ဖြစ်သည်။ နိုင်ငံတကာနှင့်ပြည်တွင်း၌ပညာသင်ထောက်ပံ့ကြေးပေးအပ်နေသော အဖွဲ့အစည်းများတွင် ပညာသင်ဆု လျှောက်ထားရန် ရည်မှန်းနေသော ကျောင်းသားများအတွက် အကြံပြုချက် ၇ချက်ကို လမ်းညွှန်ဖော်ပြလိုက်သည်။

**၁။ ပညာသင်ဆုပေးအပ်သည့် အဖွဲ့အစည်း၏ ရည်မှန်းချက်**

ပညာသင်ဆု ထောက်ပံ့သော အဖွဲ့အစည်းများ၏ လိုအပ်သော သတ်မှတ်ချက်များနှင့် အပြည့်မီဆုံး ကျောင်းသားများသာ ပညာသင်ဆု အခွင့်အလမ်းကို ရရှိနိုင်သည်။ ထို့ကြောင့် ပညာသင်ဆုရရှိရန် ပညာသင်ဆုပေးသော အဖွဲ့အစည်း၏ ရည်မှန်းချက်ကို သိရှိနေရန် လိုအပ်သည်။ ရိုးစင်းသောကိစ္စဖြစ်မယ့် ကျောင်းသားအများစုသည် ပညာသင်ဆုပေးသော အဖွဲ့အစည်းများ၏ လိုအပ်ချက်များနှင့် ကိုက်ညီရန် ခဲယဉ်းနေတတ်သည်။ ပညာသင်ဆု စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များကို အသေးစိတ် ဂရုစိုက်ဖတ်ပြီး လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်မည်လားဆိုသည်ကို လေ့လာပါ။ ပညာသင်ဆု ပေးအပ်သော အဖွဲ့အစည်း၏ ရည်မှန်းချက်ကို သိနားလည်ပြီး မိမိနှင့် ကိုက်ညီနေပါက ပညာသင်ဆုရရှိရန်အခွင့်အလမ်း မြင့်မားလာမည်ဖြစ်သည်။

**၂။ ကျောင်းပြင်ပလှုပ်ရှားမှု အတွေ့အကြုံ**

ပညာသင်ဆု ပေးအပ်သော အဖွဲ့အစည်းများသည် ကျောင်းသား၏ ပညာအရည်အချင်း ရလဒ်တစ်ခုတည်းကို ကြည့်၍ ရွေးချယ်ကြသည် မဟုတ်ပါ။ ကျောင်းပြင်ပ လှုပ်ရှားမှုများကိုလည်း စိတ်ဝင်စား ကြည့်ရှုလေ့ရှိကြသည်။ လူမှုအဖွဲ့အစည်းများတွင် ပါဝင်လှုပ်ရှားဖူးသလား။ လုပ်ငန်းခွင်အတွေ့အကြုံ ရှိဖူးသလား။ မည်ကဲ့သို့ ဝါသနာရှိနေသလဲ။ ပညာသင်ဆု ပေးအပ်သော အဖွဲ့အစည်းများသည် ဘက်စုံထူးချွန် ထက်မြက်သော ကျောင်းသားများကို ရွေးချယ်တတ်လေ့ရှိသည်။ စာမေးပွဲရလဒ် အရေးကြီးပါသည်။ သို့သော် တစ်စိတ်တစ်ပိုင်းသာ ဖြစ်သည်။ ကျောင်းပြင်ပ လှုပ်ရှားမှုများက ပညာသင်ဆုရရှိရန် အခွင့်အရေးသာစေမည်ဖြစ်သည်။ စေတနာ့ဝန်ထမ်းအဖြစ် လူ့အဖွဲ့အစည်းတွင် ပါဝင်လိုက်ပါ။ မိမိဝါသနာနှင့် စိတ်ဝင်စားမှုကို ခိုင်မာနေပါစေ။ ထိုအချက်များကြောင့် ပညာသင်ဆု ပေးအပ်သော အဖွဲ့အစည်းများက မိမိအား သတိပြုမိစေလိမ့်မည်။

**၃။ရှာဖွေလေ့လာစူးစမ်းမှု**

ဖွဲ့ကြိုးမှုသည် ပညာသင်ဆု ရရှိရေးအတွက် အဓိကကျသော အချက်ဖြစ်သည်။ **စာ(၂၂)သို့**

## ဗြိတိန်တွင် ပညာသင်မည့် ဘွဲ့ကြိုကျောင်းသားများအား လူတွေ့စစ်ဆေး၍ တင်းကျပ်သွားမည်

**ရန်ကုန်၊ ဇူလိုင် - ၁၁**

ဗြိတိန်နိုင်ငံတွင် ပညာသင်ယူမည့် ကျောင်းသားများအား လူတွေ့စစ်ဆေးမေးမြန်း၍ စိစစ်တင်းကျပ်မည့် စနစ်ကို ကျင့်သုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယူကေဘော်ဒါအေဂျင်စီမှ သတင်းထုတ်ပြန်သည်။

ပြည်ဝင်ခွင့် လျှောက်ထားသော ကျောင်းသားများကို ရွှေ့ပြောင်းမှုနှင့် ပညာရေးနောက်ခံ၊ အနာဂတ် ပညာရေးအစီအစဉ်၊ ဘဏ္ဍာရေးအခြေအနေများအား မေးမြန်းသွားမည်ဖြစ်ပြီး ကျောင်းသားအစစ်အမှန်အဖြစ် သဘောကျနှစ်သက်ခြင်း မရှိသူများကို ပြည်ဝင်ခွင့်ငြင်းပယ်သွားမည်ဖြစ်ကြောင်းသိရသည်။



"ဘွဲ့လွန်သင်တန်းသွားတက်တယ်။ IELTS အမှတ်တွေလည်း ကောင်းနေတယ်ဆိုရင် လူတွေ့အင်တာဗျူးဘဲနဲ့ပြည်ဝင်ခွင့်ပေးနေတာတော့ရှိတယ်။ ဘွဲ့ကြိုသင်တန်းတက်မယ့်သူတွေကိုတော့ လူတွေ့အင်တာဗျူးတွေလုပ်နေပါတယ်"ဟု ပြည်ပ ပညာရေးဝန်ဆောင်မှုဆောင်ရွက်နေသူတစ်ဦးကပြောသည်။

ယင်းနိုင်ငံ၏ ကျောင်းဝင်ခွင့်အတွက် လူတွေ့အင်တာဗျူးစစ်ဆေးရာတွင် အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှု အားနည်းချက်ကို အဓိကတွေ့ရှိရပြီး ဗြိတိန်ရှိ အဆင့်မြင့်ပညာရေးကို လေ့လာသင်ယူရန်အတွက်ဘာသာစကားကျွမ်းကျင်မှုရှိနေရန်လိုအပ်ကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

## ဟိုတယ်နှင့် ခရီးသွားဝန်ဆောင်မှုဘွဲ့ ရန်ကုန်နှင့် မန္တလေးတွင် တက်ရောက်နိုင်

**နေလင်းထွန်း**

**ရန်ကုန်၊ ဇူလိုင် - ၁၄**

ရန်ကုန်မြို့ရှိ အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်နှင့်မန္တလေးမြို့ရှိ မန္တလာကောလိပ်တို့တွင် ဟိုတယ်နှင့်ခရီးသွားဝန်ဆောင်မှု (Tourism) ဘွဲ့သင်တန်းများကို ယခုပညာသင်နှစ်မှစတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါကောလိပ်များတွင် ဟိုတယ်နှင့်ခရီးသွားဝန်ဆောင်မှု ဒီဂရီဘွဲ့သင်တန်းအတွက်ကျောင်းသား ၁၀၀ စီ လက်ခံပညာသင်ကြားသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ လေးနှစ်၊ အချိန်ပြည့်တက်ရောက်ရမည်ဖြစ်ကြောင်း တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်တွင် ဖော်ပြထားသည်။

ယခုနှစ်တွင် အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်သည် English for Professional Purposes၊ BA (EPP) ဘွဲ့သင်တန်းအတွက် ကျောင်းသား ၂၀ဦး တိုးမြှင့်ခေါ်ယူမည်ဖြစ်ပြီး Bachelor of Business Management (BBM) သင်တန်းအတွက် ကျောင်းသား ၅၀ ဦး တိုးမြှင့်ခေါ်ယူမည်ဖြစ်သည်။ ယခင်နှစ်က BA(EPP) ဘွဲ့သင်တန်းအတွက် ကျောင်းသား ၃၀ ဦးနှင့် BBM ဘွဲ့သင်တန်းအတွက်ကျောင်းသား ၅၀ ဦးကို ကျောင်းဝင်ခွင့် လက်ခံခဲ့သည်။ အထက်ပါဘွဲ့သင်တန်း တက်ရောက်မည့် တက္ကသိုလ်ဝင်တန်း အောင်မြင်ထားသော ကျောင်းသားများအနေဖြင့် နိုင်ငံပိုင်သတင်းစာများတွင် သီးခြားကြော်ငြာခေါ်ယူချိန်၌ သက်ဆိုင်ရာကောလိပ်များသို့ တိုက်ရိုက်လျှောက်ထားရမည်ဖြစ်သည်။

### ပညာရေးသတင်းတိုများ

## Internships: Strategic Career Connections အမည်ဖြင့် ဟောပြောပွဲပြုလုပ်မည်

**ရန်ကုန်၊ ဇူလိုင် - ၁၄**

"Internships: Strategic Career Connections" အမည်ဖြင့် ဟောပြောဆွေးနွေးပွဲကို ဇူလိုင်လ ၂၁ရက်၊ နေ့လယ် ၁ နာရီခွဲမှစတင်၍ ဆန်းမစ်ပါ့ခ်ဗျူးဟိုတယ်၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။ စီးပွားရေးလုပ်ငန်းများ၊ အင်န်ဂျီအိုများတွင် လူငယ်များ အလုပ်သင်(Intern) ဝင်ရောက်လုပ်ကိုင်ခြင်းဖြင့် ရရှိနိုင်မည့် အခွင့်အလမ်းများအကြောင်းကို ဒေါက်တာအောင်ထွန်းသက်က ဦးဆောင်ဆွေးနွေးမည်ဖြစ်ပြီး စိတ်ဝင်စားသူများ အခမဲ့တက်ရောက်လေ့လာနိုင်မည်ဖြစ်သည်။

## ပုဂ္ဂလိကကျောင်းများ လာရောက်ပြသမည့် ပညာရေးပြပွဲ ပြုလုပ်မည်

**ရန်ကုန်၊ ဇူလိုင် - ၁၄**

စင်ကာပူနိုင်ငံမှ ပုဂ္ဂလိကကျောင်းရှစ်ကျောင်း လာရောက်ပြသမည့် စင်ကာပူပညာရေးပြပွဲကို ဇူလိုင်လ ၂၁ ရက်၊ နေ့လယ် ၁ နာရီမှ ၅ နာရီထိ ပါ့ခ်ရွိုင်ရယ်ဟိုတယ်၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။ PSB၊ JCU၊ MDIS၊ Kaplan၊ MIS၊ Auston၊ SAA နှင့် SMa ကျောင်းများမှ ပညာရေး အတိုင်ပင်ခံများ လာရောက်ဆွေးနွေးမည်ဖြစ်ပြီး စင်ကာပူနိုင်ငံတွင် ပညာသင်ယူလိုသောကျောင်းသားများ တက်ရောက်လေ့လာနိုင်မည်ဖြစ်သည်။

## သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ တက္ကသိုလ်များတွင် သရုပ်ပြများ ခေါ်ယူ

**ရန်ကုန်၊ ဇူလိုင် - ၁၄**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိတက္ကသိုလ်၊ကောလိပ်၊ သိပ္ပံများတွင် သရုပ်ပြတာဝန်ထမ်းဆောင်ရန် အင်ဂျင်နီယာ၊ ဗိသုကာဘွဲ့နှင့် မဟာဘွဲ့ ရရှိထားသူများ လျှောက်ထားနိုင်ကြောင်း ကြေညာထားသည်။ လျှောက်ထားသူများသည် နီးစပ်ရာ ကွန်ပျူတာတက္ကသိုလ်များ၊နည်းပညာတက္ကသိုလ်၊ကောလိပ်၊သိပ္ပံများတွင်ဇူလိုင်လ ၂၃ရက် နောက်ဆုံးလျှောက်ထားရမည်ဖြစ်ကြောင်း နိုင်ငံပိုင် သတင်းစာများတွင် ဖော်ပြထားသည်။

## ထူးဖောင်ဒေးရှင်းပညာသင်ဆု လျှောက်ထားနိုင်

**ရန်ကုန်၊ဇူလိုင်-၁၀**

ထူးချွန်ထက်မြက်ပြီး ပညာဆက်လက်သင်ယူရန် အခက်အခဲရှိသောကျောင်းသားများတက္ကသိုလ်အဆင့်ပညာသင်ဆုလျှောက်ထားနိုင်ကြောင်းထူးဖောင်ဒေးရှင်းမှ တာဝန်ရှိသူကပြောသည်။

ပညာသင်ဆုလျှောက်ထားလိုသည့် ကျောင်းသားများသည် ပညာသင်ဆု လျှောက်ထားရခြင်း အကြောင်းရင်း၊ ရည်ရွယ်ချက်၊ ပညာသင်ဆုရရှိပြီးနောက် ပြန်လည်အသုံးချမည့်နည်းလမ်းတို့ကို ရေးသားဖြည့်စွက်၍ လျှောက်ထားရမည်ဖြစ်သည်။

"ပညာသင်ဆုအတွက် ထောက်ပံ့ပေးထားတာကျောင်းသားလေးဆယ်ကျော်၊ငါးဆယ်လောက်ရှိတယ်။ အဓိကတော့ဆင်းရဲချို့တဲ့ရမယ်၊မိဘကလည်းပံ့ပိုးမှုမပေးနိုင်ဘူး၊နောက်ပြီး ကျွန်မတို့သတ်မှတ်ထားတဲ့ အရည်အချင်း ရှိရမယ်ပေါ့"ဟု အထက်ပါတာဝန်ရှိသူကဆိုသည်။

ပညာသင်ဆုအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဘာသာရပ်များ၊ မဟာဘွဲ့နှင့် ပါရဂူဘွဲ့သင်တန်းများကိုလည်း လျှောက်ထားနိုင်ပြီး ထူးဖောင်ဒေးရှင်း၏ တက္ကသိုလ်အဆင့် ပညာသင်ဆု လျှောက်လွှာကိုဖြည့်စွက်၍ ပေးပို့လျှောက်ထားနိုင်ကြောင်း သိရသည်။

**ဆရာမဒေါ်သဉ္ဇာဖြိုးဝေဦးစီးသော**
**အောင်ထက်အောင်**
**ဆေးဝါးကျွမ်းကျင်နှင့် သူနာပြုအကူသင်တန်း**
-ဆေးရုံ၊ ဆေးဆိုင်များတွင် ကျွမ်းကျင်စွာ လက်တွေ့လုပ်ကိုင်ခဲ့သော ဆေးဝါးကျွမ်းကျင်ပညာရှင်များ၊ သူနာပြုအုပ်များ၊ဆရာဝန်ကြီးများ ဦးစီးသင်ကြား ပေးသည်။ ဆေးရုံဆေးဆိုင်များတွင် လက်တွေ့သင်တန်းဆင်းပေးသည်။
- ပြည်တွင်း၊ ပြည်ပအသုံးပြုနိုင်သော သင်တန်းဆင်း(Certificate) အောင်လက်မှတ် ထုတ်ပေးသည်။
- အလုပ်အကိုင်ရရှိရန် အခမဲ့ကူညီပေးသည်။ ဘော်ဒါဆောင်ရှိသည်။
- အပတ်စဉ် တန်းခွဲသစ်များ ဖွင့်လှစ်နေပါသည်။
ကျန်းမာရေးဗဟုသုတရရှိရန်၊ မှန်မြတ်သောပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုရန် 'အောင်ထက်အောင်'နှင့်ဆက်သွယ်ပါ။
**တိုက်(၂)၊ အခန်း(၈)၊ ပထမထပ်၊ လှည်းတန်းလမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉ ၇၃၀၇၈၁၂၆၊ ၀၉-၅၃၉၆၃၁၆**

**TRADEMARK CAUTION**
MANDOM Corp, a Company incorporated in Japan at 5-12, Juniken-cho, Chuo-ku, Osaka, Japan is the Owner and Sole Proprietor of the following Trademarks:-

MOVING RUBBER

Reg: 4/5670/2012

GATSBY MOVING RUBBER

Reg: 4/5668/2012

In respect of : Int'l class 3 : " Hair care preparations; hair styling preparations; hair fixers; hair wax; hair setting foams; hair setting gels; hair setting water; hair mist; pomade for cosmetic purposes; hair pomades; hair lotions; hair tonics; hair creams; oils for hair conditioning; hair spray; hair shampoos; hair rinses; hair conditioner."
Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.
U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 19.July.2012

# မူလတန်းနှင့် အလယ်တန်းကျောင်းအုပ်များ၏ လစာတိုးမြှင့်သတ်မှတ်

**ရန်ကုန်၊ဇူလိုင်-၁၀**

အခြေခံပညာအဆင့်၊ အလယ်တန်းနှင့် မူလတန်းကျောင်းအုပ်များ၏ လစာနှုန်းထားများကို တိုးမြှင့်သတ်မှတ်လိုက်ကြောင်း အခြေခံပညာဦးစီးဌာနများမှ သိရသည်။

အလယ်တန်းကျောင်းအုပ်များ၏ လက်ရှိလစာ ကျပ် ၅၉,၀၀၀-၁,၀၀၀-၆၄,၀၀၀မှကျပ် ၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀ သို့ တိုးမြှင့်ပေးသွားမည်ဖြစ်ပြီး မူလတန်းကျောင်းအုပ်များ၏ လက်ရှိလစာကျပ်၅၃၀၀၀-၁၀၀၀-၅၈၀၀၀ မှကျပ် ၅၉၀၀၀-၁၀၀၀-၆၄၀၀၀ သို့တိုးမြှင့်သတ်မှတ်လိုက်ခြင်းဖြစ်သည်။

"ဒါအင်မတန်ကောင်းတဲ့ ပြောင်းလဲမှုပါ။ ပညာရေးဝန်ထမ်းတွေရဲ့ စွမ်းဆောင်ရည်တွေ မြင့်တက်လာနိုင်ပါတယ်။ အရင်တုန်းက အခြေခံပညာမှ အရာရှိနဲ့ အမှုထမ်းက ၁/၁၉၂အချိုးရှိခဲ့တယ်။ အခုဆိုရင်တော့ ၁/၅၂ အချိုးခွင့်ပြုလိုက်ပါပြီ။ အလယ်တန်းကျောင်းအုပ်တွေပြန်တမ်းဝင်အရာရှိတွေ ဖြစ်သွားကြတာပေါ့"ဟုပညာရေးဝန်ကြီးဌာနမှ အဆင့်မြင့် အရာရှိတစ်ဦးကဆိုသည်။

၂၀၁၁-၂၀၁၂ ပညာသင်နှစ် အခြေခံပညာဦးစီးဌာနများနှင့် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနတို့တွင် ဖွဲ့စည်းပုံအရ အရာထမ်း ၂၇၆၂ ဦး၊ အမှုထမ်း ၃၅၆၀၄၀ ဦး၊ စုစုပေါင်း ၃၅၈၈၀၂ ဦးအနက် စီမံခန့်ခွဲရေး ၄၀၇၁၅ ဦး၊ သင်ကြားရေး ၂၈၃၄၀၆ ဦး၊ပညာရေးကောလိပ် သင်ကြားရေးအင်အား ၁၃၇၁ ဦး၊ စီမံခန့်ခွဲရေးအင်အား ၆၇၄ ဦး၊ စုစုပေါင်းဝန်ထမ်းအင်အား၃၂၆၁၆၆ ဦးခန့်ထားနိုင်ခဲ့ကြောင်း အခြေခံပညာကဏ္ဍ နှစ်ရှည်စီမံကိန်း အကောင်အထည်ဖော်မှု အစီရင်ခံစာအရ သိရသည်။

အခြေခံပညာရေး လုပ်ငန်းများကို ထိရောက်ပီပြင်စွာ စီမံခန့်ခွဲနိုင်ရန် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲအဆင့် ပညာရေးမှူးရုံးများ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

## စာ-၂၁၊ ပညာသင်ဆုအတွက် ဘယ်လိုပြင် မှ

မိမိနှင့်ကိုက်ညီသော ပညာသင်ဆုကို ရှာဖွေရခြင်းသည် တစ်ခါတစ်ရံ ခက်ခဲနေလိမ့်မည်။ မိမိနှင့်လိုက်လျောညီထွေရှိသော ပညာသင်ဆုအစီအစဉ်ကိုရက်ပေါင်းများစွာ ရှာဖွေရနိုင်သည်။ အချိန်ကြာကြာယူ၍ စိစစ်ရှာဖွေခြင်းသည် မိမိအနေဖြင့် ပညာသင်ဆုနှင့် လက်တစ်ကမ်းအကွာသို့ရောက်ရှိနေခြင်းဖြစ်သည်။

**၄။ ပညာသင်ဆုလျှောက်လွှာကို စစ်ဆေးခြင်း**

ပညာသင်ဆု ပေးအပ်သော အဖွဲ့အစည်းများသည် နမော်နမဲ့နိုင်သော ပညာသင်ဆု လျှောက်လွှာများကို လက်ခံစဉ်းစားလိမ့်မည် မဟုတ်ပါ။ မိမိနေရပ်လိပ်စာ၊ ကိုယ်ရေးအချက်အလက်၊စာလုံးပေါင်းသတ်ပုံများကို ဂရုပြုစစ်ဆေးပါ။ မိမိရေးသားထားသော စာစီစာကုံးနှင့် ပညာသင်ဆု လျှောက်လွှာတွင် ဖြည့်သွင်းထားသော အချက်အလက်များကို တစ်ကြိမ်ထက်မက ပြန်လည်စစ်ဆေးပါ။ ဝါကျတည်ဆောက်မှု၊ စကားပြေ ချောမွေ့မှုများ စနစ်ကျနပါစေ။ အချိန်အနည်းငယ်ယူ စစ်ဆေးခြင်းဖြင့် မိမိအခွင့်အလမ်းကို မြှင့်တင်နိုင်ပါသည်။

**၅။ ပညာသင်ဆုလျှောက်လွှာ နောက်ဆုံးပိတ်ရက်**

ပညာသင်ဆု လျှောက်လွှာပိတ်ရက် ကျော်လွန်သွား၍ မိမိကြိုးပမ်း ပြင်ဆင်ခဲ့သမျှ အချည်းနှီးဖြစ်သွားသော အခြေအနေကို မကြုံတွေ့မိပါစေနှင့်။ အချို့ကျောင်းသားများသည် တစ်ခုထက်မကသော ပညာသင်ဆု အစီအစဉ်များကို စုစည်းလျှောက်ထားတတ်လေ့ ရှိကြသဖြင့် လျှောက်လွှာပိတ်ရက်များ ရောထွေးနေတတ်သည်။ ယင်းကဲ့သို့မဖြစ်စေရန်ပြက္ခဒိန်ပေါ် မင်နီဖြင့် တား၍ လျှောက်လွှာပိတ်ရက် မတိုင်မီ တစ်ပတ်အလိုတွင် ပညာသင်ဆု လျှောက်ထားရန် အသင့်ဖြစ်နေရန် လိုအပ်သည်။

**၆။ အချိန်နှင့် ပညာရေးစာရွက်စာတမ်းများ စနစ်ကျနမှု**

အစီအစဉ်တကျ၊ စနစ်ကျနမှုသည် အဆင့်မြင့်ပညာ သင်ယူမည့်ကျောင်းသားအားလုံးအတွက် မရှိမဖြစ်လိုအပ်သောအကျင့်ကောင်း တစ်ခုဖြစ်သည်။ စည်းကမ်းစနစ်ကျနခြင်းကမိမိပညာသင်ဆုအခွင့်အလမ်းကို အထောက်အကူပြုစေပါလိမ့်မည်။ ပညာရေးအထောက်အထား၊ စာရွက်စာတမ်းများ စနစ်တကျထားရှိမှုသည် မိမိပညာသင်ဆုလျှောက်လွှာဖြည့်သွင်းချိန်တွင် များစွာအကျိုးသက်ရောက်မှု ရှိပါသည်။ စည်းစနစ်မကျသောသူများအတွက် အရေးကြီးစာရွက်စာတမ်းများ မေ့လျော့ပျောက်ဆုံးရန် လွယ်ကူစေပါသည်။ မိမိအချိန်ကို စနစ်တကျ စီမံခန့်ခွဲတတ်စေရန်လည်း အရေးကြီးပါသည်။ မိမိအချိန်ဇယားက စနစ်ကျနနေပါက အချိန်နှင့်ပတ်သက်သော မလိုလားအပ်သည့် ပြဿနာများကို လျော့ကျစေနိုင်သည်။ စည်းကမ်းကျနမှုဖြင့် ပညာသင်ဆု အခွင့်အလမ်းကို လက်မလွှတ်ရအောင် ကြိုးပမ်းလိုက်ပါ။

**၇။ တိကျရှင်းလင်းသော စာစီစာကုံး**

ပညာသင်ဆုအတွက် စာစီစာကုံးရေးသားရာတွင် ယေဘုယျဆန်သော အကြောင်းအရာ အချက်အလက်များကိုမသုံးမိစေရန် သတိထားပါ။ ပညာသင်ယူနေစဉ် စေတနာ့ဝန်ထမ်း လုပ်ကိုင်ခဲ့ဖူး သည် ဆိုခြင်းထက် စေတနာ့ဝန်ထမ်း လုပ်ကိုင်စဉ် ကြုံတွေ့ခဲ့ဖူးသော အတွေ့အကြုံကို ရေးသားပါ။ ပညာသင်ဆု ပေးအပ်သော အဖွဲ့အစည်းများသည် ယေဘုယျဆန်သောစိတ်ကူးများထက် မိမိအတွေ့အကြုံနှင့် ခံစားမှုကို အဓိကဖတ်ရှုလိုကြမည်ဖြစ်သည်။

Ref:
www.debtfreescholar.com

Study in a World-Renowned American University




"UNIVERSITY EDUCATION IN U.S.A" SEMINAR
19 July 2012 (Thursday) 9:00 am ~ 11:00 am
Ruby Room, Parkroyal Hotel, Yangon



University of Massachusetts UMASS
UMASS LOWELL

အမေရိကန်နိုင်ငံရှိ တက္ကသိုလ်ကြီးများသို့ တိုက်ရိုက် သွားရောက် ပညာသင်ယူခြင်းဖြင့် သင့်အနာဂတ်ဘဝ မြင့်မား အောင်မြင်စေရန် အကောင်းဆုံး ဘွဲ့ဒီဂရီများကို ရယူနိုင်ပါပြီ။

- University of Massachusetts (UMass) is ranked a Tier 1 National University, the highest ranking level available, by U.S. News and World Report.
- UMass is recently ranked 56th in the world and 14th highest rated American Public University nationally.
- UMass Boston is a comprehensive research university offering hundreds of bachelors, masters, and PhDs. Its Career Services Center provides assistance with finding internships, co-ops, and OPT after graduation.
- UMass Lowell is ranked No.1 in starting salaries among Massachusetts public institutions. UMass Lowell has an international reputation in Science, Engineering & Technology.
- UMass Dartmouth is ranked No.1 among the New England public universities with graduate schools. Its Charlton College of Business is AACSB accredited.

AT&S
ရန်ကုန်ရုံးချုပ် - အဆောင် (၅)၊ အခန်း (၄)၊ မြန်မာအင်ဖိုတက်ခ်၊ လှိုင်မြို့နယ်။ (ဖုန်း) ၅၂၁၁၂၅၊ ၆၅၂၂၈၈၊ ၀၉-၅၀၆၂၁၇၁။
ရန်ကုန်ရုံးခွဲ - အမှတ် (၁၄၀) ပ-ထပ်၊ စဉ့်အိုးတန်းလမ်း (အထက်)၊ လသာမြို့နယ်။ (ဖုန်း) ၂၅၁၃၃၂၊ ၀၉-၅၁၂၄၇၆၁။

# Technology

7 DAY NEWS JOURNAL
Vol.11, No.19 • JULY 19 , 2012

## ပြည်တွင်းဆက်သွယ်ရေးကဏ္ဍအတွက် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများ ခေါ်ယူမည်

**ယုဇနကိုကို**

**ရန်ကုန်၊ ဇူလိုင်-၁၀**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ၎င်းတို့၏ ပြုပြင်ပြောင်းလဲတော့မည့်ပြည်တွင်းဆက်သွယ်ရေးဆိုင်ရာလုပ်ငန်းများအတွက် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို မကြာမီလအနည်းငယ်အတွင်းစတင်ခေါ်ယူတော့မည်ဖြစ်ကြောင်း ယင်းလုပ်ငန်းမှ သတင်းရရှိသည်။

ပြည်တွင်းဆက်သွယ်ရေးကဏ္ဍတွင် နိုင်ငံတကာအဆင့်မီဖြစ်စေရန်နှင့် နိုင်ငံတကာနည်းတူဈေးနှုန်းများ ပိုမိုသက်သာလာစေရန် အတွက် ယခုနှစ်အတွင်းမှ စတင်ကာ အပြည်ပြည်ဆိုင်ရာရင်းနှီးမြှုပ်နှံမှုလုပ်လိုသူများကို တင်ဒါစနစ်ဖြင့် ခေါ်ယူသွားရန် စီစဉ်နေခြင်းဖြစ်ကြောင်း အဆိုပါရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအတွက် တင်ဒါစနစ်ကို စီမံဆောင်ရွက်နေသည့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ လုပ်ငန်းနှင့်စိစစ်ရေးဌာန (နေပြည်တော်)မှ လက်ထောက်အထွေထွေမန်နေဂျာဦးမိုးဆောင်က 7Day News သို့ ပြောသည်။

ယင်းကဲ့သို့ ပြည်တွင်းဆက်သွယ်ရေး လုပ်ငန်းများအတွက် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို ခေါ်ယူရာတွင် ပြည်ပမှ လာရောက်ရင်းနှီးမြှုပ်နှံသူများအနေဖြင့် မြန်မာနိုင်ငံတွင် အဓိကလိုအပ်ချက်ဖြစ်နေသေးသည့် မိုဘိုင်း၊ အိုင်တီနှင့် အင်တာနက်ဆက်သွယ်မှုဆိုင်ရာလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ခွင့်ရရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"ပြည်ပရင်းနှီးမြှုပ်နှံမှုတွေကို စတင်ခေါ်တော့မှာဖြစ်လို့ အဲဒီလို ခေါ်ယူမှုမှာ အမှားအယွင်းမဖြစ်ရအောင် နိုင်ငံတကာအတွေ့အကြုံရှိတဲ့ ပြည်ပက အကြံပေးအဖွဲ့ကို အရင်ခေါ်ယူနေပါတယ်" ဟု နေပြည်တော် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို စတင်ခေါ်ယူတော့မည့်အခြေအနေနှင့်ပတ်သက်ပြီး ပြည်တွင်းကွန်ပျူတာလုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဦးရဲမြတ်သူက "အခုအစိုးရကလုပ်တဲ့သဘောက အတူတူစီးပွားရေးလုပ်တာမဟုတ်ဘူး။ နောက်တစ်ချက်က အခြေခံအဆောက်အအုံဘယ်လောက်အထိဆောက်သွားမယ်ဆိုတာ အခုခေါ်တဲ့ ရင်းနှီးမြှုပ်နှံမှုဆိုတဲ့ကဏ္ဍမှာပါတာမတွေ့ရဘူး။ ဆက်သွယ်ရေးဥပဒေ မပြောင်းလဲသရွေ့ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုဆိုတာ တကယ်လာလည်း ဘာမှထူးခြားမှာမဟုတ်ဘူး"ဟု၎င်း၏အမြင်ကို သုံးသပ်ပြောကြားသည်။

## ဟက်ကာများကြောင့် အင်တာနက်လုံခြုံရေး တိုးမြှင့်သင့်ပြီဟုဆို

**နေလင်းအောင်**

**ရန်ကုန်၊ ဇူလိုင် - ၁၂**




ဦးတည်ရာမဲ့ တိုက်ခိုက်လျက်ရှိသည့်ပြည်တွင်းပြည်ပရှိဟက်ကာအချို့ကြောင့် အင်တာနက်အသုံးပြုသူများ၊ ဝက်ဘ်ဆိုက်တည်ထောင်သူများ၊ ဌာနဆိုင်ရာများအနေဖြင့် အင်တာနက်လုံခြုံရေးဆိုင်ရာ ကာကွယ်မှုများကို ပိုမိုတိုးမြှင့်သင့်ပြီဖြစ်ကြောင်း လုံခြုံရေးဆိုင်ရာကျွမ်းကျင်သူများနှင့်နည်းပညာအသိုင်းအဝိုင်းမှ ပညာရှင်များကသုံးသပ်ပြောကြားသည်။

"အခြေအနေက ပြည်တွင်းမှာ စိုးရိမ်စရာအကောင်းဆုံးအချိန်လို့ပြောလို့ရတယ်။ တိုက်ခိုက်တဲ့သူတွေက သူတို့Internet Userကို တိုက်ချင်တာလား၊ အစိုးရဒါမှမဟုတ် အဖွဲ့အစည်းတွေကို တိုက်ချင်တာလားမသိဘူး။ ဘာရည်ရွယ်ချက်မှမရှိဘဲ လုပ်တာတွေ တွေ့ရတယ်။ အဆိုးဆုံးက User တွေနဲ့ Admin တွေပဲ။ တော်တော်များများ ကိုယ့်အီးမေးလ်၊ ကိုယ့်ဝက်ဘ်ဆိုက်မှာ အခြေခံကာကွယ်မှုတွေရှိသင့်တယ်ဆိုတဲ့ Awareness တောင်မရှိကြဘူး" ဟု လက်ရှိတိုက်ခိုက်နေမှုများအပေါ် နိုင်ငံတကာအသိအမှတ်ပြု MST သင်တန်းကျောင်းမှ ပညာရှင်တစ်ဦးက ပြောသည်။

ပြီးခဲ့သည့် ၂၀၁၀နောက်ပိုင်းမှစတင်၍ ပြည်တွင်းရှိ ဝက်ဘ်ဆိုက်များ၊ User တစ်ဦးချင်းထံ တိုက်ခိုက်မှုများမှာ ဆက်တိုက်ဖြစ်ပွားလာရာ တဖြည်းဖြည်းနှင့် အကျိုးမဲ့တိုက်ခိုက်လိုသူအရေအတွက်မှာ ပိုမိုများပြားလျက်ရှိနေကြောင်း မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းမှ အမှုဆောင်ကော်မတီဝင်တစ်ဦးဖြစ်သူ ဦးအောင်ဇော်မြင့်က ပြောသည်။

"အခုချိန်မှာUser တွေဘက်ကိုပြောရရင် ကာကွယ်ရကောင်းမှန်းမသိအောင် အားနည်းနေတာတွေ့ရတယ်။ ဘာ Link ပဲ ကိုယ့်ဆီရောက်လာလာ ဖွင့်ပြီး Click လုပ်လိုက်တာပဲ။ ကိုယ့်ရဲ့ Business E-mail တွေ၊ အရေးကြီးတဲ့ E-mail Account တွေကို တွေ့ကရာဆိုက်မှာဝင်တယ်။ ဒါတွေက မလုပ်သင့်တဲ့ကိစ္စတွေပဲ" ဟု ဦးအောင်ဇော်မြင့်က ဆက်လက်ပြောသည်။

လက်ရှိပြည်တွင်း User များ တိုက်ခိုက်ခံရမှုများတွင် ယင်းသို့ Virus ပါဝင်သည့် Link များ ပေးပို့ခြင်း၊ ဥပမာအားဖြင့် G mail၊ G talk ကျော်ဝင်နိုင်သည့် ဝက်ဘ်ဆိုက်များ ဝေမျှပေးခြင်းဖြင့် တိုက်ခိုက်ခြင်းဖြစ်ပြီး ယင်းပုံစံမှာ နိုင်ငံအများစုမှာ ဟက်ကာများ ကျင့်သုံးသည့် Phishing စနစ်ဖြစ်ပြီး ယင်းတိုက်ခိုက်မှုကို ခံရပါက မိမိ၏ E-mail မှတစ်ဆင့် Facebook၊ Twitter များမှ မိမိ၏ စာမျက်နှာများကို ထိန်းချုပ်နိုင်ခြင်း၊ Post လုပ်ခြင်း၊ Share လုပ်ခြင်းများအထိ ထိန်းချုပ်နိုင်ကြောင်းသိရသည်။

ပြီးခဲ့သည့် ရက်အနည်းငယ်အတွင်းက ပြည်တွင်းရှိ Facebook အသုံးပြုသူများ ယင်းသို့ တိုက်ခိုက်ခံနေရဆဲဖြစ်ပြီး ယင်းမှာ Phishing ပြုလုပ်ခြင်းမှတစ်ဆင့် User အချင်းချင်း ကူးစက်ပြီး ဆက်လက်ပျံ့နှံ့နေဆဲဖြစ်သည်။

အလားတူ ယခုနှစ်အနည်းငယ်အတွင်း ပြည်တွင်းမှ လွှင့်တင်သည့်ကိုယ်ပိုင်ဝက်ဘ်ဆိုက်များ ဌာန ဆိုင်ရာဝက်ဘ်ဆိုက်များ တာဝန်ယူမည့် လုံခြုံရေးပညာရှင်မရှိခြင်းကြောင့်လည်း ပြည်တွင်းဆိုက်များ တိုက်ခိုက်ထိန်းချုပ်ခံနေရခြင်းဖြစ်ကြောင်း သိရသည်။

နည်းအမျိုးမျိုး အသုံးချ၍ တိုက်ခိုက်လျက်ရှိသည့် ဟက်ကာများနှင့်ပတ်သက်၍ ၎င်းတို့၏ရည်ရွယ်ချက်အား ပညာရှင်များက အမျိုးမျိုးသုံးသပ်ကြသည်။ တိုက်ခိုက်သူများတွင် အချို့က နိုင်ငံရေးအမြတ်ထုတ်ရန် တိုက်ခိုက်ခြင်း၊ အင်တာနက်အသုံးပြုသူများအား စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများကြုံတွေ့စေရန်ရည်ရွယ်ခြင်းနှင့် အဆိုးရွားဆုံးမှာ ဟက်ကာအမည်ခံ၍ တိုက်ခိုက်လိုသူများအနေဖြင့် ပြည်တွင်းအင်တာနက်သုံးစွဲသူများ၏ အရည်အချင်းများနိမ့်ကျစေရန်၊ အွန်လိုင်းကျွမ်းကျင်သူအရေအတွက် နည်းပါးစေရန် ပြုလုပ်ကြခြင်းဖြစ်ကြောင်း သိရသည်။

စာ(၂၄)သို့




## ပြည်သူ့လွှတ်တော်ဝက်ဘ်ဆိုက် စမ်းသပ်လွှင့်တင်

**ယုဇနကိုကို**

**ရန်ကုန်၊ ဇူလိုင်-၁၄**

ပြည်သူ့လွှတ်တော်နှင့် သက်ဆိုင်သည့် ဝက်ဘ်ဆိုက်စာမျက်နှာတစ်ခုအား Beta Version အနေဖြင့် စတင်လွှင့်တင်ထားပြီဖြစ်ပြီး ယခုလ ၁၆ မှစတင်ကာ လူသုံးများသည့် လူမှုဆိုရှယ်ဆိုက်ဖြစ်သော Facebook နှင့် ချိတ်ဆက်ကာ သတင်းအချက်အလက်များကိုအချိန်နှင့်တစ်ပြေးညီတင်ဆက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ ပြည်သူ့လွှတ်တော်ဝက်ဘ်ဆိုက်အား ပထမအကြိမ်၊ စတုတ္ထပုံမှန်အစည်းအဝေးများပြန်လည်ကျင်းပသည့်နေ့မှ စတင်လွှင့်တင်ခဲ့ခြင်းဖြစ်သည့် အဆိုပါဝက်ဘ်ဆိုက်စာမျက်နှာ၏ လိပ်စာမှာ www.pyithuhluttaw.gov.mm ဖြစ်သည်။

ယင်းဝက်ဘ်ဆိုက်ပေါ်တွင် နေ့စဉ်ပြုလုပ်သည့် ပြည်သူ့လွှတ်တော် အစည်းအဝေးအကြောင်းအရာများကို PDF ဖိုင်များဖြင့် Download ရယူကာကြည့်ရှုနိုင်မည်ဖြစ်ပြီး ကော်မတီများ၊ ကော်မရှင်များနှင့် သက်ဆိုင်သည့် အသေးစိတ် အကြောင်းအရာများကိုလည်း ဖတ်ရှုနိုင်မည်ဖြစ်သည်။

Facebook ဝက်ဘ်စာမျက်နှာနှင့် ချိတ်ဆက်ပြီးပါက ဖတ်ရှုသူများ၏ ပြောဆိုချက်များကို အခြေခံကာ လိုအပ်သည်များကိုပြင်ဆင်ဖြည့်စွက်ရန်ရှိကြောင်းလည်း သိရသည်။

နောက်ပိုင်းတွင် ဥပဒေဆိုင်ရာအခန်းကဏ္ဍနှင့် လွှတ်တော်ကျင်းပနေစဉ် တိုက်ရိုက်ကြည့်ရှုနိုင်မည့် ထုတ်လွှင့်မှုများအတွက်လည်း ဆောင်ရွက်နေသည်ဟု အထက်ပါကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထို့အပြင် ပါတီများနှင့်ပတ်သတ်သည့် အချက်အလက်များကိုလည်း ရှာဖွေဖတ်ရှုနိုင်မည်ဖြစ်သည်။

ယခုနောက်ပိုင်းတွင် အစိုးရဝန်ကြီးဌာနအသီးသီးသည် ၎င်းတို့၏ ကိုယ်ပိုင်ဝက်ဘ်ဆိုက်စာမျက်နှာများကိုလွှင့်တင်လာကြပြီး ယခင်က မရှိခဲ့သည့် သတင်းအချက်အလက်များကို အများပြည်သူသို့ ကြေညာခြင်းများကို အချိန်နှင့် တစ်ပြေးညီဆောင်ရွက်လာကြသည်။

အရောင်း၊အကြွေးနှင့် ကုန်စာရင်းထိန်းကွန်ပျူတာစနစ်




အရောင်းအဝယ်၊အကြွေးနှင့်ကုန်ပစ္စည်းစာရင်းများကိုမျက်ခြေမပြတ်သိရှိလိုသောလုပ်ငန်းရှင်များအတွက်ကုန်ရောင်းနှင့်အကြွေးစာရင်းထိန်းကွန်ပျူတာစနစ် *iLedger®* ကို iNTEGRA Systems Company ၄၂-ဒီ၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ဗဟန်း၊ရန်ကုန်မြို့တွင်ရရှိနိုင်ပါသည်။ ဆက်သွယ်ရန်ဖုန်းမှာ **01-557638, 09-73085653**



# ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်း ကုန်သွယ်မှုပမာဏတန်ဖိုး ထက်ဝက်နီးပါးမြင့်တက်

**ယုဇနကိုကို**

**ရန်ကုန်၊ ဇူလိုင်-၁၀**

ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ပြည်တွင်းသို့ ဝင်ရောက်လာသည့် ကုန်သွယ်မှု ပမာဏတန်ဖိုးမှာ ပြီးခဲ့သည့်ဘဏ္ဍာနှစ် နှစ်ခုထက် ထက်ဝက်မြင့်တက်လာခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စီမံကိန်းနှင့်စာရင်းအင်းဌာနမှသတင်းရရှိသည်။

၂၀၀၉-၁၀ နှင့် ၂၀၁၀-၁၁ ဘဏ္ဍာနှစ် အသီးသီးတွင် ပြည်တွင်းသို့ဝင်ရောက်လာသည့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်း တန်ဖိုးပမာများမှာ ကန်ဒေါ်လာ ၁၅ ဒသမ ၆၃ သန်းနှင့် ၉ ဒသမ ၈၉ သန်းတို့ဖြစ်ကြသည်။

ထို့ကြောင့် ၂၀၁၁-၁၂ ဘဏ္ဍာရေးနှစ်နှင့် ယင်းကာလနောက်ပိုင်းလက်ရှိအချိန်ထိပြည်တွင်းသို့ဝင်ရောက်သည့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းကုန်သွယ်မှု တန်ဖိုးမှာ ကန်ဒေါ်လာ ၂၇ သန်းကျော်ရှိပြီဖြစ်သဖြင့် ယခင်ဘဏ္ဍာနှစ်များထက်မြင့်တက်လာခြင်းဖြစ်ကြောင်း အထက်ပါဌာနမှ ညွှန်ကြားရေးမှူးဦးကိုကိုမင်းက 7Day News သို့ ပြောသည်။

“ပြီးခဲ့တဲ့နှစ်ထဲမှာ မိုဘိုင်းဖုန်းကို တော်တော်လေး သုံးလာကြတယ်။ နောက် ကွန်ပျူတာပိုင်းဆိုရင် Tablet နဲ့ နည်းပညာမြင့်ပစ္စည်းတွေကို ပိုပြီးသုံးလာနိုင်ကြတယ်။ ပြည်တွင်းဝယ်လိုအားပိုင်းမှာလည်း အရင်နှစ်တွေထက် တက်လာတယ်လို့ ပြောလို့ရတယ်။ နည်းပညာမြင့် အိုင်တီပစ္စည်းတွေကို နိုင်ငံတကာနည်းတူ သိပ်နောက်အကျကြီးမဟုတ်ဘဲ သုံးလာနိုင်တာဖြစ်လို့ ကုန်စည်စီးဆင်းမှုကလည်းပိုလာတယ်” ဟု ကေအမ်ဒီကွန်ပျူတာ ကုမ္ပဏီလီမိတက်မှ ဒုတိယအထွေထွေမန်နေဂျာကိုစိုးငွေရက သုံးသပ်ပြောကြားသည်။

ပြည်တွင်းသို့ ဝင်ရောက်လာသည့် ကွန်ပျူတာနည်းပညာနှင့် ဆက်စပ်ပစ္စည်းများတွင် မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများကပိုမိုလာကြောင်း ရန်ကုန်အခြေစိုက် ကွန်ပျူတာဈေးကွက်အတွင်းမှ ဆက်လက်စုံစမ်းသိရှိရသည်။

မြန်မာနိုင်ငံတွင်းသို့ အဆိုပါ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများသည် နယ်စပ်ဒေသများနှင့် ပင်လယ်ရေကြောင်းဘက်မှ အများဆုံး ဝင်ရောက်လာကြသည်။

**စာ(၂၃) - ဟက်ကာများကြောင့် အင်တာနက်လုံခြုံရေး တိုးမြှင့်သင့်ပြီဟုဆို မှ**

အခု လုပ်နေကြတဲ့သူတွေက ပြည်တွင်းကလူတွေ ဘာမှမတတ်လေ ကြိုက်လေဆိုပြီး လုပ်တာ။ အင်တာနက်လုံခြုံရေးကိုနားမလည်မှ သူတို့ ကြိုက်သလိုတိုက်လို့ရတယ်ဆိုတာမျိုးတွေများတယ်”ဟု ပြီးခဲ့သည့်နှစ်အတွင်း အစိုးရဝက်ဘ်ဆိုက်အချို့ တိုက်ခိုက်ခံရမှုတွင် ပါဝင်ညီခဲ့သည့် Ethical Hacker တစ်ဦးက ဆိုသည်။

စစ်တမ်းများအရ တစ်ကမ္ဘာလုံးတွင် ၀ ဒသမ ၄ စက္ကန့်အတွင်း ဝက်ဘ်ဆိုက်တစ်ခုစီ တိုက်ခိုက်ခံရမှုဖြစ်ပေါ်နေပြီး တိုက်ခိုက်ခံရမှုများ၏ ၈၀ ရာခိုင်နှုန်းမှာ သုံးစွဲသူများ၏ အားနည်းမှားယွင်းမှုများကြောင့် ဖြစ်ကြောင်းသိရသည်။

Shwe Yit Wine Co.Ltd
Golden Embrace Concrete Plant



ရွှေရစ်ဝိုင်းတွန်ထရစ်စက်ရုံ
သင့်အဆောက်အဦးရေရှည်တည်တံ့စေရန်
ရွှေရစ်ဝိုင်းကွန်ကရစ်ကိုသုံးပါ
အမှတ်(၅၈)၊စက်မှုလမ်း၊ စက်မှုဇုံအမှတ် ၂၊
ရွှေပြည်သာမြို့နယ်၊
ရန်ကုန်တိုင်း။
ဖုန်း ၀၉-၄၉၀၁၀၁၆၇၂ ၊ ၀၉-၈၆၂၀၇၆၄

**TRADEMARK CAUTION**

Osotspa Co., Ltd, a Company incorporated in Thailand at 348 Ramkhamhaeng Road, Huamak, Bangkapi, Bangkok 10240, Thailand is the Owner and Sole Proprietor of the following Trademark:-

ORIGINAL SOY PEPTIDE PEPTEIN

**Reg: 4/4989/2012**

In respect of : “ Drinks made from soy protein; carbonated drinks combined with soy protein; drinking waters combined with soy protein; drinks made from milk protein; drinks made from whey protein.”

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990

19.July.2012



7 DAY NEWS JOURNAL
Vol.11, No.19 • JULY 19 , 2012



အညာမြေ၊ ဇာတိမြေ၊ ဇာနည်မြေ 'နတ်မောက်' ကို လွမ်းရပါသည်။ ရိုးအေးသော နတ်မောက်သားများသည်မိုးဝေးသော နတ်မောက်မြေမှာအမျိုးသွေးကို စောင့်ထိန်းကာဖြင့် နေထိုင်လျက်ရှိကြပါသည်။ လမ်းပန်းဆက်သွယ်ရေးအရ အတွင်းကျသော နတ်မောက်သည် သမိုင်းမှတ်တမ်းများအရ အဆင်းလှသော အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကြောင့် ကမ္ဘာက သိခဲ့ကြပါသည်။

နတ်မောက်ဟု ဖြစ်လာမည့် ရွာကြီးတစ်ရွာတွင်ဗိုလ်ချုပ်အောင်ဆန်းအား မွေးဖွားခဲ့သည်မှာနှစ်ပေါင်းတစ်ရာပြည့်တော့မည်ဖြစ်ပါသည်။


ဗိုလ်ချုပ်အောင်ဆန်းသည် သူ၏ဇာတိမြေ နတ်မောက်၌နေတွင်နေထိုင်ခဲ့သည့် အချိန်ကာလရှည်ကြာမှုမှာ သူ၏ သက်တမ်းတစ်ဝက်မျှပင်မရှိခဲ့ပါပေ။ ထိုစဉ်ကနတ်မောက်သည်နတ်မောက်မျှသာဖြစ်သည်။ နတ်မောက်ကိုနတ်မောက်ကသာသိသည်။ အခြားဒေသမည်သူကမျှနတ်မောက်ကိုမသိကြ၊ စိတ်မဝင်စားကြ။ နတ်မောက်သည် နိုင်ငံ မကျော်သေး၊ ကမ္ဘာလည်းမကျော်သေး။ ဗိုလ်ချုပ်၏နောက်ပိုင်း သက်တမ်းတစ်ဝက်မျှဖြစ်သော ဆယ်စုနှစ်တစ်ခုကျော်ကျော်လေးမျှ ကြိုးစားစွမ်းဆောင်မှု အရည်အချင်း အရပ်ရပ်ကြောင့်သာ သူ၏ဇာတိမြေ နတ်မောက်သည်လည်းထင်ပေါ်ခဲ့ရခြင်း ဖြစ်သည်။ နတ်မောက်မြေသည် အားလုံးက လေးစားခြင်းခံခဲ့ရပါသည်။ စိန်နားကပ်အရောင်ကြောင့် ပါးပြောင်ခဲ့ရခြင်းသာ ဖြစ်ပါသည်။

နတ်မောက်သည် မြန်မာနိုင်ငံအလယ်ပိုင်းရပ်ဝန်း မကွေးတိုင်းဒေသကြီးအတွင်းရှိရောဝတီမြစ်၏ ချောင်းလက်တက် ယင်းချောင်းအနောက်ဘက်ကမ်းတွင် တည်ရှိပါသည်။ ပျဉ်းမနား (နေပြည်တော်)-ကြီးနီရထားလမ်းပေါ်၌ ရှိသည်ဟု ဆိုနိုင်သော်လည်း ရထားလမ်းဘူတာနှင့်မြို့မှာယင်းချောင်းကြီးခြားလျက် ရှိသည်။ နတ်မောက်မြို့သည် မကွေးမြို့မှ ၃၆ မိုင်၊ ပျော်ဘွယ်မြို့မှ ၆၁ မိုင်၊ တောင်တွင်းကြီးမြို့မှ ၂၈ မိုင် ကွာဝေးပါသည်။ နတ်မောက်သည် ယခင်က ရထားလမ်းနှင့် နတ်မောက်-မကွေးကားလမ်းကိုသာ အားထားခဲ့ကြရာမှ ယခုအခါ နတ်မောက်-ရန်ကုန်၊ နတ်မောက် - မန္တလေး၊ နတ်မောက်-ကျောက်ပန်းတောင်းစသည်ဖြင့် တိုးချဲ့လမ်းပေါက်ခဲ့ပါပြီ။

နတ်မောက်ကိုလွမ်းစိတ်ဖြင့် နတ်မောက်နှင့် စပ်လျဉ်းသည့် သမိုင်းမှတ်တမ်းများကို ရှာဖွေလေ့လာမိပါသည်။ နတ်မောက်မြို့ကို သက္ကရာဇ် ၄၂၁ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက်၊ အင်္ဂါနေ့နံနက်



ယခုအခါ ပြတိုက်အဖြစ် ဖွင့်လှစ်ထားသည့် အသစ်ပြန်လည်ဆောက်လုပ်ထားသော ဗိုလ်ချုပ်အောင်ဆန်း၏ နေအိမ်



မီးလောင်မခံရမီက ဗိုလ်ချုပ်အောင်ဆန်း၏ နေအိမ်

# နတ်မောက်ကို လွမ်းရပါသည်

**လွင်ချန်ဖြိုး(နတ်မောက်)**

တစ်ချက်တီးကျော်တွင် နန္ဒဗာဟုမင်းက လူအင်အား ၄၀၀ ဖြင့် မြို့တည်ခဲ့ကြောင်း၊ မြို့တည်မှုကွဲတစ်စောင်တွင်မူ မြို့တည်ခုနှစ်ကို သက္ကရာဇ် ၄၂၃ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်၊ တနင်္လာနေ့ နံနက် တစ်ချက်တီးကျော် လေးမောင်းနှင့်တစ်ဖီလာအချိန်တွင် တည်ခဲ့သည်ဟုဖော်ပြထားကြောင်း သိရှိရပါသည်။ မြို့အရှေ့တွင်ကန်ကြီးတံခါး၊ တောင်တွင် တောင်ပုံတံခါး၊ အနောက်တွင် ဝက်ထိုးတံခါး၊ မြောက်တွင် ပြူတံခါးများအထိ မြို့အရပ်ရပ်တာ ပေါင်း ၄၀၀ ကျယ်ဝန်းကြောင်း၊ တစ်ချိန်တည်းတည် သတ္တဌာနများမှာ မြို့တော်၊ နန်းတော်၊ မြို့ကျုံးတော်၊ ဆင်ကျုံး၊ နတ်ကွန်း၊ ကန်တော်နှင့် ရွှေဘုံသာဘုရားတို့ဖြစ်ကြောင်း သိရပါသည်။ မြို့၏ သက်တမ်းမှာ နှစ်ပေါင်း ၉၅၀ ကျော်ခဲ့ပြီ ဖြစ်ပါသည်။

သုဝဏ္ဏသာမပျို့၊နေမိငရဲခန်းပျို့၊ ဘုံခန်းပျို့တို့ဖြင့် ပျို့လင်္ကာကဗျာ၌ ထင်ရှားလှသော ရဟန်းစာဆိုရှင် အဂ္ဂသမာဓိသည် နတ်မောက်မြို့ဇာတိမဟုတ်သော်လည်း စာဆို၏ဖခင်မှာ နတ်မောက်မြို့စား၏သား ဘယကျော်သူအမတ်ဖြစ်ပါသည်။ ဆရာတော်သည်ဆုတောင်းပြည့်ဘုရားကြီး အရှေ့ဖျားရှိယခုသိမ်တော်ကျောင်းဝင်းအတွင်း၌ သတင်းသုံးခဲ့ပါသည်။

"မကူတောင် သေလာညွှန့်ဆီက၊ မြူမှောင်မှောင် ဝေဆာကွန့်ပါလို့၊ ရောဝဏ်မိုးဘုရင်။ နတ်တနန်းလိုပ၊ လျှပ်သန်းငယ် လျှံဖြာလို့၊ မဏ္ဍလာရွှေဘုံဆောက်ပါတဲ့၊ ညို့ညို့ဝေ မြို့ရွှေမောက်မှာကွယ်၊ မိုးပေါက်ကဆင်. . . "ဟု ရေးဖွဲ့ခဲ့သော ရှေးခေတ်စာဆိုတော် ဦးကြော့သည် နတ်မောက်မြို့တောင်ဘက် ကိုင်းရွာဇာတိဖြစ်ပါသည်။ ဦးကြော့သည် နတ်မောက်မြို့ အနောက်မြောက်ဘက် ကန်ကြီးအောက်ရွာ(ယခု ကန်ကြီးရပ်ကွက်)တွင် နေထိုင်ခဲ့ဖူးကြောင်း၊ နတ်မောက်မြို့ မြောက်ဘက် မြို့ကုန်းရွာ (ယခု မြို့မရပ်ကွက်)တွင် ကွယ်လွန်ခဲ့ကြောင်း သိရပါသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ အဘိုး မင်းကြီးရွှေလရောင်နှင့် မင်းကြီးကတော် ဒေါ်ရွှေသင်တို့သည်လည်း နယ်ချဲ့ကို တော်လှန်ရာတွင် အစွမ်းပြခဲ့ကြသူများ ဖြစ်ပါသည်။ နတ်မောက်မြို့နယ် စခန်းမရွာဇာတိ စာရေးဆရာကြီး ဒဂုန်သိန်းသိန်းနှင့် နတ်မောက်မြို့နယ် ဖုန်ကုန်းရွာဇာတိ တို့ဗမာအစည်းအရုံး ခေါင်းဆောင်ဆရာကြီး သခင်ဘသောင်းနှင့် ဆရာကြီး ဦးဘဝင်းတို့မှာ ခေတ်ပြိုင်များလည်းဖြစ်ကြပါသည်။ ဗိုလ်ချုပ်အောင်ဆန်း၊ ဦးမေအောင် (ဦးကြော့၏မြေး)၊ တက္ကသိုလ်ဆုမြိုင်တို့သည်လည်း သက်တူရွယ်တူ နတ်မောက်သားများဖြစ်ကာ နိုင်ငံရေးလောက၊စာပေလောကတွင် ထင်ရှားခဲ့ကြပါသည်။ နတ်မောက်သား စာရေးဆရာကြီးအချို့ဖြစ်သော နတ်မောက် ဘုန်းကျော်၊ ငွေလင်း၊ တက္ကသိုလ် ထင်အောင်၊ နတ်မောက် ထွန်းရှိန်နှင့် နတ်မောက်ထွန်းရှည်တို့သည် နောက်ပိုင်းခေတ်တွင် ကျော်ကြားသူများ ဖြစ်ပါသည်။

ပုဂံအနော်ရထာမင်းလက်ထက်တွင် စည်ကားခဲ့သော ပင်းမြို့ဟောင်းသည် နတ်မောက်မြို့ မြောက်ဘက် မိုင် ၂၀ ခန့်အကွာ၊ နတ်မောက်-ရွာမွန်-ပျော်ဘွယ်ကားလမ်းမအနီး၊ ခရိုင်ချင်းလမ်းမကြီးပေါ်တွင် တည်ရှိပါသည်။ ထိုပင်းမြို့ဟောင်းတွင် ရဟန္တာမထေရ်မြတ် ရှင်အရဟံကိုယ်တော်တိုင် မြတ်စွာဘုရားရှင်ပွင့်တော်မူရာ မဟာဗောဓိပင်မှ အမိဋ္ဌာန်ပြု ပင်ပွားယူကာ စိုက်ထားခဲ့သော ဗောဓိညောင်ပင်ကြီးသည် ယခုတိုင်အထင်အရှားရှိပါသည်။ လမ်းပန်းဆက်သွယ်ရေး လွယ်ကူကောင်းမွန်လာသောကြောင့် အနယ်နယ်အရပ်ရပ်မှ လာရောက်လေ့လာဖူးမြော်သူများဖြင့် မပြတ်ရှိနေပြီဖြစ်ပါသည်။ ၁၉၂၄ ခုနှစ်၊ အောက်တိုဘာလတွင် ပင်းတောင်ထောင့်ကျေးရွာ ဆရာတော်ဦးဝိလာသ၏ အိပ်မက်အရ အုတ်ကုန်းများကို တူးဖော်ရာမှ ဉာဏ်တော်အမြင့် ၂လက်မခန့်၊ အလေးချိန် ၂၇ ရတီခန့်ရှိ ရှေးဟောင်းပျူလက်ရာ စိန်ရုပ်ပွားတော်တစ်ဆူအား တွေ့ရှိဖူးမြော်ခဲ့ကြရပါသည်။ ယခုအခါ နတ်မောက်မြို့နယ် ပင်းတောင်ထောင့် ကျေးရွာ ကန်သာယာကျောင်းတိုက်တွင် ကိန်းဝပ်လျက်ရှိပါသည်။

နတ်မောက်မြို့နယ် လဲဘူးရွာ နီးကြောဖျာလုပ်ငန်းမှ လက်မှုထွက်ကုန်များကို အရပ်ရပ်သို့ နှစ်စဉ် တင်ပို့ဖြန့်ချိလျက် ရှိပါသည်။ နတ်မောက်မြို့နယ် လေးအိမ်ရွာရှိ လေးအိမ်နွားဈေးသည် ဒေသခံတောင်သူများ အားထားကြရကာ စနေနေ့တိုင်း တစ်နှစ်ပတ်လုံး ကျင်းပပါသည်။ နတ်မောက်မြို့ပေါ်ရှိ ဆုတောင်းပြည့်စေတီနှင့်ဘုရားကြီးကျောင်းတိုက်ကို ကာရံထားသော အမြင့်ပျမ်းမျှ ၁၃ ပေ၊ ထု ၃ ပေ ၆ လက်မ၊ အကျယ်အဝန်းဧရိယာ ၂၆၂၀ စတုရန်းပေရှိ မဟာတံတိုင်းကြီးသည် ၁၉၂၀ ပြည့်နှစ်တွင် စတင်တည်ဆောက်၍ ၁၉၆၈ ခုနှစ်ရောက်မှ အပြီးသတ်နိုင်ခဲ့ပါသည်။ ထိုတံတိုင်းကြီးသည် မန္တလေး နန်းမြို့ရိုးပြီးလျှင် ဒုတိယအကြီးဆုံးဟု သိရပါသည်။

နတ်မောက်မြို့ရှိ သာသနာ့ဟိတစာကြည့်တိုက်ကြီးမှာ ၁၉၃၄ ခုနှစ်၌စတင်တည်ထောင်ဖွဲ့စည်းခဲ့ပြီး ၁၉၃၅ ခုနှစ်၊ ဇန်နဝါရီလတွင် ဖွင့်လှစ်ခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် သက်တမ်းအရှည်ကြာဆုံး စာကြည့်တိုက်များထဲမှ တစ်ခုဖြစ်ကြောင်း၊ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ချိန်မှစကာ သာသနာ့ဟိတ စာကြည့်တိုက်ကြီးသည် နယ်ချဲ့ဆန့်ကျင်ရေး သပိတ်စခန်း၊ တော်လှန်ရေးစခန်း အောင်မြေပြည်သူ့ရဲဘော် ဗိုလ်တက်ထွန်းစာကြည့် တိုက်၊ အထက်တန်းကျောင်း၊ မြို့အုပ်ရုံး၊ ဖဆပလရုံး၊ ပြည်တော်သာစာကြည့် တိုက်၊ ပြန်ကြားရေးရုံးစသည်ဖြင့် နာမည်အမျိုးမျိုးပြောင်းခဲ့ရပါသည်။ ၁၉၇၄ ခုနှစ် မေ ၈ ရက်တွင် နတ်မောက်မြို့ရှိ အိမ်ခြေ ၃၅၀ မီးကျွမ်းလောင်ခဲ့ရသဖြင့် မည်သည့်အရာနှင့်မျှ အစားထိုးမရနိုင်သည့် တန်ဖိုးမဖြတ်နိုင်သော ဗိုလ်ချုပ်အောင်ဆန်းမွေးဖွားခဲ့ရာ ၆ ပင်၊ ၅ ပင် ရှေးမြန်မာအိမ်ကြီးလည်း ပါဝင်ဆုံးရှုံးခဲ့ရပါသည်။

ဒီပင်္ကရာ စာသင်တိုက်၊ ဖျောက်ဆိပ်ပင်စာသင်တိုက်၊ ဆုတောင်းပြည့်ဘုရား၊ ရွှေဘုံသာဘုရား၊ ရန်အောင်မြင်ဘုရား၊ မြစည်းခုံဘုရား၊ ဗိုလ်ချုပ်ကြေးရုပ်နှင့် ရင်ပြင်၊ ဗိုလ်ချုပ်အောင်ဆန်းအထိမ်းအမှတ် အထက်တန်းကျောင်းနှင့်မြင်းဖြူရှင်နတ်နန်းတို့မှာ နတ်မောက်မြို့ရှိ အထင်ကရနေရာများဖြစ်ပါသည်။ ဒီပင်္ကရာ စာသင်တိုက်အတွင်း၌ သီတဂူဒီပင်္ကရာစက္ခုဒါနဆေးခန်းကို သီတဂူ ဆရာတော်ကြီး ဦးဆောင်ကာ ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီ ၁၃ ရက်တွင် ပန္နက်ချ၍ ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီ ၄ ရက်တွင် စတင်ဖွင့်လှစ်ပြီး ဒေသအသီးသီးမှ မျက်စိဝေဒနာရှင်များအား အခမဲ့ စမ်းသပ်ကြည့်ရှုစစ်ဆေးပေးခဲ့ကြောင်း၊ သတ္တမအကြိမ်သို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း၊ ထိုအထဲမှ ခွဲစိတ်ကုသရန်လိုအပ်သောမျက်စိဝေဒနာရှင် ၉၁၁ ဦးကို အခမဲ့ခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်း သိရပါသည်။ ထို့အပြင် ဗိုလ်ချုပ်အောင်ဆန်း အထိမ်းအမှတ်အထက်တန်းကျောင်းအတွင်း၌လည်း သီတဂူဆရာတော်ကြီးကပင် မတည်ကာ ကျပ်သိန်းတစ်ထောင်အကုန်အကျခံ၍ အလျားပေ ၁၂၀၊ အနံပေ ၄၀ ရှိ အာစီတစ်ထပ်စာသင်ဆောင်ကို ဆောက်လုပ်လှူဒါန်းရန်စီစဉ်လျက်ရှိကြောင်း သိရပါသည်။

လာမည့် ၂၀၁၅ ခုနှစ်သည် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ နှစ်တစ်ရာပြည့်ဖြစ်ပါသည်။ ထိုထိုသော အကြောင်းများကြောင့် နတ်မောက်ကို လွမ်းစိတ်တို့က ပို၍ပို၍ ကြီးစိုးခဲ့ရပါသည်။ ရဟန်းစာဆို ရှင်အဂ္ဂသမာဓိ သီတင်းသုံးခဲ့ရာ၊ စာဆိုတော် ဦးကြော့ခေါင်းချခဲ့ရာ၊ မျိုးချစ်သခင်ဘသောင်းမွေးဖွားခဲ့ရာ နတ်မောက်မြို့နယ်အတွင်းမှ နေရာများတွင် မည်သည့် အထိမ်းအမှတ်မျှ မည်မည်ရရ မရှိသေးသည့်အတွက်လည်း နတ်မောက်ကို ပို၍ပို၍ လွမ်းနေရပါသည်။ ဇာနည်မြေ နတ်မောက်အတွက် သမိုင်းမှတ်တမ်းများ ဖြစ်စေနိုင်သော နတ်မောက်မဂ္ဂဇင်းအမှတ်(၁)အား ၁၉၇၉ ခုနှစ်တွင်လည်းကောင်း၊ နတ်မောက်မဂ္ဂဇင်းအမှတ်(၂)အား ၁၉၉၁ ခုနှစ်တွင်လည်းကောင်း နှစ်ကြိမ်သာ ထုတ်ဝေနိုင်ခဲ့သေးသဖြင့်လည်း နတ်မောက်ကို ပို၍ပို၍ လွမ်းနေရပါသည်။ နတ်မောက်မှာ မွေး၊ နတ်မောက်မှာကြီးပြင်းခဲ့ရသော်လည်း အလုပ်တာဝန်များအရနတ်မောက်မြေနှင့် ဝေးကွာခဲ့ရသည် မှာ ၁၆ နှစ်ကျော်ခဲ့ပါပြီ။

ယခုဇူလိုင်၁၉ရက်သည်ဗိုလ်ချုပ်အောင်ဆန်းအပါအဝင်အမျိုးသားခေါင်းဆောင်များ လုပ်ကြံခံခဲ့ရသော(၆၅)နှစ်မြောက် အာဇာနည်နေ့လည်း ဖြစ်ပါသည်။ ထိုထိုသော အကြောင်းများကြောင့် နတ်မောက်ကို ပို၍ပို၍သာ လွမ်းနေရပါတော့သည်။ ။

7DAY NEWS JOURNAL
Vol.11, No.19 • JULY 19 , 2012

## အာဇာနည်နေ့ အထူးဆောင်းပါး

(၁)

ဖဆပလအဖွဲ့ချုပ်ဥက္ကဋ္ဌဦးအောင်ဆန်းလိုက်ပါလာသော RC-2874 အနက်ရောင် မော်တော်ကားလေးသည် တာဝါလိန်းလမ်းအတိုင်း မောင်းနှင်လာခဲ့ပြီး ကန်တော်ကြီးပတ်လမ်းအား ချိုးကွေ့လိုက်သည့်အခါ နံနက် ၁၀ နာရီခန့်မျှရှိခဲ့ပြီ။ ကားမှန်အပြင်ဘက်တွင်မူ မိုးစက်မိုးပေါက်တို့ တဖွဲဖွဲရွာသွန်းလျက်ရှိသည်။ ကောင်းကင်ပြင်ကျယ်ကြီးတစ်ခုလုံးသည် ညို့ညို့ ဆိုင်းဆိုင်းမှိုင်းမှောင်လျက်၊ ကားပေါ် တွင် ဦးအောင်ဆန်းသည် အပါးတော်မြဲ ဗိုလ်ထွန်းလှနှင့် စကားဟက်ဟက်ပက်ပက်မပြောဖြစ်။ ၎င်း၏စိတ်အစဉ်သည်မြန်မာပြည် ကြီး၏ အနာဂတ်ရှေ့ရေးကိုသာ မျှော်တွေးနေပုံရသည်။

ယခုဆိုလျှင် ဗြိတိသျှနန်းရင်းဝန် မစ္စတာအက်တလီနှင့်လည်း တစ်နှစ်အတွင်းလွတ်လပ်ရေးပေးမည်ဟူသောအဆိုကို ညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ပြီ။ ပင်လုံညီလာခံကြီးကိုလည်း အောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ခဲ့ပြီ။ ကိုယ်တိုင်လည်း တပ်မတော်စစ်သေနာပတိအဖြစ်မှနုတ်ထွက်ခဲ့ပြီး ၁၉၄၇ ဧပြီလ ရွေးကောက်ပွဲတွင် ဖဆပလအဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ်လွတ်လပ်ရေးအတွက် ကြိုးပမ်းနိုင်ခဲ့သည်။ သို့သော် လွတ်လပ်ရေးကား မရသေး. . . .

# နှစ်၊ လ၊ နာရီ ဒါရာသီရှေ့ပေမယ့် . . .

ချမ်းငြိမ်း

ကန်တော်ကြီးအတွင်းရှိသစ်ပင်များသည် အဆက်မပြတ်ရွာသွန်းလျက်ရှိသော မိုးကြောင့် ပီပြင်စွာမမြင်တွေ့နိုင်။ ဝေသီမှုန်ဝါးစွာပင်လေအဝှေ့တွင် ယိမ်းနွဲ့နေကြသည်။ ငယ်စဉ်ကလေးဘဝ. . . အထက်တန်း ကျောင်းသားအရွယ်၊ တက္ကသိုလ်ကျောင်းသားသမဂ္ဂဥက္ကဋ္ဌ. . . ဒို့ဗမာအစည်းအရုံးအတွင်းရေးမှူးဘဝ. . . နောက်တော့ တရုတ်ပြည် အမွိုင်မြို့သို့ရောက်သွား၊ ဂျပန်သွားသင်္ဘောတစ်စီးပေါ်က သခင်အောင်ဆန်း၊ ထိုစဉ်ကဖြစ်ရပ်နှင့် ပတ်သက်ပြီး ဗိုလ်ချုပ်အောင်ဆန်းသည် နောင်သောအခါ ဤသို့ရေးခဲ့ဖူးသည်။

"ကျွန်ုပ်၏အဖြစ်ကား သန်းခေါင်လကွယ် တောရိပ်လယ်၌ရောက်ရှိနေသော သူပမာ ရှိနေတော့သည်။ သွားရသည့် နေရာကိုမသိ ဆွေလည်းမရှိ၊ မျိုးလည်းမရှိကမ္ဘာ့အရှေ့ပိုင်းသားသည်အရှေ့ပိုင်းအကြောင်းကောင်းစွာမသိ၊ ဆိုးရွားပေစွ။

ကျွန်ုပ်အရှေ့သို့ ထွက်လာသည့်အရေးမှာ အမှောင်မိုက်အတွင်း သက်ဆင်းသည်နှင့် တူ၏ဟု ကျွန်ုပ်ဆို၏။ လူငယ်တို့၏ တစ်ရှုးထိုး တုံးတိုက်ကျားကိုက်စိတ်၏လှုံ့ဆော်မှုကြောင့် သာထွက်လာခဲ့မိခြင်းဖြစ်သည်။ အလုပ်အစီအစဉ်ဟူ၍ အတိအကျဘာမှရှိသည် မဟုတ်ချေ။ ကျွန်ုပ်၏ မြော်မြင်တတ်သမျှ ဉာဏ်ဖြင့်သာ ကြံုရမည့်အရေးဟူသ၍ကို စီမံအုပ်ချုပ်ရန် ကျွန်ုပ်၏ ရဲဘော်များက အာဏာကုန်လွှဲအပ်လိုက်ခြင်းဖြစ်ပေသည်။ အဘယ်သို့ပင်ဖြစ်စေ ငါသည် အကယ်၍ သေသွားသည့်တိုင် မြတ်သောသေခြင်း၊ နိုင်ငံအတွက် သေခြင်းသာဖြစ်သည်ဟု ကိုယ့်ကိုယ်ကိုယ် နှစ်သိမ့်ရပေတော့သည်။"

ဤသို့ဖြင့် သခင်အောင်ဆန်းသည် ဂျပန်နိုင်ငံ တိုကျိုမြို့မှ ရန်ကုန်သို့ တစ်ခေါက် ရုပ်ဖျက်၍ ပြန်လာသည်။ မျိုးချစ်ရဲဘော်များကို တိတ်တဆိတ် စုစည်း၍ ဟိုင်နန်ကျွန်းသို့ အပါခေါ်သွားပြီး စစ်ပညာသင်ကြားခဲ့ကြသည်။ ထိုစဉ်ကလည်း သခင်အောင်ဆန်းသည် ဂျပန်တို့နှင့် ပူးပေါင်းသွားပြီဆိုသော သတင်းက မြန်မာပြည်ဝယ် ပြောနေကြ၍ နောင်သောအခါ ဤသို့ရှင်းလင်းရေးသားခဲ့ရသည်။

"အင်္ဂလိပ်အပြေး ဂျပန်အဝင် စပ်ကူးမပ်ကူးတွင် ကျွန်ုပ်တို့မြန်မာပြည်၏ လွတ်လပ်ရေးကို အရယူကြအံ့ဟူသော ကျွန်ုပ်တို့ရှင်းရှင်းဝန်ခံရလျှင် အရင်းရှင်ပေါက်စလူတန်းစား အတွေးအခေါ်တို့ကြောင့် ဂျပန်တို့နှင့် ပူးပေါင်းရသော အခြေအနေ ရောက်ရှိခဲ့ရသည်။ ဂျပန်တို့ကို ကြည်ညို၍လည်းကောင်း၊ ဖက်ဆစ်စနစ်ကို အားပေးလို၍လည်းကောင်း လုံးဝမဟုတ်ပေ။"

ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ရဲဘော်သုံးကျိပ်တို့သည်သွေးသစ္စာရေသောက်၍ ဗမာ့လွတ်လပ်ရေး တပ်မတော်ကြီးကို ဖွဲ့စည်းခဲ့ကြသည်။ ထို့နောက် ဂျပန်အကူအညီဖြင့် မြန်မာပြည် အတွင်းသို့ စစ်ကြောင်းကြီးများ ခွဲ၍ ဗြိတိသျှတို့အား မောင်းနှင်တိုက်ထုတ်ခဲ့ကြသည်။ ဂျပန်ခေတ်တစ်လျှောက် လွတ်လပ်ရေးကို အကြိမ်ကြိမ်တောင်းခံခဲ့သော်လည်း မရရှိခဲ့။

ရသည်ကလည်း အတုအယောင်လွတ်လပ်ရေး။ နောက်ဆုံး တိတ်တဆိတ် ညှိနှိုင်းဆောင်ရွက်ပြီး ရှိသည့်လက်နက်နှင့်ပင် ထချရန် ဆုံးဖြတ်ခဲ့ကြသည်။ ဤနေရာတွင်လည်း ဖက်ဆစ်ဂျပန်ကို တော်လှန်ရန် မဟာမိတ်အကူအညီကို ချက်ချင်းမရရှိခဲ့။ ထို့ကြောင့်ပင် "ဂျပန်ကို ထချတုန်းက ဘာကတိမှ ဗြိတိသျှအစိုးရဆီက မရခဲ့ဘူး။ ဒါပေမဲ့ ကျုပ်တို့က ဘာမှ ဈေးမဆစ်ဘဲ မှန်တယ်ထင်တဲ့ဘက်က ထွက်တိုက်ခဲ့တယ်။ ထင်တဲ့အတိုင်းပဲ ဟုတ်တယ်ဆိုတာ အခုဖြစ်ပျက်နေတဲ့ အဖြစ်အပျက်များက သက်သေခံနေပါတယ်" ဟု ဗိုလ်ချုပ်အောင်ဆန်းကပြောခဲ့သည်။




သြော် ... တောင်နန်း၊ မြောက်နန်း အဆောင်ဆောင်ကြငှန်းနဲ့၊ အခေါင်မမြန်းရခင်က အောင်ပန်းညို့ရှာတဲ့ အောင်ဆန်းတို့ သေပုံနမြော (သခင်ကိုယ်တော်မှိုင်း၏ အာဇာနည်ဗိမာန်လေးချိုးကြီး)

(၂)

ဖက်ဆစ်ဂျပန်တော်လှန်ရေးပြီးသည့်အခါ နေသူရိန်လူထုအစည်းအဝေးပွဲကြီးကို အောင်မြင်စွာကျင်းပ ပြုလုပ်နိုင်ခဲ့သည်။ တိုင်းပြည်လူထု၏ "လွတ်လပ်ရေး ချက်ချင်းပေး၊ လွတ်လပ်ရေး ချက်ချင်းပေး" ဆိုသော အသံများသည် မြန်မာပြည်ကြီးမှ ပင်လယ်၊ သမုဒ္ဒရာ တစ်ခုပြီးတစ်ခု ဖြတ်ကျော်သွားပြီး ဗြိတိသျှအင်ပါယာ၏ ပါလီမန်တံခါးသို့တိုင် ပဲ့တင်မြည်ဟီးရိုက်ခတ်သွားသည်။ နန်းရင်းဝန်အက်တလီက ဗိုလ်ချုပ်အောင်ဆန်းနှင့်မြန်မာပြည်ခေါင်းဆောင်အချို့အား ခေါ် တွေ့ရတော့သည်။ သို့သော် တောင်တန်းနှင့် ပြည်မပူးပေါင်းနိုင်မှသာ တစ်နှစ်အတွင်း လွတ်လပ်ရေးပေးမည်ဟု ဗြိတိသျှတို့က ဆိုပြန်၏။ အားချင်းပင် မြန်မာပြည်ပြန်လာခဲ့ကြသည်။ ခရီးရောက်မဆိုက် ရှမ်းပြည်နယ် ပင်လုံမြို့သို့ သွားရောက်၍ တိုင်းရင်းသားကိုယ်စားလှယ်များနှင့် ဆွေးနွေးရသည်။ ဆွေးနွေးပွဲတွင် ဗိုလ်ချုပ်အောင်ဆန်းက "စစ်အတွင်းက ကရင်အမျိုးသားတပ်ရင်း ဖွင့်တဲ့အခါ ထမင်းစားပွဲမှာ ကရင်ရဲဘော်တစ်ဦးက လူမျိုးအချင်းချင်း ညီညွတ်ဖို့အကြောင်း ပြောတဲ့အထဲမှာ ဗမာက ဖဲရိုက်၊ ကရင်ကငါးမျှားဆိုတာလို အတူတူပါပဲလို့ ပြောတာ သတိရမိပါတယ်။

ကိုယ့်ဒေသအလိုက် ကိုယ်ယုံကြည်တာကို ကိုယ်ကိုးကွယ်နေထိုင်ကြပြီး သက်ဆိုင်တဲ့ကိစ္စကြီးမှာ တစ်တိုင်းတစ်ပြည်လုံးနဲ့ ညီညီညွတ်ညွတ်လုပ်ကြရင် ဒါဟာတစ်မျိုးတည်းလို့ ယူဆကြရမယ်"ဟု ပွင့်ပွင့်လင်းလင်း ပြောဆိုခဲ့သည်။ ပင်လုံစာချုပ် ချုပ်ဆိုပြီးနောက်လွတ်လပ်ရေး မလွဲမသွေ မုချရတော့မည်ဟု ယုံကြည်ခဲ့ပေပြီ။ စောင့်ဆိုင်းနိုင်ခြင်းသည်လည်း နိုင်ငံရေး၏ အရည်အသွေးတစ်မျိုး မဟုတ်ပါလော။ တကယ်တမ်းကျ ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာပြည်ကြီး လွတ်လပ်ရေးရပြီးလျှင် အေးအေးလူလူနေပြီး အခြားလူများ နိုင်ငံရေးလုပ်သည်ကိုသာ ကြည့်နေချင်သူဖြစ်သည်။ ထို့ကြောင့် မေမြို့သို့ ခေတ္တသွားရောက်ခိုက် ဗိုလ်ထွန်းလှအား "လွတ်လပ်ရေးရပြီးရင် ငါတော့ နိုင်ငံရေးက ထွက်ပြီး စာတွေရေးမယ်။ နိုင်ငံရေးတွေ၊ ရာဇဝင်တွေအပြင် အိမ်ထောင်ပြုရေး၊ သားသမီးစောင့်ရှောက်ပြုပြင်ရေး၊ အချစ်ပြဿနာ၊ လိင်ပြဿနာနဲ့ ပတ်သက်လို့ ငါ့အယူအဆ သဘောထားတွေကိုပါ စာအုပ်ရေးဦးမှာပဲ"ဟု ပြောခဲ့သေးသည်။

မေမြို့မှ ပြန်ရောက်လျှင် ရောက်ချင်း လွှတ်တော်အကြိုဆွေးနွေးပွဲတွေက ကြိုဆိုနေသည်။ ဇွန်လ ၁၀ ရက် တိုင်းပြည်ပြုလွှတ်တော် ကျင်းပချိန်၊ အနီခံလက်ဝဲဘက်ထောင့် ကြယ်ဖြူပွင့် ဖက်ဆစ်တော်လှန်ရေး အလံသည် တော်လှန်ရေးကာလက ရှာသိမ်ရှာငယ် ဇနပုဒ်၌စတင် လွှင့်ထူခဲ့။ ထို့နောက် ဖဆပလအစည်းအရုံးများတွင် တလူလူလွှင့်ပျံခဲ့။ ယခုတော့ အတွင်းဝန်များရုံး၏ အလယ်ဗဟို၌ လွှင့်ပျံနေလေပြီ။

ထိုနေ့က တပ်မတော်မှ နုတ်ထွက်ခဲ့ပြီဖြစ်သော ဦးအောင်ဆန်းသည် ပန်းရောင်ခေါင်းပေါင်း၊ ပိုး ပင်ဖြူရင်စေ့၊ ပန်းရောင်ဘန်ကောက်လုံချည်ဖြင့် ပြည်သူ့လွှတ်တော်သို့ ပထမဆုံးအကြိမ် တက်ရောက်လာ၏။ လွှတ်တော်ဥက္ကဋ္ဌနေရာကား ဟင်းလင်းသာရှိသေးသည်။

ဦးအောင်ဆန်းသည် ရှေးဦးစွာ ထိုင်ရာမှ ထလိုက်ပြီး "တိုင်းပြည်ပြုလွှတ်တော်အမတ်များခင်ဗျာ။ ယနေ့ တိုင်းပြည်ပြုလွှတ်တော် အစည်းအဝေးမှာ ကျွန်တော်တို့ အစည်းအဝေးပွဲ တက်ရောက်လာတဲ့အခါ ထုံးစံအတိုင်း ဒီအစည်းအဝေးကို ထိန်းသိမ်းစောင့်ရှောက်သွားဖို့ရာ သဘာပတိလိုပါတယ်။ ဒီလို သဘာပတိအဖြစ် တင်မြှောက်ဖို့ ကျွန်တော်က ဘဏ္ဍာရေးဝန်ကြီး သခင်မြကို အဆိုတင်သွင်းပါတယ်"ဟု အသံအောင်အောင်ဖြင့် အရေးဆိုလိုက်သောအခါ ချက်ချင်းပင် မတ်တတ်ရပ်လိုက်သူက မန်းဘခိုင်၊ "ကျွန်တော်က ထောက်ခံပါတယ်"ဟု စကားအဆုံး လွှတ်တော်တစ်ခုလုံး လက်ခုပ်သံများ ကျယ်လောင်စွာပေါ် ထွက်လာသည်။ ထိုတဒင်္ဂလေးအတွင်း ဦးအောင်ဆန်းသည် စိတ်လှုပ်ရှားလွန်း၍ သခင်မြရှိရာ လျှောက်သွားပြီး သခင်မြ၏ လက်မောင်းကို ဖေးကိုင်ကာ လွှတ်တော်သဘာပတိနေရာသို့ ခေါ်ဆောင်သွားလေသည်။ သခင်မြကား ရှက်ရွံ့ရွံ့ ပြုံးတုံ့တုံ့။

(၃)

အိန္ဒိယဘုရင်ခံချုပ် လော့ဒ်လူဝီမောင့်ဘက်တန် မြန်မာပြည်လာစဉ်က ဖြစ်ရပ်လေးတစ်ခု ရှိသေးသည်။ ထိုစဉ်က ဖဆပလနှင့် ဘုရင်ခံအစိုးရ နောင်ဂျိန်ချနေတုန်းဖြစ်သည်။ ရန်ကုန်မြို့ရှိ မဟာမိတ်တပ်သားများစုစည်းထားသည့် East And West Club က ကန်တော်မိတ်သဘင်၌ ဘုရင်ခံချုပ်ကိုဂုဏ်ပြုညစာစားပွဲတစ်ခုတည်ခင်းသည်။ မကောင်းတတ်၍ ဖဆပလ ခေါင်းဆောင်ပိုင်းလေး၊ငါးဆယ်ယောက်မျှသာ ဖိတ်သည်။ ထိုစားပွဲ၌ ဗိုလ်ချုပ်ကို ချောင်ထိုးထားသည်သာမက စကားပြောရမည့် ပုဂ္ဂိုလ်စာရင်းမှာပင် ထည့်သွင်းမထား။ ဆိုင်ရာဆိုင်ရာပြောဆိုကြပြီး နောက်ဆုံးအစီအစဉ်အရ မောင့်ဘက်တန်က မိန့်ခွန်းပြောသည်။

မောင့်ဘက်တန် ပြောသွားသည့် စကားများထဲတွင် '(Polítices is the refuge of the scoundrels)နိုင်ငံရေးလောကဆိုတာ လူယုတ်မာတို့၏ ခိုကိုးရာဒေသဖြစ်တယ်'ဆိုသော စကားရပ်ပါလာသည်။ ညှော့ပရိသတ်ကားငြိမ်ချက်သားကောင်းလျက် နားထောင်နေကြပြီး မိန့်ခွန်းပြီးသည့်အခါ လက်ခုပ်သံ "တဖြောင်း. . ဖြောင်း" ဩဘာပေးကြသည်။ ဗိုလ်ချုပ်သည် ထိုင်ရာမှ ထလိုက်ပြီး မောင့်ဘက်တန်စားပွဲဆီသို့ လျှောက်သွားသည်။ ညှော့ပရိသတ်အပေါင်းက ပါးစပ်အဟောင်းသား. . .၊ မောင့်ဘက်တန်ရှေ့သို့ ရောက်သောအခါ ဗိုလ်ချုပ်သည် ကာကီရောင် ဘောင်းဘီအိတ်ထဲ လက်နှိုက်လိုက်ပြီး အောက်ပါအတိုင်း ပြောချလိုက်ပါသည်။

စာ(၃၀) သို့

7DAY NEWS JOURNAL

# Current Affairs

Vol.11, No.19 • JULY 19 , 2012

**တန်ဖိုးကြီးမားသည့်မော်တော်ယာဉ်နှင့်လူနေတိုက်ခန်းများကိုအရစ်ကျစနစ်(Hire Purchase)ဖြင့်ရောင်းချမှုများမှာယခုနှစ်ပိုင်းအတွင်းအပြိုင်အဆိုင်ဖြစ်လာကြသော်လည်း လက်ရှိကျင့်သုံးနေကြသည့် အရစ်ကျပုံစံများက နိုင်ငံတကာစံနှုန်းများနှင့်ယှဉ်လျှင် ကွာခြားချက်ကြီးမားနေဆဲဖြစ်ကြောင်း အရစ်ကျစနစ်နှင့် ကျွမ်းဝင်သူတို့ကသုံးသပ်ကြသည်။**

**ဝယ်ယူလိုသူများဘက်မှ ရင်ဆိုင်နေရသည့် အဓိကပြဿနာမှာ လစဉ်ပုံမှန်ဝင်ငွေကောင်းမွန်သည့်ဝန်ထမ်းများအနေဖြင့် နိုင်ငံတကာမှာကဲ့သို့ အဆင်ပြေသည့် အရစ်ကျစနစ်မျိုးဖြင့် ဝယ်ယူနိုင်ခြင်းမရှိသည့်အချက်ဖြစ်သည်။**



ဗဟန်းမြို့နယ်အတွင်းရှိ ကားအရောင်းပြခန်းတစ်ခု

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# မြန်မာပြည်က အရစ်ကျ

ယုဇနကိုကို

ဝယ်ယူလိုသူသည် လစဉ်မပျက်မကွက်ပေးသွင်းရမည့်တန်ဖိုးကြီးပစ္စည်း၏ ငွေပမာဏအား ၄င်းရရှိသည့်လစဉ်ဝင်ငွေမှ ပုံမှန်ပေးသွင်းခြင်း ပြုလုပ်နိုင်သော်လည်း ဘဏ်အချို့က တောင်းခံသည့် အာမခံငွေကြေးပမာဏကြောင့် အခက်အခဲများဖြစ်ပေါ်နေရခြင်း ဖြစ်သည်။

နိုင်ငံသားများ ၎င်းတို့၏ ကိုယ်ပိုင်လစာများဖြင့် တန်ဖိုးကြီး လူနေထိုင်မှုပစ္စည်းများအား အရစ်ကျစနစ်ဖြင့် လွယ်ကူစွာဝယ်ယူနိုင်ခြင်းမရှိသေးသည့် အခြေအနေနှင့် ပတ်သက်၍ ကမ္ဘောဇဘဏ်၏ International Banking ဌာန မန်နေဂျင်းဒါရိုက်တာ ဦးညိုမြင့်က "နိုင်ငံတကာမှာ ဘဏ်တွေက စွန့်စားရဲကြတယ်။ ဒါကြောင့် ဒီလို တန်ဖိုးကြီးပစ္စည်းတွေကို လူတွေ အရစ်ကျစနစ်နဲ့ နှစ်ရှည်ဝယ်ယူမှု တိုးတက်ဖို့အတွက် ပြည်တွင်းဘဏ်တွေဘက်ကလည်း ထိုက်သင့်တဲ့ စွန့်စားမှုတစ်ခုတော့ လုပ်ဖို့လိုအပ်တယ်လို့မြင်ပါတယ်။ ဒါမှ လစာကောင်းမွန်တဲ့ဝန်ထမ်းတစ်ဦးဟာ သူ့ရဲ့ လစဉ်ဝင်ငွေကနေ ဒီလို အရစ်ကျစနစ်ကို ပုံမှန်သွင်းပြီး လွယ်လွယ်ကူကူဝယ်ယူနိုင်တာတွေကို အောင်မြင်အောင် လုပ်လာနိုင်မယ်လို့လည်းထင်ပါတယ်" ဟု သုံးသပ်ပြောကြားသည်။

အထက်ပါ အခက်အခဲ၏ အဓိကအကျဆုံး ပြဿနာမှာ အရစ်ကျဝယ်ယူလိုသူက ၎င်းဝယ်ယူလိုသည့် ပစ္စည်းတန်ဖိုး၏ ၇၀ ရာခိုင်နှုန်းအား ပစ္စည်းရောင်းချသည့် ကုမ္ပဏီနှင့် ချိတ်ဆက်ထားသည့်ဘဏ်တွင် စာရင်းအသစ်တစ်ခုဖွင့်လှစ်ကာ အပ်ငွေအဖြစ် အာမခံ ထားရှိပေးရခြင်းဖြစ်သည်။

ကျပ်သိန်းတစ်ရာတန် တိုက်ခန်းတစ်ခန်း(သို့)မော်တော်ယာဉ်တစ်စီးကို အရစ်ကျစနစ်ဖြင့် ဝယ်ယူလိုသူသည် ၃၀ ရာခိုင်နှုန်းကို ဝယ်ယူသည့် ကုမ္ပဏီသို့ ကနဦးပေးချေခြင်း ပြုလုပ်ရမည်ဖြစ်သည်။

အရစ်ကျစနစ်ဖြင့်ဝယ်ယူသူသည်ဘဏ်တစ်ခုခုနှင့်ချိတ်ဆက်ဝယ်ယူသူဖြစ်ပါက အထက်ပါကနဦးပေးသွင်းရမည့် တန်ဖိုးငွေ ၃၀ ရာခိုင်နှုန်းအပြင် ဘဏ်သို့ ငွေးရမ်းခ ၇ ရာခိုင်နှုန်းနှင့် ဘဏ်တိုးငွေ ၁ ရာခိုင်နှုန်းကိုပါ တစ်ပါတည်း ပေးချေထားရမည်ဖြစ်သည်။

အရစ်ကျစနစ်ဖြင့် နှစ်ရှည်ရောင်းချပေးသည့်စီးပွားရေးလုပ်ငန်းများနှင့် ချိတ်ဆက်ထားကြသည့် ဘဏ်လုပ်ငန်းများသည် ဘဏ်တစ်ခုနှင့်တစ်ခု ငွေးရမ်းခယူသည့်နှုန်းထားများ မတူညီကြပေ။ အချို့သောဘဏ်များက ငွေးရမ်းခ ၇ ရာခိုင်နှုန်းသတ်မှတ်ပြီး အချို့ဘဏ်များက ၉ ရာခိုင်နှုန်းသတ်မှတ်ကြသည်။

ယင်းသို့ ကွာခြားခြင်းမှာ အရစ်ကျ ဝယ်ယူလိုသူကို ၎င်းတို့(ဘဏ် များ) စိုက်ထုတ်ပေးထားရသည့်ပုံစံပေါ် မူတည်ပြီး ကွဲပြားသွားခြင်းဖြစ်ပြီး ဘဏ်များသည် ဗဟိုဘဏ်၏ သတ်မှတ်ချက်များအတိုင်းသာ တိတိကျကျ လိုက်နာဆောင်ရွက်ခြင်းဟု ဘဏ်တာဝန်ရှိသူအချို့ကဆိုကြသည်။

"ဗဟိုဘဏ်ရဲ့ သတ်မှတ်ချက်တွေအတိုင်းပဲ ငွေးရမ်းခနှုန်းနဲ့ အတိုးနှုန်းတွေကို ယူလို့ရပါတယ်။ တစ်နှစ်ကိုဗဟိုဘဏ်ကသတ်မှတ်ချက်က ငွေးရမ်းခငွေဟာ ၁၅ ရာခိုင်နှုန်းထက်ပိုပြီး မယူရဘူးဆိုတာပါ"ဟု အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်မှ လက်ထောက်အထွေထွေမန်နေဂျာ ဒေါ်သီတာလွင်က ရှင်းပြသည်။

အရစ်ကျစနစ်ဖြင့် ဝယ်ယူလိုသူများသည် ၎င်းတို့ ဝယ်ယူမည့်အရာဝတ္ထု၏ တန်ဖိုးပမာဏပေါ် မူတည်ပြီး အနည်းဆုံး အချိန်တစ်နှစ်မှ သုံးနှစ်အတွင်း တစ်လချင်းစီ ပေးဆပ်နိုင်မည်ဖြစ်သဖြင့် ကာလရှည်ပြန်လည်ပေးသွင်းနိုင်သည့်အားသာချက်တစ်ခုရှိသည်။

သို့သော် အထက်ပါ ကနဦးပေးသွင်းငွေနှင့် မိမိပေးချေရမည့် အချိန်ကာလတစ်ခုလုံးအတွက် ငွေးရမ်းခငွေနှင့် အတိုးနှုန်းကို တစ်ပါတည်း ကြိုတင်ပေးသွင်းထားရမည်ဖြစ်သည်။

ထို့အပြင် ကျန်ရှိသည့် ၇၀ ရာခိုင်နှုန်းကို မိမိ ချိတ်ဆက်ဆောင်ရွက်သည့် ဘဏ်သို့ ပေးသွင်းထားရမည်ဖြစ်ပြီး မော်တော်ယာဉ်ကဲ့သို့ အရစ်ကျစနစ်ဖြင့် ဝယ်ယူမှုများအတွက်မူ မြန်မာ့အာမခံလုပ်ငန်းသို့ အလုံးစုံအာမခံငွေကို ဝယ်ယူသူမှ အနည်းဆုံး တစ်နှစ်စာ ပေးသွင်းထားရမည်ဖြစ်သည်။

လူနေတိုက်ခန်းများကို Hire Purchase စနစ်ဖြင့်ဝယ်ယူမှုတွင်မူ အရစ်ကျပေးသွင်းငွေ ပြီးဆုံးမှသာ ထိုတိုက်ခန်းတွင် စတင်နေထိုင်ခွင့်ရမည်ဖြစ်ပြီး အချို့သော အရစ်ကျဝယ်ယူမှုများတွင် ဝယ်ယူသူဘက်မှ သတ်မှတ်ထားသော ရာခိုင်နှုန်းပမာဏကို ပေးသွင်းပြီးမှ နေထိုင်ခွင့်ရမည်ဟု ရန်ကုန်မြို့တွင်းရှိ ဆောက်လုပ်ရေးကုမ္ပဏီများမှသိရသည်။

အရစ်ကျစနစ်ဖြင့် ရောင်းချပေးသောကုမ္ပဏီများနှင့် ယင်းလုပ်ငန်းများနှင့် ချိတ်ဆက်ထားသောဘဏ်များအနေဖြင့် ဝယ်ယူသူများဘက်က လစဉ်ပေးသွင်းငွေ တစ်ကြိမ် ပျက်ကွက်လျှင် ယင်းလအတွက် အတိုးနှုန်းကို ကောက်ခံမည်ဖြစ်ပြီး သုံးကြိမ် ဆက်တိုက်ပျက်ကွက်ပါက ရှေ့တွင် ပေးသွင်းထားပြီးဖြစ်သည့် ပေးသွင်းထားမှုများမှာ အလိုအလျောက် ပျက်ပြယ်သွားမည်ဖြစ်သည်။

အထက်ပါဆောင်ရွက်မှုပုံစံမှာဘဏ်များက အရစ်ကျဝယ်ယူသူကိုယ်စား၎င်းတို့နှင့်လုပ်ငန်းသဘောချိတ်ဆက်ထားသော တစ်ဖက်ကုမ္ပဏီဘက်သို့ ကျသင့်ငွေကို တစ်ပါတည်း ပေးချေပေးခြင်းဖြစ်ပြီး ဝယ်ယူသူများက ၎င်းတို့ ပေးသွင်းရမည့်ငွေကို ဘဏ်နှင့်သာ ဆက်လက်လုပ်ကိုင်ရမည်ဖြစ်သည်။

ထိုကာလအတွင်း ဘဏ်များမှ ၎င်းတို့ ငွေစိုက်ထုတ်ပေးထားသည့် အရစ်ကျဝယ်ယူသူ၏ ဝယ်ယူထားသည့် စာချုပ်ကို သိမ်းဆည်းထားမည်ဖြစ်ပြီး ငွေပေးသွင်းမှုပြီးဆုံးမှသာ ယင်းစာချုပ်ကိုထုတ်ပေးမည်ဖြစ်သည်။

အရစ်ကျစနစ်ဖြင့်ရောင်းချသည့် ကုမ္ပဏီက ဝယ်ယူလိုသူများကို ၎င်းတို့နှင့် ချိတ်ဆက်ထားသည့် ဘဏ်လုပ်ငန်းများနှင့် ဆက်သွယ်ပေးခြင်းဖြစ်သည်။

ထို့အတွက် အရစ်ကျစနစ်များဖြင့် တန်ဖိုးကြီးတိုက်ခန်းများ၊ မော်တော်ယာဉ်များကိုဝယ်ယူလိုသူများသည် ၎င်းတို့ ဝယ်ယူလိုသည့်ပစ္စည်းတန်ဖိုးအတိုင်း လက်ထဲတွင်ငွေပမာဏအဆင်သင့်ရှိရမည်ဖြစ်ပြီး ယင်းငွေကို ဘဏ်၌ ယုံကြည်စိတ်ချရမှုရှိစေရန် အပ်နှံထားပေးရမည်ဖြစ် သည်။

အချို့သောကုမ္ပဏီများနှင့် ဘဏ်များအကြားတွင်မူ အထက်ပါ ဆောင်ရွက်မှုပုံစံများအပြင် ဝယ်ယူသူကို အထောက်အထားခိုင်မာသည့် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဦးက ပေးသည့် အာမခံချက်၊ ထောက်ခံချက်တစ်ခုပါရှိရမည်ဖြစ်သည်။

ဘဏ်တွင် အရစ်ကျပေးသွင်းရမည့်ငွေပမာဏကို စာရင်းတစ်ခုဖွင့်လှစ်ကာ မပေးသွင်းနိုင်သူများအနေဖြင့် ထိုဘဏ်တွင် စုငွေအပ်နှံထားသည့် ၎င်းတို့ကို အာမခံပေးမည့်သူတစ်ဦး လိုအပ်ပြီး ထိုသူ၏ ဘဏ်စာရင်းအပ်ငွေသည်လည်း အရစ်ကျဝယ်ယူလိုသည့် ၎င်း၏ မိတ်ဆွေပေးသွင်းရမည့် ကျန်ရှိငွေပမာဏအနည်းဆုံးဖြစ်ရမည်ဖြစ် သည်။

အချို့သော ဝယ်ယူမှုများတွင်မူ ဝယ်ယူလိုသူဘက်မှ ဘဏ်တွင် ငွေစာရင်းမဖွင့်လှစ်နိုင်ပါက ၎င်းတို့၏ တန်ဖိုးမြင့်မားသည့် ပိုင်ဆိုင်မှုစာချုပ်တစ်ခုကို ဘဏ် သို့ ပေးဆောင်ထားရန် လိုအပ် သည်။

ရှုပ်ထွေး များပြားလွန်းလှသည့် ယင်းအချက်အလက်များက အရစ်ကျစနစ်ဖြင့် ဝယ်ယူလိုသူများ ကြုံတွေ့နေရသည့် အဓိကပြဿနာများဖြစ်နေသည်။

"အရစ်ကျဝယ်ယူမှုမှာ ကြားထဲက သင့်တင့်တဲ့ ကာဗာတစ်ခုတော့ လုပ်ထားသင့်ပါတယ်။ ဒါပေမဲ့ အရစ်ကျနဲ့ဝယ်မယ့်သူကို ဘဏ်ထဲမှာသွင်းခိုင်းတာကတော့ အဆင်ဘယ်ပြေမလဲ။ ဒါမှမဟုတ် တခြားတစ်ယောက်ကို အာမခံပေးဖို့ တောင်းဆိုဖို့ကလည်း မလွယ်ကူဘူးလေ"ဟု စီးပွားရေးတက္ကသိုလ်မှ ပါမောက္ခ(ငြိမ်း)ဒေါ်လှမြင့်ကလည်း သုံးသပ်ပြောကြားသည်။

အိမ်နီးချင်းနိုင်ငံဖြစ်သည့် စင်ကာပူနိုင်ငံတွင်ကျင့်သုံးသည့် HP စနစ်သည် ရာထူးအဆင့်တစ်ခုရှိသော ဝန်ထမ်းတစ်ဦးအနေဖြင့် အစိုးရကို အခွန်လည်း ပုံမှန်ပေးဆောင်မည်ဆိုပါက မြန်မာနိုင်ငံကဲ့သို့ ကန့်သတ်ချက်နှင့် ရှုပ်ထွေးလွန်းသည့် အဆင့်များမရှိဘဲ လူနေတိုက်ခန်းများ၊ မော်တော်ယာဉ်များနှင့် အရစ်ကျရောင်းချပေးသည့်ပစ္စည်းများကို လွယ်ကူစွာဝယ်ယူနိုင်နေသည်။

မည်သည့် ပိုင်ဆိုင်မှုအထောက်အထားကိုမျှ ပေးဆောင်ထားရန်မလိုကြောင်း စင်ကာပူနိုင်ငံတွင် အလုပ်လုပ်ကိုင်နေသည့် မြန်မာနိုင်ငံသားအချို့ထံမှသိရသည်။

"အရစ်ကျနဲ့ ဝယ်ချင်တဲ့သူက လုံးကနဲ တစ်ခါတည်း မပေးနိုင်လို့လေ။ အဲ့ဒါကို ဘဏ်ကသူတို့ စိုက်ထုတ်ပေးထားတဲ့ပမာဏကို အကောင့်ဖွင့် စာရင်းအသစ်လုပ် အာမခံသဘော အပ်ငွေအဖြစ် ထားခိုင်းတာကို လက်ခံမှတော့ တစ်ခါတည်းပဲ ကိုယ့်ဘာသာအပြင်မှာ ဝယ်လိုက်တော့မှာပေါ့။ တကယ်က အရစ်ကျဝယ်တဲ့သူရဲ့ အရစ်ကျသွင်းငွေ ပြီးဆုံးရင် ပိုင်ဆိုင်မယ့်စာချုပ်ကို ချေးငွေဆပ်ပြီးချိန်ထိ ခေတ္တယူထားတာကတော့ နိုင်ငံတကာနည်းအတိုင်းပါပဲ"ဟုဦးညိုမြင့်က ဆက်လက်သုံးသပ်သည်။

"ဒီကဘဏ်တွေမှာ ခရက်ဒစ်စနစ်က မရှိသေးဘူး။ နိုင်ငံတကာမှာ က အရစ်ကျဝယ်တဲ့သူက ဘဏ်မှာ အာမခံငွေမထားနိုင်ရင် တခြားတစ်ယောက်ရဲ့ ဘဏ်အကောင့်ကိုထားခိုင်းတယ်ဆိုတာမျိုးမရှိဘူး။ ဒီကဘဏ်တွေကဘဏ်လုပ်ငန်းနဲ့မတူညီတဲ့ ဘဏ်လုပ်ငန်းအစစ်မဟုတ်တဲ့ငွေလွှဲတဲ့လုပ်ငန်းသက်သက်သာ ဖြစ်နေသေးတယ်လို့မြင်တယ်။ ပြီးတော့ ဘဏ်နဲ့လူတိုင်းက အလုပ်မလုပ်ချင်ကြဘူး။ ဘဏ်ကို ယုံကြည်စိတ်ချရတဲ့အပိုင်းက ဒီက လူတွေမှာ အပြည့်အဝမရှိကြသေးဘူး။ ဘာဖြစ်လို့လဲဆိုရင် အစိုးရပိုင်းကဘဏ်ကိုထိန်းချုပ်မှုတွေလုပ်နေတုန်းမို့ပဲ။ နိုင်ငံတကာလိုဖြစ်ဖို့က အချိန်ကြာဦးမယ်ထင်တယ်" ဟု ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သူဦးရဲမြတ်သူကလည်း သုံးသပ်ပြောကြားသည်။

အနောက်နိုင်ငံကြီးများတွင်မူ Credit Rating ဆိုသည့် အကြွေးဝယ်ယူမှုအချိုးအစားပေါ်မူတည်ပြီး အရစ်ကျစနစ်ဖြင့် ရောင်းချမှုများကို ထိန်းချုပ်ထားကြကြောင်းသိရသည်။

**အချပ်ပို(D)သို့**

7DAY NEWS JOURNAL
Vol.11, No.19 • JULY 19 , 2012

# ကန့်သတ်မှုများနှင့် စုဝေးစီတန်းလှည့်လည်ခွင့်ကို အများစုကြိုဆို

သီဟရေးသား၍ ထွန်းခိုင် အားဖြည့်သည်

**ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ နည်းဥပဒေအား ပြည်ထဲရေးဝန်ကြီးဌာနက ၂၀၁၂ ခုနှစ် ဇူလိုင် ၁၅ ရက် ရက်စွဲဖြင့် ထုတ်ပြန်လိုက်သည်။**

**အဆိုပါနည်းဥပဒေ၏ မိခင်ဥပဒေအားပြီးခဲ့သည့် ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂ ရက်က ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြုပြဋ္ဌာန်းပြီး ဖြစ်သော်လည်း နည်းဥပဒေမှာမူ ယခုအချိန်မှ ထွက်ရှိလာခြင်းဖြစ်သည်။**

ဥပဒေများ၏ သဘောတရားသည် နည်းဥပဒေထွက်ရှိပြီးမှသာ အသက်ဝင်ရိုးထုံးစံရှိသော်လည်း အဆိုပါ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေသည် နည်းဥပဒေ မထွက်ရှိသေးမီကပင် နိုင်ငံသားများသည် ဒီမိုကရေစီ၏ အနှစ်သာရအရ မိမိတို့၏ အခက်အခဲများအား ငြိမ်းချမ်းစွာဖြင့် ဖော်ထုတ်လျက်ရှိကြသည်ကို တွေ့နေရသည်။

လျှပ်စစ်မီး အပြည့်အဝရရှိရန်အတွက် ဖယောင်းတိုင်လှုပ်ရှားမှု၊ အလုပ်သမားအခက်အခဲဆိုင်ရာ လှုပ်ရှားမှုများ၊ မြေယာသိမ်းယူမှုဆိုင်ရာ လှုပ်ရှားမှုများစသည့် လှုပ်ရှားမှုများသည် ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့် ဥပဒေကို အသုံးချပြုလုပ်နေခြင်းပင်ဖြစ်သည်။

အာဏာပိုင်များဘက်မှလည်း နည်းဥပဒေမထွက်ရှိသေးသော်လည်း ငြိမ်းငြိမ်းချမ်းချမ်းဖြင့် မိမိတို့၏ ဆန္ဒအား ဖော်ထုတ်လျက်ရှိသည့် ပြည်သူများအား သဘောထားကြီးစွာဖြင့် အကာအကွယ်ပေးမှုများပြုလုပ်ပေးလျက်ရှိသည်။

ယခုနည်းဥပဒေထွက်ရှိလာသည့် အခါတွင် ဥပဒေကပေးသည့် နိုင်ငံသားဆိုင်ရာ အခွင့်အရေးများအား အပြည့်အဝအသုံးချနိုင်ပြီဖြစ်ကြောင်း ဥပဒေပညာရှင်များက သုံးသပ်သည်။



*နည်းဥပဒေထွက်ရှိပြီး ဇူလိုင် ၁၅ ရက်က မင်္ဂလာဒုံမြို့နယ်အတွင်းတွင် လယ်ယာမြေဆုံးရှုံးမှုဆိုင်ရာ တောင်းဆိုဆန္ဒပြနေသည့်လယ်သမားများ*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

“နည်းဥပဒေထွက်တာနဲ့ မထွက်တာနဲ့ ဘာကွာသလဲဆိုတော့ အခုထွက်လာတဲ့ နည်းဥပဒေက ကန့်သတ်ချက်တွေ လုပ်ထုံးလုပ်နည်းတွေနဲ့ ထွက်လာတယ်ဆိုပေမယ့် ဖွင့်တဲ့လမ်းစ ပေါ်လာတယ်ပေါ့။ အဲဒီအပေါ်မှာပဲ များများထွင်သွားရမယ်”ဟု ဥပဒေပညာရှင် ဦးအောင်သိန်းက ပြောသည်။

ယခုထွက်ရှိလာသည့် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့် ဆိုင်ရာ နည်းဥပဒေတွင် အခန်း ၁ အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်၊ အခန်း ၂ ခွင့်ပြုမိန့်လျှောက်ထားခြင်း၊ အခန်း ၃ ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်းနှင့် အယူခံဝင်ခြင်း၊ အခန်း ၄ အထွေထွေနောက်ဆက်တွဲများဟူ၍ အခန်းလေးခန်းပါဝင်သည်။

အဆိုပါ ဥပဒေ၏ အခန်း ၂ တွင် ပါရှိသည့် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ကို ရရှိလိုသူသည် မိမိဆောင်ရွက်လိုသည့် ရက်မတိုင်မီ ၅ ရက် ကြိုတင်ပြီး သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးထံ လျှောက်ထားရမည်ဟု ပါရှိသည်။

အထက်ပါအကြောင်းအရာနှင့် ပတ်သက်၍ အလုပ်သမားအရေးနှင့် တောင်သူလယ်သမားအရေးများတွင် ပါဝင်အကျိုးဆောင်ပေးနေသူ ရွှေနေကိုဖိုးဖြူက “ဒီအချက်က ကောင်းတယ်။ အရင်က ရှိခဲ့တဲ့ ဗျူရိုကရက်စနစ်ကြီး တစ်ခုလုံးမှာ ဘယ်သူက တာဝန်ခံမှန်း မသိဘူး။ ဘယ်သူ့ဆီရောက်မယ်မှန်းလဲ မသိဘူး။ အထက်က လူကလည်း အောက်ကို လှမ်းပုတ်တယ်။ အောက်ကလူကလည်း အထက်ဆိုပြီး ပြောတယ်။ အခုက မြို့နယ်ရဲတပ်ဖွဲ့မှူးကို တင်ရမယ်ဆိုတဲ့အတွက် သက်ဆိုင်ရာအာဏာပိုင်နဲ့ တိုက်ရိုက်ဆက်ဆံခွင့်ရသွားတယ်”ဟုပြောသည်။

ထို့အပြင် အဆိုပါ နည်းဥပဒေတွင် ခွင့်ပြုမိန့်တောင်းခံမှုများအား ဆောလျင်စွာတင်ပြရမည်၊ ဆောလျင်စွာပြန်လည်အကြောင်းကြားရမည်ဟူသော စာပုဒ်များပါရှိသည့်အတွက် ဆောင်ရွက်ရမည့်ကိစ္စများတွင် နှောင့်နှေးစေရန် ပြုလုပ်မည့်အချက်များ မပါဝင်ဘဲ တာဝန်ယူမှု တာဝန်ခံမှုများအား အကောင်အထည်ဖော်ပြီးသားဖြစ်စေကြောင်း ကိုဖိုးဖြူက အထက်ပါ ဥပဒေအား သုံးသပ်ပြောကြားသည်။ ဥပဒေတွင် ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်များအား ခွင့်မပြုနိုင်ဟူသော အချက်များတွင် ခွင့်မပြုနိုင်သည့် အကြောင်းအရင်းအား ခိုင်လုံစွာ ဖော်ပြရမည်ဟု ပါရှိသည်။

ခွင့်မပြုနိုင်သည့် အကြောင်းများတွင် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး(သို့မဟုတ်)ပြည်သူတို့၏ ကိုယ်ကျင့်တရား အကျိုးငှာပြဋ္ဌာန်းထားသည့်ဥပဒေများကို ဆန့်ကျင်လျှင် ခွင့်မပြုနိုင်ကြောင်း ပါရှိသည်။

စာ(၂၉)သို့



7 DAY NEWS JOURNAL
Vol.11, No.19 • JULY 19 , 2012



**စာ(၂၈)မှအဆက်**

ထိုအကြောင်းများနှင့် စပ်လျဉ်း၍ “ဘယ်လိုကိစ္စမျိုး ဘယ်လိုအကြောင်းအရာကြောင့် ခွင့်မပြုသင့်ဘူးဆိုတာတော့ ဥပဒေမှုတော့ မရှိဘူးဖြစ်နေတယ်။ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဥပဒေမှာတော့ ပါတယ်။ အဲဒါကို မူတစ်ရပ်လို့တော့ ပြောလို့တော့ရပါတယ်”ဟုကိုဖိုးဖြူကပြောသည်။

သို့သော် “ရပ်ရွာအေးချမ်းသာယာရေးကို ထိခိုက်စေတာကဘာလဲ၊ တရားဥပဒေစိုးမိုးရေးကိုထိခိုက်စေတာက ဘယ်လိုလဲဆိုတာတွေအတွက် ဘယ်လိုကိစ္စရပ်တွေအတွက်တော့ ဆန္ဒပြခွင့်လိုင်စင်ကို ခွင့်ပြုမယ်၊ ကန့်သတ်မယ်ဆိုတဲ့ အကြောင်းခြင်းရာ မူတွေတော့မပါဘူး။ လုပ်ထုံးလုပ်နည်းဆိုင်ရာ မူတွေကို ပြဋ္ဌာန်းထားသော်ငြားလည်းပဲ ဆန္ဒပြခွင့်ပေးမယ်၊ မပေးဘူးဆိုတဲ့ အကြောင်းခြင်းရာမူတော့ မပါဘူး” ဟု ကိုဖိုးဖြူက ဆက်လက်ပြောကြားသည်။

ဆန္ဒပြရန် တောင်းခံရာတွင် တကယ်တမ်း အမှန်တကယ် တောင်းခံသည့်အချိန်တွင်မှ မမျှော်လင့်သည့် အတားအဆီး အခက်အခဲများလည်းရှိကြောင်း သိရသည်။

ဆန္ဒပြရန်အတွက် သက်ဆိုင်ရာသို့ ဇူလိုင် ၁၀ ရက်က ခွင့်ပြုမိန့် လျှောက်ထားခဲ့ကြောင်း နည်းဥပဒေထွက်ရှိပြီးနောက် ဥပဒေအတိုင်း ဆန္ဒပြခွင့်လျှောက်ထားခဲ့သူ မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီမှ ဥက္ကဋ္ဌ ဦးနေမျိုးဝေကပြောသည်။

ဆန္ဒပြရန်လျှောက်ထားသည့်အချိန်မှာ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိဖြစ်ပြီး ဆန္ဒပြမည့်ရက်များမှာ ၁၄၊ ၁၅၊ ၁၆၊ ၁၇ နှင့် ၁၈ ရက်များဖြစ်ကြောင်း သိရသည်။

သို့သော် တကယ်တမ်းခွင့်ပြုချက်တွင်မူ အချိန်ကို နံနက် ၉ နာရီမှ ၁၁ နာရီအထိသာ ခွင့်ပြုခဲ့ပြီး ရက်များကိုလည်း ၁၄ ရက်နေ့သည် လျှောက်ထားသည့် ငါးရက်မပြည့်သဖြင့် ခွင့်ပြုချက်မရရှိဘဲ ၁၇ နှင့် ၁၈ ရက်များမှာလည်း အာဇာနည်နေ့နှင့် နီးကပ်သည်ဟူသောအကြောင်းပြချက်ဖြင့် ၁၅နှင့် ၁၆ နှစ်ရက်သာ ခွင့်ပြုချက်ရရှိခဲ့ကြောင်း သိရသည်။ ခွင့်ပြုချက်ရရှိသည့်နှစ်ရက်အပေါ်တွင်တော့ ကျေနပ်မှုရှိကြောင်း ဦးနေမျိုးဝေက ပြောသည်။

ဆန္ဒပြရန် ခွင့်ပြုမိန့်တောင်းခံရာတွင် သက်ဆိုင်ရာမြို့နယ် ရဲစခန်းသို့ မကြာခဏသွားရောက်ရခြင်းသည်လည်း အခက်အခဲတစ်ခုဖြစ်ကြောင်း၊ အကယ်၍ မြို့နယ်ဖြတ်ကျော် ဆန္ဒပြမှုများပြုလုပ်မည်ဆိုပါက မြို့နယ်အားလုံးရှိ ရဲစခန်းများသို့ မကြာခဏသွားရောက်ရန် အခက်အခဲရှိနိုင်ကြောင်း ဦးနေမျိုးဝေက ပြော သည်။

အထက်ပါ နည်းဥပဒေတွင် မိမိတို့ ဆန္ဒပြမည့် လမ်းကြောင်းများ၊ ပါဝင်မည့်လူအင်အားနှင့် ကြွေးကြော်သံများ ကြိုတင်တင်ပြရမည်ဟု ပါရှိသည်။ သို့သော် တင်ပြရာတွင် အကန့်အသတ်ဖြင့် ခွင့်ပြုမှုများရှိနေသည်။

ဇူလိုင် ၁၅ ရက်နှင့် ၁၆ ရက်တွင် ဆန္ဒပြမည့်အဖွဲ့မှတင်ပြသည့် ပိုစတာငါးခုခန့်အား ကိုင်ဆောင်ခွင့်ငြင်းပယ်ခဲ့ကြောင်း သိရသည်။

အလားတူ လူဦးရေနှင့် ပတ်သက်၍လည်း “တကယ်လို့ လူ ၅၀ နဲ့ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်မှု လုပ်နေတဲ့သူတွေကို တစ်ဖက်အဖွဲ့က လူလေးဆယ် ၊ ငါးဆယ်လောက် လာပေါင်းပြီး ရုတ်ရုတ်သဲသဲလုပ်ရင် ဘယ်လိုလုပ်မလဲ။ ဒါမှမဟုတ် စီတန်းလှည့်လည်လာတဲ့သူတွေကို စိတ်ပါဝင်စားလို့ လိုက်လာတဲ့သူတွေရှိရင် အဲဒီလူတွေ အကုန်လုံးအရေးယူခံရမယ့်သဘောရှိတယ်”ဟု ဦးအောင်သိန်းကပြောသည်။

စီတန်းလှည့်လည်ခွင့်ကို ငြင်းပယ်ခံရပါက ငြင်းပယ်ခံရသူသည် သက်ဆိုင်ရာ ခရိုင် တိုင်းရဲတပ်ဖွဲ့မှူးထံ အယူခံဝင်နိုင်သည်ဟူသည့် အချက်အပေါ်တွင် ဘဝင်မကျသည်များလည်းရှိကြောင်း သိရသည်။

“မြို့နယ်အဆင့် အရာရှိက ငြင်းပယ်တာကို ခရိုင်အဆင့်၊ တိုင်းအဆင့် အရာရှိက ပြန်ခွင့်ပြုမယ်ဆိုတာ သိပ်တော့အဓိပ္ပာယ် မရှိဘူးဖြစ်နေတယ်။ ဒီကိစ္စတွေက ဥပဒေမှာသာ မြို့နယ်အဆင့် အရာရှိက တာဝန်အရှိဆုံးဆိုပေမယ့် သူတို့ရဲ့ တင်ပြချက်က ခရိုင်တို့ တိုင်းတို့တော့ ရောက်မှာပဲ”ဟု ဥပဒေပညာရှင်တစ်ဦးက ဆိုသည်။

ထို့ကြောင့် အယူခံဝင်ရမည့်အဖွဲ့အစည်းများသည် လွှတ်အခွင့်အရေးကော်မရှင်ကဲ့သို့ မည်သည့်ဩဇာခံမှုမဟုတ်သည့် အဖွဲ့အစည်းဖြစ်စေလိုကြောင်း ဥပဒေပညာရှင်များက ပြောသည်။

“ဒီအဖွဲ့အစည်းကမှ သူတို့သတ်မှတ်ထားတဲ့ အချက်သုံးချက်နဲ့ညီလို့ ပယ်တယ်ဆိုရင်တော့ မတတ်နိုင်ဘူးပေါ့”ဟု ဦးအောင်သိန်းက ပြောသည်။

မည်သို့ပင်ဆိုစေ ဆယ်စုနှစ်ပေါင်းများစွာ ရရှိခဲ့ခြင်းမရှိခဲ့သည့် အခွင့်အရေးတစ်ခုအား ယခုအချိန်တွင် ရရှိလာခြင်းအတွက် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြောင်းလဲရေးဖြစ်စဉ်တွင် အပေါင်းလက္ခဏာဆောင်သော ဖြစ်ရပ်တစ်ခုပင်ဖြစ်သည်ဟု မြန်မာနိုင်ငံ၏ ပြောင်းလဲမှုဖြစ်စဉ်အား လေ့လာနေသူများက သုံးသပ်ကြသည်။

## လွှတ်တော်အတွင်းက တပ်မတော်သား မဲများ

**လွှတ်တော် တစ်နှစ်ကျော်သက်တမ်းအတွင်း ပါဝင်ဆွေးနွေးမှုနည်းသော်လည်း လွတ်လပ်စွာ မဲပေး၊ထောက်ခံမှုရှိသည်ဟု လွှတ်တော်ကိုယ်စားလှယ်အချို့ ယုံကြည်**

**အိမ်ဖြူလွင်**

လွှတ်တော်သက်တမ်း တစ်နှစ်ကျော်အတွင်း တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်အတွင်း ပါဝင်ဆွေးနွေးမှုအားနည်းသော်လည်း လွတ်လပ်စွာ ထောက်ခံခွင့်၊ ကန့်ကွက်ခွင့်ရှိသည်ဟု မဲခွဲဆုံးဖြတ်ရာတွင် ရရှိသည့် ကြားနေမဲအနည်း၊ အများကိုကြည့်၍ သုံးသပ်နိုင်ကြောင်း ရွေးချယ်ခံလွှတ်တော်ကိုယ်စားလှယ်များက ပြောကြားသည်။

လွှတ်တော် ပထမအကြိမ် စတင်ကျင်းပချိန်မှ ယခု စတုတ္ထအကြိမ် ကျင်းပချိန်ထိ လွှတ်တော် အစည်းအဝေးလေးကြိမ်တွင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များသည် ဆွေးနွေးမှုအချို့တွင်သာ ပါဝင်ခဲ့ကြသည်။

တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၏ လွှတ်တော်တွင်းဆွေးနွေးမှုအခြေအနေသည် တပ်မတော်နှင့်သက်ဆိုင်သော ငြိမ်းချမ်းရေး၊ နယ်စပ်ဖွံ့ဖြိုးရေး၊ မသန်စွမ်းစစ်သည်နှင့် အငြိမ်းစားထောက်ပံ့ကြေးဆိုင်ရာ အဆို၊ ဥပဒေများတွင် ကိုယ်တိုင်ကိုယ်ကျ တက်ကြွစွာ ပါဝင်ဆွေးနွေးခဲ့သည်ဟု လွှတ်တော်သက်တမ်းတစ်နှစ်အတွင်း ပါဝင်ဆွေးနွေးမှုကို ခြုံငုံသုံးသပ်နိုင်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များက ယင်းတို့၏အမြင်ကိုပြောကြားသည်။

ပထမအကြိမ်လွှတ်တော်အစည်းအဝေးများတွင်တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးမှု မရှိသလောက်နည်းပါးခဲ့ပြီး မဲခွဲဆုံးဖြတ်မှုများတွင်လည်း ကြားနေမဲများ ရှိခဲ့သည်ကို တွေ့ရသော်လည်း ဒုတိယအကြိမ် လွှတ်တော်အစည်းအဝေးများမှစတင်၍ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၏ တက်ကြွစွာပါဝင် ဆွေးနွေးမှုအချို့ကို မြင်တွေ့ခဲ့ရကာ ယခုစတုတ္ထအကြိမ်တွင်မူ ဆွေးနွေးမှုများ ပြန်လည်လျော့ကျသွားသည်ဟု သီပေါမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းက ပြောသည်။

**အချပ်ပို(B)သို့**



# စာ – ၂၆၊ နှစ်၊ လ၊ နာရီ ခါရာသီရွှေ့ပေမယ့် . . . မှ

“ဂုဏ်သရေရှိ အမျိုးသမီး၊ အမျိုးသားများ ခင်ဗျာ . . . အစီအစဉ်ထဲမှာ မပါတဲ့ လူတစ်ယောက်က အခုလိုထပြီး ပြောလိုက်တော့ ခင်ဗျားတို့ ထုံးစံအရ တော်တော်ရိုင်းတယ်လို့ ဆိုကြမှာပဲ။ ရိုင်းတယ်ထင်ရုံမကလို့ လဲသေသေ ကျုပ်ကတော့ ပြောစရာရှိတာကို ပြောရမှာပဲ။ ကျုပ်ပြောမှာကလည်း တခြားတော့ မဟုတ်ပါဘူး။ ခင်ဗျားတို့ရဲ့ ဂုဏ်ပြုအပ်တဲ့ ဧည့်သည်တော်ကြီးရဲ့ သနားစရာကောင်းတဲ့ အဘိဓမ္မာကို ဝေဖန်ပြမယ့် အချက်ဖြစ်ပါတယ်။ နိုင်ငံရေးလောကဆိုတာ လူယုတ်မာတွေ ခိုကိုးရာဒေသဖြစ်တယ်လို့ ဘုရင်ခံချုပ်ကြီးက ပြောသွားပါတယ်။ ဒါဟာ အနောက်နိုင်ငံတွေမှာတော့ မှန်ကောင်းမှန်မယ်။ ကျုပ်တို့အရှေ့နိုင်ငံအယူအဆကတော့ ဘုရင်ခံချုပ်ကြီးခံယူချက်နဲ့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေပါတယ်။ ကျုပ်တို့ဆီမှာ နိုင်ငံရေးဆိုတာ ပရဟိတလုပ်ငန်း၊ လောကတ္ထစရိယကျင့်တဲ့လုပ်ငန်း၊ ဒါဟာ ဒွိဟိတ်ပုဂ္ဂိုလ်တွေ မလုပ်နိုင်ဘဲ တိဟိတ်ပုဂ္ဂိုလ်များ ဘုရားအလောင်းများသာ လုပ်နိုင်တဲ့လုပ်ငန်းလို့ ယူဆထားတယ်။ အဲဒီလို အလွန်မွန်မြတ်တဲ့အထဲမှာ တစ်ခါတစ်ရံ လူယုတ်မာတွေ ပါလာကောင်းပါလာမယ်။ အဲဒါကြောင့် နိုင်ငံရေးဟာ မကောင်းဘူးလို့ ဆိုရတော့မှာလား။ ဥပမာတစ်ခုပြောပါရစေ။ ဒီအဆောက်အအုံကြီးဟာ လူအများစုဝေးဖို့ ဆောက်ထားတယ်။ အစောင့်အကြပ်ကင်းမဲ့ချိန်မှာ တစ်ခါတစ်ရံ ခွေးတွေတက်အိပ်နေကြတယ်။ အဲဒီလို ခွေးတွေတက်အိပ်နေတာကိုကြည့်ပြီး ဒီအဆောက်အအုံကြီးဟာခွေးအိပ်ဖို့ဆောက်ထားပါတယ်လို့ဆိုရင်မှန်ပါ့မလား။ မမှန်ပါဘူး။ ဒါကြောင့် နိုင်ငံရေးဟာ ဒီလိုပဲ အင်မတန် မွန်မြတ်ပါတယ်။ ဒီအဆောက်အအုံကြီးပေါ်မှာ ခွေးတက်အိပ်သလို လူယုတ်မာတွေလည်း အလစ်မှာ နိုင်ငံရေး လောကထဲ ဝင်လာတတ်ပါတယ်။ အဲဒီလို ဝင်လာတဲ့အခါမှာ ကျွန်တော်တို့ နိုင်ငံရေးသမား စစ်စစ်တွေက ဒီလူယုတ်မာတွေကို မျက်ခြည်မပြတ် ဟန့်တားပိုင်းပယ်နိုင်သည်နှင့်အမျှ နိုင်ငံရေးလောကကြီးဟာ သန့်ရှင်းစင်ကြယ် မွန်မြတ်လာပါလိမ့်မယ်။ ဒါပါပဲ ကျုပ်ပြောချင်တာ”ဟုဆိုပြီး နေရာသို့ ခပ်တည်တည်ပြန်လာခဲ့၏။ ထိုစဉ်မောင့်ဘက်တန်းက ထိုင်ရာမှ ရပ်လိုက်ပြီး လက်ခုပ်တီးလေသည်။ ထို့နောက်. . .

“ဒီနေ့ည စကားပြောကြတဲ့အထဲမှာ အစီအစဉ်ထဲ မပါတဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ မိန့်ခွန်းဟာ အဖိုးတန်ဆုံးပါပဲ။ ကျွန်တော် ပြောမိတာကတော့ ထမင်းစားပွဲအပြီး ရယ်စရာမောစရာအနေနဲ့ ခပ်ပေ့ါပေ့ါနိုင်ငံရေးလောကကို ပြက်ရယ်ပြုတဲ့စကား ပြောမိတာပါ။ အလွန်ဝမ်းနည်းပါတယ်။ ကျွန်တော်ပြောမိတဲ့ အချက်အလက်တွေကို ရုပ်သိမ်းပါတယ် ခင်ဗျာ”ဟု ဆိုရလေသည်။

(၄)

နောက်ဆုံးပြောခဲ့သော မြို့တော်ခန်းမ လူထုအစည်းအဝေး မိန့်ခွန်းမှာလည်း လူပြောသူပြောများခဲ့သည်။ ထို့နေ့က မိုးတဖွဲဖွဲရွာသွန်းနေသည့်ကြားထဲ လူထုပရိသတ်ထောင်ပေါင်းများစွာသည် မိန့်ခွန်းကိုလာရောက်နားထောင်ခဲ့ကြသည်။ ထိုမိန့်ခွန်း၌ “ဗမာပြည်မှာ စားကုန်သောက်ကုန်စရိတ် ကြီးမြင့်နေခြင်းဟာ ခင်ဗျားတို့ ဘုံးဘောလအော သုံးစွဲမှုကြောင့် ဖြစ်တယ်။ ခြိုးခြံသင့်တဲ့နေရာကို ခြိုးခြံ။ ကိုယ့်အိမ်မှာ စိုက်စားသင့်တာ မစားဘဲ နိုင်ငံခြားသွင်းကုန်အပေါ် မှီစားတဲ့အတွက် ဈေးကြီးတယ်။ လွတ်လပ်ရေးလိုချင်ရင် လွတ်လပ်ရေးရတဲ့ စည်းကမ်းညီညွတ်မှုတွေကို ထိန်းသိမ်းပါ။ ထူထောင်မှုတွေကို လုပ်ကြပါ။ အဲဒီလို လုပ်ပြီးတဲ့နောက် ရှေ့ကို လွတ်လပ်ရေးအရသာကိစ္စအတွက် အလုပ်လုပ်တဲ့နေရာမှာ စည်းကမ်းရှိဖို့၊ ပြင်ဆင်သင့်တာတွေကို ပြင်ဆင်ဖို့၊ ခင်ဗျားတို့စောက်ကျင့်တွေ ပြင်ဖို့လိုနေပြီလို့ကျွန်တော်ပြောခဲ့မယ်”ဟုအနာဂတ်မြန်မာနိုင်ငံတော်သစ် တည်ထောင်ရေးအတွက်ပြင်းထန်သော စကားလုံးများဖြင့် ပြောခဲ့သည်။ နောက်တစ်နေ့တွင်တက္ကသိုလ်ရိပ်သာလမ်းရှိ အစ်ကိုကြီး ဦးဘဝင်းအိမ်၌ ရောက်ရှိနေသော အစ်ကိုဦးအောင်သန်းအား သွားတွေ့ခိုက် အစ်ကိုနှစ်ယောက်လုံးက ထိုမိန့်ခွန်းနှင့်ပတ်သက်၍ ပြင်ပ၌ဝေဖန်နေကြကြောင်းပြောကြရာ “ကျွန်တော်တမင်ကြမ်းကြမ်းပြောလိုက်တာပဲ။ ဒါမှ လူတွေမှတ်မိမယ်”ဟု ပြန်လည်ပြောဆိုခဲ့ပါသည်။

ထိုအတောအတွင်း ဒီးဒုတ် ဦးဘချိုက ဘရင်းဂန်း အလက် ၂၀၀ ပျောက်ဆုံးမှုကို သတိထားသင့်ကြောင်း၊ ဝန်ကြီးများရုံးကို အစောင့်အရှောက် ထူထပ်စွာ ချထားသင့်ကြောင်း ဗိုလ်ချုပ်အောင်ဆန်းအား အလေးအနက်သတိပေးခဲ့ဖူးသည်။ ယင်းကိစ္စမျိုးနှင့် ပတ်သက်၍ မြန်မာပြည်ဘုရင်ခံဟောင်း ဆာဒေါ်မန်စမစ် ရှေ့၌ မျက်ရည်ကျခဲ့ဖူးပြီဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းက “ကျုပ်တို့ဟာ မြန်မာပြည်ကြီးကောင်းစားအောင် ဒီလောက်ကြိုးစားနေတာပဲ။ ဒါကို မကျေနပ်လို့ သတ်ချင်လည်း သတ်ကြ”ဟုပြန်ပြောခဲ့လေသည်။

(၅)

ကားသည် အတွင်းဝန်များရုံး ထဲချိုးကွေ့ဝင်လိုက်သည်။ ဖြောင့်ဖြူးသော ကတ္တရာလမ်းအတိုင်း မောင်းနှင်လာခဲ့ပြီးစပတ်လမ်းဘက်ရှိ ဆင်ဝင်အောက် ထိုးရပ်လိုက်သည်။ ဗိုလ်ထွန်းလှက ကားပေါ်မှ ဦးစွာဆင်းသည်။ ဦးအောင်ဆန်းသည် ရွှေဖလားရောင် ဘန်ကောက်လုံချည်အား အသာမ၍ လှေကားပေါ် ဖြေးဖြေးမှန်မှန် တက်သွားသည်။ အစည်းအဝေးခန်းမထဲသို့ ဝင်လိုက်သည့်အခါ ဝန်ကြီးများ အစုံအညီရောက်ရှိနေကြပြီ။ ဦးအောင်ဆန်းက ဂငယ်ပုံသဏ္ဍာန် အစည်းအဝေးစားပွဲကြီး၏ထိပ်၌ ဝင်ထိုင်လိုက်သည်။ လက်ဝဲဘက်တွင် အတွင်းဝန်ဦးရွှေဘော်၊ ဦးဘဂျမ်း၊ ဦးအောင်ဇံဝေ၊ ပျော်ဘွယ်ဦးမြနှင့် မိုင်းပွန်စော်ဘွားကြီးတို့ အစဉ်အတိုင်း ထိုင်နေပြီးလက်ယာဘက်တွင် သခင်မြ၊ ဦးရာဇတ်၊ ဒီးဒုတ်ဦးဘချို၊ ဦးဘဝင်းနှင့် မန်းဘခိုင်တို့ နေရာယူထားကြသည်။ အလှည့်ကျ အစိုးရအတွင်းဝန် ဦးအုန်းမောင်က သူရေးဆွဲထားသည့် သယ်ယူပို့ဆောင်ရေး စီမံကိန်းအကြောင်း ရှင်းလင်းတင်ပြရန်လည်း ရောက်ရှိနေပါသည်။

အစည်းအဝေးစတင်သည်မှ မကြာသေး အပြင်ဘက်စင်္ကြံလမ်းတစ်လျှောက် လျှောက်လာသည့် ဖိနပ်သံများ၊ ရုတ်ခြည်းပင် တံခါးကို အတင်းတွန်းဖွင့်ဝင်လာသူသုံးလေးဦး. . . အားလုံးစစ်ယူနီဖောင်းများ ဝတ်ထားကြသည်။

လက်ထဲတွင်သေနတ်ကိုယ်စီနှင့်၊ . . . အခြေအနေ အရပ်ရပ်ကို နားလည်သဘောပေါက်သွားချိန်မှာတော့ အရာအားလုံး နောက်ကျခဲ့လေပြီ။ နာရီလက်တံများက မနက် ၁၀ နာရီ ၃၇ မိနစ်ကို ညွှန်ပြနေသည်။ တိတိကျကျ ဆိုရပါလျှင် ၁၉၄၇ ဇူလိုင် ၁၉ ရက်၊ စနေနေ့ မနက်။

(၆)

မိုးကစိုစို၊ ကျီးအုပ်ပြို၍
ထိုမှ ဤမှ၊ တို့လမ်းမတွင်
ပျံကြ ဝဲကြ၊ ငရဲထသို့
အုံကြွမြည်အာ၊ မသာယာကို
ငါကြားခဲ့၏၊ မှတ်မိ၏ ။
ထိုနေ့၌ပင်၊ ထိုချိန်ထင်၏
သခင်အောင်ဆန်း၊ပြည်သူ့ပန်းသည်
ပွင့်လန်းခါစ၊ ကြွေလိုက်ရ၏
မြေခသတင်း၊ မိုးကြိုးခွင်းသို့
အိမ်တွင်းအိမ်ပြင်၊ တို့လမ်းခွင်၌
မချင့်မရဲ၊ ဝမ်းနည်းခံခက်
မျက်စိမျက်နှာ၊ ညှိုးကြရှာသည်
ရွာဦးပိုင်းမှ၊ သချိုင်းထိ။ ။

**ရည်ညွှန်း -**

*(၁) ဗမာ့နိုင်ငံရေးသုခမိန် (မောင်ထင်)*
*(၂) နိုင်ငံတော်လုပ်ကြံမှု (ဒေါက်တာမောင်မောင်)*
*(၃) ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ*
*(၄) အောင်ဆန်း (အောင်သန်း)*
*(၅) အောင်ဆန်းတို့မိသားစု (အောင်သန်း)*
*(၆) ကျွန်ုပ်သိသောဗိုလ်ချုပ် (တက္ကသိုလ်နေဝင်း)*
*(၇) အောင်ဆန်းဦးတို့အဖေ (တက္ကသိုလ်နေဝင်း)*
*(၈) ပြောလိုက်ပါဘိ၊ဟောပါဘိ (ဇော်ဂျီ)*


## တရုတ်ပြည် 'Jinan University' မှရန်ကုန်မြို့တွင် 'MBA' ဘွဲ့လွန်သင်တန်းဖွင့်လှစ်ခြင်း

မြန်မာနိုင်ငံတွင် တဟုန်ထိုးတိုးတက်လာမည့်စီးပွားရေးယန္တရားအားအုပ်ချုပ်မည့် ထူးချွန်သော ခေါင်းဆောင်များ စွမ်းရည်မြင့်မားစွာသင်ကြားမွေးထုတ်ပေးရန် တာဝန်ယူသည်။

**"Jinan University"** ၏ **"MBA"** သင်ရိုးညွှန်းတန်းကို တစ်ကမ္ဘာလုံး၏ ၃ခုမြောက်ဖြစ်သော ကမ္ဘာပေါ်တွင်အကျော်ကြားဆုံးအင်္ဂလန်မာစတာ **MBA** အသင်းကော်မတီ **(AMBA)** ၏ အသိအမှတ်ပြုခံရပါသည်။ တရုတ်ပြည်တွင်ရှိသောပဌမမြောက်**(AMBA)** ဖြစ်လာသည်။

**"Jinan University"**သည် တစ်ကမ္ဘာလုံးတွင် အဓိကနိုင်ငံကြီးပေါင်းများစွာမှ အသိအမှတ်ပြုခံရသောကျောင်းဖြစ်သည်။**"Jinan University"** ၏ **"MBA"** ဆရာများတွင် ၈၀% မှာ ပါရဂူဘွဲ့ရရှိထားပြီး ၇၅% မှာ ဥရောပနှင့် အမေရိကန်နိုင်ငံများတွင် သင်ကြားမှုအတွေ့အကြုံရှိသောဆရာများဖြစ်သည်။ **"Jinan University"** မှ **"MBA"** အဆင့်မြင့်သင်တန်းဆရာများကိုယ်တိုင် အင်္ဂလိပ်ဘာသာဖြင့် စာသင်ချိန် '၆၈၄'ချိန် **(Credit Hours 38 ချိန်)** သင်ကြားပို့ချပြီး **"Jinan University" "MBA"** သင်တန်းမှ ခန့်အပ်ထားသည့် မြန်မာဆရာများကစာသင်ချိန်'၁၂၆'ချိန်**(Credit Hours 7 ချိန်)**ကို အင်္ဂလိပ်–မြန်မာ ၂ဘာသာဖြင့်သင်ကြားပို့ချပေးမည်။ ဘာသာရပ်တစ်ခုစီအတွက် စာမေးပွဲဖြေဆို၍ အောင်လက်မှတ် ထုတ်ပေးမည်။ သက်ဆိုင်ရာဘာသာရပ် သင်တန်းပြီးဆုံးသောအခါ သင်တန်းသား တို့သည်စာတမ်းစုံလင်စွာ ပြုစုရေးသားတင်ပြရမည့်အပြင် နှုတ်ဖြေဖြင့်ဖြေဆိုအောင်မြင်ပြီးမှ ဘွဲ့ကိုရယူနိုင်သည်။ ကျောင်းဖွင့်ချိန်မှာ ဩဂုတ်လနှင့် စက်တင်ဘာလတွင်ဖြစ်ပါမည်။ သင်တန်းသားများကို ယခုအချိန်မှစ၍ လက်ခံနေပါသည်။

သင်ကြားမည့်ဘာသာရပ်များ–

**1. Chinese and Burmese General Economics**
**2. Business Chinese & Business English**
**3. Managerial Economic**
**4. Organizational Behavior**
**5. Strategic Management**
**6. Accounting**
**7. Marketing**
**8. Financial Management**
**9. Operations Management**
**10. Human Resource Management**
**11. Management Information System**
**12. Social Practice**
**13. International Business**
**14. Legal and Institutional Environment of Myanmar & China**
**15. Corporate Social Responsibility & Business Ethics** တို့ဖြစ်သည်။

**Contacts : Thin Thin Khine, Ph: 246076, 371549**
**U Nyein, Ph: 388225, 4411780**
**Myanmar Chinese Chamber of Commerce**
**No. 1-5, Shwedagon Pagoda Road, Yangon.**



REDLINK COMMUNICATIONS

## Vacancy Announcement (Local Service Only)

We are one of the leading companies in Information & Communications Technology sector in Myanmar. Now we are searching new staff for REDLINK and its subsidiaries who are looking to join a dynamic company with excellent growth respect. We offer right candidate with good remuneration package and have a chance for future career development. We are looking for qualified and talent applicants to fill the following positions which work located at Yangon. Applicant who is qualified to selection will be reward **by Attractive Salary.**

**Web Designer and Web Developer M/F (3) Post**

Must be B.E(IT), B.C.Sc., B.C.Tech , and BCIS. Experience in **ONE or Two Years** of Web Development in XHTML, CSS, XML, XLS, Java, Java script, SQL, PHP. And Design Applications in Photoshop, Image Ready, Illustrator, Flash, Home Site, Dream Weaver, In Design. Strong technical writing background, interpersonal, team, and project management skills. Ability to adapt to new technologies and applications rapidly.

**Graphic Designer M (1) Post**

- Any Graduate, Age Between 25 ~30 Years
- Must Be Qualified for Photo Shop and Corel Draw, and 3 years'
- Experience in Graphic Design.

Applicant who is interested in above mentioned positions should submit detail experience with recent photo, a copy of NRC, labor registration card, necessary certificates, expected salary to **HR Department, RedLink Communications Co., Ltd. NO. (20) ,Building (B), Mya Yeik Nyo Royal Hotel, Pale Road, Bahan Township, Ph: 551162-64 within 2 weeks. Only those who meet above mentioned requirements will be called for interview.**

# နတ်မောက်မြို့ကောင်းကင်ယံက အလှျံတညီးညီးကြယ်တစ်ပွင့်

မောင်သာချို

(တစ်)

ကမ္ဘာကျော် ရုပ်ရှင်ဒါရိုက်ကြီးတစ်ယောက်ရှိပါသည်။ သူ့နာမည်က စတီဗင်စပီးလ်ဘာ့ဂ် (Steven Spielberg)။ E.T ဆိုသည့် ရုပ်ရှင်ကား၊ Jaws ဆိုသည့် ရုပ်ရှင်ကား၊ Jurassic Park ဆိုသည့် ရုပ်ရှင်ကား၊ Schinler's List ဆိုသည့် ရုပ်ရှင်ကားစသည်ဖြင့် ပရိသတ်အသည်းစွဲရုပ်ရှင်ကားတော်တော်များများကို ရိုက်ကူးခဲ့သော ဒါရိုက်တာကြီးလည်း ဖြစ်ပါ၏။

တပ်သားရမ်းကို ကယ်တင်ခြင်းဟု ဘာသာပြန်ဆိုနိုင်သည့် Saving Private Ryan ရုပ်ရှင်ပြသ၍ အပြီးတွင်ကား အမေရိကန်ပင်တဂွန်စစ်ဌာနချုပ်က စတီဗင်စပီးလ်ဘာ့ဂ်ကို ခေါ်ကာ ညှော့ခံပါသည်။ Distinguished Public Service ဆုတံဆိပ်ကိုလည်း တပ်ပေးခဲ့ပါသည်။

ဘာဖြစ်လို့ လွန်လေပြီးသော အကြောင်းအရာများကို ရုပ်ရှင်ရိုက်ခဲ့ရပါသလဲဟူသော အမေးနှင့် ပတ်သက်၍ သူက. . .

**"ကျွန်တော့် သားသမီးတွေ**
**အတိတ်ကို အလေးထားလာစေဖို့"**

ဟု ဖြေဆိုသွားခဲ့ပါသည်။

အတိတ်။ အတိတ်ကို အလေးထားရလေမတဲ့။ မှန်ပါသည်။ လူ၌ အတိတ်ရှိပါသည်။ အနော်ရထာသည် အတိတ်။ သီပေါမင်းသည် အတိတ်။ သခင်ကိုယ်တော်မှိုင်းသည် အတိတ်။ ဘာတွေလုပ်ခဲ့သလဲ ဘာတွေဖြစ်ခဲ့သလဲသည် အတိတ်။ လူမှန်လျှင်အတိတ်ကို ပြန်ကြည့်ကြစမြဲပဲ ဖြစ်ပါသည်။ တိရစ္ဆာန်တို့၏ ကမ္ဘာ၌ကား အတိတ်မရှိပါလေ။



(နှစ်)

မြန်မာနိုင်ငံ၏ အတိတ်စာမျက်နှာတချို့ကိုပြန်ငဲ့ကြည့်လိုက်သောအခါ အာဇာနည်နေ့ဆိုတာ ပါလာပါသည်။ ယင်းနှင့်အတူဗိုလ်ချုပ်အောင်ဆန်း အမှူးပြုသည့် ဒီးဒုတ်ဦးဘချို၊ မှိုင်းပွန်စော်ဘွားကြီး၊ ဦးရာဇတ်၊ သခင်မြ၊ ဦးဘဝင်း၊ မန်းဘခိုင်၊ ဦးအုန်းမောင်၊ ရဲဘော်ကိုထွေးတို့လည်း ထိုအတိတ်စာမျက်နှာထဲ၌ ပါဝင်လာကြရပါသည်။

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက် စနေနေ့ မနက် ၁၀ နာရီ ၃၇ မိနစ်သည် ထိုအာဇာနည်များကို ရန်ကုန်မြို့ အတွင်းဝန်များရုံးထဲ၌ ရက်ရက်စက်စက် လုပ်ကြံသတ်ဖြတ်ပစ်လိုက်သည့် အတိတ်စာမျက်နှာ တစ်ခုပဲ မဟုတ်ပါလား။

**သြော်. . . တပည့်ရင်းတွေမို့**
**ကဝိ မတင်းနိုင်ဘူးကွဲ့.**
**သတိကင်းကာ**
**မျက်ရည်ကျကျပြီး**

ဆရာကြီး သခင်ကိုယ်တော်မှိုင်းကဖြင့် သူ့မဟာလေးချိုးကြီး တစ်နေရာမှာ သည်လိုပဲ ဖွဲ့ဆိုခဲ့ပါလေသည်။

(သုံး)

ကျွန်တော်တို့သည် ဗိုလ်ချုပ်အောင်ဆန်းကို ငါတွေ့တွေ့ခဲ့ကြရသူများ မဟုတ်ပါ။ စာတွေ့ဖြင့်သာ တွေ့ခဲ့ကြရသူများ ဖြစ်ပါသည်။

ဦးဖာနှင့် ဒေါ်စုတို့၏ သား။ နတ်မောက်ဇာတိ။ ၁၉၁၅ ဖေဖော်ဝါရီ ၁၃ မွေး။ ဇာတာဖွဲ့သူက စနေသားဖြစ်၍ မောင်ထိန်လင်းဟု မှည့်ခေါ်သည်ကို မည်သူကမှ မခေါ်ကြ။ ထို့ကြောင့် ငယ်ငယ်ကတည်းကပင်မောင်အောင်ဆန်း။ စက်ဘီးမစီးတတ်သော မောင်အောင်ဆန်း။ ရေမကူးတတ်သော မောင်အောင်ဆန်း။ အသက် ၇ နှစ် ၈ နှစ်အထိ ကျောင်းမနေခဲ့သော မောင်အောင်ဆန်း။ နတ်မောက်မြို့ဦးသောဘိတ၏ ဒီပက်ရာကျောင်းမှာ စာစသင်ခဲ့သော မောင်အောင်ဆန်း။ ဆယ်တန်းစာမေးပွဲကို ရေနံချောင်းအမျိုးသားကျောင်းကနေအောင်တော့ ပါဠိနှင့် မြန်မာစာ ဂုဏ်ထူးပါခဲ့သော မောင်အောင်ဆန်း။ မိန့်ခွန်းထဲမှာ အာလူးကလေးတစ်လုံးဟု ထည့်ပြောခဲ့သော ဗိုလ်ချုပ်အောင်ဆန်း။

ထိုဗိုလ်ချုပ်အောင်ဆန်း၏ စရိုက်တွေကို ပြန်ကြည့်လိုက်တော့ ဗိုလ်ချုပ်အောင်ဆန်း မဟုတ်ဘဲ အာဇာနည်ခေါင်းဆောင် မဟုတ်ဘဲ သာမန်ရပ်ကွက်ထဲက လူတစ်ယောက်ဖြစ်နေလျှင်လည်း အံ့သြတကြီး လေးစားလောက်စရာ လူတစ်ယောက်ဖြစ်နေသည်ကိုတွေ့မြင်နိုင်ပါသည်။

လူတိုင်းလောက်နီးပါး သိပြီးသားဖြစ်နေသည့် အကြောင်းအချက်လေး တချို့ကို စားမြုံ့ပြန်ပါရစေ။

(လေး)

ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် ရဲဘော်သုံးကျိပ်တို့ ဂျပန်၌ စစ်ပညာသင်ကြားရန် ရောက်နေကြစဉ် တစ်နေ့ တိုကျိုမြို့တွင်နေကြစဉ်အခိုက် ကာနယ်ဆူဇူကီး ခေါ် ဗိုလ်မိုးကြိုးက ပြည့်တန်ဆာနှင့် ပျော်ပါးဖို့ ဗိုလ်ချုပ်အောင်ဆန်းကို စကားခေါ်ပါသည်။ ကာနယ်ဆူဇူကီးသာမက ဂျပန်ထောက်လှမ်းရေးအချို့ကလည်း လာ၍လာ၍ခေါ်ပါသည်။ ဟင့်အင်းတဲ့။ တစ်ဆက်တစ်စပ်တည်း ပြောပါရစေ။

၁၉၄၅ ခု ဖက်ဆစ်ဂျပန်တော်လှန်ရေးအပြီး အင်္ဂလိပ်ပြန်အဝင် ဖ. ဆ. ပ. လ ခေတ်၌ ဖ. ဆ. ပ. လ စည်းရုံးရေးအတွက် ရွှေဘိုမြို့သို့ ရောက်သွားခဲ့ကြရာ ရွှေဘို၌ ရွှေဘိုသူ ညိုညိုစိန်၏ အငြိမ့်ညှော့ခံပွဲအပြီး အငြိမ့်မင်းသမီးအား မြို့မိမြို့ဖများက ဗိုလ်ချုပ်အောင်ဆန်းကို လက်ဆွဲပြီး ကိုယ့်လင်ကိုယ့်သားလို ပရောပရည်လုပ်ဖို့ ဆုငွေပေးပြီး ခိုင်းပါသည်။ ဗိုလ်ချုပ်အောင်ဆန်းက နောက်ဆုတ်ကာ ဟင့်အင်းပြီး ငြင်းဆန်ပုံက "ကျုပ်မှာ ကာမပိုင်နဲ့" တဲ့။ ကိုယ်ကျင့်တရား ထိန်းသိမ်းမှုနှင့် အတူ ဇနီးသည်အပေါ်၌ သစ္စာစောင့်သိပုံများကို တွေ့နိုင်ပါ၏။

ဗိုလ်ချုပ်တို့ မိသားစု ကန်တော်ကြီးစောင်း တာဝါလိန်းအိမ်၌ နေကြစဉ် တစ်နေ့နံနက် အတွင်းဝန်များရုံးသို့ ကားဖြင့်ထွက်အလာ ကန်စောင်းတစ်နေရာ၌ အကြော်တဲတစ်တဲကို တွေ့ရာ အကြော်သည်ယောက်ျား၌ အနွေးအကျီမရှိသည်ကို တွေ့သောအခါ ဆောင်းတွင်းကြီး ခိုက်ခိုက်တုန်အောင် ချမ်းအေးပါလျက် ဘာကြောင့် မဝတ်လေသလဲဟု လေးငါးခြောက်ရက် စဉ်းစားပြီးဖြစ်နေသော ဗိုလ်ချုပ်သည် ကားကို ထိုးရပ်ခိုင်းပြီး အကြော်တဲရှိရာဆီသို့ ဆင်းသွား၊ သူဝတ်ထားသည့် အနွေးအကျီကို အတင်းချွတ်ပေးခဲ့သဖြင့် အကြော်သည်လင်မယားခမျာ မျက်ရည်လည်ရွဲနှင့် ကျန်ရစ်ခဲ့ရလေသတဲ့။ ကရုဏာကြီးသော ယောက်ျားတစ်ယောက်၏ ပုံရိပ်ကို ဖမ်းယူနိုင်ပါ၏။

ဂျပန်ခေတ် မြန်မာ့တပ်မတော်ကို ဗမာ့လွတ်လပ်ရေးတပ်မတော် (B.I.A) မှနေ၍ ဗမာ့ကာကွယ်ရေးတပ်မတော် (B.D.A)သို့ ပြောင်းပေးခဲ့ရပြီး ဗိုလ်ချုပ်သည် ဗိုလ်မှူးကြီး အဆင့်အတန်းဖြင့် တပ်မတော်အကြီးအကဲဘဝ ပျဉ်းမနားစစ်ဌာနချုပ်၌ နေရစဉ် တပ်မတော်သားအချို့က ဗိုလ်ချုပ်မရှိဘူးအထင်နှင့် ယူနီဖောင်းများက ညံ့ဖျင်းကြောင်း၊ လူပုံအလယ်တွင် သားသားနားနား ကြွားကြွားရွှားရွှား မရှိကြောင်း ရှုံ့မဲ့ပြောဆိုလျက်ရှိကြရာ ဗိုလ်ချုပ်ကြားလေသော် သူ့ရုံးခန်းထဲသို့ အားလုံးကိုခေါ်ပြီး သူကိုယ်တိုင် စုတ်ပြတ်သတ်နေသည့် ဝတ်စုံဖြင့် အလုပ်လုပ်နေရသည်ကိုပြကာ ပြည်သူလူထု ဒုက္ခရောက်နေချိန်တွင် ကြွကြွရွရွ ဝတ်စားမော်ကြွားချင်သည့် စိတ်ကို ရှုတ်ချလျက် တပ်ကထွက်သွားကြဖို့ ပြောခဲ့လေသတဲ့။ တစ်ဆက်တစ်စပ်တည်း ပြောရလျှင် ဂျပန်ခေတ် ဂျပန်သံအမတ်အိမ်က ထမင်းစားဖိတ်၍ ဗိုလ်ချုပ်တို့ သွားရောက်စားသုံးကြရသည်။ ဝတ်စုံပြည့်ဝတ်ကာ သုံးဆောင်ကြစဉ် ပူအိုက်လှသောကြောင့် ချွေးများရွှဲနစ်နေအောင် ထွက်လာကြရာ အကျီချွတ်ကာ လွတ်လွတ်လပ်လပ်စားကြဖို့ ခွင့်ပေးသဖြင့် ချွတ်လိုက်ရာ စစ်ဝတ်စုံအောက် ဗိုလ်ချုပ်၏ စွပ်ကျယ်အကျီမှာ မြင်၍ မကောင်းအောင် အစုတ်စုတ် အပြတ်ပြတ်တဲ့။ ဖ. ဆ. ပ. လ ခေတ် လွတ်လပ်ရေး ရလုလုအချိန် အောင်ဆန်း၊ အက်တလီ စာချုပ်ချုပ်ဆိုရန် အင်္ဂလန်သို့ အသွား နယူးဒေလီရှိ ဝန်ကြီးချုပ်မဖြစ်သေးသူ နေရူးထံသို့အဝင် နေရူးက လန်ဒန်တွင် အဝတ်အစားအနေအထိုင် စနစ်တကျရှိစေဖို့ အပါးတော်မြဲ ဗိုလ်ထွန်းလှကိုမှာရပါသည်။ ဈေးဘုရင်၏ ထမင်းစားပွဲကိုတက်ဖို့ ဘဏ္ဍာစိုးဆာစတက်ဖို့ခရစ်ထံမှ တစ်ဆင့်ဖိတ်ကြားလာသောအခါ လည်စီးကအစ စနစ်တကျ စည်းရနှောင်ရ ဝတ်စားပြင်ဆင်ရလေသောအခါ ဗိုလ်ချုပ်အကြီးအကျယ် စိတ်ပျက်နေခဲ့လေသတဲ့။ အဆောင်အယောင် ပကာသနတွေကြားမှာ မွေ့လျော်မှု မရှိသော သူ၏ စိတ်ကို အကဲခတ်နိုင်ပါ၏။

၁၉၄၅ ခု ဖက်ဆစ်တော်လှန်ရေးအပြီး တပ်မှထွက်၍ ဖ. ဆ. ပ. လ ခေါင်းဆောင်အဖြစ် ရှိနေစဉ် တစ်နေ့တာဝါလိန်းအိမ်တွင် ရှိနေခိုက် ရှမ်းအမျိုးသားကြီး တစ်ယောက် ရောက်လာကာ မိသားစုသုံးဖို့ ရွှေချောင်းများ လာပေးပါသည်။ ဖ. ဆ. ပ. လ သို့ သပ်သပ်လှူဒါန်းခဲ့ပြီးဖြစ်၍ ပုဂ္ဂိုလ်ရေးပေးခြင်းကို လက်ခံရန် တောင်းပန်နေရာ ဗိုလ်ချုပ်က ယင်းကိုလက်ခံပြီး အလှူရှင်ပြန်သွားသော် ဖ. ဆ. ပ. လ ဘဏ္ဍာရေးမှူး မြန်မာ့အလင်း ဦးတင်ထံသို့ ပို့ဆောင်လိုက်ပါသည်။ ကိုယ်ကျိုးမရှာအတ္တနည်းပါးလှစွာသော လူတစ်ယောက်၏ စိတ်ထားအကြည်ကို မယုံကြည်လောက်စရာအံ့သြမှုနှင့် တွေ့နိုင်ပါ၏။

အာဏာရ ဖ. ဆ. ပ. လ ခေါင်းဆောင်အဖြစ် တာဝန်ထမ်းဆောင်နေစဉ်မှာပဲ ရုပ်ရှင်ကြည့်ဖို့ အပါးတော်မြဲဗိုလ်ထွန်းလှကိုခေါ်ကာ ယခုကုန်သည်ကြီးများဟိုတယ်နေရာက ပလေဒီယမ်ရုံသို့ သွားပါ၏။ တစ်မတ်တန်း၊ ငါးမူးတန်း၊ တစ်ကျပ်တန်း၊ နှစ်ကျပ်တန်းဟူ၍ ရှိရာ ပိုက်ဆံမရှိ၍ ငါးမူးတန်းက ဝင်ကြည့်ကြပါ၏။ ရုံမန်နေဂျာ ဦးမြဟန်သိသော် သီးသန့်အခန်းထဲကနေ လာကြည့်ဖို့ ဖိတ်ခေါ်ပါ၏။ ဗိုလ်ချုပ်က တွန့်ဆုတ်တွန့်ဆုတ်။ သူတောင်းကိုယ်ဆို၊ ဆန်ပေးဆေးယူ အမှုအကျင့်တွေကို စိုးရိမ်လို့တဲ့။ အဂတိတရားလေးပါး မဖြစ်အောင် ကင်းကင်းနှင့် ရှင်းရှင်းနေလိုသော စိတ်ဓာတ်ကို သတိပြုမိနိုင်ပါ၏။

သမီးကို နားကပ်ကလေးပန်ပေးချင်လို့ အမေစုဆီပြန်ကာ အမွေတောင်းသည်ဆိုသော ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်ချုပ်နှင့်တကွ မိမိတို့ပါ ဆန်ကောင်းကောင်းစားရဖို့ ရဲဘော်တို့က ဆန်အိတ်များ အလှူခံထားသည်ကို သိသွားလေရာ ထိုဆန်အိတ်များ အိမ်မှာ မထားဖို့ အမိန့်ပေးလေသော ဗိုလ်ချုပ်အောင်ဆန်း စသည်စသည်ဖြင့် ဗိုလ်ချုပ်၏ ပုံရိပ်များကို စာရေးဆရာပေါင်းများစွာ စာမျက်နှာပေါင်းများစွာပေါ်မှာ စာဖတ်ပရိသတ် အပေါင်းက ကောင်းကောင်းကြီး ဖတ်ရှုထားကြပြီးသား ဖြစ်ကြပါလိမ့်မည်။

(ငါး)

ဆရာတက္ကသိုလ်ဘုန်းနိုင်၏ နာမည်ကျော် "သူ့ကျွန်မခံပြီ" ဝတ္ထုအဆုံးသတ်တွင် သီပေါမင်းပါတော်မူပြီးနောက် သူ့ကျွန်ဘဝမှ လွတ်မြောက်အောင် ရုန်းကန်ကြပုံများအကြောင်း ရေးဖွဲ့ရင်း ဗိုလ်ကျော်ခေါင်နှင့် ဗိုလ်သူရိန်တို့ စကားပြောခန်းဖြင့် အဆုံးသတ်ထားခဲ့ရာ ဤသို့ဖြစ်ပါသည်။

"နောက်ကို ပြန်မတွေးနဲ့တော့
သွေးသောက်ရယ်. . . ရှေ့ကို
သာ ချီကြစို့ရဲ့. . . ဟော. . .
ဟိုနတ်မောက်ဆီက. . .
ထွန်းတောက်လာတဲ့
ကြယ်တစ်ပွင့်ဟာ
သွေးသောက်တို့ ကျုပ်တို့ရဲ့
အနာဂတ်ကြယ်မင်းပင်မဟုတ်
လေလော" တဲ့။

အော်. . . နတ်မောက်ဆီက ထွန်းတောက်လာတဲ့ ကြယ်တစ်ပွင့်တဲ့။ တောင်တွင်းကြီး- ကျောက်ပန်းတောင်းရထားနဲ့ နတ်မောက်မြို့ကို ဖြတ်သန်းရလေတိုင်း မကွေး-ပျော်ဘွယ်ကား လမ်းကနေ နတ်မောက်ကိုဖြတ်ရလေတိုင်း အတိတ်လည်းရှိခဲ့၊ ရှိသောအတိတ်ကလည်းလှခဲ့သည့် မြို့ကလေးကိုကျွန်တော် ဦးညွှတ်မိပါကြောင်း။ ။


# Opinion

7 ရ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.11, No.19 • JULY 19 , 2012

7 ရ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ ကျော်မျိုးဦး |
| စာပြင်အယ်ဒီတာ | လှထွဋ်ဦး |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ယုဇနကိုကို၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ မြတ်စုမွန်၊ အေးသူစံ၊ သန်းဌေး၊ ဇာဇာနို၊ သန်းထူး |
| သတင်းထောက်များ | ကျော်သီဟ၊ ကိုကိုကြီး၊ အေးမြတ်သူ၊ ကြူကြူဟန် |
| အငယ်တန်းသတင်းထောက် | ရန်မျိုးနိုင်၊ ခိုင်ထွန်း၊ အေးမင်းထက်၊ ချယ်ရီမြင့်၊ အောင်ခိုင်မောင်၊ မင်းဟိန်းကျော်၊ ခင်ငြိမ်းချမ်းစိုး၊ ခိုင်ချို့နွယ် |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော် |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| ဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| လက်ထောက်ဒီဇိုင်နာ | နွယ်မွန်ဖြိုး |
| ကွန်ပျူတာစာစီ | စန်းစန်း၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်၊ ဇော်ဝင်းအောင် |
| သရုပ်ဖော် | စိုးသော်တာ |
| ပြင်ပဆက်သွယ်ရေး | သက်ပိုင်ဒွေး |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင် |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊ နှင်းဝေဝေ |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် |
| ပုံနှိပ်စက် | သုဝဏ္ဏသိင်္ဂီပုံနှိပ်တိုက် |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၀,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre (G-12)
မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၀၀၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com
Hotline : 0973032006



# အားလုံးနိုင်အောင် ပြိုင်ကြပါ

ရွှေဖြိုးမောက်

(၁)

ပြိုင်လည်း ပြိုင်စေချင်ပါသည်။ နိုင်လည်း နိုင်စေချင်ပါသည်။

(၂)

မြန်မာပြည်ထောင်စုသည် ပြီးခဲ့သည့်တစ်နှစ်ကျော်ကာလအတွင်းမှာ ကမ္ဘာကပင် ချီးကျူးလေးစားမှုများ ဖော်ပြကြရသည်အထိ ပြောင်းလဲတိုးတက်ခဲ့ပါသည်။ စိုးရိမ်မှုများ၊ သံသယစိတ်များ ရာနှုန်းပြည့် မစွန့်လွှတ်နိုင်သေးသော်လည်း ပြည်သူအများစုမှာ အခြေအနေတစ်ရပ်အထိ ကျေနပ်မှုအဦးအစအနေအထားများကို စတင် ခံစားနေကြရပြီဖြစ်ပါသည်။ ဤအခြေအနေတွင် ပြည်သူများ၏ အသိတရားရှိရှိ ပါဝင်ပူးပေါင်းမှု လွန်စွာလိုအပ်သလို အစိုးရအဖွဲ့အသီးသီးနှင့် စီမံခန့်ခွဲသူများ၏ ဦးဆောင်အကောင်အထည်ဖော်မှုမှာလည်း များစွာအရေးပါလှပါသည်။ နိုင်ငံသားတိုင်း၏ အခန်းကဏ္ဍသည် လုပ်ဆောင်နိုင်စွမ်းရည်နှင့် အခွင့်အာဏာရှိလျှင်ရှိသလောက် ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင်သာမက ပြည်ထောင်စုထိအောင် အကျိုးသက်ရောက်စေပါသည်။ ပြည်သူနှင့် အစိုးရ၊ အစိုးရနှင့်ပြည်သူ အပြန်အလှန်ယုံကြည်မှု၊ ချစ်ခင်လေးစားမှု၊ တစ်သားတည်းဖြစ်မှုရှိမှသာလျှင် ပြည်ထောင်စုခရီး ရှေ့သို့ မြန်မြန်ရောက်မှာ သေချာပါသည်။

ဤနေရာတွင် ဒီမိုကရေစီကျင့်ထုံးနှင့်အညီ မိမိတို့တိုင်းပြည်အတွက် မိမိတို့ကိုယ်တိုင် အားတိုက်လုပ်ဆောင်ကြရပေမည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ပိုင်းခြားကျင့်သုံးခွင့်ပေးထားသည့် လွှတ်တော်နှင့် အစိုးရများသည် ပြည်သူနှင့် ပို၍နီးစပ်မှုရှိရပါမည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးများ ဖွံ့ဖြိုးစေရန်အတွက် သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများတွင်သာ ပြည်ထောင်စုအစိုးရထက် ပို၍တာဝန်ရှိပါသည်။ နိုင်ငံတစ်ခု ကြီးပွားဖွံ့ဖြိုးရေးအတွက် အခြေခံအကြောင်းအရင်း သော့ချက်များအနက် ဒီမိုကရေစီနည်းကျ နိုင်ငံရေးရေခံမြေခံများတည်ဆောက်ခြင်း၊ စီးပွားရေးဆိုင်ရာ မူဝါဒများ ပြုပြင်ပြောင်းလဲခြင်းများနှင့်အရပ်ဘက်လူ့အဖွဲ့အစည်းများ ရှင်သန်အားကောင်းရေးတို့အတွက် ပြည်ထောင်စုအစိုးရက အားတက်သရော ကြိုးပမ်းလျက်ရှိပါသည်။

ထိုအခြေအနေတွင် သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများသည် ယခင် စနစ်ဟောင်း၊ အစိုးရဟောင်းကဲ့သို့ လက်သင့်ရာ စားတော်ခေါ် ဝါဒနှင့် ဆွေမျိုးသားချင်း ကောင်းစားရေးဝါဒကို တွင်ကျယ်စွာ ကျင့်သုံးနေကြသေးကြောင်း မီဒီယာများကမီးမောင်းထိုးပြလျက်ရှိပါသည်။ ပြည်သူအများ သက်သောင့်သက်သာရှိစေရေးနှင့် ပြည်သူ့အကျိုးစီးပွားကို စောင့်ရှောက်မြှင့်တင်ပေးရန် ရွေးရှုစီမံဆောင်ရွက်ကြရမည့် အစိုးရအဖွဲ့အစည်း၊ လူကြီးမင်းအချို့သည်ပြည်သူ့အကြောင်းကိုမသိ၊ ပြည်သူ့အကြောင်းကို မလေ့လာ၊ ပြည်သူနှင့် ကင်းကွာလျက်ရှိနေပါသည်။

သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများသည် ပြည်ထောင်စုအစိုးရနှင့် ပြည်သူလူထုကို ပေါင်းစပ်ပေးကြရမည့် အစား ဝေးသည်ထက်ဝေးအောင် မပြုလုပ်မိရန် အထူးအရေးကြီးပါသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးများ၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာအဆင့်ရှိ အာဏာသုံးရပ်နှင့်ထိစပ်နေသူများသည် ဖွဲ့စည်းပုံအခြေခံဥပဒေကိုယုံကြည်သက်ဝင်ရန်၊ အမျိုးသားရေးအကျိုးကို ရှေ့တန်းတင်ရန် အမှန်ပင်လိုအပ်ပါသည်။ အခြေခံပြည်သူအများစုနှင့်နီးစပ်ကြရပါမည်။ အစိုးရနှင့် ပေါင်းစပ်ပေးကြရပါမည်။ နိုင်ငံတကာနှင့် ချိတ်ဆက်ပေးကြရပါမည်။

မျက်နှာကြီးရာ ဟင်းဖတ်ပါမလုပ်မိစေရန်၊ ပြည်သူလူထုကို မညာမိစေရန်၊ ဟန်ပြရုံသက်သက် အမှန်အတိုင်းမဟုတ်သော လိမ်ညာဖန်တီးထားသည့်စာရင်းဇယားကိန်းဂဏန်းများဖြင့် အရေးအတွက်ကိုဦးစားပေးသည့်စနစ်အား ဖက်တွယ်မထားမိစေရန် လိုအပ်ပါသည်။

ယခုအချိန်သည်နေရာတိုင်း၊ ကဏ္ဍတိုင်း အဖွဲ့အစည်းအဆင့်ဆင့်တိုင်းအတွက် အမျိုးသားသူရဲကောင်းများ ပေါ်ထွက်ရန် အခါကောင်းဖြစ်နေပါသည်။ လုပ်ပိုင်ခွင့်ရှိလျှင် ရှိသလောက်၊ သူရဲကောင်းဖြစ်နိုင်ခွင့် အလားအလာပို၍ပို၍ရှိနေပါသည်။ ထိုသူများအတွက် အဓိကလိုအပ်ချက်မှာ အမျိုးသားကောင်းစားရေး ရှေးရှုလျက် လုပ်ချင်ကိုင်ချင်သည့် စိတ်ကောင်းစိတ်မြတ်ပင်ဖြစ်ပါသည်။ အမျိုးသား သူရဲကောင်းများအဖြစ်ရောက်ရှိရန်အတွက် အားလုံးတွင် အခွင့်အလမ်းများ ရှိလို့နေပါသည်။

ခေတ်မီလှပ၍ ငြိမ်းချမ်းဖွံ့ဖြိုးသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအား တည်ဆောက်လျက်ရှိရာတွင် နိုင်ငံသူ၊ နိုင်ငံသားအားလုံး ကျရာကဏ္ဍမှ ပါဝင်ယှဉ်ပြိုင်ကြိုးစားသင့်ပါသည်။ မိမိအပါအဝင် မိမိမိသားစုနှင့်တကွ ပတ်ဝန်းကျင်၊ အဖွဲ့အစည်း၊ မြို့ရွာ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများ အလိုက် ကောင်းမွန်မှန်ကန်သော ရည်မှန်းချက်များနှင့်အတူ အနိုင်ရရှိအောင် ပြိုင်ပွဲဝင်ကြရပါမည်။ အစိုးရ အဖွဲ့အစည်းအသီးသီးရှိ စီမံအုပ်ချုပ်သူများမှာ ပြည်သူအတွက်၊ နိုင်ငံအတွက် ကြီးလေးသောတာဝန်များစွာရှိပါသည်။ ပြည်သူများ၏ ယုံကြည်မှုရရှိစေရန်လုပ်ပြကြရပါမည်။ အများစုသော အခြေခံပြည်သူများ၏ အခက်အခဲများကိုအတတ်နိုင်ဆုံး ပြေလည်ရလေအောင်စွမ်းဆောင်ပေးကြရပါမည်။ အားလုံး အနိုင်ရရှိအောင် အတူပြိုင်ပွဲဝင်ရေးအတွက် ပြည်သူများ ပါဝင်လာရန် စည်းရုံးကြရပါမည်။ အခြေခံပြည်သူများအနေဖြင့် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းစဉ်ဆောင်ရွက်ချက်များကို နားလည်သဘောပေါက်ရန် လိုအပ်သကဲ့သို့ နိုင်ငံတော်တွင်ဖြစ်ပေါ်နေသည့်ပြောင်းလဲမှုအလုံးစုံကိုလည်း မျက်ခြည်မပြတ်သိရှိရန်လိုအပ်ပါသည်။ အုပ်ချုပ်သူများအနေဖြင့်လည်း ပြည်သူများ၏ ပကတိအခြေအနေကို အမှန်အတိုင်း သိရှိရန်လိုအပ်ပါသည်။ အရေးအကြီးဆုံးမှာ လက်တွေ့ကျဖို့ပင် ဖြစ်ပါသည်။ သို့မှသာအားလုံးနှင့်ဆိုင်သည့် ပြိုင်ပွဲသည် ပြိုင်တူအနိုင်ရရှိခြင်းဖြင့် အဆုံးသတ်နိုင်မည်ဖြစ်ပါသည်။

ဉပမာအနည်းငယ်မျှ ဆိုချင်ပါသည်။ ၂၀၁၀ ရွေးကောက်ပွဲပြီးကာလ၊ ၂၀၁၁ နွေရာသီတွင် အညာကျေးလက်ဒေသမှအသက်ခုနစ်ဆယ်ကျော် အဘအိုတစ်ဦးနှင့် ခေတ္တမျှ စကားဆိုမိပါသည်။ ပြောရင်းဖြင့် ကျောင်းဆရာများအကြောင်းရောက်သွားပါသည်။ ထိုအခါ အဘအိုကပြောပါသည်။ "ကျောင်းဆရာတွေလည်း အနန္တငါးပါးဝင်တွေသာဖြစ်တာ။ အခုတော့ ညာတတ်ကုန်ပြီနော်" တဲ့။

ပြီးခဲ့သည့် ရွေးကောက်ပွဲတွင် ကျောင်းဆရာ၊ ဆရာမများ မဲရုံမှူးလုပ်ကြရပြီး မဲစာရင်းရလဒ်များအပေါ် ရည်ညွှန်းသည့်ဟန်ဖြင့် အဘအိုကပြောပြနေခြင်းဖြစ်ပါသည်။ နောက်တစ်ခုက ပြီးခဲ့သည့်ဇွန်လကုန်က တွေ့ကြုံခဲ့ရသည့်ကိစ္စတစ်ခုဖြစ်ပါသည်။ နိုင်ငံ့ဝန်ထမ်းတစ်ယောက်က အခြားသူများ ဝိုင်းဖွဲ့စကားပြောနေသည့်နေရာမှ နားစွန်နားဖျားကြားကာ နားမလည်သည့်ဟန်ဖြင့် မေးမြန်းနေပါသည်။ "အခု ပြောနေကြတာ ဘာအကြောင်းလဲ။ ရခိုင်ပြည်နယ်လို့ကြားပါတယ်။ အဲဒီ ရခိုင်ပြည်နယ်ဆိုတာကို လူတိုင်းပြောနေကြသလိုပဲ"ဟု မေးသည့်အခါ ကျန်သူများမှာ အံ့အားသင့်ကာ ဖြစ်သွားကြရပါသည်။ ထိုသို့သော နိုင်ငံသားများ အမိမြန်မာနိုင်ငံမှာ မည်မျှရှိမည်နည်း မသိနိုင်ပါ။

အမိမြန်မာနိုင်ငံ၏ ဒီမိုကရေစီပြိုင်ပွဲသည်နိုင်ငံသူ၊ နိုင်ငံသားအားလုံးနှင့် သက်ဆိုင်ပါသည်။ ပြိုင်ပွဲသည် အားလုံးအတွက်ဖြစ်သကဲ့သို့ ပြိုင်ပွဲအတွက် အားလုံးတွင် တာဝန်အပြည့်ရှိပါသည်။ ပြိုင်ပွဲတွင် မမျှော်လင့်နိုင်သော အခက်အခဲ၊ အတားအဆီးများသာမက ပြိုင်ပွဲဝင်သူများ၏ အနှောင့်အယှက်များကို မလွဲမသွေ ရင်ဆိုင်ကြရပါလိမ့်မည်။ ထို့အပြင် ပြိုင်ပွဲတွင် မပါဝင်လိုသူများမှာမူ နောက်ချန်ရစ်ကာ နေရစ်ပေလိမ့်မည်။ အချို့သူများ အနိုင်ရရှိနေချိန်တွင် အချို့သူများမှာမူ ကျန်ရစ်နေပေဦးမည်။ အချို့ မြို့နယ်များ အနိုင်ရရှိနေချိန်တွင် အချို့မြို့နယ်များမှာမူ ကျန်ရစ်နေပေဦးမည်။ အချို့ အဖွဲ့အစည်းများ အနိုင်ရရှိနေချိန်တွင် အချို့အဖွဲ့အစည်းများမှာမူ ကျန်ရစ်နေပေဦးမည်။ အချို့ပြည်နယ်နှင့် တိုင်းဒေသကြီးများ အနိုင်ရရှိနေချိန်တွင် အချို့ပြည်နယ်နှင့်တိုင်းဒေသကြီးများမူ ကျန်ရစ်နေပေဦးမည်။ သေချာသည်မှာ ဤသို့သော အခြေအနေအား ပြည်ထောင်စုကြီးတစ်ခုလုံး အနိုင်ရရှိပြီဟု ခေါ်ဆိုနိုင်မည်မဟုတ်ပေ။ ပြည်ထောင်စုကြီးတစ်ခုလုံးတွင် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည့်ကဏ္ဍပေါင်းစုံကိစ္စရပ်များတွင် စစ်မှန်သောအနိုင်ရရှိမှုများ ဖြစ်ထွန်းအောင်မြင်မှသာလျှင် အမိမြန်မာနိုင်ငံတော်သည် ထာဝရငြိမ်းချမ်းသာယာပျော်ရွှင်ဖွယ်ကောင်းသော အနေအထားသို့ ရောက်ရှိမည်ဟု သာဆိုလိုက်ချင်ပါသည်။ ။

Business
7 DAY NEWS JOURNAL
Vol.11, No.19 • JULY 19 , 2012

# ကြွေးဆုံးများသော်လည်း လယ်မြေများကို သိမ်းမည်မဟုတ်ဟု ဆန်စပါးအထူးပြုကုမ္ပဏီကြီး နှစ်ခု ကတိပြုပြောကြား

**သန်းငွေး**

**ရန်ကုန်၊ ဇူလိုင်-၁၂**

လယ်သမားများအား စိုက်ပျိုးစရိတ် ချေးငွေထုတ်ချေးပေးနေသော ဆန်စပါးအထူးပြု ကုမ္ပဏီကြီးများအနေဖြင့် အကြွေးဆုံးမှုများဖြစ်ပေါ်နေသော်လည်း လယ်သမားများ ပိုင်ဆိုင်သော လယ်ယာမြေများကိုသိမ်းယူမည်မဟုတ်ကြောင်း ကုမ္ပဏီကြီးနှစ်ခုက ကတိပြုပြောကြားလိုက်သည်။

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ၂၀၀၉ ခုနှစ်မှ စတင်ဖွဲ့စည်းခဲ့သော ဆန်စပါးအထူးပြုကုမ္ပဏီ ၅၇ ခုထဲတွင် ယခုနှစ်မိုးစပါးစိုက်ပျိုးရာသီဖြစ်သောဇူလိုင်လဝက်အထိ ကုမ္ပဏီ ၁၂ ခုသာ တောင်သူလယ်သမားများအား ပိုက်ဆံထုတ်ချေးပေးနိုင်သေးကြောင်း သတင်းရရှိသည်။



မိုးစပါးအတွက် ထွန်ရေးပြင်နေသော တောင်သူတစ်ဦး ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

"အခု မဟုတ်ဘူး၊ ကျွန်တော်သေတဲ့ အထိ ကတိပေးတယ်။ လယ်တစ်ကေမှ သူများဆီကလည်း မယူဘူး။ ကိုယ့်ထက်မရှိတဲ့လူတွေဆီကနေ ငါးပြားမှလည်း မယူဘူး။ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးကောင်းဖို့ပဲ လုပ်မယ်။ စေတနာလည်းထားတယ်။ ကတိလည်းပေးတယ်။ ဘယ်တော့မှလည်း လုပ်မှာ မဟုတ်ဘူး။ နောက်ဆုံးကိုယ့်ရှိတာတောင် သူများပေးဖို့ စဉ်းစားတာ၊ သူများမရှိတဲ့လူဆီက ယူဖို့ဆိုတာတစ်သက်လုံး မစဉ်းစားဘူး" ဟု မက်စ်မြန်မာ ကုမ္ပဏီဥက္ကဋ္ဌဦးဇော်ဇော်က ပြောကြားသည်။

အလားတူ ကဥ္စနကျွန်းသာ ကုမ္ပဏီဥက္ကဋ္ဌ ဦးချစ်ခိုင်ကလည်း အထူးပြုကုမ္ပဏီများနှင့် လယ်သမားများ ပူးပေါင်းကာ ကန်ထရိုက်လယ်ယာစနစ် အကောင်အထည်ဖော်ဆောင်ရန်အတွက်သာ ရည်ရွယ်ထားပြီး လယ်သိမ်းရန်အစီအစဉ်မရှိကြောင်း ဇူလိုင် ၁၂ ရက်က

စာ(၃၄)သို့

# မော်တော်ဆိုင်ကယ်တင်သွင်းမှု ၁၅ လအတွင်း ဒေါ်လာသန်း ၆၀ ကျော်ရှိခဲ့

**ထူးသန့်**

**နေပြည်တော်၊ ဇူလိုင် - ၁၂**

သွင်းကုန်အစားထိုးရန် ရည်ရွယ်၍ ပြည်တွင်းလုပ်ငန်းရှင်များအား ထုတ်လုပ်ဖြန့်ဖြူးရန် ခွင့်ပြုခဲ့သော်လည်း၁၅လအတွင်း အမေရိကန်ဒေါ်လာသန်း ၆၀ကျော်ဖိုး တင်သွင်းခဲ့ရကြောင်း သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်းက စီးပွား/ကူးသန်းဝန်ကြီးဌာနကို ကိုးကား၍ ပြောကြားသည်။

"စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်ကနေစပြီး ဆိုင်ကယ်ကို သွင်းကုန်လိုင်စင်ပြုလုပ်စေပြီး တင်သွင်းခွင့်ပြုခဲ့တယ်။ ၂၀၁၀-၂၀၁၁ ခုနှစ်က ဒေါ်လာ ၁၅ ဒသမ ၄ သန်းဖိုး ခန့်တင်သွင်းခဲ့ပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာတော့ ဒေါ်လာ ၄၇ ဒသမ ၈၄ သန်းဖိုး တင်သွင်းခဲ့ပါတယ်"ဟုမော်တော်ဆိုင်ကယ်ဝင်ရောက်မှုကို ယင်းက ဆွေးနွေးပြောကြားခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့်ဇွန်လမှစ၍ တရားမဝင်ရောက်ရှိနေသော လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များအား လေးလတာကာလဖြင့် လိုင်စင်များ ထုတ်ပေးလျက်ရှိကြောင်း၊ နယ်စပ်မှ တရားဝင်ရောင်းချနိုင်ရေးအတွက်လည်း စီး/ကူး၊ဘဏ္ဍာ/အခွန်၊ ရထားဝန်ကြီး ဌာနများ ပေါင်းစပ်၍ ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

နေပြည်တော်၌ မြို့တော်အင်္ဂါရပ်နှင့်အညီဖြစ်စေရန် ယခင်က မော်တော်ဆိုင်ကယ် အသုံးပြုခွင့်ကန့်သတ်ရန် စီစဉ်ခဲ့ဖူးသော်လည်း ယခုအကြိမ် လိုင်စင်ထုတ်ပေးရာတွင်မူ နေပြည်တော်လိပ်စာဖြင့် တရားဝင်ပြန်လည်ထုတ်ပေးလျက်ရှိကြောင်းလည်း ဦးသန့်ရှင်း၏ ရှင်းလင်းဆွေးနွေးချက်အရ သိရသည်။

အထက်ပါအကြောင်းအရာကို ပြည်သူ့လွှတ်တော်အစည်းအဝေး သတ္တမနေ့တွင် ဒုတိယဝန်ကြီးက ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၈၇၄ | ၈၈၅ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၇၄ | ၈၈၅ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၆၈၇ | ၆၉၉ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၀၆၆ | ၁၀၈၄ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၇. ၃ | ၂၇. ၄ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၃၄ | ၁၃၆ | ကျပ် |
| ၁ ယူနစ် (ပို့ကုန်ရငွေ) | ၈၇၉ | ၈၈၀ | ကျပ် |

၂၀၁၂ ဇူလိုင် ၁၄ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၄၁၉ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၈၁၆၁ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၇၉. ၁၄ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၃၇၈၉ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၅. ၁၄ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၆၄၇ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၄၇. ၄၆ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၁၈၂၅ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၁. ၆၅ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၄၄၀. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၈၃၅. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၁. ၉၄ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅၇ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၀. ၉၇၆၉ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၅၄၅ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၁၄၂ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၂. ၅၅၇၅ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၈ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁,၅၉၂. ၀၀၀ |
| ရေနံစိမ်း | စည် | ၁၀၂. ၄၀၀ |
| ငွေ | ၁ အောင်စ | ၂၇. ၃၆၉ |
| ကြေးနီ | ပေါင် | ၃၅၀. ၄၀၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၂. ၈၇၄ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၂ ဇူလိုင် ၁၄ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။



7 DAY NEWS JOURNAL
Vol.11, No.19 • JULY 19 , 2012

# ၂၅ မှတ်ဆန် နိုင်ငံတကာဝယ်လက်များက ဝယ်ယူရန်ကမ်းလှမ်းမှု ပြန်လည်မြင့်တက်

**အောင်သူရ**
**ရန်ကုန်၊**
**ဇူလိုင် - ၁၁**

မြန်မာနိုင်ငံမှ ၂၅ မှတ်ဆန်အား အာဖရိကအပါအဝင်ပြည်ပနိုင်ငံများမှဝယ်လက်များကဝယ်ယူရန်ကမ်းလှမ်းမှုနှင့် လေ့လာမှုများပြန်လည်မြင့်တက်လာကြောင်း မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်ကပြောသည်။

"အဓိကကတော့ အာဖရိကဝယ်လက်တွေ လှုပ်လာတာ။ ဒီလထဲမှာ တန် ၅,၀၀၀ တင်ဖို့ရှိတယ်။ ပြီးရင် တန်ချိန်တစ်သောင်းထပ်တင်မယ်"ဟု ဦးရဲမင်းအောင်က ပြောသည်။

ထိုကဲ့သို့ မြန်မာနိုင်ငံမှ ဆန်ဝယ်ယူရန် ပြန်လည်စိတ်ဝင်စားလာရခြင်းမှာ အိန္ဒိယငွေကြေးပြန်မာလာခြင်းနှင့် အိန္ဒိယနိုင်ငံရွှေကောက်ပွဲနီးနေခြင်းတို့ကြောင့် ဈေးအပြောင်းအလဲဖြစ်နိုင်သဖြင့် မြန်မာနိုင်ငံမှ ဆန်အားဝယ်ယူရန် ပြန်လည်စိတ်ဝင်စားလာခြင်းဖြစ်ကြောင်း ဆန်တင်ပို့နေသူ ကိုမျိုးသူရအေးကပြောသည်။

၂၀၁၂ ခုနှစ်ဆန်းပိုင်းမှစ၍ ဆန်ကိုအိန္ဒိယနိုင်ငံမှထုတ်ရောင်းသဖြင့် မြန်မာနိုင်ငံမှ ဝယ်ယူနေသော ကုန်သည်တော်တော်များများသည်ဈေးနှုန်းသက်သာသော အိန္ဒိယနိုင်ငံမှ ပြောင်းလဲဝယ်ယူခဲ့ကြသည်။

ထိုကဲ့သို့ ပြည်ပမှ အဝယ်လိုက်လာမည့် အနေအထားနှင့် မြန်မာကျပ်ငွေလဲနှုန်း မြင့်တက်လာခြင်းကြောင့် ပြည်တွင်းဆန်ဈေးကွက်တွင် ညှော်မထအုပ်စုဝင်ဆန်များမှာတစ်အိတ်လျှင်၁,၅၀၀ ကျပ်ခန့် ဈေးတက်လာသည်။



ပြည်ပဈေးကွက်တွင် ၂၅ မှတ်ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၀ နှင့် ၃၄၀ ဈေးရှိပြီး အင်ဒိုနီးရှားနိုင်ငံသို့ ဩဂုတ်လတွင် တင်ပို့ရန် အစီအစဉ်ရှိသည်ဟု သတင်းရရှိသည်။

## စာ(၃၃) - ကြွေးဆုံးများသော်လည်း လယ်မြေများကို သိမ်းမည်မဟုတ်ဟု ဆန်စပါးအထူးပြုကုမ္ပဏီကြီး နှစ်ခု ကတိပြုပြောကြား မှ

ရေကြည်မြို့၊ ရေကြည်ခန်းမတွင် ပြောသည်။

"ကျွန်တော်တို့ အထူးပြုကုမ္ပဏီတွေဟာ ၂၀၀၉ ခုနှစ်စတင်လုပ်ဆောင်ကတည်းက ဒီအချိန်အထိ မည်သူ့ရဲ့ လယ်ယာမြေကိုမှ သိမ်းဆည်းခဲ့ခြင်း မရှိပါဘူး။ နောင်လည်း သိမ်းဆည်းစရာ မရှိပါဘူး"ဟု ၎င်းက ပြောသည်။

၂၀၀၉ ခုနှစ်ကတည်းက ချေးငွေများ တစ်လလျှင် နှစ်ကျပ်တိုးဖြင့် ချေးပေးနေသော်လည်း အကြွေးငွေအပြည့်အဝပြန်လည်ရရှိမှုမှာ နည်းပါးကြောင်း ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်က ပြောသည်။

"ဧရာဝတီတိုင်းဒေသကြီးမှာ မနှစ်က ဆန်စပါးအထူးပြုကုမ္ပဏီက တောင်သူများကို စိုက်ပျိုးစရိတ်နဲ့ သွင်းအားစုပံ့ပိုးတဲ့အခါ ကုမ္ပဏီ ၁၀ ခုသာ ရာနှုန်းပြည့်ပြန်လည်ကောက်ခံရရှိပြီးတော့မှ ကုမ္ပဏီ ၁၀ ခုကတော့ ၈၀ ရာခိုင်နှုန်းအထက် ပြန်လည်ကောက်ခံရရှိခဲ့ပါတယ်။ ၈၀ ရာခိုင်နှုန်းအောက်ပြန်လည်ကောက်ခံရရှိတဲ့ ကုမ္ပဏီ ၆ ခုရှိကြောင်း တွေ့ရှိရပါတယ်"ဟု ၎င်းက ပြောသည်။

၂၀၀၉ ခုနှစ်မှ ၂၀၁၁ ခုနှစ်အတွင်း ဧရာဝတီတိုင်းဒေသကြီးရှိ ဆန်စပါးအထူးပြု ကုမ္ပဏီ ၃၀ ခန့်က လယ်သမား တစ်သိန်းရှစ်သောင်းကျော်အား မိုးစပါးနှင့် နွေစပါးစိုက်ပျိုးစရိတ်နှင့် သွင်းအားစုချေးငွေစုစုပေါင်းမှာ ကျပ်သန်းတစ်သိန်းနီးပါးခန့်ရှိခဲ့ကြောင်း ၎င်းတို့ထုတ်ပြန်သော စာရင်းဇယားများအရ သိရှိရသည်။




**TRADEMARK CAUTION**

Osotspa Co., Ltd, a Company incorporated in Thailand at 348 Ramkhamhaeng Road, Huamak, Bangkapi, Bangkok 10240, Thailand is the Owner and Sole Proprietor of the following Trademark:-

M SPORT ELECTROLYTE BEVERAGE

**Reg: 4/4987/2012**

In respect of : " Electrolyte drinks; isotonic drinks; sport drinks; non-alcoholic beverages; fruit drinks; fruit juices; purified water; soft drinks; mineral water; soda water; lemonade; tomato juices; tiger herbal drinks; chrysanthemum tea; palm juices; sugarcane juices; syrup and other preparation for making beverages."

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990

19.July.2012

7 DAY NEWS JOURNAL
Vol.11, No.19 • JULY 19 , 2012



# အကျဘက်မှန်းသူများကြောင့် ရွှေအရောင်းအဝယ် အေး

**သိမ့်သိမ့်စိုး**
**ရန်ကုန်၊ ဇူလိုင်-၁၄**

ဈေးကောင်းနေသော ရွှေဈေးကွက်ကို အကျဈေးမှန်းသူများနေသောကြောင့် အရောင်းအဝယ်အေးနေကြောင်း ရွှေဆိုင်လုပ်ငန်းရှင်များကပြောသည်။

"ဈေးအတက်အကျတွေ ရှိနေပေမယ့် အရောင်းအဝယ်လုပ်တဲ့သူ သိပ်မရှိဘူး။ ဈေးကျမယ်မှန်းကြတော့ အဝယ်မလိုက်ဘူး။ တခြားဈေးကွက်တွေဖြစ်တဲ့ ကားဘက်မှာလည်း ဈေးတွေကျနေတော့ ရွှေဈေးကိုလည်း အကျမှန်းပြီး အရောင်းအဝယ်မလုပ်သေးဘဲ စောင့်ကြည့်နေကြတာကြောင့် ဈေးကွက်အေးနေတဲ့ သဘောပဲ" ဟု ရွှေဆိုင်တာဝန်ခံ ကိုဝင်းငယ်က ပြောသည်။

ရွှေကို စီးပွားဖြစ်ဝယ်သူ အများစုမှာ မြန်မာငွေတန်ဖိုးမြင့်လာနိုင်သည်ဟု ခန့်မှန်း၍ ငွေကိုကိုင်ထားချင်သူများကြောင့်လည်း ဝယ်လိုအားနည်းနေခြင်းဖြစ်နိုင်ကြောင်း ရွှေလုပ်ငန်းရှင်အချို့က ခန့်မှန်းပြောဆိုသည်။

အပိုင်းဈေးကွက်တွင် ရွှေဝယ်လိုအား မရှိဘဲဖြစ်နေသည်ဟု ဆိုသော်လည်း အထည်ဈေးကွက်နှင့် ဖြတ်စဝယ်ယူသည့် ဈေးကွက်ဘက်တွင် ဝယ်ယူမှုရှိနေသေးကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။

ပြည်တွင်းရွှေဈေးနှုန်းကို အဓိက ပြောင်းလဲမှုဖြစ်စေသော ကမ္ဘာ့ရွှေဈေး အတက်အကျ ပြောင်းလဲမှုများသော်လည်း ဈေးကွက်ဝယ်လိုအားနည်းနေခြင်းကြောင့် ပြည်တွင်းရွှေဈေးမှာ ကျပ်ထောင်ဂဏန်းခန့်သာပြောင်းလဲမှုရှိကြောင်း ရွှေဈေးကွက်မှ သိရသည်။

ကမ္ဘာ့ ရွှေဈေးနှုန်းများမှာ တစ်အောင်စလျှင် ၁,၆၂၀ ဒေါ်လာဝန်းကျင်ရှိနေရာမှ ၁,၅၇၀ ဒေါ်လာဝန်းကျင်ထိ ကျဆင်းခဲ့၍ တစ်အောင်စပေါ်တွင် ဒေါ်လာ ၅၀ ဝန်းကျင်ထိ ကျဆင်းမှုရှိခဲ့သော်လည်းပြည်တွင်းရွှေဈေးနှုန်းများမှာ တစ်ကျပ်သားပေါ်တွင် ကျပ် ၅,၀၀၀ ခန့်သာ ဈေးနှုန်းပြောင်းလဲမှုရှိခဲ့ကြောင်း သိရသည်။

ယခု ဇူလိုင် ၁၄ ရက်တွင် ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် ၁,၅၈၈ ဒေါ်လာဝန်းကျင်ရှိပြီးပြည်တွင်းရွှေဈေးမှာ အခေါက်ရွှေတစ်ကျပ်သားလျှင် ၇၃၂,၀၀၀ ကျပ် ရှိနေသည်။ ၁၅ ပဲရည်ဈေး နှုန်းမှာ တစ်ကျပ်သားလျှင် ၆၈၀,၀၀၀ ကျပ်ဝန်းကျင်တွင် ရှိနေသည်။

# အိန္ဒိယမှ ပဲအဝယ်လိုက်သဖြင့် ပဲဈေး တစ်ရှိန်ထိုးမြင့်

**သိမ့်သိမ့်စိုး**
**ရန်ကုန်၊ ဇူလိုင်-၁၄**

မြန်မာ့ပဲများအဓိက ဝယ်လက်ဖြစ်သော အိန္ဒိယနိုင်ငံမှ ပဲအဝယ်လိုက်နေခြင်းကြောင့် ပြည်တွင်းပဲဈေးကွက်တွင် ဈေးနှုန်းများ နေ့စဉ်နှင့်အမျှ တစ်ရှိန်ထိုးမြင့်တက်နေကြောင်း ပဲအရောင်းအဝယ်ပြုလုပ်နေသော ကုန်သည်များက ပြောသည်။

"ပဲဈေးတွေက တက်တာတော်တော် မြန်နေတယ်။ မနက်ဈေးနဲ့ နေ့ခင်းဈေးနဲ့ကို မတူဘူး။ အိန္ဒိယအဝယ်လိုက်တဲ့အချိန်မှာ လက်ကျန်ပဲ နည်းနေတာကြောင့်လည်းပါတယ်။ ဈေးကတော့ လျှောက်တက်နေတာ" ဟု ပဲကုန်သည်တစ်ဦးဖြစ်သော ကိုလင်းနိုင်က ပြောသည်။

ထိုသို့ ပဲဈေးအတက်ကြမ်းနေခြင်းမှာ အိန္ဒိယမှ ဝယ်လက်၏ ဝယ်လိုအားများနေသော်လည်း ပြည်တွင်းဈေးကွက်တွင် ပဲအထွက်နည်းနေခြင်းကြောင့်ဖြစ်နိုင်ကြောင်း အရောင်းအဝယ်ပြုလုပ်နေသော ပဲကုန်သည်တစ်ဦးက ပြောသည်။

"အဓိက အိန္ဒိယနိုင်ငံဘက်မှာ ရာသီဥတုဖောက်ပြန်ပြီး ပဲအထွက်နည်းနေတယ်ဆိုတဲ့ သတင်းတွေကြောင့် ရယ်။ ဟိုဘက်မှာ ကြေညာတဲ့ မိုးလေဝသသတင်းတွေပေါ်မှာမူတည်ပြီးတော့လည်း ဒီဘက်က ပဲဈေးက အရောင်းအဝယ်လုပ်နေကျတော့ ဈေးကပြောင်းလဲတာပိုမြန်နေတဲ့သဘောပဲ"ဟု ကျောက်ဆူးပွဲရုံပိုင်ရှင်က ပြောသည်။

ဈေးကွက်တွင်း ပဲအားလုံးနီးပါးမြင့်တက်နေသည်ဟုဆိုသော်လည်း အိန္ဒိယမှ ဝယ်ယူမှုများသော မတ်ပဲမှာ အရောင်းအဝယ်ပြုလုပ်မှုများ သကဲ့သို့ပဲဈေးနှုန်းများလည်း မြင့်တက်မှု အများဆုံးပဲဖြစ်နေကြောင်း ဘုရင့်နောင် ပဲအရောင်းအဝယ်ဈေးကွက်တွင်းမှ သိရသည်။

မတ်ပဲဈေးနှုန်းများမှာ ဇူလိုင်လဆန်းပိုင်းတွင် RC တစ်တန်လျှင် ၄၃၀,၀၀၀ ကျပ်ဝန်းကျင်ရှိနေရာမှ ၅၃၄,၀၀၀ ကျပ်ဝန်းကျင်ထိ ဈေးနှုန်းများ မြင့်တက်လာ၍ တစ်တန်လျှင် ကျပ် ၁၀၀,၀၀၀ ကျော်မြင့်တက်လာခဲ့သည်။

SQRC ဈေးနှုန်းမှာဇူလိုင် ၁၃ ရက်တွင် တစ်တန်လျှင် ၅၆၂,၀၀၀ ကျပ်ရှိနေရာမှ ၆၀၀,၀၀၀ ကျပ်ကျော်ထိ မြင့်တက်နေခြင်းဖြစ်ကြောင်း တစ်တန်လျှင် ၄၀,၀၀၀ ကျပ်ဝန်းကျင်ထိ တစ်ရက်အတွင်း မြင့်တက်သွားသည်။ ပဲစင်းငုံဈေးနှုန်းများမှာတစ်တန်လျှင်၅၄၀,၀၀၀ ကျပ်ဝန်းကျင်ရှိနေရာမှ၅၈၀,၀၀၀ ကျပ်ဝန်းကျင်ထိဈေးနှုန်းများ မြင့်တက်ခဲ့ကြောင်း သိရသည်။

လက်ရှိ ပဲဈေးနှုန်းများ မြင့်တက်လာသော်လည်း ပဲစိုက်တောင်သူအများစု၏ လက်ထဲတွင် ပဲလက်ကျန်နည်းနေပြီဖြစ်၍ တောင်သူများကို အကျိုးသက်ရောက်မှု မဖြစ်နိုင်တော့ကြောင်း ပဲစိုက်တောင်သူများကပြောသည်။

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Toshiba (LCD) | 32BX10T | 230,000 |
| Panasonic(LCD) | 32SC4S | 245,000 |
| Sony (LCD) | 32BX | 255,000 |
| Toshiba (TV) | LZE 21-28 | 95,000 |
| **DVD** | | |
| EVD (coeco) | 8082 | 23,000 |
| EVD(Sony) | DVK75 | 25,000 |
| LG | DV808 | 26,000 |
| EVD (AEK) | 8TMI | 31,500 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 165,000 |
| Hitachi | 19AGV7 | 242,000 |
| Panasonic | NR.BT223 | 238,000 |
| **Washing** | | |
| Panasonic | XPB-90-99885 | 150,000 |
| | MAS 70 V2 | 190,000 |

**အထက်ပါဈေးနှုန်းများမှာ ဇူလိုင်(၁၅) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။**

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၁၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၀၀၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၆၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၈၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၁၀၅ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၈၈ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၁၀၀ |
| အုတ် (၁၀ ပေါက်အုတ်)(အထိုင်ဈေး) | တစ်လုံး | ၂၀၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၃,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၇,၅၀၀ |
| ကျောက် | တစ်ကျင်း | ၄၉,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၆၆၀-၇၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၁,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၉၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၁,၀၅၀ |
| Posco ကြယ်စိမ်း (၆။၇။၈ ပေ) | ၁ ပေနှုန်း | ၅၀၀ |
| Posco ကြယ်စိမ်း (၉။၁၀ ပေ) | ၁ ပေနှုန်း | ၅၀၀ |
| Posco ကြယ်စိမ်း (၁၁။၁၂ ပေ) | ၁ ပေနှုန်း | ၅၀၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ ၆။၇။၈။၉။၁၀။၁၁။၁၂) | ၁ ပေ | ၅၃၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် ၆။၇။၈) | ၁ ပေနှုန်း | ၃၂၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

**အထက်ပါဈေးနှုန်းများမှာ ဇူလိုင်(၁၅) ရက်တွင် ကောက်ယူထားသော ဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။**

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy S3(16 GB) | 555,000 |
| Galaxy S2(16 GB) | 390,000 |
| Galaxy Ace Duo | 330,000 |
| Galaxy Ace Plus | 225,000 |
| Galaxy Ace2 | 260,000 |
| Galaxy Ace | 175,000 |
| Galaxy Gio | 145,000 |
| Galaxy Y | 105,000 |
| Galaxy Mini | 115,000 |

**My Mobile, T-Land, QPS, Telechoice, Mobile Bank ဆိုင်မှ ဈေးနှုန်းများ ဖြစ်သည်။**

### HTC

| Model | Price |
|---|---|
| One X | 480,000 |
| Desire HD | 205,000 |
| Explorer | 124,000 |

### iPhone

| Model | Price |
|---|---|
| iPhone 4S(16 GB) | 560,000 |
| iPhone 4S(32 GB) | 630,000 |
| New iPad(16 GB) | 600,000 |
| New iPad(32 GB) | 700,000 |
| iPod Touch(32GB) | 290,000 |
| iPod Nano(8GB) | 130,000 |

### Huawei

| Model | Price |
|---|---|
| Ascend PI (GSM) | 330,000 |
| U 8818 (GSM) | 139,000 |
| U 8661 (GSM) | 100,000 |
| U 8660 (GSM) | 100,000 |
| U 8860 (GSM) | 235,000 |
| C 8812 (CDMA 800) | 110,000 |
| C 8650 (CDMA 800) | 96,000 |
| C 8810 (CDMA 800) | 130,000 |

**ဇူလိုင်(၁၄) ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။**

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၇၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၂၀၀ |
| ဆန်(ဇီယာ) | တစ်ပြည် | ၅၀၀-၉၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၄,၀၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၈၅၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၇၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၇၀၀-၈၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၇၀၀-၂,၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၁၀၀-၁,၂၅၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၂၀၀ |
| အာလူး | တစ်ပိဿာ | ၇၀၀-၉၀၀ |
| နို့ဆီ | တစ်ဘူး | ၆၀၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၅၅၀-၇၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၉၀-၁၀၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၄၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၅၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |
| ခရမ်းချဉ်သီး (အင်းသီး) | ၁ သေတ္တာ | ၁၂,၀၀၀ ဝန်းကျင် |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၂၅၀-၄၀၀ |
| ငရုတ်သီး(ပီန်) | ၁ ပိဿာ | ၂,၆၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၃၀၀-၁,၇၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၃,၃၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၅,၀၀၀-၁၀,၀၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၁,၄၀၀-၃,၄၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၃,၀၀၀-၄,၇၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၅,၀၀၀-၂၈,၀၀၀ |
| တီလားပီးယား | ၁ ပိဿာ | ၁,၀၀၀-၁,၉၀၀ |

**ဇူလိုင်(၁၃) ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကား ဈေးနှုန်းများဖြစ်သည်။**

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ | ဒီဇယ် | Octane ဒီဇယ် | Premier ဒီဇယ် |
|---|---|---|---|---|
| June(8) | 3,550 | 3,900 | 4,000 | 4,000 |
| June(9) | 3,550 | 3,900 | 4,000 | 4,000 |
| June(10) | 3,550 | 3,900 | 4,000 | 4,000 |
| June(11) | 3,550 | 3,900 | 4,000 | 4,000 |
| June(12) | 3,550 | 3,900 | 4,000 | 4,000 |
| June(13) | 3,550 | 3,900 | 4,000 | 4,000 |
| June(14) | 3,550 | 3,900 | 4,000 | 4,000 |

**ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ်ရှိနိုင်သည်။**

## Note Book

| Model | Price |
|---|---|
| **Acer** | |
| Intel Core i5 2.5Ghz 4GB DDR3,750 HDD,2GB VGA ,15.6” | 640,000 |
| Intel Core i5 2.5Ghz 4GB DDR3,75 HDD,1GBVGA,14.0” | 597,000 |
| Intel Core i3 2.3Ghz 2GB DDR3,500 HDD,14.0” | 525,000 |
| Intel DualCore1.5Ghz 2GB DDR3,500 HDD,HD,14.0” | 403,000 |
| Intel Atom 1.86Ghz 2GB DDR3, 320GB HDD,10.1” | 281,000 |
| **hp** | |
| Intel Core i7 2.3Ghz 8GB DDR3, 750HDD, 1GBVGA,15.6” | 965,000 |
| Intel Core i7 2.2Ghz 8GB DDR3, 1TB HDD, 15.6” | 816,000 |
| Intel Core i5 2.4Ghz 8GB DDR3, 750 HDD, 14.5” | 816,000 |
| Intel Core i5 2.3Ghz 8GB DDR3, 750 HDD, 17.3” | 922,000 |
| **Lenovo** | |
| Intel Core i5 2.5Ghz 4GB DDR3,500 HDD,2GBVGA,14” | 614,000 |
| Intel Core i3 2.3Ghz 4GB DDR3,500 HDD, 14” | 561,000 |
| Intel Core i3 2.3Ghz 4GB DDR3,500 HDD,1GB VGA,14” | 508,000 |

7DAY NEWS JOURNAL
Vol.11, No.19 • JULY 19 , 2012

# ဘွဲ့ရ ကမ္ဘာနှင့် အရည်အသွေး



**ကြည်နေဝင်းမင်း**

ယခုဆယ်စုနှစ်ကုန်တွင် ကမ္ဘာ့လူငယ်ဘွဲ့ရဆယ်ဦးတွင် လေးဦးမှာ နိုင်ငံနှစ်နိုင်ငံကသာပေါ်ထွက်လာပါလိမ့်မည်။ ယင်းတို့မှာ တရုတ်နှင့် အိန္ဒိယဖြစ်သည်။

စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (OECD) ၏ခန့်မှန်းချက်အရဘွဲ့ရအရေအတွက် ချိန်ခွင်လျှာသိသိသာသာရွေ့လျားသွားမည်ကို ပြသနေပြီး စီးပွားရေးတိုးတက်လာသော အာရှနိုင်ငံသားများက အမေရိကန်နှင့်အနောက်ဥရောပနိုင်ငံများကို အရှိန်အဟုန်နှင့် ကျော်တက်သွားမည့် အကြောင်းလည်းပါသည်။

ကမ္ဘာ့ထူးချွန်ထက်မြက်သူများအစုအဝေး ခန့်မှန်းချက်တွင် တရုတ်နိုင်ငံသည် ဘွဲ့ရအရေအတွက်များ အလျင်အမြန်တိုးတက်များပြားလာသည်နှင့်အမျှ ၂၀၂၀ ပြည့်နှစ်၌ အသက် ၂၅ နှစ်နှင့် ၃၄ နှစ်အကြား ကမ္ဘာ့ဘွဲ့ရအရေအတွက် ၂၉ ရာခိုင်နှုန်းကိုပိုင်ဆိုင်ထားမည်ဖြစ်သည်။ ဘွဲ့ရအရေအတွက် အများဆုံးကျဆင်းလာမည့်နိုင်ငံမှာ အမေရိကန်နိုင်ငံဖြစ်ပြီးဘွဲ့ရ ၁၁ ရာခိုင်နှုန်း ပိုင်ဆိုင်ကာ ပထမဦးဆုံးအကြိမ်အဖြစ် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏နောက် တတိယနေရာသို့ ရောက်ရှိသွားမည်ဖြစ်သည်။

အမေရိကန်နှင့် ဥရောပသမဂ္ဂနိုင်ငံအားလုံးပေါင်း၏ လူငယ်ဘွဲ့ရအရေအတွက်မှာ ကမ္ဘာ့ဘွဲ့ရများအားလုံးပေါင်း၏ လေးပုံတစ်ပုံသာ ရှိမည်ဟု မျှော်လင့်ထားကြသည်။ ရုရှားနိုင်ငံ၏ ဘွဲ့ရအရေအတွက်လည်း ဆက်လက်ကျဆင်းပါလိမ့်မည်။ ၁၉ ရာစု အစပိုင်းနှင့် နှိုင်းယှဉ်ပါက ရုရှားမှ ကမ္ဘာ့ဘွဲ့ရ အရေအတွက်ပါဝင်မှုထက်ဝက်လျော့ကျသွားခဲ့ပြီဖြစ်သည်။ OECD ၏ခန့်မှန်းချက်အရ အင်ဒိုနီးရှားနိုင်ငံမှာ ကမ္ဘာ့ပဉ္စမနေရာရောက်ရှိလာမည်ဖြစ်သည်။

ယင်းအခြေအနေမှာ အင်ပါယာအဆုံးသတ်ချိန်များဖြစ်ပါသလား။ အဆင့်မြင့်ပညာရေးမှာ စီးပွားရေးစွမ်းဆောင်နိုင်စွမ်းအား၏ကြည့်မှန်နှင့် မှန်ဘီလူးပင်ဖြစ်သည်။ ဒုတိယကမ္ဘာစစ်ခေတ်လွန်ကာလများက ကမ္ဘာပေါ်တွင် အမေရိကန်၊ အနောက်ဥရောပ၊ ဂျပန်နှင့်ရုရှားနိုင်ငံများမှတက္ကသိုလ်များ စိုးမိုးခဲ့ပါသည်။

အထူးသဖြင့် အမေရိကန်နိုင်ငံမှာတက္ကသိုလ်စူပါပါဝါပင်ဖြစ်သည်။ ချမ်းသာကြွယ်ဝမှု၊ ဩဇာတိက္ကမကြီးမားမှုနှင့် မကြာသေးမီအချိန်အထိ တက္ကသိုလ်အရေအတွက်မှာပင် သာလွန်နေခဲ့သည်။ ၂၀၀၀ ပြည့်နှစ်အထိ လူငယ်ဘွဲ့ရအရေအတွက်တွင် တရုတ်နိုင်ငံနှင့် မတိမ်းမယိမ်းရှိခဲ့ပြီး ဂျပန်နိုင်ငံမှာ အိန္ဒိယနိုင်ငံလောက်ပင် လူငယ်ဘွဲ့ရများ ပိုင်ဆိုင်ခဲ့သည်။ ယခုအခါ တရုတ်နှင့် အိန္ဒိယနိုင်ငံတို့က လူငယ်ဘွဲ့ရအများဆုံး ပိုင်ဆိုင်ထားပြီဖြစ်သည်။

ဘွဲ့ရအရေအတွက် တိုးတက်များပြားလာခြင်းက ၎င်းတို့၏ ပြောင်းလဲလာသော ရည်မှန်းချက်များကို ထင်ဟပ်နေသည်။ ယင်းမှာ ကျွမ်းကျင်မှုမြင့်မားသော ဝင်ငွေမြင့်မားသော အလုပ်အကိုင်များအတွက် ဖွံ့ဖြိုးပြီး စီးပွားရေးနိုင်ငံများနှင့် ယှဉ်ပြိုင်လိုခြင်းဖြစ်သည်။ တန်ဖိုးနည်းကုန်ထုတ်လုပ်ရေးအလုပ်အကိုင်များထက် နည်းပညာမြင့်ပရော်ဖက်ရှင်နယ် အလုပ်အကိုင်များကို ၎င်းတို့က ပစ်မှတ်ထားလာကြသည်။


ဤနေရာတွင်လည်း တရုတ်ကဲ့သို့ နိုင်ငံများတွင် ဘွဲ့ရအရေအတွက် တိုးပွားလာပြီး အခြားနိုင်ငံများက ရပ်နေခြင်းမျိုးမဟုတ်ဆိုသည်ကို OECD ကိန်းဂဏန်းများက ညွှန်ပြနေသည်။ စက်မှုဖွံ့ဖြိုးပြီး ကမ္ဘာတစ်ဝန်းလုံးတွင် ဘွဲ့ရအရေအတွက် များပြားလာနေပါသည်။ တရုတ်နိုင်ငံလောက်သာ မြန်မြန်ကြီး များပြားလာခြင်း မဟုတ်ပေ။ တရုတ်နိုင်ငံတွင် ဆယ်နှစ်အတွင်း ငါးဆတိုးလာသည်။

၂၀၂၀ အရောက်တွင် တရုတ်လူငယ်ဘွဲ့ရလူဦးရေမှာ အမေရိကန်နိုင်ငံ၏ အသက် ၂၅ နှစ်နှင့် ၆၄ နှစ်ကြား လူဦးရေနှင့် တူညီနေလိမ့်မည်ဟု OECD ကမှတ်ချက်ပြုထားသည်။ ပြောင်းလဲလာသော ကမ္ဘာ့မြေပုံအရ ဘာရာဇီးတွင် ဂျာမနီနိုင်ငံထက် ဘွဲ့ရအချိုးအစားပိုများလာသည်ကိုတွေ့မြင်ရမည်ဖြစ်ပြီး တူရကီမှာ စပိန်ထက်ပိုများနေပါလိမ့်မည်။ ဗြိတိန်နိုင်ငံတွင်မူ ၂၀၁၀ ထက် ၂၀၂၀ ပြည့်နှစ်တွင် ဘွဲ့ရများ ၃ ရာခိုင်နှုန်းမှ ၄ ရာခိုင်နှုန်း တိုးပွားလာမည်ဟု ခန့်မှန်းထားသည်။

ယင်းသို့ ဘွဲ့ရများ ပိုများအောင် အတင်းတွန်းနေခြင်းတွင် သိသာသော စီးပွားရေးရည်မှန်းချက်ရှိသည်ဟု OECD ၏သုံးသပ်လေ့လာမှုက ဆိုထားသည်။

ကုန်ပစ္စည်း အများအပြားထုတ်လုပ်ခြင်းမှနေ၍ ဗဟုသုတအခြေခံစီးပွားရေး အလုပ်အကိုင်များဆီသို့ ရွေ့လျားလာခြင်းဆိုသည်ကလည်း အလုပ်အကိုင်ရရှိမှုနှုန်းနှင့်ဝင်ငွေရရှိမှုတိုးတက်လာခြင်းဟု အဓိပ္ပာယ်သက်ရောက်နေရာနိုင်ငံအများအပြားအတွက် အဆင့်မြင့်ပညာရေးကို တိုးချဲ့ရန်အတွက် အားကောင်းသော မက်လုံးများရှိနေပါသည်။ သို့သော် ဤနေရာတွင် ဘွဲ့ရအလုပ်အကိုင်အလုံအလောက်ရှိပါ့မလားဟုမေးစရာရှိလာသည်။ ယင်းအချက်အတွက် အလုပ်အကိုင်ဈေးကွက်၏ မျက်နှာစာတစ်ရပ်ဖြစ်သည့် သိပ္ပံနှင့်နည်းပညာဆိုင်ရာ အလုပ်အကိုင်များကိုကြည့်၍ OECD က ခွဲခြမ်းစိတ်ဖြာရန် ကြိုးစားခဲ့သည်။ ၎င်းအလုပ်အကိုင်များ အလျင်အမြန်တိုးပွားလာပါသည်။ ယင်းမှနေ၍ အဆင့်မြင့်ပညာရေးတိုးချဲ့ခြင်းက အလုပ်အကိုင်အမျိုးအစားသစ်များကို ထွက်ပေါ်လာစေနိုင်သော ဥပမာဟု OECD အစီရင်ခံစာက တင်ပြထားပါသည်။

ပရော်ဖက်ရှင်နယ်များနှင့် နည်းပညာရှင်များအတွက် ဤကဲ့သို့သော သိပ္ပံနှင့် နည်းပညာအလုပ်အကိုင်များမှာဥရောပမြောက်ပိုင်းနှင့် စကင်ဒီနေဗီးယန်းနိုင်ငံများမှ အလုပ်နေရာ ၁၀ နေရာတွင် ၄ နေရာပါဝင်နေသည်ဟု OECD ကဆိုသည်။ ၎င်းနှင့်ဆန့်ကျင်ဘက်တွင် တရုတ်နှင့် အိန္ဒိယနိုင်ငံတို့၌ ယင်းနည်းပညာအလုပ်များမှာ လုပ်သားအင်အားထု၏ အနည်းငယ်သာပါဝင်သည်။ **စာ(၄၅)သို့**




Get your L'OREAL WATCH
of this year!
အနီးဆုံး L'OREAL ကောင်တာမှာ ကျပ် 28,000 ဝယ်ယူယုံနဲ့
ဒီနှစ်ရဲ့ အထူးခြားဆုံး လက်ဆောင်...
L'ORÉAL PARIS လက်ပတ်နာရီ နှစ်သက်ရာ အရောင်ကို
ရွေးချယ် ရယူလိုက်ပါ...
**July တစ်လတည်းသာ


SWEETY HOME
Better Living, Simple Life...
ဆွိတီးဟုမ်း အမှတ်တံဆိပ် ကြိတ်သားပရိဘောဂများသည် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေသော Melamine Coating အသုံးပြုထား၍ ရေစိုဝတ်ဖြင့်ပင် သန့်ရှင်းရေး ပြုလုပ်နိုင်ခြင်း၊ ခြစ်ရာ ပွန်းရာများ မထင်ခြင်းနှင့် ပစ္စည်းသယ်ယူရွှေ့ပြောင်းရာတွင် အလွယ်တကူပြန်လည်တပ်ဆင်နိုင်သော မာကြောမှု အဆင့်ရှိကြိတ်သားနှင့်ပြုလုပ်ထားပါသည်။
☎ 01 - 535694, 205224 02 - 65938, 60810, 34021

# 7DAY BOOK REVIEW

## ဆေးကုရမှာ ကြောက်တဲ့ဆရာဝန်နှင့် ဆေးလောကဇာတ်ခုံထက်က သံသယမုန်တိုင်း (ဒေါက်တာစိုးလွင်)




'ဆရာဝန်ဖြစ်ရကျိုးနပ်ပြီ'၊ 'အပျော်ဆုံးအချိန်နှင့် ဆေးလောကဇာတ်ခုံပေါ်က လူနာမျိုးစုံ ဇာတ်လမ်းအဖုံဖုံ' တို့လို အဖြစ်ချင်ဆုံးဆရာဝန်ဘဝနှင့် ဆေးကုသ၍ ပျော်ခဲ့ရပုံတို့ကို စာအုပ်အဖြစ် ရေးထုတ်ခဲ့ဖူးသော ဒေါက်တာစိုးလွင်၏ ယခုစာအုပ်မှာ ယခင်စာအုပ်များနှင့် မတူညီဘဲ ဆန့်ကျင်ဘက်ကွဲထွက်ကာ 'ဆေးကုရမှာ ကြောက်တဲ့ဆရာဝန်နှင့် ဆေးလောကဇာတ်ခုံထက်က သံသယမုန်တိုင်း'ဟူ၍ အမည်ပေးထွက်ရှိလာရာ တစ်မျိုးတစ်ဖုံ ထူးဆန်း၍ နေပါသည်။

၂၀၁၁ ခုနှစ်အတွင်း ဆရာဝန်နှင့် လူနာကြား ဟိုးလေးတစ်ကျော် ဖြစ်ပွားခဲ့သည့် တက္ကသိုလ်ဝင်တန်းကျောင်းသူလေး မတော်တဆသေဆုံးမှု၊ အူအတက်ခွဲစိတ်ရာမှ မတော်တဆ ဖိတ်စဉ်မှုဖြစ်စဉ်များနှင့် ပတ်သက်၍ စာရေးသူ ဒေါက်တာစိုးလွင်၏ အတွေးအမြင်နှင့် အသိပညာဆိုင်ရာ အတွေ့အကြုံများအပေါ် အခြေပြု၍ ရေးသားခဲ့သည့် ဆောင်းပါးများ စုစည်းမှုစာအုပ် ဖြစ်သည်။ စာအုပ်တွင် သံသယမုန်တိုင်း လှိုင်းတွေကြားမှာ၊ ပြေးစရာမြေမရှိရင် ပေးစရာငွေ ရှိရလိမ့်မည်၊ ဆေးကုရမှာကြောက်တဲ့ဆရာဝန်၊ နှလုံးသားကို အိမ်မှာထားခဲ့၊ ဆရာဝန်ရော လူနာတွေရော လူသားစစ်စစ်တွေချည်းပါ၊ သွေးပျက်စေသော ငှက်ဆိုးထိုးသံ စသည်ဖြင့် စုစုပေါင်းဆောင်းပါး (၂၄)ပုဒ်ပါဝင်ပြီး စာဖတ်သူ ပေါ့ပေါ့ပါးပါးရှိစေရန် ပေးစာသဘောမျိုး ရေးသားထားသည်။

ဆောင်းပါးများကို ဖတ်ရှုရလျှင် ဆရာဝန်တစ်ဦးဖြစ်အောင် ခက်ခက်ခဲခဲ ကြိုးပမ်းကြရပုံ၊ ထိုမှ အထူးကုခွဲစိတ်ဆရာဝန်ဖြစ်အောင် အဆင့်ဆင့်ကြိုးပမ်းရပုံ၊ လူနာများအပေါ် ထားရှိအပ်သည့်စိတ်ဓာတ်၊ ရှေးယခင်က ဆရာဝန်နှင့် လူနာကြား နွေးထွေးသော ဆက်ဆံမှု၊ ယနေ့ခေတ်ဆရာဝန်များ၏ ဘဝအခြေအနေ၊ လူနာများ၏ အသိအမြင်နှင့် လူနာရှင်များ၏ သဘောထားများအကြောင်း ဒေါက်တာစိုးလွင်က ၎င်းခံစားရသလို အရှိအရှိတိုင်းရေးသားထားသည်။ အထူးသဖြင့် ခွဲစိတ်ဆရာဝန်တစ်ဦး၏ ဘဝကို စာဖတ်သူ နားလည်အောင်အတတ်နိုင်ဆုံး ရှင်းလင်းရေးသားထားပြီး လူနာနှင့် ဆရာဝန်ကြားအမုန်းမပွားရလေအောင် သံသယမကြီးထွားရလေအောင် ဥပမာ-ဥပမေယျလေးများဖြင့် နှိုင်းယှဉ်ဖော်ပြထားသည်။ တစ်ဆက်တည်းမှာပင် ဆရာဝန်များ၊ ဆေးကျောင်းသားများအား ဖြစ်ပေါ်နေလတ္တံ့သော ပဋိပက္ခများကြောင့် ကိုယ် လုပ်စရာရှိသည်များကို လက်တွန့်တွေဝေမှု မဖြစ်စေဘဲ ပြီးမြောက်အောင်ဆောင်ရွက်တတ်ရန်၊ ဆရာဝန်ဘဝကို တန်ဖိုးထားတတ်ရန် တွန်းအားပေးရေးသားထားခြင်းကို ဖတ်ရှုရပါမည်။ ကိုယ်တိုင်လည်း စာရေးဆရာတစ်ဦးဖြစ်၍ လူနာနှင့်ဆရာဝန်ကြား ဘက်လိုက်မှုမရှိရလေအောင် ယခုဆောင်းပါးများကို ခက်ခက်ခဲခဲရေးသားခဲ့ရသည်ဟူ၍လည်းစာရေးသူက ဆိုထားသည်။

စာအုပ်အမှာစာတွင် "ဆရာဝန်တစ်ယောက် ဆေးကုရာတွင် အောင်မြင်ဖို့ အရေးကြီးဆုံးကလည်း မိမိကိုယ်ကို ယုံကြည်ဖို့၊ မိမိ၏ပညာကိုယုံကြည်ဖို့၊မိမိ၏စေတနာနှင့်မေတ္တာကိုယုံကြည်ဖို့၊ မိမိ၏အလုပ်ကို တန်ဖိုးထား၍ ပျော်ရွှင်စွာရဲဝံ့စွာ ယုံကြည်စွာလုပ်ဖို့၊ သံသယမီးပွားတွေ မုန်တိုင်းတွေကြောင့် လူနာက ဆရာဝန်ကို မယုံကြည်တော့လျှင်၊ အဆိုးဝါးဆုံးက ဆရာဝန်ကမိမိကိုယ်ကိုမယုံကြည်တော့လျှင် မည်သို့မည်ပုံအကျိုးရလဒ်တွေခံစားကြရမည်နည်း။ ဆေးကုရမှာ မယုံကြည်တော့ဘဲ ဆေးကုရမှာကို အကြောက်ကြီးကြောက်နေပြီဖြစ်သော ဆရာဝန်ထံတွင် မည်သို့မည်ပုံ ဆေးကုကြမည်နည်း"ဟု ရေးသားဖော်ပြထားသည်။ စာအုပ်ကို စိုးဇင်စာပေက တန်ဖိုး ၃,၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

# Knowledge ဗဟုသုတ

## သစ်ပင်အိမ်လေးတွေ ဘယ်တုန်းတည်းက ရှိခဲ့တာလဲ

သစ်ပင်အိမ် (Tree House)များသည် မှုပိုင်ခွင့်များမပေါ်မီနှစ်ပေါင်းများစွာကတည်းကရှိခဲ့ပြီး ပထမဆုံးတည်ဆောက်ခဲ့သည့်သစ်ပင်အိမ်၏သမိုင်းကြောင်းကို တိကျစွာမသိရှိပေ။ လွန်ခဲ့သောနှစ်ထောင်ပေါင်းများစွာကတည်းက သားရဲတိရစ္ဆာန်များ၊ ကျူးကျော်လာမည့်ရန်သူများ၊ အစားအစာများကိုငှက်များထိုးသုတ်စားသောက်ခြင်းအန္တရာယ်တို့မှလည်းကောင်း ကာကွယ်နိုင်ရန်အတွက် တောကြီးများထဲတွင် သစ်ပင်အိမ်များ အခိုင်အမာတည်ဆောက်ကာနေထိုင်ခဲ့ကြခြင်းဖြစ်သည်။ သစ်ပင်အိမ်များကို ၁၉၄၀ နှစ်လယ်ပိုင်းနှင့် ၁၉၅၀ ခုနှစ်များကတည်ဆောက်ခဲ့ကြဖွယ်ရှိပြီး ၁၉ ရာစုနှင့် ၂၀ ရာစုများက အင်္ဂလန်နှင့် ဥရောပတစ်လွှားတွင် ဖက်ရှင်သစ်အဖြစ်ထွက်ပေါ်ခဲ့ကာ အများအားဖြင့် ကလေးများကစားရန်(သို့မဟုတ်) ညစာစားရန်နေရာတစ်ခုအဖြစ် သေချာစွာပြင်ဆင်တည်ဆောက်ထားကြသည်။ အယ်လိဇဘက်ဘုရင်မကြီး၊ ဂျွန်လန်နွန်၊ ဂျော့ချ်လူးကက်စ်၊ ဝင်စတန်ချာချီကဲ့သို့သောပုဂ္ဂိုလ်ကြီးများပင်လျှင် သစ်ပင်အိမ်များကိုနှစ်သက်ကြသည်ဟုဆိုသည်။ ယခုနောက်ပိုင်းကာလများတွင် သစ်ပင်အိမ်များကို ခေတ်မီဆန်းသစ်သော နည်းစနစ်များ၊ ဒီဇိုင်းများဖြင့် ကမ္ဘာတစ်လွှား အထူးတလည် တည်ဆောက်လာကြပြီဖြစ်သည်။

—*Source:treehousequestions.com*

# တစ်ပတ်တာကံကြမ္မာ

ဇူလိုင် ၁၈ ရက် မှ ၂၄ ရက် အထိ

စံဇာဏီဘို

### ARIES — မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

အရာရာမှန်းသည်နှင့် လက်တွေ့ကွာခြားဖြစ်ပြီးမှ အဆုံးပိုင်းတွင် အဆင်ပြေမည်။ စိတ်ရှုပ်ထွေးစရာ အခက်အခဲများကြုံတတ်သည်။ အခါတိုင်း လွယ်လင့်တကူ ပြီးမြောက်သည့်ကိစ္စများ စိတ်တိုင်းမကျဖြစ်နေမည်။ ကြန့်ကြာနေတတ်သည်။ ကျန်းမာရေး ဂရုစိုက်ရမည့် ကာလဖြစ်သည်။ မေတ္တာရေးတွင် အညှို့ကြုံရသော ကာလဖြစ်သည်။ အထင်လွဲမှုများ ဖြေရှင်းရမည်။ ခက်ခဲသော ပြဿနာများ ဖြေရှင်းရတတ်သည်။

### TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

အေးအေးချမ်းချမ်း စနစ်တကျလုပ်၍မရ။ ပြဿနာများ၊ ကစဥ့်ကလျားဖြစ်မှုများကို စိတ်မြန်လက်မြန်နှင့် ရင်မဆိုင်သင့်ပါ။ အခက်အခဲများကို ချက်ချင်းဖြေရှင်းရမည်။ မိသားစုဆွေမျိုး အကြီးအကဲ ကျန်းမာရေးအတွက် စိတ်အနှောင့်အယှက် ဖြစ်တတ်သည်။ ပညာရေးကောင်းသည်။ ရည်မှန်းချက်အောင်မြင်မည်။ ဘဝကံမြင့်မားမည်။ ပညာအတတ်ကို အခြေတည်၍ ထူးခြားသော အောင်မြင်တိုးတက်မှုကို ရရှိမည်။

### GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

ရပ်ဝေး၊ ပြည်ပနှင့် ပတ်သက်သည်များ၊ လူမျိုးကွဲနှင့် ပတ်သက်သည့် ကိစ္စများ ဆောင်ရွက်အဆင်ပြေမည်။ အပြောင်းအလဲကိစ္စများ ဆောင်ရွက်ရမည်။ ခရီးကိစ္စများ အဆင်ပြေအောင်မြင်မည်။ ဆုံးဖြတ်ချက်များ ချသောအခါ နှစ်ကြိမ်မစဉ်းစားပါနှင့်။ ပထမဆုံးဖြတ်ထားသည့်အတိုင်း ရဲရဲရှေ့တိုးပါ။ သူတစ်ပါးဝေဖန်မှုကို မကြောက်မရွံ့ပါနှင့်။ အိမ်တွင်းရေးညှံ့သည်။ မကြာခဏ စကားများရမည်။

### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

ဆောင်ရွက်သမျှ အဆင်ပြေမည်။ ရည်မှန်းထားသည်များ အောင်မြင်မည်။ ငွေကြေးနှင့်ပတ်သက်သော ကံကောင်းမည်။ အလှူမင်္ဂလာကိစ္စများတွင် တိုက်ရိုက်ပါဝင် ပတ်သက်ရမည်။ မိမိစိတ်ကူးများကို လက်တွေ့အကောင်အထည်ဖော်သင့်သော ကာလဖြစ်သည်။ မိတ်ဆွေအကြီးအကဲထံမှ အထောက်အကူရမည်။ မထင်မှတ်ဘဲ သွားလိုက်သော ခရီးတစ်ခုမှ ထူးခြားသည့် အကျိုးဆက်ကောင်းများ ရရှိမည်။

### LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

အထူးကောင်းသည်။ လုပ်သမျှအောင်မြင်မည်။ စိတ်ချမ်းမြေ့ဖွယ်ရာများ အဆက်မပြတ် ဖြစ်ပေါ်မည်။ မိမိရည်စူးထားသည်များ ပြီးမြောက်အောင် ဆောင်ရွက်နိုင်မည်။ ကာလအတန်ကြာ ရပ်တန့်ထားသည်များ ပြန်လည်အသက်သွင်း ဆောင်ရွက်အောင်မြင်မည်။ အလုပ်လျှောက်ထားနေသူများ နေရာကောင်းရမည်။ လုပ်ငန်းခွင်မှသူများ အဆင့်တိုးခြင်း၊ ဝင်ငွေတိုးခြင်းရှိမည်။ အလွန်စန်းပွင့်နေမည်။

### VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

ဘက်စုံတိုးတက်မည်။ ငွေကြေးကံအထူးကောင်းမည်။ စီးပွားတက်မည်။ လုပ်ငန်းငွေကြေး တိုးပွားခြင်းရှိမည်။ ရန်အနှောင့်အယှက်များ ကျော်လွှားအောင်မြင်နိုင်မည်။ သူတစ်ပါးကြောင့် ဖြစ်ပေါ်သော ပြဿနာများ အေးငြိမ်းသွားမည်။ မေတ္တာရေးကောင်းသည်။ အလိုရှိရာ ပြည့်စုံမည်။ မေတ္တာရေး၊ အိမ်ထောင်ရေးနှင့် ပတ်သက်သည့် အပြီးသတ်ခိုင်မာသည့် ဆုံးဖြတ်ချက်များ ချမှတ်ရမည်။ ရည်မှန်းချက်အောင်မြင်မည်။

### LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

ဘက်စုံတိုးတက်မည်။ ခက်ခဲသောကိစ္စများ ဖြေရှင်းအဆင်ပြေမည်။ ငွေကြေးကံကောင်းမည်။ အလုပ်အကြံအောင်မြင်မည်။ စိတ်ကူးသစ်များ လက်တွေ့အကောင်အထည် ဖော်နိုင်မည်။ ငွေအစုလိုက် ဝင်တတ်သည်။ မိမိရည်မှန်းထားသည်များ အောင်မြင်အောင် ဆောင်ရွက်နိုင်မည်။ သူတစ်ပါးကြောင့် အကုန်အကျ၊ အပျောက်အရှ များတတ်သည်။ ရပ်ဝေးမှ ငွေကြေးလက်ခံရရှိမည်။

### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

လိုရာအောင်မြင်မည်။ ကံမြင့်မားမည်။ အကြံအစည်များ အောင်မြင်မည်။ ဘဝတက်လမ်းပွင့်မည်။ မိမိစိတ်ကူးထားသည်များ၊ ရည်ရွယ်ထားသည်များကို အထင်အရှား အကောင်အထည်ဖော်၍ အောင်မြင်ခြင်း ရယူပါ။ ပျိုရွယ်သော သူများအဖို့ ပညာရေးနှင့် လုပ်ငန်းရေးရာ အထူးကောင်း၍ တိုးတက်မည်။ ဘဝအဆင့်တိုးတက်ခြင်း ကံမြင့်မားခြင်း ကြုံမည်။

### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

ဘက်စုံကောင်းသည်။ လိုရာအောင်မြင်မည်။ ရန်အနှောင့်အယှက်များကို ကျော်လွှားနိုင်မည်။ နာမည်အောင်မြင်မှုများရှိခြင်း၊ အလုပ်ကိစ္စအောင်မြင်ခြင်းကို ကြုံတွေ့ရမည်။ သူတစ်ပါးကြောင့် မိမိတွင် စိတ်ရှုပ်စရာများ အနည်းငယ်ကြုံတွေ့ရလင့်ကစား အဆုံးတွင် အောင်မြင်မည်။ အချစ်ရေးရှုပ်ထွေးနေမည်။ ရင်းနှီးသူများနှင့် စကားများရမည်။ အစာအိမ်၊ ဝမ်းဗိုက်ဒုက္ခပေးမည်။

### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

ယှဉ်ပြိုင်မှုများအောင်မြင်မည်။ ငွေကြေးကံကောင်းမည်။ စီးပွားခနတိုးတက်မည်။ ရုတ်ခြည်းဆောင်ရွက်သည်များမှ အကျိုးကောင်းစွာ ရရှိမည်။ မတော်တဆ ထိခိုက်မှုအန္တရာယ် သတိရှိပါ။ စီမံထားသည်များ လက်တွေ့ဆောင်ရွက်ရာတွင် ခက်ခဲပြီးမှ အဆင်ပြေမည်။ နေအိမ်၊ နေရာထိုင်ခင်းနှင့် ပတ်သက်၍ ပြုပြင်ပြောင်းလဲခြင်း၊ အသစ်တိုးချဲ့ခြင်းများ ပြုနိုင်သည်။

### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

အတိုက်အခံများနှင့် ထိပ်တိုက်တွေ့မည်။ သူတစ်ပါးနှင့် ဆန့်ကျင်ဘက်ရှုထောင့်မှ လုပ်ကိုင်ရခြင်းကြုံမည်။ ချောချောမောမော လွယ်လင့်တကူ ဖြစ်နေသည့်ကိစ္စများမှ အကျိုးမရှိ၊ ခက်ခက်ခဲခဲလုပ်ငန်းများမှ အကျိုးကောင်းရရှိမည်။ အိမ်ထောင်ရေးကိစ္စများ ရုတ်တရက်ပေါ်တတ်သည်။ အိမ်ထောင်ရေးကိစ္စများ ဆုံးဖြတ်ရပါကလည်း အချစ်မပါသော အိမ်ထောင်ရေးဖြစ်၏။

### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

ရှိရင်းစွဲအနေအထားမှ ပိုမိုမြင့်သော အနေအထားသို့ ရောက်ရှိမည်။ စကားများစရာများ၊ အငြင်းပွားစရာများ တစ်မျိုးပြီးတစ်မျိုး ပေါ်ပေါက်မည်။ လူမျိုးကွဲအကျိုးပေးမည်။ မူလရည်မှန်းထားခြင်းမရှိဘဲ ရုတ်ခြည်းပေါ်လာသော အခြေအနေအခွင့်အရေးကို လက်ခံပါ။ သံယောဇဉ်မထားသင့်သူကို သံယောဇဉ်အထားမှားသဖြင့် ဘေးဥပါဒ်ကြုံတတ်သည်။ ပညာကံကောင်းမည်။

# 7DAY PUZZLE


## အလျားလိုက်

၃။ နိုင်ငံတကာမှာခေတ်စားတဲ့ပညာရေးစနစ်တစ်ခု
၄။ ပွဲတော်ကြီးတွေအဆင်ပြေအောင်မြင်အောင် ပြုလုပ်နိုင်ဖို့ကူညီပေးသူတွေ
၉။ အောင်မြင်ပြီး လူသိများတဲ့ ဦးတည်ချက်တစ်ခု
၁၀။ အသစ်ထပ်ထွက်လာတဲ့ကလေးတို့အကြိုက် ကာတွန်းဇာတ်လမ်း
၁၁။ ဝန်ထမ်းတွေအတွက် အဆင်ပြေအောင် ဆောင်ရွက်ပေးထားသင့်သည့်နေရာ
၁၂။ အသက်သာဆုံးဈေးနှုန်းနဲ့ ခရီးသွားနိုင်အောင်လုပ်ဆောင်ပေးတဲ့သူ

## ဒေါင်လိုက်

၁။ လူဦးရေထူထပ်များပြားတဲ့နိုင်ငံတွေမှာ ကြုံရတဲ့ပြဿနာတစ်ခု
၂။ နိုင်ငံတကာရာဇဝတ်ခုံရုံးက စီရင်ဆုံးဖြတ်နိုင်တဲ့အမှုတစ်မျိုး
၅။ အမေရိကန်နိုင်ငံသားတွေကိုခေါ်တဲ့အမည်တစ်ခု
၆။ နေအိမ်စွန့်ခွာပြေးလောက်အောင် ဆိုးရွားတဲ့သဘာဝဘေးအန္တရာယ်
၇။ ထူးချွန်သူ၊ ကျော်ကြားသူတွေကို ဂုဏ်ပြုထုတ်လုပ်ကြတဲ့အရာတစ်ခု
၈။ ကုန်ပစ္စည်းတစ်ခုထုတ်လုပ်ရာမှာ ရှိထားသင့်တဲ့ အရေးကြီးဆုံးအရာ


ပဟေဠိ အမှတ်စဉ်(၁၉၁)



Smart Dictionary ကံထူးသူ
၁။ ဦးသန်းဌေး၊ ၁၄/ကလန(နိုင်)၀၀၄၁၈၂ အမှတ်(၁၆၇)၊ ဗားကရာလမ်း၊ စမ်းချောင်း။

ကျန်အဖြေမှန်သူများ
၂။ မြမြစိန်၊ PPN-213595
၃။ ထွန်းနိုင်၊ ၁၂/ဥကတ(နိုင်)၀၄၈၀၇၉
၄။ နှင်းဝတ်ရည်လွင်၊ ၁၂/ဒဂန(နိုင်)၀၂၇၇၇၉

ပဟေဠိ အမှတ်စဉ်(၁၉၀)အဖြေမှန်




အမည် .................................... မှတ်ပုံတင်အမှတ် ....................................

နေရပ်လိပ်စာ ....................................................................

အချိန်မီပေးပို့လာသော အဖြေမှန်သူများထဲမှ SMART Dictionary ၏ ပံ့ပိုးကူညီမှုဖြင့် အဖြေမှန်သူ (၇)ဦးကို မဲနှိုက်ရွေးချယ်ပြီး၊ ထိုထဲမှတစ်ဦးကို ထပ်မံမဲနှိုက်ရွေးချယ်ကာ SMART Electronic Dictionary ချီးမြှင့်မည်ဖြစ်ပြီး ကျန်၆ ဦးကို 7Day News မှ မေတ္တာလက်ဆောင်ဆုများ ချီးမြှင့်မည်ဖြစ်ပါသည်။ Puzzle မေးခွန်းများကို ယခင်အပတ်ထွက်ရှိပြီး 7Day News မှသတင်း၊ ဆောင်းပါးများမှ စကားစုများ၊ စာလုံးများအပြင် ပြင်ပဗဟုသုတ ပြင်ပဉာဏ်စမ်းမေးခွန်းတစ်ခုစီ ထည့်သွင်းမေးမြန်းမည်ဖြစ်ကြောင်း Puzzle ဝါသနာရှင်များသို့ အသိပေးအပ်ပါသည်။ အဖြေလွှာများကိုမူရင်းသာလက်ခံမည်ဖြစ်ပြီး၊ နယ်ဝေးမှ ဖြေဆိုသူများမှာ Fax ဖြင့် ပေးပို့နိုင်သည်။

**အဖြေလွှာများကို ၂၀-၇-၂၀၁၂ သောကြာနေ့၊ မွန်းလွဲ ၂နာရီနောက်ဆုံးထား၍ ဂျာနယ်တိုက်သို့ပေးပို့ရမည်။**

ဤအစီအစဉ်ကို SMART Electronic Dictionary မှ ပံ့ပိုးကူညီပါသည်။ ကံထူးသူ



## Free Classified

အခမဲ့ ကြော်ငြာကဏ္ဍ

**ခရုအိမ်**

**အဆင့်မြင့်ခန်းဆီးလိုက်ကာနှင့် ကူရှင်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း။ တိုက်-A, G-5, Pearl Condo, ကမ္ဘာအေး ဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်။**

**PH:09-73037776, 09-73204374**

**အိမ်ရောင်းမည်**

အမှတ်(၅၇၃)၊ သီဟိုဠ်ကျောင်းလမ်း၊ ရွာသစ်၊ အင်းစိန်၊ တစ်ထပ်ခွဲ၊ အုတ်ညှပ်တိုက်၊ (၂၅'×၄၂')၊ ရေ၊ မီးအပြည့်အစုံ၊ (သိန်း-၂၇၀)။

**ဖုန်း- ၀၉ ၅၀၅၃၆၇၂**

**F5 Computer Services**

Computer Windows Installation & Application Install, Cleaning Virus, Network Troubleshooting (မျိုးမင်းဦး) **ဖုန်း- ၄၀၀၁၆၃**

**ဝန်ဆောင်မှု**

အချိန်ပိုင်းစာရင်းဆွဲ/စာရင်းစစ်သည်။ လုပ်ငန်းစာရင်းများအား မှန်ကန်တိကျအောင် လုပ်သက်(၇)နှစ်ရှိ ကျွမ်းကျင်သူက ဆောင်ရွက်ပေးသည်။

**ဖုန်း- ၀၉ ၇၃၀၉၀၄၈၃**

**Graphic Design Course**

Adobe Photoshop & Illustrator Softeware ကို အခြေခံမှစ၍ နည်းစနစ်တကျ သင်ကြားသည်။

**ဖုန်း- ၀၉ ၇၃၀၉၅၂၁၄**

**တိုက်ခန်းငှားမည်**

No.(290)၊ ပြည်လမ်း၊ စမ်းချောင်း၊ မြေနီကုန်း၊ ပေ (၃၃×၅၅)၊ ပထမထပ်။

**ဖုန်း- ၀၉ ၅၀၀၀၆၅၃**

**အိမ်လိုက်သင်သည်**

International School Primary I to V နှင့် Grade I to Grade IX Guide နှင့် ကျူရှင်။

**ဖုန်း- ၀၉ ၇၃၁၁၃၃၇၈**

**စာမူဖိတ်ခေါ်ခြင်း**

မင်္ဂလာဇေယျာကျောင်းသစ်ကျောင်းနှင့် ရတနာဇေယျာစာသင်တိုက်တို့၏ သက်တော်(၆၀)ပြည့် မဂ္ဂဇင်းအတွက် ကိုယ်တိုင်ရေးစာမူများ ပေးပို့ကြပါ။ တာဝန်ခံအယ်ဒီတာ-မိုးနောင်။

**ဖုန်း- ၀၉ ၄၀၀၄၂၆၈၉၂**

**STUDENT GUIDE**

သူငယ်တန်းမှ အဌမတန်းထိ ကလေးများ၏ ပညာရေးကို အထူးဝန်ဆောင်မှု ပေးနေပါသည်။ တစ်ဦးချင်းအိမ်လိုက်သင်ပါသည်။

**ဖုန်း- ၀၉ ၄၂၁၀၂၈၈၃၀**

**အိမ်လိုက်သင်သည်**

International School မှ ကျောင်းသူ၊ ကျောင်းသားများကို အခြေခံမှစ၍ မြန်မာစာကို သင်ကြားပေးသည်။ Grade 1 မှ Grade 9 အထိ ဘာသာစုံသင်ကြားပေးသည်။

**ဖုန်း- ၀၉ ၄၂၀၅၁၇၁၁**

**အမြန်ရောင်းမည်**

နေပြည်တော်၊ ပျဉ်းမနားဈေးကြီး၊ ဘဏ်များ အနီးရှိ (၈၅'×၅၅')ရှိ ထောင့်ကွက် (ဘိုးဘွားပိုင်) ဦးရာလူ ညှိနှိုင်းဈေးဖြင့် အမြန်ရောင်းမည်။

**ဖုန်း- ၀၉ ၄၃၀၃၈၆၁၄**

**Barli Myanmar Car Rental**

ခရီးစဉ်အမျိုးမျိုးနှင့် လချုပ်/နှစ်ချုပ် ကားမျိုးစုံငှားရန်ရှိသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်နိုင်ပါသည်။

**ဖုန်း- ၀၉ ၇၃၂၃၀၆၇၃**

**'ဂုဏ်ထူးမှတ်'Study Guide**

(၁၀)တန်း ကျောင်းသား/သူများအတွက် Study Guide ရှိပါသည်။ တစ်ဘာသာ- ၁၅,၀၀၀ ကျပ်

**ဖုန်း- ၄၁၉၉၂၁၄၁**

**MYH Trading**

WCDMA နှင့် GSM များအတွက် Panasonic အထိုင်ဖုန်းများ Basic Unit (၁)ခုနှင့် cordless ဖုန်း (၂) လုံးပါဝင်သည်။ ဈေးနှုန်း ၇၁,၀၀၀ ကျပ်။

**ဖုန်း- ၀၉ ၇၃၁၄၆၃၀၂**

**ဆိုင်အချိန်ပိုင်းငှားမည်**

နေရာကောင်း၊ လမ်းသန့်ပေါ်လက်ရှိဖွင့်လှစ်ဆဲဆိုင်ကျယ်အား နံနက် ၇ နာရီမှ ညနေ ၃ နာရီအထိ လချုပ်၊ နှစ်ချုပ်ဖြင့်ငှားမည်။

**ဖုန်း- ၀၉ ၄၃၀၃၈၈၄၈**

**သင်တန်း**

သင်္ချာ၊အင်္ဂလိပ်စာတော်လာဖို့ Subject Idea များ ရရှိလာပြီး တစ်လအတွင်းမှာပင် ထူးခြားစွာ တိုးတက်လာအောင် အမှန်တကယ် သင်ကြားပေးနိုင်ပါသည်။၅တန်းမှ ၁၀တန်းထိ ဆရာ **UKML** ကြည့်မြင်တိုင်။

**ဖုန်း- ၀၉ ၅၀၁၅၉၇၉**

**သင်ကြားပေးသည်**

အင်္ဂလိပ်အခြေခံသဒ္ဒါ မူလတန်း၊ အလယ်တန်း၊ အင်္ဂလိပ်၊ အီတလီဘာသာရပ်များ၊ ဧည့်လမ်းညွှန်ဖြစ်ချင်သူများအတွက် Tourism Course သင်ကြားပေးသည်။(မန္တလေးမြို့တွင်သာ)

**ဖုန်း- ၀၉ ၂၀၃၂၂၈၁**

**B.Sc နိုင်ဝင်း**

LCD TV, TV, Plasma TV, Projector, Laptop, 2' UBC & Audio အသေးစိတ်ပြုပြင်သင်တန်းများကို လက်ခံသင်ကြားပေးနေပါပြီ။

**ဖုန်း- ၀၉ ၇၃၀၉၈၆၃၀**

**သင်တန်း**

(For Grade 9, 10 and 11) To catch the new era, it needs to be good in english.

**Ph: 09 421057920**

**ရှေးရတုကဗျာမှာယူနိုင်**

မိုးနောင် (ကောလင်း၊ ၁၂၅၊ ပတ္တမြားလမ်း၊ အောင်ဇေယျရပ်၊ ကောလင်းမြို့သို့ နှစ်(၅၀)ပြည့် ရှေးရတု ကဗျာများကို စာတိုက်ခ ၃၀၀ ကျပ် ပို့၍ မှာကြားနိုင်သည်။

**သင်သည်**

၈၊ ၉၊ ၁၀ (ဇီဝတွဲ) တစ်ဦးချင်း၊ ဝိုင်းအတတ်သင်သည်။

**ဖုန်း- ၂၄၃၃၂၄**

**Teacher Aung**

သားသမီးများ၏ အင်္ဂလိပ်စာကို စိတ်ပူပန်နေရင်၊ တော်စေချင်ရင်

**ဖုန်း- ၀၉ ၄၂၀၅၇၉၂၀**

**သင်သည်**

တက္ကသိုလ်ဝင်တန်းအောင်မြင်သူများ တတ်ထားသင့်သော အခြေခံစာရင်းရေး/ကိုင် (YIECo)အိမ်လိုက်သင်သည်။

**ဖုန်း- ၀၉ ၇၃၁၃၆၀၇၈**

**Teaching & Guide**

နဝမတန်း(သင်္ချာ၊ ရူပ)၊ ဒသမတန်း (သင်္ချာ)၊ အဌမတန်း(သင်္ချာ) သင်ယူလိုလျှင် M.Sc, B.Ed ဘွဲ့ရဆရာမ ကိုယ်တိုင်အိမ်အရောက်သင်ကြားပေးမည်။ **ဖုန်း- ၀၉ ၇၃၁၇၄၁၅၂**

**ရောင်းမည်**

နွေစပါး၊ မိုးစပါး စိုက်ပျိုးနိုင်သောလယ်မြေကေ(၅၀၀)ခန့်တစ်ဆက်စပ်တည်းရှိ တိုက်ကြီးမြို့နယ်အတွင်း မြေကောင်း၊ မျိုးစေ့ထုတ် Company များနှင့် သင့်လျော်သည်။

**ဖုန်း- ၀၉ ၄၂၃၆၆၁၉၃၇**

**For Sale**

Land Cruiser Prado, 98 mdl, TZ Grade ဓာတ်ဆီ 3400CC, 3800km, အသစ်အတိုင်းရှိ ၄ဃ/. . .၊ 375 lakh (ညှိနှိုင်း)။

**ဖုန်း- ၀၉ ၅၁၅၆၉၃၈**

**သင်သည်**

၉၊၁၀တန်းများအတွက်Study Guide ဘာသာစုံ (သို့) တစ်ဘာသာချင်းစီ MBBS ဘွဲ့ရဆရာမကိုယ်တိုင် သင်ကြားပေးသည်။

**ဖုန်း- ၀၉ ၇၃၀၅၁၈၆၀**

**Study Guide**

ဆေးတက္ကသိုလ်နှင့် ၁၀ တန်းကျောင်းသားများအတွက်အထူးStudy Guide

**Ph: 09 49319765**

**ဆရာမင်းသုန္ဒြ(နက္ခတ်သိပ္ပံ)**

ကွန်ပျူတာနက္ခတ်ပညာရှင် သင့်အရေးကိစ္စအဝဝအတွက် ဆွေးနွေးတိုင်ပင်ကြည့်ပါ။

**ဖုန်း- ၀၁ ၃၇၅၈၄၅**

**ခွေးသားပေါက်ရောင်းမည်**

ခွေးချစ်သူများအတွက် နှစ်လသားအရွယ် Imported မှပေါက်သော အိမ်မွေး Shih tzu လေးများရောင်းရန်ရှိသည်။ တစ်ကောင် ကျပ်(၁) သိန်းခွဲ။ **ဖုန်း-၀၉ ၅၀၇၄၈၉၆**

**ရောင်းမည်**

GP Auto မှ ရာသက်ပန် TAXI လုပ်လိုသူများအတွက် အထူးဈေးနှုန်းဖြင့် ရန်ကုန်ဆိပ်ကမ်းအရောက်ကားများ ရောင်းချပေးမည်။

**ဖုန်း- ၀၉ ၇၃၂၃၉၆၇၇**

**ရောင်းမည်**

ထောက်ကြန့်မြို့လယ်၊ ရန်ကုန်-မန္တလေးလမ်းမကြီးမှ ကိုက် ၁၀၀ အကွာ၊ လမ်းကျယ်ထောင့်ကွက် မြေကွက်ကျယ်နှင့် တိုက်သစ်ရောင်းမည်။ ကျပ်သိန်း-၈၅၀ (ညှိနှိုင်း)

**ဖုန်း- ၀၉ ၄၄၈၀၀၄၄၂၂**

**Auroral**

ကိုရီးယားအစားအစာဝန်ဆောင်မှု Auroral ကိုရီးယားအစားအစာ၊ ကျောက်ကျော၊ ဆန္ဒင်းမကင်း၊ ဟမ်ဘာဂါများအား အထူးအော်ဒါလက်ခံ ဆောင်ရွက်ပေးနေပါသည်။

**ဖုန်း- ၀၉ ၅၁၄၇၄၆၀**

7DAY NEWS JOURNAL
Vol.11, No.19 • JULY 19 , 2012

## JOKE

### မဟုတ်ပါဘူး၊ မလုပ်ပါဘူး

နာမကျန်းဖြစ်၍ စိတ်ဓာတ်ကျနေသော မိန်းမက ယောကျ်ားကို အခုလိုမေးသည်။

**မိန်းမ** – ကျွန်မသေသွားရင် ရှင်နောက်မိန်းမယူမှာလားဟင်။

**ယောကျ်ား** – လုံးဝ မိန်းမထပ်မယူတော့ပါဘူးကွာ။

**မိန်းမ** – ဘာဖြစ်လို့လဲ၊ ရှင်အိမ်ထောင်ပြုထားရတာ ကျေနပ်တယ်မဟုတ်လား။

**ယောကျ်ား** – အိုကေ ထားပါ၊ ငါထပ်ပြီး အိမ်ထောင်ပြုမှာပေ့ါ။

**မိန်းမ** – ရှင်ထပ်ပြီး လက်ထပ်မယ်ဟုတ်လား (စိတ်မကောင်းသောမျက်နှာဖြင့်)

**ယောကျ်ား** – (အားနာသလိုပြောသည်)

**မိန်းမ** – ကျွန်မတို့ ခုတင်ပေါ်မှာပဲ အိပ်မှာပေ့ါနော်။

**ယောကျ်ား** – တခြားဘယ်နေရာရှိနေသေးလို့လဲကွာ။

**မိန်းမ** – ကျွန်မဓာတ်ပုံတွေဖယ်ပြီး သူ့ဓာတ်ပုံတွေနဲ့ အစားထိုးမှာပေ့ါနော်။

**ယောကျ်ား** – ဒါကတော့ ဖြစ်သင့်တာပဲကွယ်။

**မိန်းမ** – ကျွန်မရိုက်တဲ့ဂေါက်ရိုက်တံတွေပဲ သူသုံးမှာပေ့ါနော်။

**ယောကျ်ား** – မင်း ဂေါက်ရိုက်တံတွေ သူသုံးလို့မရဘူးကွဲ့၊ သူက ဘယ်သန်ဖြစ်နေတယ်။

**မိန်းမ** – ရှင်. . ဘာပြောတယ်။

**ယောကျ်ား** – ဟာ. . သွားပါပြီ။

### အမှောင်ထဲမှာ

“ဖေဖေ အမှောင်ထဲမှာ လက်မှတ်ထိုးတတ်လား” ဟု သားငယ်က ဖခင်ဖြစ်သူအား မေးလိုက်သည်။ ဖခင်ကလည်း “ထိုးတတ်တာပေ့ါကွ၊ ဘာဖြစ်လို့ သားကမေးတာလဲ”ဟု ပြန်မေးသည်။

ထိုအခါ သားဖြစ်သူက “ဒါဆို အတော်ပဲဖေဖေ၊ သားမီးမှိတ်လိုက်မယ်။ ဖေဖေ သားရဲ့ကျောင်းရီပို့ကတ်မှာ လက်မှတ်ထိုးပေးပါ” ဟု ပြောလိုက်သည်။

**ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း**
**မြန်မာဘရူဝါရီလီမိတက်**

အမှတ်–၄၅၊အမှတ်(၃)လမ်းမကြီး၊ ပျဉ်းမပင်စက်မှုဇုံ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

တင်ဒါခေါ်ယူသည့်လုပ်ငန်းအမည်များမှာ ။ ။

(၁) မြန်မာဘရူဝါရီလီမိတက်မှ ထုတ်ကုန်များ (စည်၊ ကဒ်၊ ကာတွန်းဘီယာများ)ကို စက်ရုံဂိုဒေါင်မှ အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်ရှိ တဆင့်ခံဖြန့်ဖြူးရောင်းချရေး သိုလှောင်ရုံးခွဲများသို့ သယ်ယူပို့ဆောင်ခြင်း၊ ပြန်လည်ပို့ဆောင်သယ်ယူခြင်းလုပ်ငန်း၊

(၂) မြန်မာဘရူဝါရီလီမိတက်မှ ထုတ်ကုန်များ (စည်၊ ကဒ်၊ ဘီယာများ)ကို သိုလှောင်ရုံခွဲများမှ အရောင်းဆိုင်များသို့ တိုက်ရိုက်ပို့ဆောင်ခြင်းနှင့် အခွံပြန်လည်သိမ်းယူခြင်းလုပ်ငန်း၊

(၃) ရန်ကုန်၊ မန္တလေး ၊ နှင့် တောင်ကြီးမြို့များရှိ အရောင်းသိုလှောင်ရုံများမှ ဖြန့်ဖြူးရေးကိုယ်စားလှယ်များသို့ တိုက်ရိုက်ပို့ဆောင်ခြင်းလုပ်ငန်း၊

(၄) စွန့်ပြစ်ပျော့ဖတ် (Spent Grain) နှင့် အသုံးပြုပြီး စွန့်ပြစ်ပစ္စည်းများ ရောင်းချခြင်းလုပ်ငန်း၊ အထက်ပါလုပ်ငန်းနှင့် ပတ်သက်၍ အသေးစိတ် အချက်အလက်များနှင့် စည်းကမ်းချက်များကို ၂၃-၇-၂၀၁၂၊ ၂၅-၇-၂၀၁၂၊ ၂၇-၇-၂၀၁၂၊နေ့များတွင်၊ မြန်မာဘရူဝါရီ လီမိတက်ရုံး၌ နံနက် ၁၀း၀၀ နာရီတွင် သက်ဆိုင်ရာကော်မတီနှင့် လာရောက်မေးမြန်း စုံစမ်းပြီး၊ တင်ဒါပုံစံများကို အခမဲ့ထုတ်ယူနိုင်ပါသည်။ ကုမ္ပဏီ၏ တင်ဒါပုံစံတွင် ဖြည့်စွက်ပြီး အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ပြန်လည်၍ တင်ဒါတင်သွင်းနိုင်ပါသည်။

တင်ဒါစတင်လက်ခံမည့်နေ့ ။ ။ ၀၆-၈-၂၀၁၂(တနင်္လာနေ့)မှစတင်ကာရုံးချိန်အတွင်း၊

တင်ဒါပိတ်မည့်နေ့ ။ ။ ၁၀-၈-၂၀၁၂(သောကြာနေ့)၊ ညနေ(၄)နာရီတိတိ၊

တင်ဒါတင်သွင်းမည့်နေရာ ။ ။ မြန်မာဘရူဝါရီလီမိတက်၊ အမှတ်–၄၅၊ အမှတ်(၃) လမ်းမကြီး၊ပျဉ်းမပင်စက်မှုဇုံ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

လုပ်ငန်းလိုအပ်ချက်များမှာ ။ ။

– ထုတ်ကုန်များ (စည်၊ ကဒ်၊ ကာတွန်းဘီယာများ) သယ်ပို့လုပ်ငန်းအတွက် သယ်ပို့သူသည် ထရပ်ကားလတ်(၂၀ပေ) ၁၈တန်နှင့် ထရပ်ကားအကြီး (၃၂ပေ) ၂၈တန်/၃၀တန်၊ပေ ၄၀တွဲကား၊ ကားသေး ၁၄ ပေအရှည်၊ ၆တန် စသည်တို့ကို အသုံးပြုပြီး လုပ်ဆောင်ရပါမည်။

– စွန့်ပြစ်ပစ္စည်းများအတွက် တစ်နှစ်ပတ်လုံး ဆောင်ရွက်လုပ်ကိုင်နိုင်သူဖြစ်ရပါမည်။

မှတ်ချက် ။ ။ ဝန်ထမ်းများအတွက် ကြိုပို့ဘတ်(စ်)ကားဖြင့်ပို့ဆောင်ပေးခြင်း။

ဆက်သွယ်စုံစမ်းရန်ဖုန်းနံပါတ်များမှာ (ရုံးချိန်အတွင်း) ။ ။ ၆၃၈၁၄၉ ၊ ၆၃၈၁၅၆၊ ၆၃၈၁၈၆၊ ၆၃၇၁၈၇၊ ၀၉–၇၃၁၁၃၄၁၃၊ ၀၉–၇၃၁၁၃၄၂၀။

## စာ(၄၁) ပိုက်ဆံချမ်းသာလာရင် သန့်ရှင်းရေးပြန်လုပ်မယ်ဆိုတဲ့ အတွေးအခေါ်က ခေတ်မမီတော့ပါဘူး မှ

**■ ဘယ်အရာတွေ အချိန်မီ ပြင်ဆင်ဖြည့်စွက်သင့်သလဲ။**

စောစောက ပြောသွားတဲ့ အချက်သုံးချက်ကို စွဲစွဲမြဲမြဲထည့်စေချင်တယ်။ နည်းဥပဒေထဲမှာပဲ ထည့်ထည့်ပေ့ါ။ ဥပဒေရေးရာနဲ့ ပတ်သက်ရင် ဒီအချက်သုံးချက်ကို ဘယ်လိုထည့်သွင်း စဉ်းစားမလဲ။ ကျွမ်းကျင်သူတွေကရော နည်းပညာ စံချိန်စံညွှန်းတွေကို ပြောကြမယ်။ ဘယ်နေရာမှာ ဘယ်လိုလုပ်သင့်တယ်စသဖြင့်ပေ့ါ။ ဂုဏ်သိက္ခာရှိတဲ့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စံချိန်စံညွှန်းတွေ ထည့်ရမယ်။ ဘယ်လိုလုပ်ငန်းမျိုးဆိုရင် EIA လုပ်ရမှာလဲ။ ဥပမာ-ဒေါ်လာငါးသန်းမြှုပ်နှံတဲ့ လုပ်ငန်းလား။ သောက်ရေဆိုရင် ရေအရည်အသွေးဘယ်လောက်ရှိရမယ်။ မြစ်ရေဆိုရင် ဘယ်လောက်၊ ကန်ရေဆိုရင် ဘယ်လောက်ရှိရမယ် စသဖြင့်ပေ့ါ။ မြေကြီးကို အဆိပ်သင့်နိုင်တဲ့ ကိစ္စမျိုးတွေကိုလည်း သေချာလုပ်ရမယ်။ ဥပမာ-ဘက်ထရီစက်ရုံတွေ၊ သားရေ စက်ရုံတွေ၊ စက္ကူစက်ရုံ၊ ကျောက်မီးသွေးကထွက်တဲ့ စွန့်ပစ်အမှိုက်တွေက မြေကြီးကို အဆိပ်သင့်နိုင်တယ်။

နောက် Environmental Fund ကို ဘယ်လိုလုပ်မလဲ။ အခုကတော့ အလှူရှင်နိုင်ငံက ချပေးတဲ့ Fund ကိုပဲ ပြောနေကြတာကို။ Long Term မှာကျတော့ Fund တစ်ခုတည်းရပ်တည်လို့ မရဘူး။ အဲဒါကြောင့် Environment Tax ကိစ္စကို အသေးစိတ်အချက်လက်တွေရဖို့ ကာလတိုလုပ်ရမယ်။ Tax ရှိမှ လုပ်စရာရှိတာတွေ လုပ်ရမှာကို။ ဥပမာ-စက်ရုံတစ်ရုံဆောက်တယ်။ သူက ညစ်ညမ်းရေဆိုးထုတ်နေတယ်ဆိုပါတော့။ မသုံးဖို့ ပြောတဲ့အခါ သူ့မှာကလည်း ပိုက်ဆံမရှိလို့ ဒီလိုသုံးရတာလေ။ အဲဒီတော့ သူကို အထောက်အပံ့ဖြစ်စေမယ့် ချေးငွေထုတ်ချေးပြီး လုပ်ခိုင်းရမယ်။ အဲဒီလို လုပ်ပေးလို့ မလုပ်ဘူးဆိုရင်ဖမ်းပေ့ါ။ တို့ဆီမှာက ကုန်ဈေးနှုန်းကြီးတယ်။ မင်းပါးစပ်ပေါက်ကို ချုပ်ထား နည်းလမ်းတွေနဲ့ပဲ ဖြေရှင်းလာကြတော့။

**■ ဝင်လာမယ့် ရင်းနှီးမြှုပ်နှံမှုတွေထဲက အစပိုင်းမှာ ကြုံတွေ့ရမယ့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာတွေကို ဖြေရှင်းဖို့ အစိုးရရော၊ လူအဖွဲ့အစည်းရော၊ လုပ်ငန်းရှင်တွေရော အင်န်ဂျီအိုတွေက ဘယ်လိုပြင်ဆင်ထားရမလဲ။**

ဥပဒေတွေ ရှိပေမယ့်လည်း ဥပဒေကို လိုက်နာကျင့်သုံးဖို့ လိုတယ်လေ။ သုံးလား၊ မသုံးလား ဆိုတာကို ကြည့်ဖို့လူလည်း လိုတယ်။ ဒါရှိရုံနဲ့ပဲ နှိမ်နင်းနိုင်တာ မဟုတ်ဘူး။ လုံးဝဥဿုံ အဖြေမဟုတ်ဘူး။ လူထုထဲမှာကို အချင်းချင်း တိုင်ပင်တဲ့စိတ်ဓာတ်ရှိဖို့ လိုတယ်။ ပတ်ဝန်းကျင်ရေးရာဆိုတာ ဒီအတိုင်းပဲ ဥပဒေရှိတုန်း ဥပဒေအကောင်အထည်ဖော်တဲ့ လူတွေရှိတုန်း၊ ဒါတွေဟာ လိုအပ်တဲ့ အဟန့်အတားပဲ ဖြစ်မယ်။ လူထုအသိုင်းအဝိုင်းတစ်ခုလုံးကိုက ပတ်ဝန်းကျင်ထိန်းသိမ်းရေး လိုချင်တဲ့ စိတ်ဓာတ်တရားရှိမှသာလျှင် ဥပဒေမရှိရင်တောင် အချင်းချင်း ထိန်းရမယ်။ ဥပဒေ-ကောင်းနဲ့တည်ဆောက်ရင်လည်း ဘယ်ရင်းနှီးမြှုပ်နှံသူက လာမှာမဟုတ်ဘူးလေ။ အကောင်းဆုံးနည်းကတော့ ပြည်သူရော၊ ကုမ္ပဏီရော၊ အစိုးရတွေပါ ဝိုင်းတိုင်ပင်ပြီး ပူးပေါင်းဆွေးနွေးဖို့လိုတယ်။ အစိုးရကတော့ ဥပဒေကြောင်းအရ ခိုင်ခိုင်လုံလုံဖြစ်အောင် လုပ်ပေးဖို့လိုတယ်။ ပတ်ဝန်းကျင်ဆိုင်ရာ သတ်မှတ်ချက်စံနှုန်း၊ စံထားတွေ၊ ပတ်ဝန်းကျင်ရေးရာ ဆန်းစစ်ဖို့ အတွက် ဥပဒေပိုင်းဆိုင်ရာကရော၊ ဥပဒေအကောင်အထည်ဖော်ဖို့ အပိုင်းကပါ လုပ်ပေးရမယ်။ အစိုးရက အမြင်မစောင်းဘဲ စောင့်ကြည့်တဲ့ Civil Society တွေထားပေးရမယ်။

Civil Society ကလည်း အစိုးရဌာနဆိုင်ရာတွေရဲ့ အတိတ်အပြစ်တွေကို ရှာဖွေတာ မဟုတ်ဘဲ ဖြစ်ခဲ့တဲ့အကြောင်းအရာတွေကို လေ့လာပြီး ရှေ့မဖြစ်ဖို့ လိုအပ်သလို လေ့လာပြီးပြောရမှာပေ့ါ။ အခုလေ့လာစောင့်ကြည့်တဲ့ အဖွဲ့က ဖွပြီးပြော နေကြတာ တွေ့ရတယ်။ ဖွတယ်ဆိုတာ အဖြေရှာတာ မဟုတ်ဘူး။ မျှော်လင့်ချက်အမှားတွေပေးပြီး စည်းရုံးတဲ့အခါ မိအေးနှစ်ခါနာ ကိစ္စတွေပဲရှိလိမ့်မယ်။ ဘာရနိုင်တယ်။ ဘာမရနိုင်ဘူးဆိုကာ ပြည်သူလူထုသိအောင် လုပ်ပေးရမယ်။ ငါပြောတာကြီး လိုက်နာရမယ်လို့ အတင်းအဓမ္မကြီးပြောလို့မရဘူး။ ဖြစ်လာတဲ့အကြောင်းတရားတွေကို လူထုကလည်းလက်ခံရမယ်။

**■ လေ့လာထားတဲ့အထဲက ရင်းနှီးမြှုပ်နှံမှုကြောင့် ပျက်စီးသွားတဲ့ သာဓကတစ်ခုခုပေးပါလား။**

ထိုင်းနိုင်ငံ မန်တာပွတ် စက်မှုဇုန်မှာရှိတဲ့ရေနံဓာတုစက်ရုံတွေကြောင့် အဲဒီဒေသမှာရှိတဲ့ လူတွေမှာအ ဆုတ်ရောဂါ၊ကင်ဆာရောဂါတွေ အများကြီးခံစားရတယ်။ ကလေးသူငယ်တွေ အကြမ်းဖက်ခံရတယ်။ အိတ်ချ်အိုင်ဗီ၊ အေအိုင်ဒီအက်စ်တွေ များလာတယ်။ ဒါတွေကလည်း ရင်းနှီးမြှုပ်နှံမှုကြောင့် တွဲပါလာတဲ့ SIA တွေပေ့ါ။ နောက်တစ်ခု အစိုးရက J power ကျောက်မီးသွေး စက်ရုံဆောက်ဖို့ လုပ်နေတယ်။ ဘယ်လောက်ပဲ သန့်စင်သန့်စင် ပတ်ဝန်းကျင်ကတော့ထိမှာပဲ။ ဥပမာပြောရရင် ကြေးနီတောင် စီမံကိန်းကိစ္စပဲ။ အရင်က အိုင်ဗင်းဟိုးကုမ္ပဏီက လုပ်တယ်။ အရမ်းပဲပတ်ဝန်းကျင်ဂရုစိုက်တဲ့ ကုမ္ပဏီနော်။ ၉၉ ရာခိုင်နှုန်းလောက်ပဲ ကြေးနီတောင်ကထွက်တဲ့ အမှုန့်တွေကို ထိန်းနိုင်လို့ ဆုရထားတာ။ ဒါပေမဲ့လည်း ၁ ရာခိုင်နှုန်းသော အကျိုးဆက်ကြောင့် သူတို့ကုမ္ပဏီကထွက်တဲ့ ၂၀၀၄-၂၀၀၅Report မှာ အနီးအနားဝန်းကျင်က အမျိုးသမီးတွေ ကိုယ်ဝန်ပျက်တာတွေ များလာတာတွေ့ရတယ်။

**■ ဝင်လာမယ့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်နဲ့ ပြည်တွင်းလုပ်ငန်းရှင်တွေကို ဘာသတင်းစကား ပါးချင်သလဲ။**

ညစ်ပတ်ပါစေ။ ပိုက်ဆံချမ်းသာလာရင် သန့်ရှင်းရေးပြန်လုပ်မယ့် အတွေးအခေါ်တွေ ရှိနေတယ်။ အင်မတန်မှ Out of Date ဖြစ်တဲ့ အတွေးလို့ ယူဆတယ်။ ဖွံ့ဖြိုးပြီး နိုင်ငံတွေကလည်း ဒီလိုပဲ လုပ်လာခဲ့ကြတော့ အခုတရုတ်ပြည်မှာဆိုရင် ဆည်ကိစ္စနဲ့ ပြဿနာတက်နေပြီး သရီးဂေါ် ဂျက်ဆည်ကြောင့် မြေပြိုတာတွေ၊ ရေတိုက်စားတာတွေ ရှိနေတယ်။ ဘာပဲလုပ်လုပ်ပြည်သူတွေနဲ့ပေါင်းပြီးလုပ်ပါ။ ဒူးတိုက်ဆွေးနွေးပါ။

**■ ဒီလိုရင်းနှီးမြှုပ်နှံမှုကို စီမံခန့်ခွဲမယ့် အစိုးရကိုရော သတင်းစကား ဘယ်လိုပါးချင်လဲ။**

သမ္မတကြီး ပတ်ဝန်းကျင်ရေးရာ လုပ်နေသေးတာ အားနည်းနေသေးတယ်။ ပတ်ဝန်းကျင်ရေးရာကို ရှင်းတာ ပတ်ဝန်းကျင်ရေးရာကော်မတီတစ်ခုတည်း ရှင်းလို့မရဘူး။ ပေါင်းရှင်းကြဖို့ အပြုသဘောနဲ့စောင့်ကြည့်တဲ့ Civil Society တွေ ထားပေးပါ။ နောက်ဝန်ကြီးဌာနတွေနဲ့ Civil Society တွေ ပြည်သူလူထုတွေနဲ့ မကွာဟသွားအောင် ပေါင်းကူးပေးဖို့ သမ္မတကြီးအဆင့်မြင့် အဖွဲ့ဖွဲ့ပေးပါ။ ဝန်ကြီးဌာနအချင်းချင်း ညှိနှိုင်းပေးတဲ့အဆင့်က အလုပ်မဖြစ်ဘူး။ ဒုသမ္မတဦးဆောင်ပြီးတော့ပဲ ဖြစ်ဖြစ် အဆင့်မြင့်အဖွဲ့အစည်း ဖွဲ့ပြီး ဖိအားပေး၊ တွန်းအားပေးပါ။ ဒါတွေကို ညှိနှိုင်းဆောင်ရွက်ဖို့ အားအနည်းဆုံးဖြစ်နေတယ်။

ဒါမှမဟုတ်ဘူးဆိုရင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဟာ မည်ကာမတ္တ ထိန်းသိမ်းရေး အဆင့်ပဲရှိမယ်။ နိုင်ငံရေးအရ သနပ်ခါးလိမ်း၊ မိတ်ကပ်လိမ်းတဲ့ အဆင့်ပဲရှိနေလိမ့်မယ်။ ရပ်မနေပါနဲ့ ပြောချင်ပါတယ်။

**■ အခုလို ဖြေကြားတဲ့အတွက် ကျေးဇူးတင်ပါတယ်။**

Environment
7Day News Journal
Vol.11, No.19 • JULY 19 , 2012

# "ပိုက်ဆံချမ်းသာလာရင် သန့်ရှင်းရေးပြန်လုပ်မယ်ဆိုတဲ့ အတွေးအခေါ်က ခေတ်မမီတော့ပါဘူး"

အိဖြူမွန်

**နိုင်ငံရေးအပြောင်းအလဲကြောင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းများ အလုံးအရင်းဖြင့် ဝင်လာပါက ဖြစ်ပေါ်နိုင်ခြေရှိသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များနှင့် ကြိုတင်ကာကွယ်နိုင်မည့် နည်းလမ်းများကို ဂေဟစနစ်စီးပွားတိုးတက်ရေးအဖွဲ့ (Ecodev)မှ ဉက္ကဋ္ဌဦးဝင်းမျိုးသူနှင့် 7Day News က ဇူလိုင်လ ဒုတိယပတ်အတွင်း တွေ့ဆုံမေးမြန်းခဲ့မှုများမှ အချို့ကိုကောက်နုတ်ဖော်ပြလိုက်ပါသည်။**



**■ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုတွေကြောင့် အမေရိကန်၊ ဗြိတိန်စတဲ့ နိုင်ငံကြီးတွေက ရင်းနှီးမြှုပ်နှံဖို့စစ်တမ်းတွေ၊ လေ့လာရေးတွေ လုပ်နေကြပါပြီ။ တကယ်လို့ ရင်းနှီးမြှုပ်နှံမှုတွေ ရောက်လာတာနဲ့ နိုင်ငံရဲ့ သဘာဝပတ်ဝန်းကျင်ကို အရင်ဆုံးထိခိုက်မယ့် အချက်တွေက ဘယ်အချက်တွေဖြစ်မလဲ။**

မြန်မာနိုင်ငံက ရင်းနှီးမြှုပ်နှံမယ့်သူတွေကို အဓိကဆွဲဆောင်စေမယ့် အချက်က သဘာဝသယံဇာတတွေပဲ ရှိမယ်။ ဝန်ဆောင်မှုကဏ္ဍရှိမယ်။ တိုးရစ်ဇင်၊ Banking နဲ့ပတ်သက်ပြီး ခြေလှမ်းချလာမယ်။ Production ပိုင်းမှာလာနိုင်မယ့်ဟာက လူအင်အားကို အသုံးပြုရတဲ့ Manufacture ပိုင်းမှာဆိုရင် အထည်ချုပ်စက်ရုံလိုဟာမျိုးတွေ၊ သရေချုပ်စက်ရုံလိုဟာမျိုးတွေ လာမယ်။ နောက် Natural Resource လို့ပြောတဲ့အတွက် ရေနံဓာတုနဲ့ ဆိုင်တဲ့လုပ်ငန်းမျိုးတွေ စက်ရုံ၊ အလုပ်ရုံတွေ ရောက်လာနိုင်တယ်။ အဲဒီဒေသတွေမှာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုတွေ လာလိမ့်မယ်။ ရေနံတူးဖော်ရေးကဏ္ဍမှာ လူတွေအတော်စိတ်ဝင်စားနေတယ်။ နောက်စိုက်ပျိုးရေးကဏ္ဍမှာ တချို့ကုမ္ပဏီတွေက စိုက်ခင်းကြီးတွေ လုပ်ဖို့စိတ်ဝင်စားနေတာ တွေ့ရတယ်။ စက္ကူကုန်ကြမ်းစိုက်ခင်းတွေ၊ ဆီအုန်းစိုက်ခင်းတွေ လုပ်ချင်တာမျိုးတွေရှိမယ်။ အဲဒီလိုမျိုးတွေရှိရင်ရှိနေပြီးသား သစ်တောတွေကို ရန်ရှာမှာပဲလေ။ မြေလွတ်၊ မြေရိုင်း ခေါင်းစဉ်အောက်ကနေ ဒါတွေကိုယူပြီး Commercial Agriculture စိုက်ခင်းတွေ၊ အပင်တစ်မျိုးတည်းကို ဦးတည်စိုက်တဲ့ စိုက်ခင်းတွေ စိုက်မယ်။ အဲလိုစိုက်တော့မယ်ဆိုရင် လူမှုရေး၊ စီးပွားရေး၊ ပတ်ဝန်းကျင်ရေးရာ အပိုင်းတွေ အများကြီးစဉ်းစားဖို့ လိုတယ်။ စီးပွားရေးအရ တိုးတက်ကောင်းလည်း တိုးတက်မှာပေါ့။ ပတ်ဝန်းကျင်ရေးရာမှာတော့ နောက်ဆက်တွဲ အကျိုးဆက်တွေ အများကြီးဖြစ်လာမယ်။ ဒီလို စီးပွားစီမံကိန်းတွေအတွက် ပြင်ဆင်ထားတာ မရှိရင် အကြီးအကျယ်ထိလာနိုင်တာပေါ့။ ဘရာဇီးလိုနိုင်ငံမှာ အမေဇုန်တောကြီးကို ရှင်းလိုက်ပြီး စက္ကူပျော့ဖတ်ကုန်ကြမ်း စိုက်ခင်းကြီးတွေ စိုက်ကြတော့ မြစ်ကြီးတွေ ရေခန်းတာတွေ့ဖူးတယ်။ နောက်တစ်ခုက ဟိုတယ်ဇုန်တွေက စွန့်ပစ်တဲ့ အမှိုက်ပြဿနာ။ အမှိုက်တွေကို ဘယ်မှာ လွှင့်ပစ်မှာလဲ။ မြေကြီးထဲကို မြှုပ်မှာလား။ မြှုပ်တဲ့အခါမှာရော သေချာသန့်စင်ပြီးတော့ မြှုပ်မှာလား၊ ဘယ်လို သန့်စင်မှာလဲ။ မေးစရာတွေက အများကြီးပဲ။ အင်းလေးလိုနေရာမျိုး ငပလီလို့ နေရာမျိုးတွေမှာ အပြိုင်အဆိုင် ရေချိုသုံးစွဲမှု၊ အမှိုက်သုံးစွဲမှု ပြဿနာတွေလာမယ်။ အကြီးအကျယ်ကိုလာမှာ။ ဒါတွေ စီမံခန့်ခွဲဖို့ လုပ်ရမှာပေါ့။

**■ ဘယ်လိုကဏ္ဍတွေမှာအထိခိုက်အများဆုံးဖြစ်မလဲ။ ဉပမာ-ဒေသတွင်း နိုင်ငံတွေကို ဉပမာပေးပြီး တော့ပြောပါလား။**

အထိခိုက်ဆုံးက မြေနဲ့ပတ်သက်တဲ့ဟာပဲ။ တော်တော့ကို ကျယ်ကျယ် ပြန့်ပြန့်နဲ့ ထိမယ်။ သတ္တုတွင်း တူးဖော်မယ်ဆိုရင် မြေကိုလှန်ပစ်လိုက်တာ ဆိုတော့ လေထိခိုက်မှု အများကြီး လာလိမ့်မယ်။ ရေနံဓာတုစက်ရုံတစ်ခု ဆောက်မယ်ဆိုရင် ဒေသတစ်ခုလုံး ထိခိုက်နိုင်တယ်။ ဒါပေမဲ့လည်း ကျန်တဲ့နေရာတွေကိုရောက်ချင်မှလည်း ရောက်မယ်။ အဲဒါကလည်း အခြေအနေပေါ် မူတည်တယ်။ နယူးမက္ကဆီကို ပင်လယ်ကွေ့မှာ ဗြိတိသျှကုမ္ပဏီတစ်ခု ရေနံဖိတ်စဉ်လို့ပင်လယ်ပြင်တစ်ခုလုံး ညစ်ညမ်းကုန်တယ်။ ဉရောပနိုင်ငံတွေဆိုတာ အတိုင်းအတာတစ်ခုထိ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းတွေကို လုပ်တယ်။ အဲလို ကုမ္ပဏီမျိုးမှာတောင် ရေနံစိမ့်ထွက်တာမျိုးတွေ ရှိတယ်။ နောက် ၁၉၈၀ ကျော်လောက်က အိန္ဒိယနိုင်ငံ ဘွန်းပါးမှာ ဖြစ်တဲ့ ပြဿနာ၊ အဆိပ်ဓာတ်ငွေ့တွေ ထွက်ပြီး လူတွေဒုက္ခရောက်ကြတယ်။ အများကြီး သေကြတယ်။ နိုင်ဂျီးရီးယားဆိုရင် ရေနံကိုမီးရှို့ပြီး ထွက်လာတဲ့ ဓာတ်ငွေ့တွေကြောင့် ပတ်ဝန်းကျင်တွင် ညစ်ညမ်းပြီး ကျန်းမာရေးဒုက္ခရောက်ကြတယ်။ နောက်ထိုင်းပင်လယ်ကွေ့မှာပုစွန်တွေဈေးတက်လို့အာရှကုမ္ပဏီတွေလာပြီး ရင်းနှီးမြှုပ်နှံကြတယ်။ ပုစွန်ကန်တွေ အများကြီးမွေးကြတဲ့အတွက် ထိုင်း ပင်လယ်ကွေ့ကြီးတစ်ခုလုံး ညစ်ပတ်ပြီး လုံးဝပျက်စီးသွားတယ်။ မြင်သာထင်သာတဲ့ ကိစ္စရပ်တစ်ခုကြီး ဖြစ်လာတယ်။

**■ မြန်မာနိုင်ငံအနေနဲ့ ဒီလို ပတ်ဝန်းကျင်ဆိုင်ရာ ညစ်ညမ်းမှုတွေ ဖြစ်လာရင် ခုခံပြောဆိုဖို့ ကာကွယ်ဖို့လုံလောက်တဲ့ခိုင်မာတဲ့ဉပဒေရှိနေပြီလား။**

ပတ်ဝန်းကျင်ဆိုင်ရာဉပဒေတော့ ဧပြီလက ပြဋ္ဌာန်းလိုက်တယ်။ အားနည်းချက်တွေ အများကြီးရှိတယ်။ ပြည့်စုံလုံလောက်တဲ့ ဉပဒေတစ်ခုတော့ မဟုတ်သေးဘူး။ ဉပဒေတစ်ခုထွက်လာပြီဆိုတော့ ကျန်တဲ့လိုအပ်တဲ့ နည်းဉပဒေတစ်ခု ထွက်လာဖို့ လမ်းခင်းပေးတဲ့သဘောတော့ဖြစ်လာတာပေါ့နော်။ ပင်မ ဉပဒေက အားနည်းချက်တွေ များပေမယ့် နည်းဉပဒေထဲမှာ ပိုပြီးကျစ်ကျစ်လျစ်လျစ် သိပ်သိပ်သည်းသည်းနဲ့ သင့်လျော်တဲ့ ဉပဒေပြဋ္ဌာန်းလိုက်မယ်ဆိုရင် အတိုင်းတာတစ်ခုထိတော့ အဟန့်အတားလေးတွေ ဖြစ်မယ်ထင်တယ်။

**■ လတ်တလော ပြဋ္ဌာန်းလိုက်တဲ့ ဉပဒေမှာ ခုခံကာကွယ်ဖို့အားနည်းချက်တွေ ရှိတယ်လို့ပြောတယ်။ အဲဒီ အားနည်းချက်က ဘယ်လို အားနည်းချက်တွေလည်း ရှိတာလဲ။**

အားနည်းတဲ့ အချက်သုံးချက်ကို တွေ့ရတယ်။ နံပါတ်(၁) အချက် ကြိုတင်ကာကွယ်တဲ့ စည်းမျဉ်းစည်းကမ်းပေါ့။ ဉပမာ- မြစ်ဆုံဆည်ကိစ္စမျိုးပေါ့။ နှစ်ဖက်လုံးက ဆောက်ချင်တဲ့အကြောင်း မဆောက်ချင်တဲ့အကြောင်း ပြောကြရင် တစ်ဖက်နဲ့တစ်ဖက် ဘယ်သူမှားလဲ၊ ဘယ်သူမှန်လဲပေါ့။ နောက်ဆုံးတကယ် စဉ်းစားရမှာက ဒီဆည်ကြီးတည်ဆောက်မယ့်အတွက် ကောင်းကျိုးတွေလည်းရှိသလို၊ ဆိုးကျိုးတွေလည်း ရှိမယ်။ ဆိုးကျိုးဖြစ်နိုင်ခြေက တစ်ရာခိုင်နှုန်းပဲရှိတယ်ဆိုဦး မကျိန်းသေတဲ့ ကိစ္စတစ်ခုကို နောက်အနာဂတ်နဲ့ လက်ရှိလူတွေအတွက် မလုပ်ဘူးဆိုရင် စည်းကမ်းချက်က ဒီဉပဒေမှာပါဖို့ လိုတယ်။ ဘာလိုလဲဆိုတော့ ပတ်ဝန်းကျင်ပျက်ရတဲ့အကြောင်းအရင်းက စီးပွားရေးတိုးတက်ချင်လို့ သဘာဝအရင်းအမြစ်တွေကို အသုံးချတဲ့ ကိစ္စရပ်တွေမှာ လောဘကြီးခဲ့လို့ပဲ။ အဲဒီလောဘကို တိုင်းတာမယ့် ဟန့်တားနိုင်တဲ့ စည်းမျဉ်းမျိုးရှိသင့်တယ်။ အဲဒါကြောင့် ကျင့်သုံးရမယ့် မူဝါဒတစ်ခုပါအောင် ဒီထဲမှာပြောဖို့လိုတယ်။ စီမံကိန်းပဲဖြစ်ဖြစ်၊ စက်ရုံဆောက်တာပဲဖြစ်ဖြစ်၊ ဆိုးကျိုးဖြစ်နိုင်ခြေ ရှိတယ်ဆိုတာနဲ့ပဲ ဒါကိုရပ်သင့်ရင်ရပ်ရမယ့်ခံယူချက်မျိုး နံပါတ်တစ်အရေးကြီးဆုံးအချက်ပဲ။ ဖွံ့ဖြိုးပြီး တိုင်းပြည်မှာတော့ ဒီအချက်ကိုထည့်တယ်။

နောက်နံပါတ်(၂) အချက်က (Citizen right to Healthly Environment) နိုင်ငံသားတိုင်းရဲ့ပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးကိုကာကွယ်ပေးဖို့လိုတယ်။ အဲဒီအပိုင်းက လက်ရှိ ရှိနေတဲ့ ဉပဒေမှာ ပြီးပြည့်စုံအောင် မပါဝင်ဘူး။

ကမ္ဘာကြီးပေါ်မှာ မွေးဖွားလာတဲ့လူတစ်ယောက်ရှင်သန်ရပ်တည်ဖို့ မြေရှိတယ်။ လေရှိတယ်။ ရေရှိတယ်။ လူတွေရှင်သန်လို့ရတဲ့ သဘာဝတရားကြီးကို လူတွေကိုပေးတာလေ။ အဲဒါကြီးကတစ်ယောက်ယောက်ကြောင့် ပျက်သွားရင် သူ့ရဲ့မွေးရာပါ ပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးကိုလာပြီး ထိခိုက်တာပဲ။ ဒါတွေကို ကာကွယ်ပေးရမယ်။ ဒီဉပဒေကိုကြည့်တဲ့အခါ ဒီအချက်ကို အပြည့်အဝကာကွယ်ပေးဖို့လိုနေသေးတယ်။

ထပ်ပြီး ရှင်းပြရရင် သန့်ရှင်းတဲ့ ပတ်ဝန်းကျင်ကို ခံစားနိုင်ဖို့ Right to Know ဖြစ်ဖို့လိုတယ်။ ဉပမာ-ကိုယ်က ဒီစက်ရုံနားမှာ နေမယ်။ ခင်ဗျားထုတ်လိုက်တဲ့ စက်ရုံထဲမှာ ကျန်းမာရေးကို ထိခိုက်နိုင်မယ့်ပမာဏဘယ်လောက်ပါလဲဆိုတာ သိခွင့်ရှိတယ်။ အဲဒီလို Right to Know ကို မထည့်သွင်းထားဘူးဆိုရင် ကုမ္ပဏီကရော၊ အစိုးရဌာနကရော ဖွက်ထားမှာပေါ့။ အစိုးရကလည်း ထုတ်ပြန်ပေးဖို့လိုတယ်။

နောက် Right to Participate ပူးပေါင်းပါဝင်ခွင့်ပေးရမယ်။ ဒီလိုစီမံခန့်ခွဲခွင့်တွေကိုပါဝင်ခွင့်ပေးဖို့ အဖွဲ့အစည်းတွေ၊ လေ့လာစောင့်ကြည့်သူတွေ ဖွဲ့ခွင့်ပေးရတယ်။ နောက်ဆုံးဖြတ်ချက်ချမယ့်ကိစ္စတွေမှာလည်း ပါဝင်ခွင့်ပေးရမယ်။ အဲဒီလို ကိုယ့်ကိုယ်ကိုယ်ကာကွယ်နိုင်ဖို့အခွင့်အလမ်းတွေရှိရမယ်။ အဲဒီအပိုင်းတွေကိုခြုံငုံမိတဲ့ အပိုင်းတွေ မပါဘူး။ ရောနေတယ်။


နောက်ဆုံး နံပါတ်(၃) အချက်က Pollutor People Principal ပတ်ဝန်းကျင် ညစ်ညမ်းအောင် လုပ်တဲ့သူကို ထိရောက်စေတဲ့နည်း။ အဲဒါလေးကတော့ နည်းနည်းလေးပါတယ်။ ဒါပေမဲ့လည်း ဉပမာပြောရရင် စက်ရုံကြီးတစ်ရုံမှာ ရေဆိုးတွေကို ဘာမှမသန့်စင်ဘဲ စွန့်ထုတ်လိုက်မယ်။ အဲဒီလို စွန့်ထုတ်လုက်တဲ့အတွက် ဒဏ်ငွေဆယ်သိန်း ဒဏ်ရိုက်တယ်ဆိုပါစို့။ လုပ်ငန်းရှင်က စီးပွားရေးတွက်ခြေကိုက်မှုကို ထည့်သွင်းစဉ်းစားလိမ့်မယ်။ သူ့စက်ရုံကြီးက သိန်းပေါင်းထောင်ချီတန်မယ်။ ရေသန့်စင်ဖို့သိန်းပေါင်းများစွာကုန်မယ်ဆိုရင် အဲဒီအစား သူဘာလုပ်မလဲ။ လစဉ်ပိုက်ဆံပေးလိုက်မှာပေါ့။ လက်ရှိဉပမာက အားနည်းတော့ စောစောက PPP က Right to Pallulate ဖြစ်သွားတယ်။

စာ(၄၀) သို့

ENVIRONMENT Cartoon



ကမ္ဘာကြီး ပူနွေးလာနေမှုဟာ
ငှက်ဖျားပိုးသယ်တဲ့
ခြင်အတွက်တော့
သတင်းကောင်းပဲ။

Tourism
7DAY NEWS JOURNAL
Vol.11, No.19 • JULY 19 , 2012

# နိုင်ငံတကာဧည့်သည် များပြားလာသော်လည်း ဟိုတယ်ခန်းများ အလွန်နည်းနေဆဲဖြစ်

**နိုင်ချို၊ ခင်ငြိမ်းချမ်းစိုး**

**ရန်ကုန်၊ ဇူလိုင် - ၁၂**

မြန်မာနိုင်ငံသို့ စီးပွားရေးသမားများနှင့် နိုင်ငံတကာမှ ဧည့်သည်များ ဝင်ရောက်မှုမြင့်တက်လာခြင်းကြောင့် မြန်မာနိုင်ငံတွင် ဟိုတယ်ခန်းများ အလွန်နည်းနေသေးကြောင်းဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်က ဇူလိုင် ၇ ရက်တွင် ပြုလုပ်သော ဆာဆင်ဘန်ကောက်ဖိုရမ်၌ ပြောကြားခဲ့သည်။

၎င်းက မြန်မာနိုင်ငံသည် ခရီးသည်အဝင် အထူးမြင့်မားလာမှုနှင့် လိုက်ဖက်ညီစေရန် ခရီးသွားလုပ်ငန်း အခြေခံအဆောက်အအုံကို တွန်းတင်နေရကြောင်းပြောကြားသည်။ မြန်မာ့ခရီးသွားလုပ်ငန်းသည် အခြေတည်စအဆင့်တွင် ရှိနေဆဲဖြစ်ပြီး အခြေခံအဆောက်အအုံဖွံ့ဖြိုးမှုသည် ခရီးသွားလာရေးလုပ်ငန်း တိုးတက်ရန်အတွက် သော့ချက်ဖြစ်သည်ဟုဆိုသည်။



ရန်ကုန်မြို့လယ်တစ်နေရာတွင် တွေ့ရသည့် နိုင်ငံခြားသားဧည့်သည်များ

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

သို့သော် ယခုလက်ရှိတွင် အခန်းဈေးနှုန်းမြင့်မားမှုကြောင့် နိုင်ငံခြားဧည့်သည်အချို့မှာ မြန်မာနိုင်ငံခရီးစဉ်ကို ဖျက်သိမ်းခြင်းများရှိပြီး ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများသို့ အီးမေးလ်ဖြင့် ပေးပို့ဖျက်သိမ်းခြင်းများရှိနေကြောင်း မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌဦးတင်ထွန်းအောင်ကပြောသည်။

မကြာမီကာလတွင်ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၏ အခြေခံအဆောက်အအုံလုပ်ငန်း၌ ရင်းနှီးမြှုပ်နှံမည့်သူများ မြန်မာနိုင်ငံသို့ အုပ်လိုက်သင်းလိုက် ဝင်ရောက်လာမည်ဟုမျှော်လင့်ထားကြောင်း ဒုတိယဝန်ကြီး ဦးဌေးအောင်က ဆာဆင်ဘန်ကောက်ဖိုရမ်တွင် ပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် ခရီးသွားလုပ်ငန်းပင်မစီမံချက်တစ်ခုကို ရေးဆွဲပြီးဖြစ်ကြောင်း ထိုကြိုးပမ်းမှုများအတွက် နော်ဝေအစိုးရထံမှ အထောက်အပံ့ရရှိခဲ့ကြောင်း ၎င်းကဆိုသည်။

လက်ရှိအချိန်တွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက ကြယ်ငါးပွင့်အဆင့်ရှိဟိုတယ်အခန်းဈေးနှုန်းကို အမေရိကန်ဒေါ်လာ ၁၇၀ မှ ၂၅၀ အထိလည်းကောင်း၊ ကြယ်လေးပွင့်အဆင့်ရှိ ဟိုတယ်အခန်းဈေးနှုန်းကို အမေရိကန်ဒေါ်လာ ၁၂၀ မှ ၁၇၅ အထိလည်းကောင်း၊ ကြယ်သုံးပွင့်အဆင့်ရှိ ဟိုတယ်အခန်းဈေးနှုန်းကို အမေရိကန်ဒေါ်လာ ၉၀ မှ ၁၁၅ အထိလည်းကောင်း သတ်မှတ်ထားပြီး အခြားဟိုတယ်များကိုလည်း ဈေးနှုန်းအသီးသီးပြောင်းလဲသတ်မှတ်ထားသည်။

## ပြည်တွင်းလေကြောင်းလိုင်း နှစ်ခု နေ့လယ်ခရီးစဉ်များ ပျံသန်းမည်

**အောင်သူရ**

**ရန်ကုန်၊ ဇူလိုင် - ၁၄**

ပြည်တွင်းလေကြောင်းလိုင်းများဖြစ်သော Air KBZ နှင့် Air Mandalay လေကြောင်းလိုင်းများသည် လာမည့်ခရီးသွားရာသီတွင် နေ့လယ်ပိုင်းခရီးစဉ်များ ပျံသန်းပေးမည်ဟု သတင်းရရှိသည်။

“အောက်တိုဘာကစပြီး နေ့လယ် ၂နာရီမှာ ရန်ကုန်-မန္တလေး-ညောင်ဦး-ဟဲဟိုး-ရန်ကုန် ခရီးစဉ်ကို နေ့စဉ် ပျံဖို့စီစဉ်ထားပါတယ်” ဟု Air KBZ လေကြောင်းလိုင်းမှ အထွေထွေမန်နေဂျာဦးမြတ်သူက ပြောသည်။

ထို့အပြင် အဲမန္တလေးလေကြောင်းလိုင်းကလည်း နိုဝင်ဘာလမှစ၍ နေ့လယ်၁၁နာရီတွင်ရန်ကုန်-မန္တလေး-ညောင်ဦး-ဟဲဟိုးခရီးစဉ်အား နေ့စဉ်ပျံသန်းရန်စီစဉ်ထားကြောင်း အဆိုပါလေကြောင်းလိုင်းများမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။


“ဒါဟာ ခရီးသွားလုပ်ငန်းလုပ်နေတဲ့သူတွေအတွက် အသက်ရှူပေါက်ပဲ။ ရန်ကုန်ဟိုတယ်တွေ အခန်းမရနိုင်တာကို ရှောင်လို့ရတဲ့နည်းတစ်ခုပဲ” ဟု Myanmar Pole Star ခရီးသွားကုမ္ပဏီမှ ဒါရိုက်တာ ကိုအောင်လင်းထက်က ဆိုသည်။

လက်ရှိတွင် မြန်မာနိုင်ငံသို့ လာရောက်သော နိုင်ငံခြားသားများ ဝင်ရောက်မှုများပြားလာ၍ ရန်ကုန်မြို့ရှိ ဟိုတယ်များ အခန်းမပေးနိုင်သဖြင့် ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများ အခက်အခဲနှင့် ရင်ဆိုင်နေရသည်။

ပြည်တွင်းခရီးစဉ်များကို လေကြောင်းလိုင်း ခြောက်လိုင်းမှ နိုင်ငံခြားသားများ အဓိကသွားရောက်ရာ ဒေသများသို့ နံနက်ပိုင်းအချိန်တွင်သာ ပျံသန်းလျက်ရှိသည်။



7 DAY NEWS JOURNAL
Vol.11, No.19 • JULY 19 , 2012



7 DAY NEWS JOURNAL
Vol.11, No.19 • JULY 19 , 2012

# အာရှရေခဲပြင်အချို့ အရည်မပျော်ဘဲ အသစ်ထပ်မံဖြစ်ထွန်းနေဟုဆို

**လန်ဒန်၊ ဇူလိုင် - ၁၀**



အာရှဒေသရှိနှင်းဖုံးတောင်များမှ ရေခဲပြင်များသည် အရည်ပျော်ကျခြင်းမရှိဘဲ အချို့မှာ ရေခဲပြင်အသစ်များပင် ထပ်မံဖြစ်ထွန်းနေကြောင်း ဂြိုဟ်တုမှ လေ့လာမှုများကို အခြေခံ၍ ပြင်သစ်ရေခဲပြင်လေ့လာရေးပညာရှင်များက ပြောကြားလိုက်သည်။ အဆိုပါ ရေခဲပြင်အသစ်များ ဖြစ်ထွန်းနေသောနေရာမှာ ပါကစ္စတန်မြောက်ပိုင်းနှင့် တရုတ်အနောက်ပိုင်းကြားမှ ကာရာကိုရမ်တောင်တန်းနေရာဖြစ်ပြီး အခြားသော ရေခဲပြင်များနှင့်မတူဘဲ ကာရာကိုရမ် ရေခဲပြင်ထုမှာ မကြာသေးမီနှစ်များအတွင်း တဖြည်းဖြည်းတိုးပွားလာနေကြောင်း သိရသည်။

အဆိုပါ ကာရာကိုရမ်ရေခဲပြင်မှာ ကမ္ဘာ့ရေခဲပြင်များအားလုံး၏ ၃ ရာခိုင်နှုန်းခန့်ရှိသည်။ ယခုလေ့လာမှုတွင် ပညာရှင်များသည် ထိုတောင်တန်းများကို ဂြိုဟ်တုမှ ရယူထားသော အချက်အလက်များအသုံးပြုဆန်းစစ်ခဲ့ပြီး ရေခဲပြင်များ၏ အထုမှာ ၁၉၉၉ နှင့် ၂၀၀၈ အကြား တစ်နှစ်လျှင် ၀ ဒသမ ၁၁ မီတာ တိုးလာကြောင်း တွေ့ရှိခဲ့သည်။

ထို့ကြောင့်ပြင်သစ်နိုင်ငံ တူးလောက်စ်တက္ကသိုလ်မှ ပညာရှင် ဘီတီယန်ဘာသီယာက "ရေခဲပြင်ရှိရာဒေသတွေအားလုံးဟာ တစ်ပုံစံတည်း ပြောင်းလဲနေတာမဟုတ်ပါဘူး" ဟုပြောသည်။ သုတေသီများသည် ကမ္ဘာတစ်ဝန်း၌ရေခဲပြင်များ အရည်ပျော်နေမှုကိုပိုမိုတိုးချဲ့ခန့်မှန်းနေကြပြီး အမှန်တကယ် ရေခဲအရည်ပျော်မှုများမှာ နှစ်စဉ် ရေခဲတန်ချိန် ၁၅၀ ဘီလီယံခန့်သာရှိကြောင်း၊ ယင်းမှာ ယခင် ခန့်မှန်းမှုများထက် ၃၀ ရာခိုင်နှုန်း လျော့နည်းကြောင်း ဆိုသည်။ *—Ref: Dailymail*

# အငြင်းပွားကျွန်းစုများအနီး တရုတ်သင်္ဘောများချဉ်းကပ်လာဟု ဂျပန်အာဏာပိုင်များပြောကြား

**တိုကျို၊ ဇူလိုင် - ၁၁**

တရုတ်ကင်းလှည့်ရေယာဉ်သုံးစီးသည် ဂျပန်နှင့် ပိုက်နက်အငြင်းပွားနေသောကျွန်းများအနီးသို့ ဇွန် ၁၁ ရက်တွင် ချဉ်းကပ်လာခဲ့ကြောင်း ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့က ပြောကြားလိုက်သည်။ အဆိုပါရေယာဉ်များသည် အရှေ့တရုတ်ပင်လယ်အတွင်း ဂျပန်မှ ဆန်ကာကူဟုခေါ်ပြီး တရုတ်မှ တိုင်ယူဟုခေါ်သော အငြင်းပွားဖွယ်ရာ ကျွန်းစုများအနီး ဂျပန်ရေပိုင်နက်အတွင်းဝင်ရောက်လာခဲ့ကြောင်းဆိုသည်။ ကမ်းခြေစောင့်တပ်ဖွဲ့က ထိုသင်္ဘောများကို မိမိတို့ပိုင်နက်ရေပြင်မှ ထွက်ခွာရန် တောင်းဆိုခဲ့ပြီး ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း သံတမန်လမ်းကြောင်းများဖြင့် တရုတ်ဘက်သို့အကြောင်းကြားခဲ့ကြောင်း သိရသည်။

ယခုဖြစ်စဉ်မှာ ဂျပန်အစိုးရက အဆိုပါကျွန်းစုများကို ပိုင်ရှင်ဂျပန်လူမျိုးတစ်ဦးထံမှ ပြန်လည်ဝယ်ယူကောင်း ဝယ်ယူမည်ဟု ပြောကြားအပြီး ပေါ်ပေါက်လာခြင်းဖြစ်သည်။ အဆိုပါ အငြင်းပွားမှုကျွန်းစုများ တည်ရှိရာမှာ ငါးပေါများစွာရှိပြီး အဖိုးတန်သတ္တုတွင်းထွက်များစွာလည်း ရှိနိုင်ကြောင်း ခန့်မှန်းထားသည်။

တိုကျိုမြို့တော် အုပ်ချုပ်ရေးအဖွဲ့သည် ထိုကျွန်းစုများကို ဝယ်ယူရန် နိုင်ငံတစ်ဝန်းမှ အလှူငွေယန်း ၁ ဒသမ ၃ ဘီလီယံ (ဒေါ်လာ ၁၆ ဒသမ ၃ သန်း) ကောက်ခံရရှိပြီးဖြစ်ကြောင်း မကြာမီက ကြေညာထားသည်။ ထို့နောက် ဘေဂျင်းကလည်း ဂျပန်က ထိုကျွန်းများကို ဝယ်ခွင့်မရှိကြောင်း တုံ့ပြန်ခဲ့သည်။ ဂျပန်နှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးများသည် ဖနွမ်းပင်၌ ကျင်းပသော အာဆီယံအစည်းအဝေးတွင် တွေ့ဆုံဖွယ်ရှိသည်ဟု သိရသည်။

*—Ref: AFP*

# နိုင်ငံခြားအလုပ်သမားများ မိသားစုခေါ်ယူခွင့် စင်ကာပူကန့်သတ်မည်

**စင်ကာပူ၊ ဇူလိုင် - ၁၀**

နိုင်ငံခြားသား အလုပ်သမားများ စင်ကာပူနိုင်ငံတွင် များပြားလာခြင်းကို နိုင်ငံသားများ၏ မကျေနပ်မှုများရှိခဲ့ပြီးနောက် စင်ကာပူသည် နိုင်ငံခြားသားအလုပ်သမားများအား မိသားစုခေါ်ယူခွင့်ပေးခြင်း စည်းမျဉ်းစည်းကမ်းများကို ပိုမိုတင်းကျပ်တော့မည်ဖြစ်သည်။

စက်တင်ဘာလ ၁ ရက်မှစ၍ စင်ကာပူသို့ မိသားစုခေါ်ယူခွင့်ရရန် နိုင်ငံခြားအလုပ်သမားတစ်ဦးသည် အနည်းဆုံးတစ်လလျှင် စင်ကာပူဒေါ်လာ ၄,၀၀၀ (ကန်ဒေါ်လာ ၃,၁၅၀) ဝင်ငွေရရှိမည်ဖြစ်သည်။ လက်ရှိတွင် ယင်းသတ်မှတ်ချက်မှာ စင်ကာပူဒေါ်လာ ၂,၈၀၀ ဖြစ်သည်။ ထို့အပြင် အချို့အလုပ်သမားများသည်လည်း ၎င်းတို့၏ မိဘများ၊ ဝမ်းကွဲမောင်နှမများကို ဗီဇာရက်ရှည်ဖြင့် စင်ကာပူသို့ ခေါ်ယူနိုင်တော့မည် မဟုတ်ပေ။

လူဝင်မှု ကြီးကြပ်ရေး ပေါ်လစီများကို မကျေနပ်မှုကြောင့် ယမန်နှစ်က ကျင်းပခဲ့သော ရွေးကောက်ပွဲတွင် လက်ရှိအာဏာရပါတီမှာ ဒုတိယကမ္ဘာစစ်နောက်ပိုင်း အဆိုးရွားဆုံးရလဒ်များ ရရှိခဲ့သည်။

ယခုစီစဉ်ထားသောအပြောင်းအလဲများမှ စင်ကာပူဌာနေမဟုတ်သော လူဦးရေကို အသင့်အတင့်သာ ကြီးထွားလာစေရန်အတွက် ဖြစ်သည်ဟု စင်ကာပူပြည်သူ့အင်အားဝန်ကြီးဌာန ကြေညာချက်တွင်ဖော်ပြထားသည်။

*—Ref: Bloomberg*

**TRADEMARK CAUTION**
CIMB Group Sdn Bhd., a company incorporated in Malaysia at 5th Floor, Bangunan CIMB, Jalan Semantan, Damansara Heights, 50490 Kuala Lumpur, Malaysia is the Owner and Sole Proprietor of the following Trademarks:-

$PEED $END

Reg : No.4/5665/2012

SpeedSend

Reg : No.4/5669/2012

In respect of : Banking, financial and insurance services, investment, asset and fund management services, remittance services, money transfer services, electronic funds transfer services, money order services and bill payment services.

Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990    19.July.2012



7 DAY NEWS JOURNAL
Vol.11, No.19 • JULY 19 , 2012

## Leader's Profile

# မက္ကဆီကို သမ္မတသစ် ပင်ညာနီယက်တို

ရဲမင်း



ပင်ညာနီယက်တိုသည် မက္ကဆီကို နိုင်ငံ၏ ရွေးကောက်ခံသမ္မတဖြစ်သည်။ Institutional Revolutionary Party (PRI) ဝင်တစ်ဦး ဖြစ်ပြီး ၂၀၁၂ ခုနှစ် မက္ကဆီကို သမ္မတရွေးကောက်ပွဲတွင် စုစုပေါင်း မဲအရေအတွက်၏ ၃၈ ရာခိုင်နှုန်းရရှိကာ သမ္မတအဖြစ် ကြေညာခဲ့သည်။

ပင်ညာနီယက်တိုကို မက္ကဆီကိုပြည်နယ် အတာကူမယ်ကို ဒေသတွင် ၁၉၆၉ ခုနှစ်၊ ဇူလိုင် ၂၀ ရက်က မွေးဖွားခဲ့သည်။ ဖခင်မှာ လျှပ်စစ်လုပ်သားတစ်ဦးဖြစ်ပြီး မိခင်မှာ ကျောင်းဆရာမဖြစ်သည်။

ပင်ညာနီယက်တိုသည် Panamerica တက္ကသိုလ်မှ ဘွဲ့ရရှိခဲ့ပြီး EGADE စီးပွားရေးတက္ကသိုလ်မှ မဟာဘွဲ့ရရှိခဲ့သည်။ အထက်တန်းကျောင်းသားဘဝမှာပင် နိုင်ငံရေးအလေ့အကျင့်များနှင့် ပါဝင်ပတ်သက်ခဲ့ပြီး လူထုအခမ်းအနားများတွင် ကျောင်းကို ကိုယ်စားပြု တက်ရောက်ခဲ့သည်ဟု ပင်ညာက ပြောလေ့ရှိသည်။

ပင်ညာသည် ၁၉၉၁ ခုနှစ်တွင် မက္ကဆီကို ပြည်နယ်၊ မြူနီစပယ်ဒေသအသီးသီး ပါဝင်သည့် Organization and Citizen Front အဖွဲ့၏ ကိုယ်စားလှယ်အဖြစ် ပါဝင်လှုပ်ရှားခဲ့သည်။ PRI ပါတီ၏ ရွေးကောက်ပွဲဆိုင်ရာ သင်တန်းစင်တာတွင် နည်းပြအဖြစ်သင်တန်းပေးခဲ့သည်။ တစ်ချိန်တည်းမှာပင် မက္ကဆီကို ပြည်နယ်အစိုးရတွင် အုပ်ချုပ်ရေးဆိုင်ရာ ရာထူးများ ရယူတာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၃ မှ ၁၉၉၈ ခုနှစ်အတွင်း မက္ကဆီကိုပြည်နယ် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး အတွင်းဝန်တာဝန်ကိုထမ်းဆောင်ခဲ့သည်။ ၁၉၉၀-၂၀၀၀ ခုနှစ်များအတွင်း ယင်းပြည်နယ်၏ လက်ထောက် အတွင်းဝန်အဖြစ် ခန့်ထားခြင်းခံရသည်။

၂၀၀၀ ခုနှစ်မှ ၂၀၀၂ ခုနှစ်အတွင်း ပင်ညာသည် မက္ကဆီကို ပြည်နယ်အစိုးရ၏ နိုင်ငံရေးရာထူးအမျိုးမျိုး၏ တာဝန်ထမ်းဆောင်ခဲ့သလို PRI ပါတီ၏ ညီလာခံများတွင်လည်း အရေးပါသောအခန်းကဏ္ဍများမှ ပါဝင်ခဲ့သည်။

၂၀၀၅ ခုနှစ်တွင် PRI ပါတီ ညီလာခံတက်ရောက်သူများက ပင်ညာအား မက္ကဆီကိုပြည်နယ် အုပ်ချုပ်ရေးမှူးနေရာအတွက် အမည်စာရင်း တင်သွင်းခဲ့သည်။ ရွေးကောက်ပွဲ မဲဆွယ်ချိန်တွင်လည်း ၎င်း၏ အစိုးရလက်ထက်တွင်လုပ်ကိုင်ဆောင်ရွက်မည့်လုပ်ငန်းတာဝန်ပေါင်း ၆၀၇ ခုအားပြီးပြတ်အောင် လုပ်ဆောင်မည်ဟု ပင်ညာက ပြောကြားခဲ့သည်။ လက်တွေ့တာဝန်ထမ်းဆောင်ချိန်တွင်လည်း မစ္စတာပင်ညာနီယက်တိုသည် ယင်းလုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်နိုင်ရုံသာမက မက္ကဆီကိုပြည်နယ်အတွက် အခြေခံအဆောက်အအုံစနစ်ကိုပါမြှင့်တင်နိုင်ခဲ့သည်။ မစ္စတာပင်ညာနီယက်တိုသည် ၂၀၀၅ မှ ၂၀၁၁ ခုနှစ်အထိ မက္ကဆီကိုပြည်နယ်အုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ယူခဲ့သည်။

မစ္စတာပင်ညာနီယက်တိုသည် မက္ကဆီကိုပြည်နယ် အုပ်ချုပ်ရေးမှူး တာဝန်ထမ်းဆောင်နေချိန်မှာပင် နောင်တစ်ချိန်တွင် မက္ကဆီကိုသမ္မတဖြစ်လာမည့်သူဟု ရေပန်းစားခဲ့ပြီး ၂၀၁၂ ခုနှစ် သမ္မတရွေးကောက်ပွဲဝင်ရန် PRI ပါတီက ပင်ညာနီယက်တိုအား ၂၀၁၁ ခုနှစ် ဒီဇင်ဘာလတွင် အတည်ပြုပေးခဲ့သည်။ ၂၀၁၂ ခုနှစ် ဇူလိုင်လတွင် မက္ကဆီကို သမ္မတရွေးကောက်ပွဲ၌ အနိုင်ရရှိကြောင်း ကြေညာခဲ့သည်။

မစ္စတာပင်ညာနီယက်တိုသည် အိမ်ထောင်နှစ်ဆက်ရှိခဲ့ပြီး သားသမီးငါးဦး ထွန်းကားထားသည်။ *—Ref: Wikipedia*

## နောက်ကျောဖုံး - ထိပ်သီးအဆင့်ဆွေးနွေးပွဲများအတွက် မစ္စစ်ကလင်တန် အစ္စရေးနိုင်ငံသို့ ရောက်ရှိ မှ

မစ္စစ်ကလင်တန်သည် ၂နှစ်နီးပါး ကာလအတွင်း အစ္စရေးနိုင်ငံသို့ပထမဆုံးပြန်လည်ရောက်ရှိလာခြင်းဖြစ်ပြီး အစ္စရေးဝန်ကြီးချုပ်ဘင်ဂျမင်နာတာညာဟု၊ သမ္မတ ရှီမွန်ပီရက်စ်၊ နိုင်ငံခြားရေးဝန်ကြီး အဗစ်ဒါလိုင်ဘာမန်း၊ ကာကွယ်ရေးဝန်ကြီး အီဟွတ်ဘာရက်တို့နှင့်တွေ့ဆုံဆွေးနွေးမည်ဟု မျှော်လင့်ရသည်။

မစ္စစ်ကလင်တန်သည်နောက်ပိုင်းတွင် ပါလက်စတိုင်းဝန်ကြီးချုပ် ဆာလမ်ဖေယက်နှင့်လည်း တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။ ယခုလအစောပိုင်းကလည်း မစ္စကလင်တန်နှင့် ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်တို့ ပြင်သစ်နိုင်ငံ ပါရီမြို့တွင် အစည်းအဝေးတစ်ရပ်ပြုလုပ်ခဲ့ကြောင်း သိရသည်။

အစ္စရေးအရာရှိကြီးများနှင့် တွေ့ဆုံစဉ် မစ္စစ်ကလင်တန်သည် အရှေ့အလယ်ပိုင်းတွင်ဖြစ်ပေါ်နေသော နိုင်ငံရေးအုံကြွမှုများနှင့် ယင်းအုံကြွမှုများက အမေရိကန်နှင့် အစ္စရေးအပေါ် မည်သို့သက်ရောက်မည်ဆိုသည့် မဟာဗျူဟာမြောက် ဆွေးနွေးမှုများပြုလုပ်နိုင်ကြောင်း အမေရိကန်နိုင်ငံခြားရေးဌာနအရာရှိကြီးတစ်ဦးက အေအက်ဖ်ပီသတင်းဌာနအား ပြောကြားခဲ့သည်။

*—Ref: AFP*

## နောက်ကျောဖုံး - ဂျပန်နိုင်ငံ ကျူရှူးကျွန်းရေကြီးမှု ကယ်ဆယ်ရေးလုပ်ငန်းများလုပ်ဆောင် မှ

ဂျပန်တပ်ဖွဲ့ဝင်များသည် ကျူရှူးကျွန်းတောင်ပိုင်းတောင်တန်းများထူထပ်ရာ ဒေသတွင် ပိတ်မိနေသော ပြည်သူများဆီသို့ စားနပ်ရိက္ခာထောက်ပံ့ရေးပစ္စည်းများလေကြောင်းမှ ပေးပို့လျက်ရှိသည်။ ကယ်ဆယ်ရေးအဖွဲ့များကလည်း ရေကြီးမှုနှင့် မြေပြိုမှုများကြောင့်ပျောက်ဆုံးနေသောအနည်းဆုံး လူခြောက်ဦးအားရှာဖွေနေကြသည်။

ဇူလိုင်လ ၁၄ နှင့် ၁၅ ရက်အတွင်း ယခင်နှစ်များက ဖြစ်ပေါ်ခဲ့သော တစ်နှစ်ပတ်လုံး မိုးရေချိန်လက်မနှင့် ညီမျှသည့်မိုးများ ကျူရှူးကျွန်းပေါ် ရွာချခဲ့ကြောင်း သိရသည်။

အဆိုးဆုံးအခြေအနေမှ ကျော်လွန်သွားပြီဖြစ်သော်လည်း မိုးအနည်းငယ်ထပ်မံရွာသွန်းလျှင်ပင်နောက်ထပ် မြေပြိုမှုများ ဖြစ်ပွားလာနိုင်သည်ဟု ဂျပန်မိုးလေဝသအေဂျင်စီက သတိပေးထားသည်။ ထို့အပြင် အချို့ဒေသများတွင် မိုးရွာသွန်း၍ မိုးသက်မုန်တိုင်းများ ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းထားကြောင်း ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြသည်။

လူပေါင်း ၅၀၀,၀၀၀ ခန့်အား နေအိမ်များမှ ဖယ်ရှား၍ ကယ်ဆယ်ရေးလုပ်ဆောင်ရန် ဇူလိုင် ၁၄ ရက်တွင် အစိုးရက ကြေညာချက်ထုတ်ပြန်ခဲ့သော်လည်း ဇူလိုင် ၁၅ ရက်တွင် လူအများအား နေအိမ်သို့ ပြန်ခွင့်ပြုခဲ့သည်။ *—Ref: BBC*

## နောက်ကျောဖုံး - ဆီးရီးယားတွင် ပြည်တွင်းစစ်ဖြစ်နေပြီဟု နိုင်ငံတကာကြက်ခြေနီအဖွဲ့က သတ်မှတ် မှ

ထိုအတောအတွင်း စစ်ဆင်ရေးများတွင် အစိုးရတပ်ဖွဲ့များက လက်နက်ကြီးများ အသုံးပြုနေကြောင်း ကုလသမဂ္ဂ၏ ပြောဆိုမှုများကို ဆီးရီးယားအစိုးရက ငြင်းဆိုလိုက်သည်။ ဇူလိုင် ၁၂ ရက်တွင် ဖြစ်ပေါ်ခဲ့သော သွေးထွက်သံယိုမှုများမှာ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှု မဟုတ်ကြောင်း၊ ယင်းမှာ ထရမ်ဆေးရွာကို သိမ်းပိုက်ထားသော လက်နက်ကိုင်တိုက်ခိုက်ရေးသမားများအားပစ်မှတ်ထားသည့် ထိုးစစ်ဆင်မှုတစ်ရပ်သာဖြစ်သည်ဟု ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီး ပြောခွင့်ရ ပုဂ္ဂိုလ်ဂျီဟတ်မက်ဒီစီကပြောကြားသည်။ *—Ref: CNBC*

## နောက်ကျောဖုံး - မြောက်ကိုရီးယား စစ်ဘက်အကြီးအကဲ ရာထူးအားလုံးမှ ဖယ်ရှားခံရ မှ

အလုပ်သမားများပါတီ၊ ဗဟိုကော်မတီနိုင်ငံရေးဗျူရိုအဖွဲ့က အစည်းအဝေးတစ်ရပ်ပြုလုပ်၍ မကျန်းမာသောအခြေအနေကြောင့်မစ္စတာရီယောင်ဟိုအား ရာထူးနေရာအားလုံးမှ အနားပေးခဲ့ကြောင်း KCNA သတင်းဌာနက ပြောသည်။

မစ္စတာရီယောင်ဟိုအား နိုင်ငံ၏ ဩဇာအာဏာအကြီးဆုံးအဖွဲ့ဖြစ်သော ပေါ်လစ်ဗျူရိုမှ ဖယ်ရှားခဲ့သလို အလုပ်သမားများပါတီဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌအဖြစ်မှလည်း ဖယ်ရှားခဲ့သည်။ *—Ref:AFP*

## စာ(၄၆) - နိုင်ငံတကာကြက်ခြေနီကော်မတီ(ICRC)အကြီးအကဲ ဂျက်ကော့ဘ်ကယ်လင်ဘာဂါနှင့် တွေ့ဆုံခြင်း မှ

သိပ်ရိုးရှင်းတဲ့ကိစ္စတစ်ခုကိုပြောရရင် ကျွန်တော်တို့က စတုတ္ထမြောက် ဂျီနီဗာကွန်ဗင်းရှင်းကို အသုံးပြုလို့ရတယ်လို့ စဉ်းစားနေစဉ်မှာ အစ္စရေးကတော့ အဲဒီလူသားချင်းစာနာမှုဆိုင်ရာ ဥပဒေကို အသုံးမပြုနိုင်ဘူးလို့ စဉ်းစားတယ်ဗျ။ အစ္စရေးအာဏာပိုင်တွေရဲ့ လက်အောက်မှာရှိတဲ့ အကျဉ်းထောင်တွေထဲက အထိန်းသိမ်းခံ ပါလက်စတိုင်းထောင်ပေါင်းများစွာဆီကိုကျွန်တော်တို့သွားရောက်ကြည့်ရှုခဲ့သလို ပါလက်စတိုင်းဘက်က ရာမာက အာဏာပိုင်အဖွဲ့နဲ့ ဂါဇာအာဏာပိုင်အဖွဲ့လက်အောက်က အထိန်းသိမ်းခံတွေဆီလည်း ကျွန်တော်တို့ သွားကြည့်တာပါပဲ။

**အစ္စရေးရဲ့ထိန်းသိမ်းမှု ခံထားရတဲ့ ပါလက်စတိုင်းအကျဉ်းသားတွေဟာ အစာငတ်ခံဆန္ဒပြမှု အသစ်ထပ်လုပ်မယ်လို့ခြိမ်းခြောက်နေတာ လူကြီးမင်းသိထားမှာပါပဲ။ နှစ်ယောက်က သေဆုံးတော့မယ့်အန္တရာယ်ကြုံတွေ့နေပါတယ်။ အစ္စရေးဘက်က အုပ်ချုပ်ရေးအရ ပါလက်စတိုင်းတွေကို ထိန်းသိမ်းနေမှုကိစ္စဟာ ဘယ်လိုပုံနဲ့ရပ်တန့်နိုင်မှာပါလဲ။**

အစ္စရေးမှာဖြစ်နေတဲ့အလွန်ကြီးမားတဲ့ပြဿနာရဲ့အလယ်မှာ ကျွန်တော်တို့ရောက်နေပါတယ်။ ဒါဟာစက်တင်ဘာ ၁၁ ကိစ္စပြီးတဲ့နောက် ပေါ်လာခဲ့တဲ့လုံခြုံရေးအကြောင်းပြချက်တွေနဲ့ ပြစ်မှုမကျူးလွန်တဲ့သူတွေကို ဖမ်းဆီးထိန်းသိမ်းနေခြင်းလည်း ဖြစ်ပါတယ်။ ဒီတော့ မဒမ်ရေ၊ ကျွန်တော်ပြောမယ်ဗျာ။ ကျွန်တော်တို့သာနိုင်ငံတကာလူသားချင်းစာနာထောက်ထားမှု ဥပဒေကို ပြဋ္ဌာန်းအသုံးချနိုင်မယ်ဆိုရင် အဲဒါဟာ မှန်ကန်တဲ့ဦးတည်ချက်နဲ့ အဓိကခြေလှမ်းတစ်ရပ် ဖြစ်လာမှာပါ။ ဘာ့ကြောင့်လဲဆိုတော့ အဲဒီလိုကိစ္စတွေမှာ ကျွန်တော်တို့မှာ ပြဋ္ဌာန်းထားတဲ့ ဥပဒေသာရှိရင် အဆင်ပြေမှာပါ။ ကျွန်တော်တို့မှာ လူတစ်ယောက်က တကယ်ပဲ လုံခြုံရေးအတွက် ဆက်ပြီးအန္တရာယ်ပေး၊ မပေးကို ပုံမှန်စစ်ဆေးနိုင်တဲ့ လွတ်လပ်တဲ့အာဏာပိုင်အဖွဲ့တစ်ဖွဲ့ရှိနေပြီး တကယ်လို့ အဲဒီပုဂ္ဂိုလ်က မဟုတ်ဘူးဆိုရင်လည်း သူဟာ ကျိန်းသေလွတ်မြောက်ရမှာမို့ပါပဲ။

*—Ref: 'Jacob Kellenberger, Head of the International Committee of the Red Cross". Euronews*

## စာ(၃၆) - ဘွဲ့ရ ကမ္ဘာနှင့် အရည်အသွေး မှ

ထို့အတွက် ကျွမ်းကျင်မှု မပါဝင်သောကုန်ထုတ်လုပ်ငန်း အလုပ်အကိုင်များပျောက်ကွယ်လာသည်နှင့် အမျှ ပညာပိုတတ်သူများအတွက် အလုပ်အကိုင်သစ်များ ဖန်တီးပေးနိုင်ရန် အဆင့်မြင့် ပညာရေးတွင်ရင်းနှီးမြှုပ်နှံခြင်းမှ သိသာထင်ရှားသော စီးပွားရေးအကျိုးအမြတ်များရှိသည်ဟု OECD က ကောက်ချက်ချထားပါသည်။

OECD ၏ခန့်မှန်းချက်များကဘွဲ့ရအရေအတွက်များပြားလာပုံကို ဖော်ထုတ်ထားသော်လည်း အရည်အသွေးရှိခြင်းကို ဖော်ထုတ်ပြသခြင်းမရှိပေ။ ဤနေရာတွင် အသိပညာဖြန့်ဝေမှု မြေပုံဆွဲရန် အခြားနည်းလမ်းများရှိပါသည်။ ထို့အတွက် အောက်စဖို့ဒ်တက္ကသိုလ်အင်တာနက် အင်စတီကျူဒ်မှ ပညာရှင်အဖွဲ့တစ်ဖွဲ့က ကမ္ဘာ့ အသိပညာပထဝီဝင်ကို ပြသသည့်မြေပုံများဆွဲထားသည်။

၎င်းတိုင်းတာမှုတွင် လူဦးရေများက အွန်လိုင်းကမ္ဘာတွင် သတင်းအချက်အလက်များကို မည်ကဲ့သို့ ထုတ်လုပ်၊ သုံးစွဲသနည်း ဆိုသည်ကို တိုင်းတာသည်။ အင်တာနက်အသုံးပြုမှုအဆင့်အတန်းကိုမြေပုံဆွဲပြီး ဂူးဂဲလ်တွင် အသုံးပြုသူက ထုတ်လုပ်သောအကြောင်းအရာအရေအတွက်၊ ပညာရပ်ဆိုင်ရာအတွက် အသုံးချမှုအနည်းအများနှင့် ဝီကီပီဒီးယားများအား ပထဝီဝင်ဒေသအလိုက် အသုံးပြုမှုများကို တိုင်းတာခဲ့သည်။ ဤနေရာတွင် အနောက်နိုင်ငံများ၏ ယဉ်ကျေးမှုအရ ဆက်လက်လွှမ်းမိုးနေမှုအကြောင်း ပေါ်ထွက်လာသည်။

ဘွဲ့ကြိုနှင့် ဘွဲ့ရ ဒေါက်တာဘွဲ့ရရှိသူများတွင် အာရှနိုင်ငံများကရှေ့ရောက်နေသော်လည်း အနောက်နိုင်ငံများမှာ မိမိတို့အားကောင်းသော နယ်ပယ်များတွင် ဆက်လက်စိုးမိုးထားနိုင်သည်မှာ စိတ်ဝင်စားစရာကောင်းသည်ဟု အောက်စဖို့ဒ်အင်တာနက်အင်စတီကျူဒ်မှ ပါမောက္ခဗစ်တာမေယာရွှန်ဘာဂါက ဆိုပါသည်။ အကြောင်းရင်းမှာ အနောက်နိုင်ငံများက အဖွဲ့အစည်းများ၊ တက္ကသိုလ်များကို ထိန်းချုပ်ထားသောကြောင့်ဟူ၍ ပါမောက္ခကြီးကဆိုသည်။ ထို့အပြင် တရုတ်သုတေသီများမှာ အနောက်တိုင်းသုတေသီများကဲ့သို့ ထိုးထွင်းသိမြင်နိုင်မည်လားဆိုသည်ကို မသိရသေးဟု ပါမောက္ခကြီးက ဆက်လက်ပြောသည်။

"ခေတ်တိုင်းမှာ သူ့ရဲ့ထူးခြားတဲ့ပထဝီဝင်ပုံစံရှိပါတယ်။ သတင်းအချက်အလက်ခေတ်မှာ တော့ ဒါဟာ ကုန်းလမ်းတွေ ရေလမ်းတွေအပေါ်မှာ မူတည်မှာ မဟုတ်ဘဲ အသိပညာရပ်ဝန်းတွေပေါ်မှာ တည်မှီနေပါတယ်"ဟု ပါမောက္ခကြီးက ဆိုသည်။

—Ref: End of Empire for Western Uinversity


7DAY NEWS JOURNAL
Vol.11, No.19 • JULY 19 , 2012

# "ကျွန်တော်တို့ ဘယ်ဘက်ကမှ မရပ်ဘူးဆိုတာ သူတို့မြင်ပါတယ်"

## နိုင်ငံတကာကြက်ခြေနီကော်မတီ(ICRC)အကြီးအကဲ ဂျက်ကော့ဘ်ကယ်လင်ဘာဂါနှင့် တွေ့ဆုံခြင်း

**ကျော်မျိုး**

နိုင်ငံတကာကြက်ခြေနီကော်မတီ (ICRC)ဟာ ကမ္ဘာ့နိုင်ငံတွေမှာ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီတွေကို ဘက်လိုက်မှုမရှိဘဲ ပေးအပ်နေတဲ့ အဖွဲ့ကြီးဖြစ်ပါတယ်။ ယခုလို အရေးပါတဲ့ နိုင်ငံတကာ အဖွဲ့အစည်းကြီးတစ်ခုမှာ မစ္စတာဂျက်ကော့ဘ်ကယ်လင်ဘာဂါဟာကော်မတီရဲ့အကြီးအကဲရာထူးကို နှစ်ပေါင်း ၁၂ နှစ် ကြာအောင် ထမ်းဆောင်ခဲ့တာပါ။ ဆီးရီးယားအရေးနဲ့ပတ်သက်လို့ အထူးကျွမ်းကျင်သူတစ်ဦးအဖြစ် သတ်မှတ်ခံရသူ၊ ကမ္ဘာပေါ်မှာ ဖြစ်ပွားနေတဲ့ ပဋိပက္ခတွေနဲ့ပတ်သက်လို့ အများထက်ပိုပြီးခံစားနိုင်တဲ့နေရာမှာ ရှိနေသူ၊ အပြစ်မဲ့ထိန်းသိမ်းခံနေရ သူတွေနဲ့ပတ်သက်လို့ ဂျီနီဗာကွန် ဗင်းရှင်းအရ လွတ်လပ်အမှီအခိုကင်းတဲ့ လုပ်ပိုင်ခွင့်အာဏာကို ကိုင်စွဲပြီး ကူညီနေတဲ့ အိုင်စီအာရ်စီအဖွဲ့ကြီးရဲ့ ခေါင်းဆောင်ဖြစ်သူ ကယ်လင်ဘာဂါဟာမကြာမီကာလအတွင်းမှာ ရာထူးကနေ အနားယူတော့မှာလည်းဖြစ်ပါတယ်။ ဒါ့ကြောင့် ယူရိုသတင်းနဲ့မစ္စတာဂျက်ကော့ဘ်ကယ်လင်ဘာဂါတို့ရဲ့ တွေ့ဆုံမေးမြန်းမှုတွေကို ပြန်လည်တင်ဆက်ပေးလိုက်ပါတယ်။ မေးမြန်းသူက ယူရိုသတင်းမှ မစ္စအန်နာမီရန်ဒါပါပဲ။



**လူကြီးမင်းဟာ အိုင်စီအာရ်စီအဖွဲ့ကြီးရဲ့ အကြီးအကဲအဖြစ် ၁၂ နှစ်လောက်လုပ်ခဲ့ပြီး အခုကစလို့ ရက်သတ္တပတ်အနည်းငယ်အတွင်းအနားယူပါတော့မယ်။ ပဋိပက္ခဖြစ်နေတဲ့ ဆီးရီးယားရဲ့ အခြေအနေအကြောင်းကိုလူတိုင်းထက် ပိုကောင်းကောင်းသိတဲ့သူတစ်ဦးအနေနဲ့ အဲဒီမှာ အစိုးရိမ်ရဆုံးကိစ္စက ဘာများဖြစ်မှာပါလဲ။**

ကျွန်တော်က ကိုးလအတွင်း (ဆီးရီးယားမြို့တော်) ဒမတ်စကပ်ကို သုံးကြိမ်သွားရောက်ခဲ့ဖူးတဲ့ တစ်ဦးတည်းသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းတစ်ခုရဲ့ ခေါင်းဆောင်ပါပဲ။ ဒါ့ကြောင့် ကျွန်တော်ဒီကိစ္စမှာ ပုဂ္ဂိုလ်ရေးအရ နက်နက်ရှိုင်းရှိုင်း ပါဝင်ပတ်သက်နေခဲ့ပါတယ်။ အဲဒီနေရာမှာကြက်ခြေနီအဖွဲ့က တစ်ဦးတည်းသော နိုင်ငံတကာဇာတ်ဆောင်ပါပဲ။ အဲဒီနေရာကို အဖွဲ့ရဲ့ အော်ပရေးရှင်းတွေနဲ့ ဝန်ထမ်းတွေ တိုးပွားအောင် လုပ်ရင်းနဲ့ပဲ သူ့ရဲ့ လိုအပ်ချက်တွေက တစ်ခါထပ်တိုးပွားလာနေပါတယ်။ အဲ ဒါဆက်ဖြစ်နေမှာ ကျွန်တော်ကြောက်မိပါတယ်။ ဒါ့ကြောင့် ဘယ်နည်းနဲ့ပဲဖြစ်ဖြစ် အကြမ်းဖက်မှုအဆုံးသတ်တာကို ကျွန်တော်တို့ မမြင်ရဘူးဖြစ်နေပါတယ်။

**ကိစ္စတွေဖြစ်ပေါ်တိုးတက်နေပေမယ့်လည်း ဆီးရီးယားပဋိပက္ခဟာ ကုလသမဂ္ဂလုံခြုံရေးကောင်စီထဲက နိုင်ငံတွေအကြား ရှုပ်ထွေးတဲ့ ဆက်ဆံရေးကို ဖြစ်ပေါ်နေစေပါတယ်။ ကုလသမဂ္ဂဟာ ဒီကိစ္စကို ပိုပြီးလွယ်လွယ်ကူကူကိုင်တွယ်နိုင်ဖို့ ပြုပြင်ပြောင်းလဲရေး ကြီးကြီးမားမားလုပ်ဖို့လိုအပ်နေတယ်လို့ လူကြီးမင်းထင်ပါသလား။**

ဟင့်အင်း။ ကျွန်တော့်မှာ အဲဒီလိုမရှိပါဘူး။

**အထူးပြုပြောရရင် ဆီးရီးယားအရေးနဲ့ပတ်သက်လို့ပေါ့လေ။**

ဟင့်အင်း။ ဒါပေမဲ့ . . .

**ကျွန်မတို့ကြုံနေရတာ သံတမန်ရေးအရ အဓိကဆုံးရှုံးမှုကိုလား။**

ဟုတ်ကဲ့။ အာနန်စီမံကိန်း (ကုလအတွင်းရေးမှူးချုပ်ဟောင်းကိုဖီအာနန် ဦးဆောင်သောစီမံကိန်း)လို့ကျွန်တော်တို့ခေါ်ကြတဲ့ အပစ်အခတ်ရပ်စဲရေးကို ချမှတ်ပြီး သက်ဆိုင်ရာအဖွဲ့တွေကြား နိုင်ငံရေးအရ ဆွေးနွေးမှုဆက်လုပ်ဖို့ဟာ အခြေခံအားဖြင့် ကျွန်တော်တွေ့တာကတော့ စီမံကိန်းကောင်းတစ်ခုပါပဲ။ အခုတော့ ခင်ဗျားပြောတာမှန်ပါတယ်။ အပစ်အခတ်ရပ်စဲရေးချိုးဖောက်မှုတွေမြင်ရတော့ ဘယ်သူကတာဝန်ရှိသလဲဆိုတာ တကယ်လုံးဝမသိခဲ့ပါဘူး။ ပြောနိုင်တာကတော့ ဖြစ်နိုင်ခြေအရှိဆုံး အပြောင်းအလဲတွေကတော့ ကျွန်တော်တို့ဟာ ရိုးသားတဲ့ နိုင်ငံရေးဆွေးနွေးမှုတစ်ရပ်ဖြစ်အောင် ကြိုးစားနေတယ်ဆိုတာပါပဲ။ ဒါပေမဲ့ ပြဿနာက ပြဿနာသွားမှာက ကျွန်တော်တို့ တကယ်ပဲပြည်တွင်းစစ်တစ်ရပ်ကို မြင်နေရပြီဆိုတာကို ကြောက်နေရတာပါပဲ။

**ဒါပေမဲ့လည်း ကျွန်မတို့ဟာ အဖွဲ့အစည်းတွေရဲ့ အားနည်းချက်ကိုမြင်နေရတာပဲမလား။**

ဟုတ်ကဲ့။ ဒါပေမဲ့ ဒါပထမဆုံးအကြိမ်တော့ မဟုတ်ပါဘူး။ ခင်ဗျားလည်း ကောင်းကောင်းသိမှာပဲ။ (လုံခြုံရေးကောင်စီမှာ) ဗီတိုအာဏာသုံးတာဟာ ဆီးရီးယားကိစ္စမှာမှ မဟုတ်ပါဘူး။ အခြားအချိန်တချို့မှာလည်း သုံးခဲ့ကြတာပဲ။

**လက်နက်ကိုင်ဖြစ်ပွားနေတဲ့ ပဋိပက္ခတစ်ခုထဲမှာ ပါဝင်နေတဲ့အဖွဲ့တွေအားလုံးထဲ လွတ်လပ်ပြီး ဘက်မလိုက်တဲ့ အဖွဲ့တစ်ဖွဲ့အဖြစ် အိုင်စီအာရ်စီကို အသိအမှတ်ပြုခံရအောင် လူကြီးမင်း ဘယ်လိုစီမံခန့်ခွဲပါသလဲ။**

ကျွန်တော်တို့ဘယ်ဘက်မှ မရပ်ဘူးဆိုတာ သူတို့မြင်ပါတယ်။ ဆိုလိုတာက ကျွန်တော်တို့ဟာ လူသားချင်းစာနာမှုဆိုင်ရာလိုအပ်ချက်တွေကို လုံးဝအခြေခံပြီး လုပ်ဆောင်နေတာပါ။ အကာအကွယ်နဲ့အကူအညီလိုနေတဲ့သူတွေ အတွက်ပဲ လုပ်ပေးနေတာပါ။ ဒါက အကြောင်းအရာအများကြီးပါ။ ကျွန်တော်တို့ရဲ့ သဘောတရားစည်းမျဉ်းတွေ၊ စွမ်းဆောင်ရည်တွေနဲ့ တကယ်သတ်မှတ်နိုင်ပါတယ်။

**နိုင်ငံတကာ ကြက်ခြေနီအဖွဲ့ဟာ ပါကစ္စတန်မှာတော့ ဆက်တိုက်ပြန်ပေးဆွဲခံရမှာတွေကို ကြောက်လို့အဖွဲ့ရဲ့လုပ်ငန်းစဉ်ကို လျှော့ချခံခဲ့ရပါတယ်။ အဲဒီမှာက အီရတ်၊ အာဖဂန်နဲ့ ကိုလံဘီယာမှာလိုပဲ ပြန်ပေးဆွဲခြင်းဟာစစ်ပွဲဆင်နွှဲရေးနည်းလမ်းတစ်ရပ်ဖြစ်လာနေပါတယ်။ ကျွန်မတို့ဟာ လူသားချင်းစာနာအကူအညီပေးရေးအလုပ်တွေ အားနည်းလာခြင်း အကျိုးဆက်ကြောင့် အကြမ်းဖက်မှုက အောင်ပွဲခံတော့မှာကို မြင်နေရပါပြီလား။**

ပါကစ္စတန်မှာ ဖြစ်ပျက်ခဲ့တာကတော့ တကယ်ပဲစိုးရိမ်စရာနည်းလမ်းနှစ်ခုနဲ့ဖြစ်ခဲ့တာပါ။ တစ်ခုက ကိုယ့်နဲ့အလုပ်တွဲလုပ်နေတဲ့ အလွန်အားကြိုးမာန်တက်လုပ်တတ်တဲ့ စွမ်းရည်ပြည့်တဲ့ သူတစ်ဦးပျောက်ဆုံးရခြင်းပေါ့။ အကူအညီပေးဖို့ လုပ်နေသူတစ်ဦးပျောက်ဆုံးရခြင်းပေါ့။ နောက်တစ်ခုကတော့ ကိစ္စဖြစ်ပျက်သွားပြီးခဲ့ရင် ကိုယ်သိထားတဲ့အပေါ်အခြေခံလို့ သဘာဝကျကျတုံ့ပြန်ရတော့မှာလေ။ ဆိုလိုတာက အဲဒီဒေသကနေပြန်ဆုတ်ခွာကောင်းဆုတ်ခွာရတော့မယ်ဆိုတာမျိုးပေါ့။ ဒီပြန်ပေးဆွဲမှုကိစ္စဟာ သိပ်ပြီးစနစ်တကျဖြစ်လာနေတယ်ဆိုရင် ခင်ဗျားပြောတာမှန်ပါတယ်။ အလွန်စိုးရိမ်စရာဖြစ်လာမှာပဲ။ ဒါတွေဟာ အဆုံးအရှုံးတွေ၊ လူသားမျိုးနွယ်ရဲ့ အရှုံးတွေပဲ။ ဘာ့ကြောင့်လဲဆိုတော့ ဒါဟာ လူတိုင်းအတွက် သိပ်ဆိုးလွန်းပြီး ဝင်ရောက်ကူညီခွင့်ရရေးအတွက်လည်း ဆုံးရှုံးရမှုတစ်ရပ်ဖြစ်လို့ပါ။

**၂၀၁၁ စက်တင်ဘာ ၁၁ တိုက်ခိုက်မှု (၉/၁၁ ဖြစ်စဉ်) ပြီးတဲ့နောက် အကြမ်းဖက်ဝါဒ တိုက်ဖျက်ရေးဟာ လူ့အခွင့်အရေးကိစ္စအပေါ် ဆန့်ကျင်အကျိုးသက်ရောက်ခဲ့တာ ငြင်းလို့မရပါဘူး။ လူကြီးမင်းကိုယ်တိုင်လည်း ဂွါတာနာမိုအကျဉ်းစခန်း ကိစ္စကြောင့် အမေရိကန်ပြည်ထောင်စုနဲ့ပတ်သက်လို့ ဖိအားတွေကြုံခဲ့ဖူးပါတယ်။ လူကြီးမင်းအနေနဲ့ လက်နက်ကိုင်ပဋိပက္ခတွေထဲက အပြစ်မဲ့သူတွေကို ဥပဒေကြောင်းအရ ကာကွယ်ပေးရေးကိုပြန်တွန်းအားပေးလုပ်ဆောင်လိုပါသလား။**

၂၀၀၆ မှာ အမေရိကန်နိုင်ငံတော်တရားရုံးက အဓိကဆုံးဖြတ်ချက်တစ်ခု ချမှတ်ပြီးနောက် သိပ်ခက်ခဲတဲ့ ကာလတွေနဲ့ကြီးမားတဲ့ ကွဲပြားခြားနားမှုတွေ ရှိခဲ့ပါတယ်။ အဲဒီဆုံးဖြတ်ချက်ထဲမှာ ဂျီနီဗာကွန်ဗင်းရှင်းရဲ့ အစိတ်အပိုင်း တချို့ကို အသုံးပြုနိုင်ခြေနဲ့ပတ်သက်လို့ အသိအမှတ်ပြုပေးခဲ့ပါတယ်။ ဒီကိစ္စက တကယ့်ကိုပဲ တရားရေးဖြစ်စဉ်ရဲ့ အဓိကမေးခွန်းတစ်ရပ်ကို လမ်းဖွင့်ပေးခဲ့တယ်။ မှန်ပါတယ်။ စက်တင်ဘာ ၁၁ ကိစ္စပြီးနောက် တချို့သောနေရာတွေမှာ လူသားထုအရေးနဲ့ စစ်ရေးလိုအပ်ချက်အကြား ဟန်ချက်ညီမှုရှာဖို့ တကယ်ပြဿနာရှိခဲ့ရပါတယ်။ အဲဒါဟာ တစ်ဖက်မှာ တန်ဖိုးစံ အတိုင်းအတာအရ တကယ်စိတ်ရှုပ်စရာဖြစ်ခဲ့ရပြီး တစ်ချက်စဉ်းစားနိုင်တာကလည်း အဲဒီတန်ဖိုးစံတွေထဲက လုံခြုံရေးကိစ္စဟာလွတ်လပ်မှုအပါအဝင် အားလုံးကို လွှမ်းမိုးဖို့ စတင်လာခဲ့တာပါပဲ။

**မစ္စတာကယ်လင်ဘာဂါ။ စစ်ပွဲမှာ လိုက်နာရမယ့် ဥပဒေတွေကို ဒီနေ့ခေတ်မှာ ခေတ်သစ်ပဋိပက္ခတွေအတွက် ပြဋ္ဌာန်းထားနေပါပြီလား။**

ဂျီနီဗာစာချုပ်မှာ အထွတ်အမြတ်ထားတဲ့ဥပဒေသတွေဟာ ယနေ့ခေတ်မှာ ဖြစ်တဲ့အဓိက ပဋိပက္ခမျိုးအတွက် မဟုတ်တော့ပါဘူး။ အဲဒီဥပဒေသက နိုင်ငံတွေအမျိုးမျိုးကြား ပဋိပက္ခတွေကို ရည်ညွှန်းတယ်ပဲ ပြောရမယ်။ အခုက နိုင်ငံတကာပုံစံမဆောင်တဲ့ လက်နက်ကိုင်ပဋိပက္ခတွေမှာဆိုတော့ အားနည်းနေတယ်။ နိုင်ငံတကာပဋိပက္ခမဟုတ်တဲ့ စစ်ပွဲတွေမှာ အသုံးပြုဖို့ စစ်ဥပဒေတွေဖွံ့ဖြိုးဖို့ လိုအပ်နေပါတယ်။

**အနောက်ဘက်ကမ်းခြေမှာနေကြတဲ့ ပါလက်စတိုင်း မိသားစုထောင်ပေါင်းများစွာမှာ သူတို့ချစ်တဲ့သူတွေက အစ္စရေးထောင်တွေထဲ ရောက်နေရတာ ရှိနေပါတယ်။ ဂါဇာမှာ (သို့မဟုတ်) အနောက်ဘက်ကမ်းခြေမှာ လူကြီးမင်းတို့ရဲ့ လုပ်ငန်းတွေလုပ်ဖို့အရေး ပိတ်ကာဆီးနေတာ တစ်ခါတလေမှာ နိုင်ငံရေးအရအတားအဆီးတွေများ ဖြစ်နေပါသလား၊**

တရားစီရင်ရေးအပိုင်း ဥပဒေကိုင်တွယ်မှုအပိုင်းမှာတော့ အစ္စရေးနဲ့ ကြက်ခြေနီအဖွဲ့ကြားမှာ ကွဲပြားခြားနားတဲ့အမြင်တွေရှိကြပါတယ်။ စာ(၄၅)သို့

**ဝန်ထမ်းအလိုရှိသည်**

ခရုအိမ်ခန်းဆီးလိုက်ကာ တပ်ဆင်ခြင်းလုပ်ငန်းတွင် အောက်ဖော်ပြပါ လစ်လပ်နေရာများအတွက် အရည်အချင်းပြည့်မီသော ဝန်ထမ်းများ အလိုရှိသည်။

(၁) Admin Staff မ (၁) ဦး

- အသက် (၂၅) နှစ် မှ (၃၅) နှစ်အတွင်း၊ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။
- ရုံးလုပ်ငန်း နှင့် အထွေထွေစီမံခန့်ခွဲမှု အတွေ့အကြုံ ရှိရန် လိုအပ်သည်။
- စီမံခန့်ခွဲမှုမန်နေဂျာ၏ လိုအပ်ချက်များအား ဆောင်ရွက်ပေးရမည်။
- ပေါင်းသင်းဆက်ဆံရေး ကောင်းမွန်သူ ဖြစ်ရမည်။

(၂) Marketing Staff ကျား/မ (၂) ဦး

- အသက် (၂၂) နှစ် မှ (၃၀) နှစ်အတွင်း၊ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။
- ရုပ်ရည်သန့်ပြန့်၍ အပြောအဆို ယဉ်ကျေးချိုသာရမည်။
- ခန်းဆီးလိုက်ကာလုပ်ငန်း အတွေ့အကြုံ ရှိသူဖြစ်ပါက ပို၍ဦးစားပေးမည်။
- အဖွဲ့နှင့်အတူ ပူးပေါင်းညှိနှိုင်းလုပ်ကိုင်နိုင်သူ ဖြစ်ရမည်။

(၃) Sewing Staff မ (၁) ဦး

- အသက် (၃၀) နှစ်အထက် ဖြစ်ပြီး၊ လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။
- ကိုယ်ပိုင်တီထွင်ဉာဏ် ရှိ၍ ခန်းဆီးလိုက်ကာများကို ကျွမ်းကျင်စွာ ချုပ်လုပ်နိုင်ရမည်။
- အဖွဲ့နှင့်အတူ ပူးပေါင်းညှိနှိုင်းလုပ်ကိုင်နိုင်သူ ဖြစ်ပြီး၊ ဆက်ဆံရေး ကောင်းမွန်ရမည်။

ရာထူးများအားလုံးအတွက် လုပ်ငန်းမှချမှတ်ထားသော စည်းကမ်းချက်များအတိုင်း တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်သူဖြစ်ရမည်။ လုပ်ငန်းကျွမ်းကျင်မှု အပေါ်မူတည်၍ လစာအား ညှိနှိုင်း စီစဉ်ပေးမည်။ လျှောက်ထားလိုပါက ကိုယ်ရေးရာဇဝင်အကျဉ်း၊ ပညာရေးနှင့်ပတ်သက်သော အထောက်အထား၊ ရဲစခန်းထောက်ခံစာ၊ ရပ်ကွက်နေထိုင်ကြောင်း ထောက်ခံစာ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ အလုပ်သမား မှတ်ပုံတင်မိတ္တူ ၊ ဓါတ်ပုံ (၁) ပုံ တို့နှင့်အတူ အခန်း (G-5)၊ အဆောက်အအုံ (A) ၊ ပုလဲကွန်ဒို ၊ ကမ္ဘာအေးဘုရားလမ်း ၊ ဗဟန်းမြို့နယ် ၊ ရန်ကုန်မြို့သို့ ကြော်ငြာပါသည့်နေ့မှ (၂) ပတ်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ် - ၀၁ ၅၁၃ ၅၁၅ ~ ၅၁၃ ၅၁၈ အထိ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

# Entertainment

7 DAY NEWS JOURNAL

Vol.11, No.19 • JULY 19 , 2012


## ဗိုလ်ချုပ်နှင့် ဒေါ်ခင်ကြည်ဇာတ်ရုပ် နောက်ဆုံးအဆင့်ရွေးချယ်မှုတွင် ဒေါ်အောင်ဆန်းစုကြည် ပါဝင်အကဲဖြတ်မည်

**အေးသူစံ**

**ရန်ကုန်၊ ဇူလိုင် - ၁၂**

ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်ခင်ကြည်ဇာတ်ရုပ်အတွက် ရွေးချယ်ထားသည့်သရုပ်ဆောင်၁၁ဦးကို ဇူလိုင် ၂၀ ရက်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံ၍ လေးမိနစ်ခန့် သရုပ်ဆောင်ပြရမည်ဖြစ်ကြောင်း ဗိုလ်ချုပ် ရုပ်ရှင်ဖြစ်မြောက်ရေးအဖွဲ့မှ ပြန်ကြားရေးတာဝန်ခံ ကိုဇော်သက်ထွေး ကပြောသည်။

"အခု ရွေးခံထားရတဲ့ သရုပ်ဆောင်ဆယ့်တစ်ယောက်ကို ဇူလိုင် ၂၀ ရက်နေ့မှာ ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ဆုံပေးပြီး တစ်ယောက်ကိုလေး မိနစ်လောက်သရုပ်ဆောင်ပြရပါမယ်။ အန်တီက အဲဒီ့သရုပ်ဆောင်ပြကွက်တွေကို အကဲဖြတ်ကြည့်ရှုပါမယ်။ အန်တီကိုယ်တိုင် သူတို့ရဲ့ ပါဖောမန့်ကိုကြည့်ပြီးမှ အဓိကသရုပ်ဆောင်ကို ရွေးချယ်ကြေညာသွားမှာပါ" ဟု ၎င်းကပြောသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ အတ္ထုပ္ပတ္တိရုပ်ရှင်အတွက် ဗိုလ်ချုပ်အောင်ဆန်းနေရာတွင် သရုပ်ဆောင်ရန် အမျိုးသားသရုပ်ဆောင် ခုနစ်ဦးနှင့် ဗိုလ်ချုပ်အောင်ဆန်း၏ဇနီး ဒေါ်ခင်ကြည် နေရာတွင် သရုပ်ဆောင်ရန် အမျိုးသမီးသရုပ်ဆောင်လေးဦးကိုရွေးချယ်ထားပြီးဖြစ်သည်။ အမျိုးသား သရုပ်ဆောင် ခုနစ်ဦးထဲတွင် လက်ရှိ မြန်မာနေရှင်နယ်လိဂ်ဘောလုံး အသင်းတစ်သင်းဖြစ်သည့် ကမ္ဘောဇအက်ဖ်စီအသင်းမှ ကစားသမား ကျော်ကျော်မျိုး ပါဝင်နေပြီး လက်ရှိရွေးချယ်ထားသူများအနက် ဗိုလ်ချုပ်နှင့်အတူ ဆုံးဟု ပရိသတ်အများစုက သတ်မှတ်ထားခြင်းခံရသူဖြစ်သည်။ အမျိုးသမီးသရုပ်ဆောင်လေးဦးအနက် ဇာခြည်လင်းမှာ ဒေါ်ခင်ကြည် ဇာတ်ရုပ်အတွက် အလိုက်ဖက်ဆုံးဟု ထင်ကြေးပေးခြင်း ခံနေရသူဖြစ်သည်။

## သားလေးကြီးလာရင်ပြဖို့ ခွဲခန်းမှာ ကိုယ်တိုင်မှတ်တမ်းတင်တဲ့ ရန်ရန်ချမ်း



**ကြူကြူဟာန်**

**ရန်ကုန်၊ ဇူလိုင်-၁၄**

Hip Hop အဆိုတော် ရန်ရန်ချမ်း၏ဇနီးချိုလီက သားဦးမွေးဖွားခဲ့ပြီး ရန်ရန်ချမ်းက သားလေးကြီးပြင်းလာသည့်အခါ မည်သို့မွေးဖွားရသည်ကိုပြချင်သည့်အတွက် ခွဲခန်းအတွင်း မှတ်တမ်းတင်ရိုက်ကူးခဲ့ကြောင်း ၎င်းကပြောသည်။

"အရင်ဆုံး မဝင်ခင် ကျန်းမာပါစေဆိုပြီး ဆုတောင်းလိုက်တယ်။ ကျွန်တော်ကိုယ်တိုင်လိုက်ပြီး မှတ်တမ်းတင်ခဲ့တယ်။ ကျွန်တော်လည်း ခွဲခန်းထဲမှာ ရှိတယ်။ အစောကြီးတည်းက ကျွန်တော်စဉ်းစားထားတယ်။ဒေါက်တာ့ကိုပြောမယ်ပေါ့။ ကျွန်တော့်ကို ပေးဝင်ပါ။ ကျွန်တော်လိုက်ပြီး မှတ်တမ်းတင်ချင်လို့။ ပေးဝင်တယ်။ ကျွန်တော် ဝတ်စုံတွေ အကုန်လဲရတယ်။ နောက်ပြီး သားလေး ကြီးလာရင် သူ့ကိုပြဖို့ပေါ့။ ဘယ်လို မွေးခဲ့ရလဲပေါ့။ သူ့ဗိုက်ထဲက စထွက်လာတာကအစ သူ့ကိုရိုက်ပြထားတာ သူ့ကို ပြချင်လို့"ဟု ရန်ရန်ချမ်းက ပြောသည်။

ရန်ရန်ချမ်း၏ သားဦးလေးက ၈ ပေါင် ၁ အောင်စရှိပြီး ဇူလိုင် ၉ ရက် နံနက် ၂ နာရီ ၅၉ မိနစ်တွင် SSC ဆေးရုံ၌ ဒေါက်တာဒေါ်မေသူမျိုးညွန့်၏ ခွဲစိတ်မှုဖြင့် မွေးဖွားခဲ့သည်။

သားလေး၏အမည်ကို စဉ်းစားထားပြီးသား ရှိသော်လည်း ကလေးကင်ပွန်းတပ်ပွဲကျမှ ပြောပြရန် ဇနီးသည်က ရည်ရွယ်ထားကြောင်းဇနီးသည်ရေမြွှာပေါက်သွားသည့်အတွက်သားလေးကိုစောမွေးခဲ့ရပြီး ယခုဇနီးနှင့် သားလေးမှာ ကျန်းကျန်းမာမာရှိနေကြောင်း ရန်ရန်ချမ်းက ပြောသည်။

ယခုလောလောဆယ်တွင် ဂျေမီ၊ ကိကိ၊ ဘန်နီဖြိုးတို့၏ခွေ၌ ပါဝင်သီဆိုထားပြီး ဂီတလောက ပြန်လည်ဖွဲ့စည်းမှုတွင် တစ်ထောင့်တစ်နေရာက ပါဝင်ကူညီသွားမည်ဖြစ်ကြောင်း ရန်ရန်ချမ်းကပြောသည်။



## ယခုနှစ်ဝင်ငွေအကောင်းဆုံး လူငယ်အနုပညာရှင် တေလာဆွစ်ဖ်ဖြစ်လာ

**ဝါရှင်တန်၊ ဇူလိုင် - ၁၃**

အမေရိကန်ကန်းထရီးဂီတအဆိုတော်တေလာဆွစ်ဖ်သည် Forbes မဂ္ဂဇင်းကြီးက သတ်မှတ်သော ဝင်ငွေအကောင်းဆုံး လူငယ်အနုပညာရှင်များစာရင်းတွင် ထိပ်ဆုံးမှ ရပ်တည်ခဲ့ကြောင်း သိရ သည်။

ပြီးခဲ့သည့်နှစ်မေလမှ ယခုနှစ်မေလအထိ ၁၂လတာကာလအတွင်း အသက် ၂၂နှစ်အရွယ် တေလာသည် ဝင်ငွေဒေါ်လာ ၅၇ သန်းရရှိခဲ့သည်။ သူမနောက်တွင် ဂျပ်စတင်ဘီဘာ (၁၈ နှစ်)က ဝင်ငွေဒေါ်လာ ၅၅ သန်းဖြင့် ဒုတိယ၊ ရီဟာန်းနာက ဒေါ်လာ ၅၃ သန်းဖြင့် တတိယရခဲ့ပြီး၊ လေဒီဂါဂါက ဒေါ်လာ ၅၂သန်းနှင့် ကေတီပယ်ရီက ဒေါ်လာ ၄၅ သန်းတို့ဖြင့် စတုတ္ထနှင့် ပဉ္စမနေရာများတွင် အသီးသီးရပ်တည်ခဲ့သည်။

Forbes၏ ယခုစာရင်းတွင် အနုပညာရှင်များ၏ အယ်လ်ဘမ်ရောင်းရငွေများ၊ ဖျော်ဖြေပွဲဝင်ငွေ များ၊ ကြော်ငြာဝင်ငွေများကို အခြေခံတွက်ချက်ထားခြင်းဖြစ်သည်ဟုသိရသည်။

ပြီးခဲ့သည့်နှစ်က မဂ္ဂဇင်း၏ စာရင်းတွင်မူ လေဒီဂါဂါက ဒေါ်လာသန်း ၉၀ဖြင့် ဝင်ငွေအမြင့် ဆုံးအနုပညာရှင်ဖြစ်ခဲ့သည်။ —Ref: AFP



## Little ယူရေနီယမ်အဖွဲ့၏ ကကွက်များ ပရိသတ်အားပေးမှုရနေ

**ကြူကြူဟာန်**

**ရန်ကုန်၊ ဇူလိုင်-၁၄**

အသက် ၉ နှစ်အရွယ်သာရှိသည့် ကလေးငယ်များဖြင့် ဖွဲ့စည်းထားသော 'Little ယူရေနီယမ်'အက အဖွဲ့မှာ ပရိသတ်အားပေးမှုကိုရရှိနေသလို မကြာသေးမီက ပြုလုပ်ခဲ့သော နှင်းဆီအဖွဲ့၏ ရခိုင်ရန်ပုံငွေပွဲတွင်လည်း ပရိသတ်အားပေးမှုကို ရရှိခဲ့ကြောင်း သိရသည်။

'Little ယူရေနီယမ်'အဖွဲ့တွင် အဖွဲ့ဝင် ငါးဦးပါဝင်ကာ သက်တမ်း ၂ နှစ်ကျော်အတွင်း ပွဲပေါင်းခြောက်ဆယ်ကျော် ကပြခဲ့ရပြီး အဖွဲ့၏ ကိုယ်ပိုင်ဖန်တီးထားသည့် သီချင်း ၁၀ ပုဒ်ခန့်ရှိကြောင်း သင်တန်းဆရာကိုဇေယျာက ပြောသည်။

အဖွဲ့ဝင်များက ယူရေနီယမ်သင်တန်းကျောင်းတွင် လွန်ခဲ့သော ၂ နှစ်ကျော်က သင်တန်းတက်ရောက်ခဲ့ပြီး ယခုလိုဖွဲ့စည်းဖြစ်ခဲ့ကာ လူရွှင်တော်အရိုင်း၏သမီး ပင်ကီ၊ သရုပ်ဆောင် မင်းမော်ကွန်း၏သမီး လေပြည်၊ မြင့်မြတ်မောင်၊ ဆုရီ၊ ဖိန်းဖိန်းတို့လည်း အဖွဲ့ဝင်များအဖြစ် ပါဝင်သည်။

7 DAY NEWS JOURNAL
Vol.11, No.19 • JULY 19 , 2012

# ဟောလိဝုဒ်လျှောက်လမ်းမှာ ငွေကြယ်ပွင့်နဲ့ ဂုဏ်ပြုခံခဲ့ရတဲ့ နာမည်ကျော်ဂစ်တာသမား ဆလက်ရှ်

**လော့စ်အိန်ဂျလိစ်၊ ဇူလိုင် - ၁၂**

ခေတ်သစ်ဂန္ထဝင်ရော့ခ်ဂီတအဖွဲ့ Gun N' Roses ၏ နာမည်ကျော် ဂစ်တာသမား ဆလက်ရှ်သည် ဟောလိဝုဒ်ရှိ ကျော်ကြားသူများ လျှောက်လမ်းတွင် ၎င်း၏အမည်ဖြင့် ကြယ်တစ်ပွင့်ရေးထိုးဂုဏ်ပြုခံခဲ့ရကြောင်းသိရသည်။

ဗြိတိသျှ-အမေရိကန်နွယ်ဖွားလိဒ်ဂစ်တာပညာရှင်ဆလက်ရှ်ကဤသို့ဂုဏ်ပြုခံရခြင်းမှာအလွန်အံ့ဝင်ခွင်ကျဖြစ်ကြောင်း၊ အဘယ့်ကြောင့်ဆိုသော် ၎င်းသည် ငယ်စဉ်ကထိုလျှောက်လမ်းအနီးရှိ ကျောင်းတွင်စာသင်ခဲ့ဖူးပြီးလတ်ဒ်ဇက်ပလင်ကဲ့သို့ နာမည်ကျော်ရော့ခ်စတားတစ်ဦးဖြစ် လာရန် အိပ်မက်မက်ခဲ့ဖူး၍ဖြစ်ကြောင်း ဆိုသည်။

ဂုဏ်ပြုအခမ်းအနားသို့လာရောက်ခဲ့သော ပရိသတ်များအား ဆလက်ရှ်က "ဒါဟာ ထူးခြားတဲ့ အသိအမှတ်ပြုခံရမှုပါ။ ကျွန်တော် ရရှိဖူးသမျှမှာ အကောင်းဆုံးအရာပါပဲ။ ဒီမှာ ကျွန်တော် ကျောင်းတက်ခဲ့ဖူးပြီး ဂစ်တာစတီးခဲ့တယ်။ ဒီလမ်းနဲ့ ကိုက် ၁၀၀ လောက်ပဲ ဝေးတဲ့နေရာမှာပေါ့" ဟု အမှတ်တရပြောသည်။

ဆလက်ရှ်အတွက်ကြယ်ပွင့်ပေးအပ်သည့်အခမ်းအနားသို့ မိတ်ဆွေတစ်ဦးဖြစ်သူ ဟောလိဝုဒ်မင်းသား ချာလီရှင်းလည်း တက်ရောက်အားပေးခဲ့သည်။


Photo: Reuters

အမည်ရင်း ဆောလ်ဟတ်ဆန်ဟုအမည်ရသည့် ဆလက်ရှ်သည် ဗြိတိသျှလူမျိုး ဖခင်နှင့် အာဖရိကန်-အမေရိကန်သူ မိခင်မှ မွေးဖွားပြီး ယခုအခါ အသက် ၄၆နှစ်ရှိပြီဖြစ်သည်။

၎င်းသည် Gun N' Roses အဖွဲ့၏ လိဒ်ဂစ်တာသမားအဖြစ် တီးခတ်ခဲ့ပြီး ကမ္ဘာကျော်ဂစ်တာသမားတစ်ဦးဖြစ်လာခဲ့ကာ ၁၉၉၀ ပြည့်နှစ်များအတွင်း အဖွဲ့ကွဲချိန်တွင် Slash's Snakepit နှင့် Velvet Revolver စသော အဖွဲ့များတွင် တီးခတ်ခဲ့သည်။ ထို့နောက် ယနေ့အချိန်ထိ တစ်ကိုယ်တော်ဂစ်တာသမားအဖြစ် ရပ်တည်နေသည်။ —Ref: AFP







**TRADEMARK CAUTION**

Osotspa Co., Ltd, a Company incorporated in Thailand at 348 Ramkhamhaeng Road, Huamak, Bangkapi, Bangkok 10240, Thailand is the Owner and Sole Proprietor of the following Trademarks:-

**Reg: 4/4990 /2012**

In respect of : " Soft drinks; fruit drinks; fruit juice drinks; sport drinks; isotonic drinks (not for medical purposes); energy drinks and fruit juices;syrups; powders and other preparations for making soft drinks, fruit drinks, sport drinks, isotonic drinks, energy drinks and fruit juices."

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
Ph : 371990
19.July.2012

7 DAY NEWS JOURNAL
Vol.11, No.19 • JULY 19 , 2012

# ၈၈ မျိုးဆက်ကျောင်းသားများဦးဆောင်၍ ရန်ပုံငွေဖျော်ဖြေပွဲကျင်းပမည်

**အေးသူစံ**

**ရန်ကုန်၊ ဇူလိုင် - ၁၂**

မြန်မာနိုင်ငံအတွင်းရှိလူမှုရေးလုပ်ငန်းများသို့ ခွဲဝေသုံးစွဲလှူဒါန်းရန် ရည်ရွယ်၍ ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့၏ ဦးဆောင်မှုဖြင့် ရန်ပုံငွေရှာဖွေမည့် ဂီတဖျော်ဖြေပွဲတစ်ရပ်ကို စက်တင်ဘာ ၁ ရက်တွင် MCC ခန်းမ၌ ကျင်းပရန်စီစဉ်နေကြောင်း အဆိုပါအဖွဲ့ဝင် ကိုဇော်မင်းက 7Day News သို့ပြောသည်။

"ဒီဖျော်ဖြေပွဲကနေ ရလာမယ့် ငွေကြေးအားလုံးကို မြန်မာနိုင်ငံတစ်ဝန်းမှာ အကူအညီလိုအပ်နေတဲ့ လူမှုအကျိုးပြုလုပ်ငန်းတွေမှာ ပြန်လည်သုံးစွဲသွားမှာပါ။ ဒါကြောင့် ဖျော်ဖြေပွဲနာမည်ကို အကြောင်းအရာတစ်ခုတည်းအပေါ် ခေါင်းစဉ်မတပ်ဘဲ '၈၈ မျိုးဆက်ကျောင်းသားများရန်ပုံငွေပွဲ'လို့ သတ်မှတ်တာပါ"ဟု ၎င်းက ပြောသည်။

အဆိုပါဖျော်ဖြေပွဲတွင် ရွှေသံစဉ်တီးဝိုင်း၊ မဈေမလှိုင်းတီးဝိုင်းတို့ ပါဝင်ဖျော်ဖြေမည်ဖြစ်ပြီး ရန်ပုံငွေများရရှိစေရန် လူသိများသော ဂီတအနုပညာရှင်များ၊ တီးဝိုင်းများ ပါဝင်နိုင်ရေးအတွက်စီစဉ်နေကြောင်း သိရသည်။ "ကျွန်တော်တို့ ရွှေသံစဉ်တီးဝိုင်းတို့၊ ကိုရဲလွင်တို့ရဲ့ မဈေမလှိုင်းတီးဝိုင်းတို့ကတော့ မပွင့်လင်း ခင်ချိန်တည်းက နိုင်ငံရေးအတွက် လုပ်လာတဲ့တီးဝိုင်းတွေဆိုတော့ လူသိပ်မသိ၊ ခေတ်မစားတော့ပေမယ့်လည်း ပါဝင်ဖျော်ဖြေပေးမှာပါ။ ဒီပွဲမှာ ပါဝင်မယ့် အနုပညာရှင်တွေအားလုံး မေတ္တာနဲ့ကူညီပေးကြမှာပါ"ဟု ရွှေသံစဉ်တီးဝိုင်းမှ ဦးဝင်းမော်ကပြောသည်။

အဆိုပါဖျော်ဖြေပွဲကို မူလက ဇွန်လ ၂၈ရက် မျှော်စင်ကျွန်းတွင် ကျင်းပရန်စီစဉ်ထားသော်လည်း ရာသီဥတုအခြေအနေအရ မိုးလုံလေလုံဖြစ်သည့် MCC ခန်းမသို့ပြောင်းလဲကျင်းပရန် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ ယင်းဖျော်ဖြေပွဲကို စက်တင်ဘာ ၁ ရက်ညနေ ၅နာရီတွင် ကျင်းပမည်ဖြစ်ပြီး Plus Three၊ Big Bag၊ Metal Zone စသည့် ပြည်တွင်းနာမည်ကျော်ဂီတတီးဝိုင်းနှင့်အဆိုတော်များစွာပါဝင်မည်ဖြစ်သည်။

ယင်းဖျော်ဖြေပွဲတွင် ပါဝင်ဖျော်ဖြေပေးရန်အတွက် ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့မှ ကိုမင်းကိုနိုင်က ယခုလ ၁၅ရက်တွင် Mr. Guitar ကော်ဖီဆိုင်၌ ဂီတအဆိုတော်များနှင့် တွေ့ဆုံညှိနှိုင်းအကူအညီတောင်းသွားမည်ဖြစ်ကြောင်း ဦးဝင်းမော်ထံမှသိရသည်။

# ဦးသန့်အတ္ထုပ္ပတ္တိ ရုပ်ရှင်ရိုက်မည်

**အေးသူစံ**

**ရန်ကုန်၊ ဇူလိုင်-၁၂**

ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်အဖြစ် အရှေ့တောင်အာရှနိုင်ငံသားများထဲမှ ပထမဆုံးတာဝန်ထမ်းဆောင်ခဲ့သော မြန်မာနိုင်ငံသား ဦးသန့်၏ အတ္ထုပ္ပတ္တိ ရုပ်ရှင်ဇာတ်ကား ရိုက်ကူးရန် စီစဉ်နေကြောင်း ဦးသန့်၏ သမီးဖြစ်သူ ဒေါ်အေးအေးသန့်က 7Day News သို့ပြောသည်။

"ဒယ်ဒီ့လိုလူတစ်ယောက်အတွက် မှတ်တမ်းမှတ်ရာလေး တစ်ခုအနေနဲ့ ရှိသင့်တယ်ထင်လို့ စီစဉ်နေတာပါ။ ရိုက်ကူးဖို့အတွက် ဒါရိုက်တာဝိုင်းကို ကမ်းလှမ်းထားပါတယ်။ နောက်ပြီး မှတ်တမ်းမှတ်ရာအနေနဲ့ စာအုပ်တစ်အုပ်လည်း ရေးချင်တယ်။ ဦးသန့်ဆိုတာကို နောက်မျိုးဆက်သစ်လူငယ်တွေအတွက် ဘယ်လိုလူမျိုးဆိုတာသိစေချင်လို့ပါ"ဟုဒေါ်အေးအေးသန့်ကပြောသည်။

ဦးသန့်၏ အတ္ထုပ္ပတ္တိရုပ်ရှင်ဇာတ်ကားအတွက် နယူးယောက်မြို့ရှိ ကုလသမဂ္ဂရုံးချုပ်၊ စာကြည့်တိုက်၊ ဦးသန့်ထိတွေ့ဆက်ဆံခဲ့ရသည့် လူပုဂ္ဂိုလ်များနှင့် တွေ့ဆုံ၍ သုတေသနလုပ်ငန်းများ၊ တွေ့ဆုံမေးမြန်းခြင်းလုပ်ငန်းများ လုပ်ကိုင်ရန် အချိန်တစ်နှစ်ခန့်ကြာမြင့်နိုင်ကြောင်း ၎င်းကဆက်လက်ပြောသည်။ ရိုက်ကူးရန်ကမ်းလှမ်းခံရသော ဒါရိုက်တာဝိုင်းက "ဒီလိုပုဂ္ဂိုလ်တစ်ယောက်အကြောင်း ရုပ်ရှင်ရိုက်ကူးဖို့ ကမ်းလှမ်းခံရတာ အရမ်းဝမ်းသာဂုဏ်ယူတယ်။ ဒါပေမဲ့ အရမ်းတာဝန်ကြီးပါတယ်။ အရေးကြီးဆုံးက ကျွန်တော်အင်္ဂလိပ်စာသင်ရမယ်။ ဦးသန့်ကို နိုင်ငံခြားသားတွေက ဂုဏ်ပြုပြီး ခေါ်တဲ့ နာမည်တစ်ခုရှိတယ်။ Mr Clean တဲ့။ သူ့ရဲ့ အကျင့်စာရိတ္တနဲ့ စိတ်ဓာတ်ကောင်းတာကို ဂုဏ်ပြုပြီးခေါ်ကြတာ"ဟု ဒါရိုက်တာဝိုင်းက ပြောသည်။

ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်အဖြစ် ၁၉၆၁ မှ ၁၉၇၁ အထိ တာဝန်ထမ်းဆောင်ခဲ့သော ဦးသန့်ကို ၁၉၀၉ ခုနှစ် ဇန်နဝါရီ ၂၂ ရက်တွင် ဧရာဝတီတိုင်း၊ ပန်းတနော်မြို့၌ မွေးဖွားခဲ့သည်။ ပန်းတနော်မြို့၊ အမျိုးသားအထက်တန်း ကျောင်းနှင့် ရန်ကုန်တက္ကသိုလ်တို့တွင် ပညာသင်ကြားခဲ့ပြီး သီလဝ ကလောင်အမည်ဖြင့် သတင်းစာ၊ မဂ္ဂဇင်းများတွင် ဆောင်းပါးများ ရေးသားခဲ့သည်။ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးအဖြစ် ၁၉၆၁ ခုနှစ်တွင် စတင်တာဝန်ထမ်းဆောင်ခဲ့သော ဦးသန့်သည် ၁၉၇၄ ခုနှစ်တွင် အဆုတ်ကင်ဆာဖြင့် အမေရိကန်နိုင်ငံနယူးယောက်မြို့တွင်ကွယ်လွန်ခဲ့ပြီး ၎င်း၏ရုပ်ကလာပ်ကို ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းတွင် ထားရှိထားသည်။

# နာတာလီပေါ့တ်မင်းနှင့် ဘင်ဂျမင်မီလက်ပီတို့ လက်ထပ်မည်

**လော့စ်အိန်ဂျလိစ်၊**

**ဇူလိုင် - ၁၂**



ဟောလိဝုဒ်၏ နာမည်ကျော်မင်းသမီး နာတာလီပေါ့တ်မင်းနှင့် သူမ၏ လက်တွဲဖော် ဘင်ဂျမင်မီလက်ပီတို့သည် ကလေးတစ်ဦးရရှိပြီးနောက် မကြာမီလပိုင်းအတွင်း မင်္ဂလာပွဲဆင်နွှဲကာ လက်ထပ်တော့မည်ဖြစ်သည်။

အမေရိကန်မဂ္ဂဇင်း In Touch Weekly ၏ ဖော်ပြချက်အရ ၎င်းတို့သည် လာမည့်သြဂုတ် ၅ ရက်တွင် ကယ်လီဖိုးနီးယားကမ်းခြေမှ Big Sur ဟိုတယ်တွင် အခမ်းအနားဖြင့် လက်ထပ်ပွဲဆင်နွှဲမည်ဖြစ်ကြောင်းဆိုသည်။ နီးစပ်သူတစ်ဦးက ယင်းအခမ်းအနားသို့ အသိမိတ်ဆွေ ၆၀ ခန့်ကိုသာ ဖိတ်ကြားရန်စီစဉ်ထားကြောင်း ဆိုသည်။

ပေါ့တ်မင်းနှင့် မီလက်ပီတို့သည်အဲလပ်ဟုခေါ်သည့်တစ်နှစ်အရွယ် သားတစ်ဦးမွေးဖွားထားပြီး ယခုနှစ် အော်စကာဆုပေးပွဲတော်ရောက်ရာတွင် လက်ထပ်လက်စွပ် ကိုယ်စီဝတ်ထားသည်ကိုတွေ့မြင်ခဲ့ရသည်။ ၎င်းတို့နှစ်ဦးသည် ပေါ့တ်မင်း အော်စကာဆုရခဲ့သော Black Swan ဇာတ်ကားကို ရိုက်ကူးစဉ် ၂၀၀၉ ခုနှစ်တွင် စတင်တွေ့ခဲ့ခြင်းဖြစ်သည်။ Ref: Asiaone/New Paper

# လက်သည်းဆိုးဆေးထုတ်မယ့် ဆယ်လီနာဂိုမက်ဇ်

**လော့စ်အိန်ဂျလိစ်၊**

**ဇူလိုင် - ၁၂**

နာမည်ကျော် ကနေဒီယန်လူငယ်ပေါ့ပ်အဆိုတော်ဂျပ်စတင်ဘီဘာ၏ချစ်သူ ဆယ်လီနာဂိုမက်ဇ်သည် ပြီးခဲ့သည့်အပတ်က သူမကိုယ်ပိုင်အမှတ်တံဆိပ် Dream Out Loud ကိုဖြန့်ချိခဲ့ပြီးနောက် မကြာခင်ကာလအတွင်း ကိုယ်ပိုင်တံဆိပ်ဖြင့် ခြေသည်း၊ လက်သည်းဆိုးဆေးများ ဖြန့်ချိရန်ရှိကြောင်း သိရသည်။

ဂူးဂဲလ်ဝက်ဘ်ဆိုက်တွင် အမည်ကို အရှာဖွေခံရဆုံး အနုပညာရှင်များထဲတွင်ပါဝင်သည့် အသက် ၁၉နှစ်အရွယ် အဆိုပါဒစ်စနေးမင်းသမီးငယ်သည် သူမ၏ တွစ်တာဝက်ဘ်စာမျက်နှာမှနေ၍ Nicole By OPI ခြေသည်း၊ လက်သည်းဆိုးဆေးများကို မကြာခင် ဖြန့်ချိမည်ဟုကြေညာခဲ့ခြင်း ဖြစ်သည်။

ဂိုမက်ဇ်သည် ယခုအခါ ရေကူးဝတ်စုံ၊ ခြေသည်း၊ လက်သည်းဆိုးဆေးများအပြင် ရေမွှေးထုတ်ရန်လည်းရှိနေပြီး မကြာမီ ဈေးကွက်သို့ ဖြန့်ချိဖွယ်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

—Ref: Asiaone

## TOP 10 MOVIES IN AMERICA

**ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ**

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | The Amazing Spider-Man | Sony Pic. | ၁၃၇,၀၂၂,၀၀၀ | ၁ |
| ၂။ | Ted | Universal Pic. | ၁၁၉,၈၅၀,၀၀၀ | ၂ |
| ၃။ | Brave | Walt Disney Pic | ၁၇၃,၉၆၉,၀၀၀ | ၃ |
| ၄။ | Savages | Universal Pic | ၁၆,၀၁၆,၉၀၀ | ၁ |
| ၅။ | Magic Mike | Warner Bros; Pic. | ၇၂,၈၂၉,၁၀၀ | ၂ |
| ၆။ | Tyler Perry's Madea's Witness Protection | Lionsgate | ၄၅,၈၂၃,၀၀၀ | ၂ |
| ၇။ | Madagascar 3: Europe's Most Wanted | Dream Work & Paramount Pic. | ၁၉၅,၉၀၅,၀၀၀ | ၅ |
| ၈။ | Katy Perry: Part of Me | Paramount Pic | ၁၀,၂၄၀,၂၀၀ | ၁ |
| ၉။ | Moonrise Kingdom | Focus Features | ၂၆,၇၈၁,၀၀၀ | ၇ |
| ၁၀။ | To Rome With Love | 20th Century Fox | ၄,၈၆၃,၅၄၀ | ၃ |

## Movie Review

### Hara-Kiri : Death of a Samurai




၁၇ ရာစုအတွင်းကဖြစ်သည်။ ဆရာမရှိဘဲ ဆင်းဆင်းရဲရဲနေထိုင်နေရသူ ဆာမူရိုင်းတစ်ဦးဖြစ်သည့် ဟန်ရှီရိုက မြေရှင်ပဒေသရာဇ် အရှင်သခင် ကာဂီယု၏မြေပေါ်တွင် သူကိုယ်သူ သက်သေခွင့်ပြုရန် တောင်းဆိုသည်။ သို့သော် ဆာမူရိုင်းတစ်ဦး မဆုံးရှုံးလိုသော ပဒေသရာဇ်အရှင်သခင်က ယခင်က ဖြစ်ပေါ်ခဲ့ဖူးသော လူငယ်ဆာမူရိုင်းတစ်ဦး၏ ကြေကွဲဖွယ်ရာ ဇာတ်လမ်းကို ပြန်ပြောင်းပြောပြသည်။ ဟန်ရှီရိုအား ပဒေသရာဇ်အရှင်သခင်က ကိုယ့်ကိုယ်ကိုယ်မသတ်သေရန် ဆွဲဆောင်နိုင်မည်လားဆိုတာ. . .။

ရှေးဟောင်း ဂျပန်ဆာမူရိုင်းတို့၏ အမူအကျင့်ပေါ်တွင် အခြေခံ၍ ဇာတ်ကားအား ဒါရိုက်တာ Takashi Miike က ရိုက်ကူးထားပြီး Ebizo Ichikawa၊ Koji Yakusho၊ Hikari Mitsushima တို့ ပါဝင်သရုပ် ဆောင်ထားသည်။ Tribea Film က ဇူလိုင် ၂၀ ရက်တွင်ဖြန့်ချိမည်ဖြစ်သည်။

Sports

7 DAY NEWS JOURNAL

Vol.11, No.19 • JULY 19 , 2012

## ဒေသတွင်း လူငယ်နှင့် အမျိုးသမီး ဘောလုံးပြိုင်ပွဲများ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌအဖြစ် ဦးဇော်ဇော်ရွေးချယ်ခံရ

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇူလိုင် - ၁၄**

ငါးကြိမ်မြောက် အာဆီယံဘောလုံးအဖွဲ့ချုပ်ကောင်စီ အစည်းအဝေးတွင် ဒေသတွင်း လူငယ်နှင့် အမျိုးသမီးဘောလုံးပြိုင်ပွဲများ ကျယ်ပြန့်စွာအောင်မြင်မှု ရရှိရေးအတွက် Branding of Youth and Women's Competitions ဆပ်ကော်မတီတစ်ရပ် ဖွဲ့စည်းခဲ့ရာမြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဦးဇော်ဇော်သည်ယင်းကော်မတီ၏ ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံခဲ့ရကြောင်းသတင်းရရှိသည်။

ဇူလိုင် ၁၁ရက်က ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် ကျင်းပခဲ့သည့် အဆိုပါအစည်းအဝေးသို့ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့်အထွေထွေ အတွင်းရေးမှူးတို့ တက်ရောက်ခဲ့ကြပြီး ဒေသတွင်း လူငယ်ပြိုင်ပွဲကျင်းပရေး၊ ဒိုင်သင်တန်းနှင့်နည်းစနစ်ဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ပို့ချရေး၊ အမျိုးသမီးဘောလုံးပြိုင်ပွဲများနှင့် သက်တမ်းအလိုက် ချန်ပီယံရှစ်ပြိုင်ပွဲများ ကျင်းပရေး၊ အာဆီယံနိုင်ငံများမှ ကလပ်အသင်းများ ပါဝင်ယှဉ်ပြိုင်မည့် အာဆီယံချန်ပီယံလိဂ်ပြိုင်ပွဲ ကျင်းပနိုင်ရေးအတွက် အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် ဆွေးနွေးခဲ့ကြကြောင်းသိရသည်။

ဦးဇော်ဇော်အား ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ရန် ရွေးချယ်တာဝန်ပေးခြင်းခံရသည့်အဆိုပါကော်မတီသည် ယခုနှစ်တွင် စတင်ဖွဲ့စည်းခြင်းဖြစ်ကြောင်းနှင့် အဖွဲ့ဝင်များကိုမူ ယင်းအစည်းအဝေး ရွေးချယ်တာဝန်ပေးခြင်းမရှိသေးကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးတင်အောင်ကပြောသည်။ ယင်းအစည်းအဝေးတွင် ၂၀၁၂ ဆူဇူကီးဖလားအုပ်စုနှင့် ခြေစစ်ပွဲစဉ်များကို မဲနှိုက်ရေးဆွဲခြင်းအခမ်းအနားကိုလည်း ကျင်းပခဲ့သည်။

ထို့အပြင် လာမည့် အောက်တိုဘာ ၁၄ ရက်တွင် ကျင်းပမည့် (၆)ကြိမ်မြောက် အာဆီယံ ဘောလုံးအဖွဲ့ချုပ်ကောင်စီအစည်းအဝေးကိုလည်း မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားရန် ဘန်ကောက်မြို့၌ ကျင်းပခဲ့သည့် (၅)ကြိမ်မြောက် အစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံများက ရွေးချယ်ခဲ့ကြကြောင်းသိရသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဦးဇော်ဇော်သည် လက်ရှိတွင် အာဆီယံဘောလုံးအဖွဲ့ချုပ်၌ မီဒီယာကော်မတီဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ ထူးခြားဖြစ်စဉ်များကော်မတီ (Emergency Committe)နှင့် ဘဏ္ဍာရေးနှင့် ဈေးကွက်ရှာဖွေရေး ကော်မတီ ( Finance and Marketing Committe) တို့တွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း တာဝန်ယူထားကြောင်းသိရသည်။ ထို့အပြင် အာရှဘောလုံးအဖွဲ့ချုပ်(AFC)တွင် အမှုဆောင်အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ အာရှလူငယ်ဘောလုံးကော်မတီဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(FIFA)တွင် သဲသောင်ပြင်ဘောလုံးကော်မတီအဖွဲ့ဝင်အဖြစ်လည်းကောင်း တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

## အခြေခံပညာဦးစီးဌာနများနှင့် ဘောလုံးအဖွဲ့ချုပ် ပူးပေါင်း၍ ယူ-၁၂ ပြိုင်ပွဲများကျင်းပမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ဇူလိုင်-၁၂**



မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ပညာရေးဝန်ကြီးဌာန လက်အောက်ရှိ အမှတ်(၁၊ ၂၊ ၃)အခြေခံပညာဦးစီးဌာနများ ပူးပေါင်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၁၂ နှစ်အောက် ဘောလုံးပြိုင်ပွဲများ ကျင်းပသွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲများကိုကျောင်းအဆင့်၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ဟူ၍ အဆင့် ၄ ဆင့်ဖြင့် ကျင်းပသွားမည်ဖြစ်ပြီး ဇူလိုင် ၉ ရက်မှ စတင်ကာ အခြေခံပညာဦးစီးဌာနများ ကျောင်းအဆင့်ပြိုင်ပွဲများ စတင်ကျင်းပနေပြီဖြစ်သည်။

မြို့နယ်၊ ခရိုင်အဆင့်ပြိုင်ပွဲများကိုလည်း ဩဂုတ်လနှင့် စက်တင်ဘာလအတွင်း ကျင်းပသွားမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ပြိုင်ပွဲကိုမူ လာမည့်အောက်တိုဘာအတွင်း ကျင်းပသွားရန် စီစဉ်ထားကြောင်း ယင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဒီပြိုင်ပွဲတွေအတွက် အသက် ၁၂ နှစ်အောက် ကျောင်းသားတွေကို အသက်မှန်ကန်စွာ စနစ်တကျရွေးချယ်မှုကို သက်ဆိုင်ရာ ကျောင်းအလိုက် ဆရာတွေက ဆောင်ရွက်မှာဖြစ်ပြီး ပြည်နယ်/တိုင်းအဆင့်ကျရင်တော့ ဘောလုံးအဖွဲ့ချုပ်က ထပ်မံစစ်ဆေးသွားမှာဖြစ်ပါတယ်"ဟု အထက်ပါတာဝန်ရှိသူက ပြောသည်။

အဆိုပါပြိုင်ပွဲအား နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသည့် သက်တမ်းအလိုက်ပြိုင်ပွဲများနှင့် grassroot (အခြေခံအဆင့်) ကျင်းပသည့် ပုံစံအတိုင်း ကွင်းအရွယ်အစား၊ ဘောလုံးအရွယ်အစား၊ ဂိုးတိုင်နှင့် ဂိုးဧရိယာ၊ လူစားလဲမှုနှင့် လူကျွံဘောစနစ်များကို ပြင်ဆင်ထားပြီး တစ်ဖက်လျှင် ကစားသမား ရှစ်ဦးပါဝင်ကစားရသည့် ပုံစံအတိုင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်ကော်မတီနှင့် ဒိုင်ကော်မတီမှ တာဝန်ရှိသူများအနေဖြင့်လည်း အဆိုပါ ပြိုင်ပွဲများ တာဝန်ယူဆောင်ရွက်မည့် ဆရာ၊ ဆရာမများအား ရက်တိုသင်တန်းများ ပို့ချသွားမည်ဖြစ်ပြီး အခြေခံပညာဦးစီးဌာနတစ်ခုစီအတွက် ဘောလုံး ၂၀၀ စီ ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း သိရသည်။

"ယူ-၁၂ ပြိုင်ပွဲတွေကို နောက်နှစ်တွေလည်း ကျင်းပသွားမှာပါ။ အဓိက ရည်ရွယ်ချက်က မြန်မာယူ-၁၇ အသင်းအတွက် မျိုးဆက်သစ်ကစားသမားတွေ ထွက်ပေါ်လာစေဖို့ဖြစ်ပြီး အကယ်ဒမီက ကစားသမားတွေနဲ့ ပေါင်းစပ်ဖွဲ့စည်းသွားမှာပါ။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေနဲ့ လာမယ့် ယူ-၁၇ ကမ္ဘာ့ဖလားခြေစစ်ပွဲကို အောင်မြင်စေဖို့ ရည်မှန်းချက်ထားရှိဆောင်ရွက်လျက်ရှိပါတယ်"ဟု အဖွဲ့ချုပ်တာဝန်ရှိသူက ဆိုသည်။

ဘောလုံးအဖွဲ့ချုပ်ဈေးကွက်ရှာဖွေရေးဌာနအနေဖြင့်လည်း ယင်းပြိုင်ပွဲအတွက် စပွန်ဆာပံ့ပိုးမှုရရှိရန် ကြိုးပမ်းရှာဖွေလျက်ရှိပြီး ပံ့ပိုးမှုရရှိပါက နောက်ဆုံးအဆင့်ပြိုင်ပွဲများမှ စတင်ကာ Title Sponser အမည်ဖြင့် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

## ဆီမီးပရိုပြိုင်ပွဲဝင်မည့်အသင်းများ ဩဂုတ် ၂၀ နောက်ဆုံးထား၍ အဖွဲ့ချုပ်သို့ လျှောက်ထားရမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ဇူလိုင်-၁၂**

၂၀၁၃ ခုနှစ်တွင် စတင်ကျင်းပမည့်ပထမတန်းဆီမီးပရိုဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့်အသင်းများအနေဖြင့် လာမည့် ဩဂုတ် ၂၀ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သို့ လျှောက်ထားရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဘောလုံးအဖွဲ့ချုပ်သည် ဆုကြေးစားဘောလုံးပြိုင်ပွဲဖြစ်သည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲကို ၂၀၀၉ ခုနှစ်မှစတင်၍ ကျင်းပပြုလုပ်ခဲ့ပြီး တန်းဆင်းတန်းတက် စနစ်ကျင့်သုံးနိုင်ရန်အတွက် ၂၀၁၃ ခုနှစ်မှ စတင်ကာ ပထမတန်းဆီမီးပရိုဘောလုံးပြိုင်ပွဲများကို ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

ယခုနှစ် ၂၀၁၂ မြန်မာနေရှင်နယ်လိဂ် ဘောလုံးရာသီ ပြီးဆုံးချိန်တွင် အမှတ်အနည်းဆုံးရရှိသည့် အသင်းနှစ်သင်းသည် ပထမတန်းဆီမီးပရိုပြိုင်ပွဲသို့ တန်းဆင်းရမည်ဖြစ်ပြီး ပထမတန်း ဆီမီးပရိုဘောလုံးပြိုင်ပွဲမှ အမှတ်အများဆုံး ရရှိသည့် နှစ်သင်းမှာ ၂၀၁၄ ခုနှစ်တွင် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲသို့ တန်းတက်ခွင့်ရရှိမည်ဖြစ်သည်။

အဆိုပါ ပထမတန်းဆီမီးပရို ဘောလုံးပြိုင်ပွဲများကို ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှ စတင်၍ ရန်ကုန်မြို့တွင် ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်း ၁၀ သင်း (သို့မဟုတ်) ၁၂ သင်းဖြင့် ကျင်းပသွားရန်စီစဉ်ထားကြောင်း ဘောလုံးအဖွဲ့ချုပ် တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဆီမီးပရိုပွဲစဉ်တွေကို ၂၀၁၃ ခုနှစ် ဇန်နဝါရီလက စတင်ပြီး သုဝဏ္ဏ၊ အောင်ဆန်းကွင်းနဲ့ ပဒုမ္မာကွင်းတွေမှာ အပတ်စဉ် ဗုဒ္ဓဟူး၊ ကြာသပတေးနေ့တွေမှာ ကျင်းပဖို့ စီစဉ်ထားပါတယ်။ ပြိုင်ပွဲဝင်ချင်တဲ့ အသင်းတွေအနေနဲ့ သတ်မှတ်စံနှုန်းတွေကို အဖွဲ့ချုပ်ကို ဆက်သွယ်စုံစမ်းနိုင်ပါတယ်"ဟုအထက်ပါတာဝန်ရှိသူက ဆိုသည်။ အဆိုပါ ဆီမီးပရိုဘောလုံးပြိုင်ပွဲ၌လည်း မြန်မာနေရှင်နယ် လိဂ်ပြိုင်ပွဲနည်းတူ အမှတ်ပေးဘောလုံးပြိုင်ပွဲ၊ ရှုံးထွက်ဘောလုံးပြိုင်ပွဲဟူ၍ ပြိုင်ပွဲအမျိုးအစားနှစ်မျိုး သတ်မှတ်ကျင်းပသွားမည်ဖြစ်ကြောင်း အဖွဲ့ချုပ်၏ သတင်းထုတ်ပြန်ချက်တွင် ပါရှိသည်။

လက်ရှိကျင်းပလျက်ရှိသော မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲကို အသင်းဝင် ၁၄ သင်းဖြင့် ကျင်းပလျက်ရှိပြီး ရာသီကုန်ချိန်တွင် အမှတ်အနည်းဆုံး နှစ်သင်းအနေဖြင့် တန်းဆင်းရမည်ဖြစ်သောကြောင့် ယခုနှစ် မြန်မာလိဂ်ပြိုင်ပွဲသည် ယခင်နှစ်ပြိုင်ပွဲများထက် အကြိတ်အနယ်ပိုရှိလာနိုင်ကြောင်း အားကစားကျွမ်းကျင်သူများက သုံးသပ်ကြသည်။

## ဆူဇူကီးဖလားခြေစစ်ပွဲ ပွဲဦးထွက်ပွဲစဉ်တွင် မြန်မာအသင်း ဘရူးနိုင်းနှင့် ကစားရမည်

**ဗိုလ်ဗိုလ်ဝင်း**


**ရန်ကုန်၊ ဇူလိုင်-၁၂**

၂၀၁၂ အာဆီယံ ဆူဇူကီးဖလား ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲများ ထွက်ပေါ်လာခဲ့ရာမြန်မာအသင်းသည် ပွဲဦးထွက် ပွဲစဉ်တွင် ဘရူနိုင်းအသင်းနှင့် စတင်ရင်ဆိုင်ရမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲ၏ မဲနှိုက်ရေးဆွဲခြင်း အခမ်းအနားကို ဇူလိုင် ၁၁ ရက်က ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ပြုလုပ်ခဲ့ရာမြန်မာအသင်းသည် အောက်တိုဘာ ၅ ရက်တွင် ဘရူနိုင်းအသင်းနှင့် စတင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ထို့နောက် တီမော၊ ကမ္ဘောဒီးယား၊ လာအို အသင်းများနှင့် အစဉ်လိုက်ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် ပြီးခဲ့သည့် ၂၀၁၀ ဆူဇူကီးဖလားပြိုင်ပွဲတွင် အုပ်စုအဆင့်ပြိုင်ပွဲမှ ထွက်ခဲ့ရသော

**စာ(၅၂)သို့**






MDG
MYANMAR DISTRIBUTION GROUP
www.myanmardistributiongroup.com

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.19 • JULY 19 , 2012

# မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်း ဂျပန်နိုင်ငံတွင် ပူးတွဲလေ့ကျင့်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇူလိုင်-၁၂**

မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် ဂျပန်နိုင်ငံတွင် ၁၀ ရက်ကြာ ပူးတွဲလေ့ကျင့်မှုများ သွားရောက်ပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ကစားသမား ၂၃ ဦးပါဝင်မည့် မြန်မာအမျိုးသမီးအသင်းသည် လာမည့်သြဂုတ် ၂၄ ရက်တွင် ဂျပန်နိုင်ငံ အိုဆာကာမြို့သို့ သွားရောက်မည်ဖြစ်ပြီး ဂျပန်ကလပ်အသင်းများနှင့် ၁၀ ရက်ကြာ ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပူးတွဲလေ့ကျင့်မှုများအပြင် ဂျပန်ကလပ် သုံးသင်းခန့်ဖြင့်လည်း ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး ကုန်ကျစရိတ်များကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ကျခံသွားမည်ဖြစ်သည်။



ဂျပန်နိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့်မြန်မာအသင်း၏ နေထိုင်မှုနှင့် လေ့ကျင့်ရေးကွင်းကိစ္စများကိုတာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အဆိုပါ တာဝန်ရှိသူက ဆိုသည်။

"ပြီးခဲ့တဲ့လက ဂျပန်နိုင်ငံ ဖူကူရှီးမားအကယ်ဒမီက အမျိုးသမီးလူငယ်ကစားသမားငါးဦး မြန်မာနိုင်ငံလာပြီး ပူးတွဲလေ့ကျင့်မှုတွေပြုလုပ်ခဲ့ပါတယ်။ မြန်မာကစားသမားတွေအတွက် အကျိုးရှိပါတယ်။ လာမယ့် စက်တင်ဘာမှာ ဝင်ရောက်ယှဉ်ပြိုင်ဖို့ရှိတဲ့ အာဆီယံအမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲအကြို ပြင်ဆင်မှုဖြစ်တဲ့ ဒီခရီးစဉ်က မြန်မာအမျိုးသမီးအသင်းအတွက် အလွန်အကျိုးရှိမယ်လို့ မျှော်လင့်ပါတယ်" ဟု ဘောလုံးအဖွဲ့ချုပ်တာဝန်ရှိသူက ပြောသည်။

လက်ရှိအချိန်တွင် MFF Women Cup ပြိုင်ပွဲရှိသည့်အတွက် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းအား လေ့ကျင့်မှုရပ်နားထားပြီး အဆိုပါ ပြိုင်ပွဲမှ ခြေစွမ်းထက်မြက်သည့် ကစားသမားများအား လက်ရွေးစင်အသင်းအတွက် ရွေးချယ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲတွင် ချန်ပီယံဆုနှစ်ကြိမ်ရရှိထားပြီး လက်ရှိတွင် နည်းပြအဖြစ် ဂျပန်လူမျိုး ကူမာဒါကဆောင်ရွက်လျက်ရှိသည်။

စာ(၅၀) - ဆူဇူကီးဖလားခြေစစ်ပွဲ ပွဲဦးထွက်ပွဲစဉ်တွင် မှ

ကြောင့် ယခုနှစ်တွင် ခြေစစ်ပွဲ အဆင့်မှ စတင်ယှဉ်ပြိုင်ရခြင်းဖြစ်သည်။ အဆိုပါပွဲစဉ်များကို ရန်ကုန်တွင် လာမည့်အောက်တိုဘာ ၅ ရက်မှ ၁၃ ရက်အထိ လက်ခံကျင်းပသွားမည်ဖြစ်သည်။

ခြေစစ်ပွဲဝင် အသင်းငါးသင်းသည် အုပ်စုပတ်လည်ကစားရမည်ဖြစ်ပြီး အမှတ်အများဆုံး နှစ်သင်းသည် ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ ၎င်းပြိုင်ပွဲ၏ နောက်ဆုံးအဆင့်ပွဲစဉ်များကို မလေးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့က ပူးတွဲအိမ်ရှင်အဖြစ် လာမည့် နိုဝင်ဘာ ၂၄ ရက်မှ ဒီဇင်ဘာ ၂၂ ရက်အထိလက်ခံကျင်းပသွားမည်ဖြစ်သည်။ အုပ်စုအဆင့်မဲခွဲမှုများလည်း ထွက်ပေါ်လာခဲ့ရာ ထိုင်းနိုင်ငံက အိမ်ရှင်လုပ်မည့် အုပ်စု(က)တွင် ထိုင်း၊ ဗီယက်နမ်၊ ဖိလစ်ပိုင်နှင့် ခြေစစ်ပွဲ အုပ်စုပထမအသင်းတို့ ပါဝင်မည်ဖြစ်သည်။

မလေးရှားက အိမ်ရှင်လုပ်မည့် အုပ်စု(ခ)တွင်မူ လက်ရှိချန်ပီယံ မလေးရှား၊ အင်ဒိုနီးရှား၊ စင်ကာပူနှင့် အုပ်စုဒုတိယအသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အကြိုဗိုလ်လုပွဲစဉ်နှင့် ဗိုလ်လုပွဲစဉ်များကိုမူ အိမ်ကွင်း၊ အဝေးကွင်းပုံစံဖြင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်အသင်းအား နည်းပြအဖြစ် ကိုရီးယားလူမျိုးပတ်ဆောင်ဟွာက ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။









# ဟီလာရီကလင်တန် လာအိုနိုင်ငံသို့ သမိုင်းဝင် အလည်အပတ်ခရီး သွားရောက်

**ဗီယန်ကျန်း၊ ဇူလိုင် - ၁၁**
အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်သည် နှစ်ပေါင်း ၅၇ နှစ်အတွင်း လာအိုနိုင်ငံသို့ သွားရောက်လည်ပတ်သော ပထမဆုံး အမေရိကန်နိုင်ငံခြားရေးဝန်ကြီးအဖြစ် ဇူလိုင် ၁၁ တွင် မြို့တော် ဗီယန်ကျန်းသို့ ရောက်ရှိလာသည်။ ကလင်တန်သည် လာအိုသို့ ၁၉၇၅ ခုနှစ်တွင် အဆုံးသတ်သည့် ဗီယက်နမ်စစ်ပွဲကာလအတွင်း ကျန်ရှိခဲ့သော စစ်လက်နက်ပစ္စည်းများရှာဖွေရေး၊ ထိုစဉ်က စစ်ဆင်ရေးများ ပျောက်ဆုံးခဲ့သူများ၏ ရုပ်ကြွင်းများ ပြန်လည်ရှာဖွေရေးအပါအဝင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စများ ဆောင်ရွက်ရန် နေ့တစ်ဝက်ခန့် ရောက်လာခြင်းဖြစ်သည်။


Photo: AFP

နောက်ထပ် အစီအစဉ်တစ်ခုအနေဖြင့် ... (continued text follows)

နောက်ထပ် အဓိကအကြောင်းအရာတစ်ခုအနေဖြင့် မဲခေါင်မြစ်ပေါ်တွင် လာအိုကတည်ဆောက်နေသော ရေအားလျှပ်စစ်ဆည်ကြီးနှင့်ပတ်သက်၍ ဆွေးနွေးမှုများ ပြုလုပ်ရန်ဖြစ်သည်ဟု သိရသည်။ ၂၀၁၁ က ဘာလီ၌ ဒေသဆိုင်ရာဆွေးနွေးပွဲများအတွင်း ဆည်ဆောက်လုပ်ခြင်းနှင့်ပတ်သက်၍ ဆိုင်းငံ့ရန်လာအိုအစိုးရအား ကလင်တန်က တိုက်တွန်းခဲ့ဖူးသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝါဒီများနှင့် တက်ကြွလှုပ်ရှားသူများကလည်း အဆိုပါစီမံကိန်းကြောင့် မဲခေါင်မြစ်ကြောင်းတစ်လျှောက် မြစ်ကို မှီခိုနေထိုင်နေသော လူသန်း ၆၀ ခန့် ဒုက္ခရောက်နိုင်ကြောင်း ပြောကြားထားသည်။

မစ္စကလင်တန်သည် လာအိုသို့ ၁၉၅၅ ခုနှစ်က လာရောက်ခဲ့သော ဂျွန်ဖော်စတာဒါးလတ်စ်ပြီးနောက် နှစ်ပေါင်း ၅၀ ကျော်မှ ရောက်ရှိသော နိုင်ငံခြားရေးဝန်ကြီးလည်းဖြစ်သည်။ အမေရိကန်သည် လာအိုနှင့် ၂၀၀၄ တွင် ပုံမှန်ကုန်သွယ်ရေးစတင်ခဲ့ပြီး နှစ်စဉ် လာအိုသို့ ဒေါ်လာ ၂၁ သန်းခန့် ကူညီထောက်ပံ့နေကြောင်း သိရသည်။ လာအိုနိုင်ငံတွင် လူဦးရေ ၆ ဒသမ ၅ သန်းရှိပြီး ကမ္ဘာ့အဆင်း ရဲဆုံးနိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်ကာ ယခုအခါနှစ်စဉ် စီးပွားရေးတိုးတက်မှုနှုန်း ခုနစ်ရာခိုင်နှုန်းရလာကြောင်း အစိုးရကပြောသည်။ လာအိုသည် ကုန်သွယ်ရေးတိုးတက်ရန်နှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ဝင်ခွင့်ရရန် ကြိုးပမ်းနေသည်။ *—Ref: AFP*

# ကွန်ဂိုသူပုန်များအား ထောက်ပံ့နေခြင်းကို ပူပန်ကြောင်း ရဝမ်ဒါသမ္မတအား ဘန်ကီမွန်းပြောကြား



**ကုလသမဂ္ဂ၊ ဇူလိုင် - ၁၂**
အိမ်နီးချင်း ကွန်ဂိုနိုင်ငံမှ သူပုန်များအား ရဝမ်ဒါအရာရှိများက ထောက်ခံအားပေးနေကြောင်း ကုလသမဂ္ဂ အစီရင်ခံစာများအပေါ် ၎င်းအနေဖြင့်စိုးရိမ်ပူပန်နေကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ရဝမ်ဒါသမ္မတ ပေါလ်ကာဂါမီအား ပြောကြားလိုက်သည်။

မစ္စတာဘန်ကီမွန်းက ရဝမ်ဒါသမ္မတ ကာဂါမီနှင့် ကွန်ဂိုသမ္မတဂျိုးဆက် ကာဘီလာတို့ နှစ်ဦးစလုံးထံသို့ ဖုန်းခေါ်ဆို၍ သဘာဝတွင်းထွက်ပစ္စည်းများ ကြွယ်ဝရာ ကွန်ဂိုအရှေ့ပိုင်း ကီဗူးမြောက်ခရိုင်မှ ပုန်ကန်မှု အကြောင်းဆွေးနွေးခဲ့သည်။ ယခင်သူပုန်ဟောင်းများက ကွန်ဂိုစစ်တပ်မှ ခွဲထွက်စေခဲ့ပြီးနောက် အဆိုပါဒေသတွင် အကြမ်းဖက်သွေးထွက်သံယိုမှုများ ဖြစ်ပေါ်နေခဲ့သည်။

မကြာသေးမီက ထုတ်ပြန်ခဲ့သော ကုလသမဂ္ဂ အစီရင်ခံစာတစ်ရပ်အရ ရဝမ်ဒါအရာရှိများသည် ကွန်ဂိုအရှေ့ပိုင်းမှ လက်နက်ကိုင်အုပ်စုများအား အထောက်အပံ့ပေးနေသည်ဆိုသော အထောက်အထားများကို ကုလ ကျွမ်းကျင်သူများက တွေ့ရှိခဲ့သည်ဟု ပြောကြားသည်။

တိုက်ခိုက်မှုများ အချင်းချင်း ရပ်တန့်ရေးအတွက် လုပ်နိုင်သမျှအားလုံး လုပ်ဆောင်ရမည်ဖြစ်ကြောင်း မစ္စတာဘန်ကီမွန်းက အလေးအနက်ပြောကြားပြီး အိမ်နီးချင်းနှစ်နိုင်ငံကြားတင်းမာမှုများကို လျော့ပါးသွားစေရန် ဆွေးနွေးမှုများစတင်ရေး ရဝမ်ဒါနှင့် ကွန်ဂိုသမ္မတနှစ်ဦးအား မစ္စတာဘန်ကီမွန်းက တိုက်တွန်းပြောကြားသည်။ *—Ref: Reuters*



7DAY NEWS JOURNAL
Vol.11, No.19 • JULY 19 , 2012


Photo: AFP

# အရှေ့အလယ်ပိုင်းသို့ ရုရှားရေတပ်အုပ်စု စေလွှတ်

**မော်စကို၊ ဇူလိုင် - ၁၁**
နေတိုးအုပ်စုက အရှေ့အလယ်ပိုင်း ဒေသတွင် စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်နေစဉ်မှာပင် ရုရှားနိုင်ငံက လည်း ဆီးရီးယားနိုင်ငံဆီသို့ ကြီးမားသော စစ်သင်္ဘောအုပ်စုတစ်စု စေလွှတ်လိုက်ကြောင်း သိရသည်။

နိုင်ငံမြောက်ပိုင်းရေတပ်စခန်း၊ ဘောလ်တစ်ပင်လယ်နှင့် ပင်လယ်နက် ရေတပ်အုပ်စုများမှ စုစည်းထားသော စစ်သင်္ဘော ၁၁ စီးသည် အတ္တလန်တစ်၊ မြေထဲပင်လယ်နှင့် ပင်လယ်နက်ဒေသတွင်သုံးလကြာ စစ်ရေးလေ့ကျင့်ရေး ခရီးစဉ်သွားရောက်မည်ဟုရုရှားကာကွယ်ရေးဝန်ကြီးဌာနကပြောကြားသည်။ ၎င်းရေတပ်အုပ်စုတွင် ဖျက်သင်္ဘောငါးစီး၊ ကမ်းတက်ရေယာဉ်ငါးစီး၊ ရေနံတင်သင်္ဘောနှင့် အခြားထောက်ပံ့ရေးရေယာဉ်များပါဝင်သည်။

မြေထဲပင်လယ်ဒေသတွင် နေတိုးရေတပ်က အင်အားပြသနေချိန်မှာပင် ရုရှားနိုင်ငံကလည်း မြေထဲပင်လယ်အရှေ့ပိုင်းတွင်ရေတပ်အင်အားတည်ဆောက်နေခြင်းဖြစ်သည်။

နေတိုးရေတပ်အုပ်စု-၂ မှာလည်း ဆီးရီးယားနိုင်ငံမှ များစွာမကွာဝေးသော ဒေသတွင် အကြမ်းဖက်ဆန့်ကျင်ရေးလေ့ကျင့်မှုများ လုပ်ဆောင်နေသည်။ ၎င်းနေတိုးရေတပ်အုပ်စုတွင် တူရကီ၊ ဂျာမနီနှင့် ပြင်သစ်စစ်သင်္ဘောများ ပါဝင်ကြောင်းသိရသည်။

*—Ref: The Hindu, Ria Novosti*

# မစ္စစ်ကလင်တန်၏ ဒီမိုကရေစီမှတ်ချက်များကို ထိပ်တန်းတရုတ်သတင်းစာ ပြစ်တင်ပြောကြား

**ဘေဂျင်း၊ ဇူလိုင် - ၁၂**
ဒီမိုကရေစီကို ထောက်ခံအားပေးပြီး တရုတ်နိုင်ငံမှ ကန့်သတ်ချက်များကို ဝေဖန်ပြောကြားသောမှတ်ချက်များအတွက် တရုတ်ထိပ်တန်းသတင်းစာကြီးက အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မစ္စစ်ဟီလာရီကလင်တန်အားပြစ်တင်ပြောကြားလိုက်သည်။

မစ္စစ်ကလင်တန်ကယခုရက်သတ္တပတ် စောစောပိုင်းတွင် မွန်ဂိုလီးယား၏ တစ်ခါတစ်ရံ ရှုပ်ထွေးပွေလီသော နိုင်ငံရေးအားအာရှတိုက်အတွက် စံပြဒီမိုကရေစီအဖြစ် ရပ်တည်ပြောကြားခဲ့သည်။ မစ္စစ်ကလင်တန်က တရုတ်နိုင်ငံ၏နာမည်ကို တိုက်ရိုက်ထုတ်ဖော်မပြောကြားသော်လည်း သူမ၏မှတ်ချက်များမှာ တစ်စိတ်တစ်ပိုင်းအားဖြင့် တရုတ်နိုင်ငံအားပစ်မှတ်ထားပုံပေါ်သည်။

တရုတ်နိုင်ငံအား သွယ်ဝိုက်တိုက်ခိုက်ရန် နိုင်ငံအချို့အား ချီးကျူးပြောကြားခြင်းဖြင့်မစ္စစ်ကလင်တန်သည် လူ့အခွင့်အရေး တရားဟောသူအဖြစ် ပြုမူနေကြောင်း တရုတ်ပြည်သူ့နေ့စဉ်သတင်းစာက ဖော်ပြသည်။ အမေရိကန်ဒီမိုကရေစီကို ပုံတူကူးချသော အာရှနိုင်ငံများသည်လည်း ကျဆုံးလိမ့်မည်ဟုသတင်းစာကဖော်ပြသည်။

ယခုအခါတွင် အာရှနိုင်ငံများကြီးပွားတိုးတက်နေပြီး အနောက်နိုင်ငံများမှာ စီးပွားရေး အကျပ်အတည်းတွင် ဝဲလည်လျက်ရှိရာ အာရှနိုင်ငံများအနေဖြင့် အနောက်နှင့် ကွဲပြားသောလမ်းကြောင်းကို လျှောက်လှမ်း၍ ၎င်းတို့၏ အမျိုးသားလက္ခဏာများနှင့်သင့်လျော်သည့် နိုင်ငံရေးစနစ်များ ဖန်တီးနိုင်သည်ဆိုခြင်းကို သက်သေပြနေကြောင်း သတင်းစာက ဆက်လက်ဖော်ပြသည်။

*—Ref: Reuters*









## လစ်ဗျားရွေးကောက်ပွဲရလဒ်များ ယခုသီတင်းပတ်အတွင်း ထုတ်ပြန်မည်ဟု မျှော်လင့်

**ထရီပိုလီ၊ ဇူလိုင် - ၁၁**

နှစ်ပေါင်း ၆၀ အတွင်း ပထမဦးဆုံးအကြိမ် ကျင်းပသော လစ်ဗျားရွေးကောက်ပွဲရလဒ်များကို ဆက်လက်ရေတွက်နေပြီး ရလဒ်များကို ယခုရက်သတ္တပတ်ကုန်ရက်များတွင်ကြေညာနိုင်မည်ဟု မျှော်လင့်ကြောင်း လစ်ဗျားအမျိုးသားရွေးကောက်ပွဲကော်မရှင်က ပြောကြားသည်။

ကဒါဖီအစိုးရပြုတ်ကျပြီးနောက် ကိုးလကြာတွင် ပြုလုပ်သောရွေးကောက်ပွဲ၌ မဲပေးခွင့်ရှိသူ ၆၀ ရာခိုင်နှုန်းကျော်လာရောက်မဲပေးခဲ့ကြောင်း ထရီပိုလီပို့စ်သတင်းစာတွင်ဖော်ပြသည်။

ကဒါဖီပြုတ်ကျခဲ့ပြီး အချိန်တိုအတွင်းမှာပင် လစ်ဗျားနိုင်ငံက ရွေးကောက်ပွဲတစ်ရပ် ကျင်းပနိုင်ခြင်းမှာ အလွန်အံ့အားသင့်စရာကောင်းသည်ဟု လစ်ဗျားပညာရှင်နှင့် ဒါးမောက်သ်ကောလိပ်မှ အစိုးရအုပ်ချုပ်ရေးဆိုင်ရာတွဲဖက်ပါမောက္ခဖြစ်သူ ဒွါခ်ဗန်ဒီဝေါလ်ကပြောကြားသည်။

လစ်ဘရယ်များနှင့် လစ်ဘရယ်ပါတီများက အစ္စလာမ်မစ်အုပ်စုများနှင့် တစ်သီးပုဂ္ဂလများအပေါ် ဦးဆောင်နေသည်ဟု ခန့်မှန်းချက်များထွက်ပေါ်နေကြောင်း ထရီပိုလီပို့စ်သတင်းစာတွင်ဖော်ပြသည်။ လစ်ဗျားပါလီမန်တွင် အမတ်နေရာပေါင်း ၂၀၀ ရှိပြီး ယင်းမှနေရာ ၈၀ မှာ ပါတီကိုယ်စားပြုသူများအတွက်ဖြစ်ပြီး ၁၂၀ မှာ တစ်သီးပုဂ္ဂလများအတွက် ဖြစ်သည်။

လောလောဆယ် ရေတွက်ပြီးသော ရွေးကောက်ပွဲရလဒ်များအရမူ စစ်အတွင်း လစ်ဗျားဝန်ကြီးချုပ်အဖြစ် တာဝန်ယူခဲ့သည်ဟု မာမွတ်ဂျီဘရီးလ်က ရွေးကောက်ပွဲကိုဦးဆောင်နေကြောင်း သတင်းများကဖော်ပြသည်။

—Ref: UPI/ Reuters




Photo: AFP

## ဒေသတွင်းတင်းမာမှုများရှိနေစဉ် အာဆီယံဖိုရမ်တွင် အမေရိကန်–တရုတ် ဆွေးနွေး

**ဖနွမ်းပင်၊ ဇူလိုင် - ၁၁**

ဒေသတွင်း၌ တင်းမာမှုများရှိနေစဉ် အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးမစ္စ ဟီလာရီကလင်တန်နှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီး ယန်းဂျေချီတို့ ကမ္ဘောဒီးယားနိုင်ငံတွင် ပြုလုပ်သည့်အာဆီယံဖိုရမ်၌ တွေ့ဆုံဆွေးနွေးကြမည်ဖြစ်ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ယခု ရက်သတ္တပတ်အတွင်းမှာပင် အရှေ့တရုတ်ပင်လယ်ရှိ ကျွန်းစုများနှင့်ပတ်သက်၍ တရုတ်နှင့် ဂျပန်နိုင်ငံကြား အငြင်းပွားမှု အသစ်တစ်ရပ်ဖြစ်ပေါ်ခဲ့ကြောင်း ဘီဘီစီသတင်းတွင် ရေးသားသည်။

ထိုအတောအတွင်း တောင်တရုတ်ပင်လယ် အငြင်းပွားမှုနှင့် ဆက်စပ်၍ အာဆီယံ၏ ကျင့်ဝတ်စည်းကမ်းများအပေါ် တရုတ်နိုင်ငံကသတိထား၍ တုံ့ပြန်ခဲ့သည်။

မစ္စကလင်တန်၏ အာရှခရီးစဉ်မှာ ဝါရှင်တန်၏ အရှေ့တောင်အာရှဒေသအပေါ် ပိုမိုအာရုံစိုက်လာခြင်းကို ပြသနေကြောင်း ဆန်းစစ်လေ့လာသူများက ဆိုကြသည်။

မစ္စကလင်တန်သည် မွန်ဂိုလီးယား၊ ဗီယက်နမ်နိုင်ငံ၊ လာအိုနိုင်ငံများသို့ သွားရောက်ခဲ့ပြီးနောက် အာဆီယံဖိုရမ်ကျင်းပနေရာ ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့သို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ တရုတ်နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံရာတွင် မစ္စကလင်တန်သည် ဒေသတွင်းမှ ဂျပန်နှင့် ဖိလစ်ပိုင်နိုင်ငံကဲ့သို့ အမေရိကန် မဟာမိတ်နိုင်ငံများ၏ အကျိုးစီးပွားနှင့် အမေရိကန်-တရုတ်ဆက်ဆံရေးအပေါ် မျှခြေညီအောင် လုပ်ဆောင်မည်ဟု မျှော်လင့်ရကြောင်း ဆန်းစစ်လေ့လာသူများကပြောကြားသည်။

—Ref: BBC



7 DAY NEWS JOURNAL
# International
Vol.11, No.19 • JULY 19 , 2012



## မြောက်ကိုရီးယား စစ်ဘက်အကြီးအကဲ ရာထူးအားလုံးမှ ဖယ်ရှားခံရ

**ဆိုးလ်၊ ဇူလိုင် - ၁၆**


မြောက်ကိုရီးယားနိုင်ငံ၏ စစ်ဘက်အကြီးအကဲအား နာမကျန်းမှုကြောင့် ရာထူးအားလုံးမှ အနားပေးလိုက်ကြောင်း မြောက်ကိုရီးယားနိုင်ငံပိုင် မီဒီယာက ဖော်ပြသည်။

စစ်ဘက်ခေါင်းဆောင် ရီယောင်ဟိုမှာ မြောက်ကိုရီးယားခေါင်းဆောင်ဟောင်း ကင်ဂျုံအီလ်သေဆုံးပြီး အသွင်ကူးပြောင်းရေးကာလတွင် လူငယ်ခေါင်းဆောင်သစ် ကင်ဂျုံအန်အား ထောက်ခံခဲ့သူအဖြစ် ရှုမြင်ခံရသူဖြစ်သည်။

မစ္စတာရီယောင်ဟိုသည် ၂၀၀၉ ခုနှစ်တွင် ကိုရီးယားပြည်သူ့တပ်မတော် စစ်ဦးချုပ်ဖြစ်လာခဲ့ပြီး မကြာမီလများအတွင်း မစ္စတာကင်ဂျုံအန်နှင့်အတူ စစ်အခြေစိုက်စခန်းများသို့ လည်ပတ်ခဲ့သူဖြစ်သည်။

အာဏာရပါတီမှ ထိပ်သီးအရာရှိများနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် မစ္စတာရီယောင်ဟိုအား ၎င်း၏ရာထူးအားလုံးမှ ဖယ်ရှားရန်ဆုံးဖြတ်ခဲ့ကြောင်း နိုင်ငံပိုင် KCNA သတင်းဌာနက ပြောကြားသည်။

စာ(၄၅)သို့



## ဆီးရီးယားတွင် ပြည်တွင်းစစ်ဖြစ်နေပြီဟု နိုင်ငံတကာကြက်ခြေနီအဖွဲ့ကသတ်မှတ်

**ဂျီနီဗာ၊ ဇူလိုင် - ၁၆**

ဆီးရီးယားနိုင်ငံတွင် ဖြစ်ပေါ်နေသော ပဋိပက္ခအားပြည်တွင်းစစ်ဖြစ်နေခြင်းဟု မှတ်ယူမည်ဖြစ်ကြောင်း နိုင်ငံတကာကြက်ခြေနီအဖွဲ့က ဇွန်လ ၁၈ ရက်တွင် ပြောကြားသည်။ ထို့အတွက် ဆီးရီးယားနိုင်ငံနှင့်အဝန်း နိုင်ငံတကာမှလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေများကိုအသုံးချနိုင်မည်ဖြစ်သည်။ ဒမတ်စကပ်စ်မြို့အနီး အတိုက်အခံတပ်ဖွဲ့များနှင့်အစိုးရတပ်ဖွဲ့များကြား တိုက်ပွဲများဖြစ်ပွားနေစဉ်အတွင်း ယခုကြေညာချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေများအရ ပဋိပက္ခတွင် ပါဝင်ပတ်သက်နေသူများသည် ၎င်းတို့၏ ရည်မှန်းချက်များ အောင်မြင်ရန် သင့်တင့်မျှတသော အင်အားသုံးစွဲခွင့်ရှိကြောင်း သိရသည်။ သို့သော် အရပ်သားများအား တိုက်ခိုက်ခြင်း၊ ထိန်းသိမ်းထားရာတွင် နှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်းများကို ရာဇဝတ်မှုများအဖြစ် သတ်မှတ်ထားသည်။

စာ(၄၅)သို့

## ဂျပန်နိုင်ငံ ကျူရှူးကျွန်း ရေကြီးမှု ကယ်ဆယ်ရေး လုပ်ငန်းများလုပ်ဆောင်

**တိုကျို၊ ဇူလိုင် - ၁၆**

ဂျပန်နိုင်ငံ ကျူရှူးကျွန်းပေါ်တွင် လူ ၃၀ ကျော် သေဆုံး(သို့မဟုတ်) ပျောက်ဆုံးမှုဖြစ်ပေါ်စေခဲ့ပြီး လူထောင်ပေါင်းများစွာအား ထိခိုက်ခဲ့သော ရေကြီးမှုအတွက် ကယ်ဆယ်ရေးနှင့်အကူအညီပေးရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်နေကြောင်း သိရသည်။

စာ(၄၅)သို့



## ထိပ်သီးအဆင့်ဆွေးနွေးပွဲများအတွက် မစ္စစ်ကလင်တန် အစ္စရေးနိုင်ငံသို့ ရောက်ရှိ

**တဲလ်အဗစ်၊ ဇူလိုင် - ၁၆**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မစ္စစ်ကလင်တန်သည် အီရန် နျူကလီးယားအစီအစဉ်နှင့် ရပ်ဆိုင်းနေသော အစ္စရေး-ပါလက်စတိုင်း ငြိမ်းချမ်းရေးအစီအစဉ်အကြောင်းများ အဓိကထား၍ ဆွေးနွေးရန် အစ္စရေးနိုင်ငံသို့ ရောက်ရှိလာကြောင်း သိရသည်။

စာ(၄၅)သို့

**NEWS ANALYSIS**

## ဘွဲ့ရ ကမ္ဘာနှင့် အရည်အသွေး

စာ(၃၆)သို့



၇ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL အချပ်ပို
Vol.11, No.19 • JULY 19 , 2012

# မသန်စွမ်း ၁၀၀ ခန့် အာဇာနည်ဗိမာန်သို့ ချီတက်ဂါရဝပြုမည်

## ယခုနှစ်တွင်လည်း အများပြည်သူအား အာဇာနည်ဗိမာန်သို့ဂါရဝပြုခွင့်ပေးမည်

**သတင်းအဖွဲ့**

**ရန်ကုန်၊ ဇူလိုင်-၁၆**

(၆၅)နှစ်မြောက် အာဇာနည်နေ့တွင် မသန်စွမ်းအင်အား ၁၀၀ ခန့် အာဇာနည်ဗိမာန်သို့ ချီတက်အလေးပြုမည်ဖြစ်ကြောင်း ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)မှ ဥက္ကဋ္ဌဦးမြတ်သူဝင်းက ပြောသည်။

"ကျွန်တော်တို့လည်း တိုင်းပြည်ချစ်တတ်ပါတယ်။ ကျွန်တော်တို့လည်း ဗိုလ်ချုပ်ကို ဂုဏ်ပြုချင်ပါတယ်" ဟု ၎င်းကပြောသည်။




အာဇာနည်ဗိမာန်သို့အလေးပြုအပြီးတွင် အဆိုပါ မသန်စွမ်းသူများ စုစည်းပြီးဗိုလ်ချုပ်ပြတိုက်သို့ သွားရောက်ရန် စီစဉ်ထားကြောင်း၊၎င်းနေရာများတွင်မသန်စွမ်းသူများလိုအပ်သည့် အကူအညီများပေးရန် စေတနာ့ဝန်ထမ်းလုပ်ကိုင်လိုသူများ လိုအပ်နေကြောင်း ဦးမြတ်သူဝင်းက ဆိုသည်။

ယင်းသို့ အာဇာနည်ဗိမာန်အား မသန်စွမ်းသူများ ချီတက်အလေးပြုမှုသည် သမိုင်းတစ်လျှောက် ပထမဦးဆုံးအကြိမ်ဖြစ်ကြောင်း ၎င်းကပြောသည်။

အာဇာနည်နေ့တွင် ပြီးခဲ့သည့်နှစ်ကဲ့သို့ပင် ပြည်သူအားလုံး ဂါရဝပြုနိုင်ရန် ခွင့်ပြုမည်ဖြစ်ပြီး ဂါရဝပြုမည့် ပန်းခြင်း၊ ပန်းခွေများကိုမူလုံခြုံရေးအရတစ်ရက်ကြိုတင်ပို့ဆောင်ရမည်ဟု တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိဝန်ကြီးတစ်ဦးက ပြောကြားသည်။

နိုင်ငံတကာ သံရုံးများနှင့် နိုင်ငံရေးပါတီများ အားလုံးကိုလည်း ဖိတ်ကြားထားပြီး နိုင်ငံရေးပါတီတစ်ခုလျှင် ငါးဦးတက်ရောက်ခွင့်ပြုမည်ဖြစ်သည်။

အာဇာနည်နေ့အခမ်းအနားကို ယခင်က နိုင်ငံတော်အဆင့်အခမ်းအနားအဖြစ် ကျင်းပခဲ့ပြီး အာဇာနည်ခေါင်းဆောင်များ ကျဆုံးခဲ့ချိန်ရောက်ပါက ဥဩဆွဲ၍ အလေးပြုခဲ့ကြသည်။

တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် မြို့တော်ခန်းမတွင် ဆွမ်းကပ်၊ ရေစက်ချအလှူကို ပြုလုပ်မည်ဖြစ်သည်ဟုလည်း အစိုးရအဖွဲ့မှ သိရသည်။

အာဇာနည်ဗိမာန်သို့ အများပြည်သူများ တက်ရောက်ဂါရဝပြုခွင့်ပေးသော ဒုတိယမြောက်နှစ်ဖြစ်သည့် ယခုနှစ်တွင် တက်ရောက်မည့်သူများသည် လုံခြုံရေးအရ ကင်မရာ၊ ဟန်းဖုန်း၊ အိတ်များကို ယူခွင့်မပြုဘဲ ညနေ ၄ နာရီထိ အာဇာနည်ဗိမာန်ကို ဖွင့်လှစ်ပေးထားမည်ဟု သိရသည်။

"အာဇာနည်နေ့အခမ်းအနားကို တက်ရောက်ချင်တယ်။ ဂါရဝပြုချင်တယ်။ မဖြစ်ဖြစ်အောင် သွားမယ်လို့ စီစဉ်ထားတယ်။ ကျွန်တော်တို့ အရွယ်လူငယ်တွေမှာ အာဇာနည်နေ့ ဖြစ်ပေါ်လာပုံအကြောင်းတောင် မသိတာတွေ ရှိတယ်"ဟုအသက်(၂၈)နှစ်အရွယ် လူငယ်တစ်ဦးက ပြောကြားသည်။

အာဇာနည်နေ့အခမ်းအနားသို့ တက်ရောက်ဂါရဝ ပြုရန်အတွက်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါ်အောင်ဆန်းစုကြည်လည်း နေပြည်တော်မှ ဇူလိုင် ၁၈ ရက်တွင်ပြန်လာမည်ဖြစ်ကြောင်း သိရသည်။

# ဒုသမ္မတအမည်စာရင်း တင်သွင်းခံရသူကို မသိရသေးကြောင်း ဦးငွေးဦး ပြောကြား

**အောင်သူရ**

**ရန်ကုန်၊ ဇူလိုင်-၁၄**

ဒုတိယသမ္မတ အမည်စာရင်းတင်သွင်းခံရသူအဖြစ် မီဒီယာများတွင် နာမည်ကြီးနေသော ဦးမြင့်ဆွေနှင့်ပတ်သက်၍ သမ္မတနှင့် ဒုတိယသမ္မတအရည်အချင်းနှင့် ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးရေးအဖွဲ့သို့ အမည်စာရင်း မည်သူမည်ဝါတင်သွင်းသည်ကို မသိရသေးကြောင်း ယင်းအဖွဲ့ဝင်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငွေးဦးက ပြောသည်။

အမည်အတိအကျ သိရှိလာပါက အထောက်အထားများနှင့် တင်ပြရမည်ဖြစ်ပြီး အင်တာနက်တွင်ထွက်ပေါ်နေသော သတင်းများနှင့်ပတ်သက်၍ ဦးမြင့်ဆွေကို တရားဝင်ကန့်ကွက်စာတင်ထားသူမရှိကြောင်း ၎င်းကပြောသည်။

"တကယ်လို့သာ ဖွဲ့စည်းပုံအခြေခံဥပဒေပိုင်း အချက်တွေနဲ့ ငြိစွန်းတယ်ဆိုရင်တော့ ငြိစွန်းတဲ့အတိုင်းပေါ့။ ဥပဒေအထက်မှာ ဘယ်သူမှ မရှိပါဘူး"ဟု ဦးငွေးဦးက ဇူလိုင် ၁၄ ရက်က တယ်လီဖုန်းမှတစ်ဆင့်ဖြေကြားခဲ့သည်။

တပ်မတော်သားကိုယ်စားလှယ်အစုအဖွဲ့ လွှတ်တော်ကိုယ်စားလှယ်များက ရွေးချယ်တင်မြှောက်ခဲ့သော ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦးသည် ကျန်းမာရေးအရ အနားယူသွားပြီဖြစ်သည့်အတွက် အစားထိုးခန့်အပ်ရန် တပ်မတော်သားကိုယ်စားလှယ်များ အစုအဖွဲ့ကပင် အမည်စာရင်းကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြင့်ဆွေအား တင်သွင်းခဲ့ကြောင်း တပ်မတော်သားကိုယ်စားလှယ်ဗိုလ်မှူးချုပ်တစ်ဦးက မီဒီယာသို့ ပြောကြားထားသည်။

ဒုတိယသမ္မတနေရာတွင် ထင်ကြေးပေးခံနေရသော ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ပတ်သက်၍ ဦးငွေးဦးက "လွှတ်တော်ကလည်းမကြေညာသေးဘူး။ ကျွန်တော့်ဆီလည်းရောက်မလာသေးဘူး။ အပြင်မှာသာ သတင်းတွေထွက်နေတာပါ"ဟု မှတ်ချက်ပေးပြောဆိုခဲ့သည်။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအခန်း(၃) အပိုဒ် ၅၉ (စ) တွင် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများတွင် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိ၏ မိဘတစ်ပါးပါးသော်လည်းကောင်း၊ မိမိ၏ ဇနီး(သို့မဟုတ်)ခင်ပွန်းသော်လည်းကောင်း၊ မိမိ၏တရားဝင်သားသမီးတစ်ဦးဦးသော်လည်းကောင်း၊ ထိုတရားဝင်သားသမီးတစ်ဦးဦး၏ ဇနီး(သို့မဟုတ်) ခင်ပွန်းသော်လည်းကောင်း၊ နိုင်ငံခြားအစိုးရ ကျေးဇူးသစ္စာတော်ကို ခံယူစောင့်ရှောက်ရိုသေသူ(သို့မဟုတ်) နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူ (သို့မဟုတ်) တိုင်းတစ်ပါး၏ နိုင်ငံသားဖြစ်သူများ မဖြစ်စေရဟု ပြဋ္ဌာန်းပါရှိသည်။

ဦးမြင့်ဆွေသည် ယင်းအချက်တစ်ချက်နှင့် ငြိနေသောကြောင့် ဒုသမ္မတနေရာကိစ္စမှာ ရပ်တန့်နေကြောင်း လွှတ်တော်တွင်း သတင်းများထွက်နေသော်လည်း အတည်ပြုချက်ရယူနိုင်ခြင်း မရှိသေးပေ။

# ပိတ်ဆို့မှု မျှတသောဖြေလျှော့မှုဖြစ်ရေး မျိုးချစ်ပုဂ္ဂိုလ်များ ကူညီဆောင်ရွက်ရန် သူရဦးရွှေမန်း တိုက်တွန်း

**ထူးသန့်**

**နေပြည်တော်၊ ဇူလိုင် - ၁၆**

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထဲမှ စွမ်းဆောင်နိုင်သော မျိုးချစ်ပုဂ္ဂိုလ်များ နိုင်ငံတော်နှင့်နိုင်ငံသားအကျိုးစီးပွားအတွက်မြန်မာနိုင်ငံအပေါ် အမေရိကန်အစိုးရ၏ ထပ်မံပိတ်ဆို့အရေးယူမှုမပြုရန်နှင့် နှစ်လမ်းသွား မျှတသောဖြေလျှော့မှုရရှိရေးဆောင်ရွက်ပေးရန်ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ယနေ့ကျင်းပသော ပြည်သူ့လွှတ်တော် နဝမမြောက်နေ့ အခမ်းအနားတွင် တိုက်တွန်းပြောကြားသည်။

"စွမ်းဆောင်နိုင်သော မျိုးချစ်ပုဂ္ဂိုလ်များသည် နိုင်ငံတော်နှင့်နိုင်ငံသားအကျိုးစီးပွားအတွက် ထပ်မံပိတ်ဆို့အရေးယူမှုမပြုရန်နှင့် နှစ်လမ်းသွား မျှတသောဖြေလျှော့မှုနှင့် ပုံမှန်ငွေလဲလှယ်နှုန်းရရှိရေး ပါဝင်ဆောင်ရွက်ပေးရန် အလေးအနက်တိုက်တွန်းမေတ္တာရပ်ခံအပ်ပါတယ်"ဟု သူရဦးရွှေမန်းက ပြောကြားသည်။

မြန်မာနိုင်ငံအပေါ် စီးပွားရေးအရ ပိတ်ဆို့မှုများနှင့်ပတ်သက်၍ ၂၀၁၅ ခုနှစ်အထိ သက်တမ်းကြာရှည်စေမည့် အဆိုတစ်ရပ်ကို အမေရိကန်လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက နှစ်ကြိမ်တိုင် အဆိုတင်သွင်းခဲ့ပြီး ဘဏ္ဍာရေးကော်မတီသို့လွှဲအပ်ခဲ့ကြောင်း၊ ယခု ဖြေလျှော့ပေးခဲ့မှုများသည်လည်း အမေရိကန်ကုမ္ပဏီနှင့် လုပ်ငန်းများအတွက်သာ အကျိုးရှိစေသော တစ်လမ်းသွား၊ တစ်ဖက်သတ်ဆန်နေကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

ဒီမိုကရေစီအရေးနှင့်ပတ်သက်ပြီး အမေရိကန်အစိုးရက စီးပွားရေးပိတ်ဆို့အရေးယူမှုတစ်ရပ်ကို ၂၀၀၃ ခုနှစ်ကတည်းက မြန်မာနိုင်ငံအပေါ် ချမှတ်ခဲ့ကြောင်း၊ အဆိုပါပိတ်ဆို့အရေးယူမှုမှာ ယခုလ ၂၆ ရက်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း ၂၀၁၅ ခုနှစ်အထိ သက်တမ်းရှိမည့်အဆိုတစ်ရပ်ကို အမေရိကန်လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက ထပ်မံတင်သွင်းခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

မြန်မာနိုင်ငံနှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် မည်သူမဆို၊ မည်သည့်နည်းလမ်းဖြင့်ဖြစ်စေ ညှိနှိုင်းဆောင်ရွက်ခွင့်ရှိရန် ယခင်အပတ်က ကျင်းပခဲ့သော ပြည်သူ့လွှတ်တော် အဋ္ဌမနေ့အစီအစဉ်တွင် လွှတ်တော်က ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

# လယ်ယာကဏ္ဍဖွံ့ဖြိုးရေး အားလုံးပါဝင်သည့် အလုပ်ရုံဆွေးနွေးပွဲကျင်းပမည်

**အောင်သူရ၊ ပြည်သိမ်း**

**ရန်ကုန်၊ ဇူလိုင် - ၁၆**

အခက်ခဲဆုံးအချိန်ရောက်ရှိနေသော ဆန်စပါးလောကနှင့် နိုင်ငံတော်လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် အားလုံးပါဝင်သော အလုပ်ရုံဆွေးနွေးပွဲတစ်ရပ် မြန်မာနိုင်ငံအထက်ပိုင်းနှင့် အောက်ပိုင်းတွင် အမြန်ဆုံးပြုလုပ်ရန် စီစဉ်ထားကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းဥက္ကဋ္ဌ ဦးချစ်ခိုင်ကပြောသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြီးနောက် အပြည်ပြည်ဆိုင်ရာမှ ပညာရှင်များဖိတ်ခေါ်ပြီး နေပြည်တော်တွင် နောက်ဆုံးအဆင့် ကျင်းပကာ ရှေ့သွားရမည့်မူဝါဒများကို နိုင်ငံတော်သို့ တင်ပြသွားမည်ဟု မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းနှစ်ပတ်လည်ညီလာခံတွင်ဥက္ကဋ္ဌဦးချစ်ခိုင်ကပြောသည်။

"မန္တလေးနဲ့ ရန်ကုန်မှာလုပ်ဖို့ စီစဉ်ထားတယ်။ နောက်တစ်ပတ်အစည်းအဝေးမှာတော့ သေသေချာချာ အချိန်သိနိုင်ပါတယ်"ဟု အဆိုပါအသင်းမှ ဗဟိုအလုပ်အမှုဆောင် ဒေါက်တာစိုးထွန်းက ပြောသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲအတွက် အမှန်တကယ် အောင်မြင်နိုင်ပြီး ဘက်လိုက်မှုကင်းရှင်းသည့် အဆိုပြုတင်ပြချက်များကို အသင်းရုံးခန်းသို့ ကြိုတင်ပေးပို့နိုင်ပြီဖြစ်ကြောင်း ယင်းအသင်းမှ ဗဟိုအလုပ်အမှုဆောင်တစ်ဦးက ပြောသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲနှင့်ပတ်သက်၍ "ပညာရှင်တွေပါသလို လယ်သမားတွေလည်း ပါဖို့လိုပါတယ်"ဟု စိုက်ပျိုးရေးပညာရှင် ဒေါက်တာထွန်းဝင်းက ပြောသည်။

လက်ရှိ မြန်မာနိုင်ငံ လယ်ယာကဏ္ဍမှာ အဆိုးဆုံးအခြေအနေနှင့် ရင်ဆိုင်နေရပြီး အစိုးရ၏ မူဝါဒမှာလည်း မှားယွင်းနေကြောင်း မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းဥက္ကဋ္ဌ ဦးချစ်ခိုင်က ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်တွေ့ဆုံစဉ်ပြောကြားခဲ့သည်။

# အချုပ်ပို

7 DAY NEWS JOURNAL
Vol.11, No.19 • JULY 19 , 2012

## မျက်နှာဖုံး-အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များ ဝင်ခွင့်အမှတ်တိုးမြှင့် ကျောင်းသားလက်ခံမှုလျှော့ မှ

ယခုနှစ်တွင် ကျောင်းသား စုစုပေါင်း ၁၆,၀၀၀ဦးအထိသာ လက်ခံမည်ဖြစ်ကြောင်း တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်မှသိရသည်။

ပြင်ဦးလွင်မြို့ရှိ နည်းပညာတက္ကသိုလ် (ရတနာပုံ) သည် ကျောင်းဝင်ခွင့်အတွက် ယခင်နှစ်က တက္ကသိုလ်ဝင်စာမေးပွဲ စုစုပေါင်းရမှတ် ၃၅၀ နှင့်အထက်ရရှိခဲ့သော ကျောင်းသား ၁,၀၀၀ ဦး လက်ခံခဲ့သော်လည်း ယခုနှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ စုစုပေါင်းရမှတ် ၄၂၀ နှင့်အထက်ရရှိသော ကျောင်းသား ၅၀၀ ဦးကိုသာ လက်ခံတော့မည်ဖြစ်သည်။

"ကျောင်းသားတွေ လျှော့ခေါ်တယ်ဆိုတာက အရည်အသွေးပိုင်းမှာမြှင့်တင်ဖို့ပါ။ နောက်တစ်ချက်က ပညာသင်နှစ်တွေကိုတိုးမြှင့်လိုက်တဲ့အတွက် ကျောင်းစာသင်ခန်းတွေ လုံလောက်မှုရှိဖို့ လျှော့ခေါ်ရတာပါ" ဟု ပညာရေး ဝန်ကြီးဌာနမှ ပါမောက္ခချုပ် တစ်ဦးက ပြောသည်။

ရေကြောင်းပညာတက္ကသိုလ်သည် ယခင်နှစ် ကျောင်းဝင်ခွင့်အတွက် တက္ကသိုလ်ဝင် စာမေးပွဲ စုစုပေါင်းရမှတ် ၄၀၀ နှင့်အထက် ရရှိရန် သတ်မှတ်ထားပြီး ယခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ စုစုပေါင်းရမှတ် ၄၅၀ နှင့်အထက် ရရှိထားရန် တိုးမြှင့်သတ်မှတ်လိုက်သည်။ သန်လျင်မြို့ရှိမြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်တွင် ပညာသင်ယူရန် ယခင်နှစ်က ကျောင်းသားစုစုပေါင်း၄၅၀ဦး ခေါ်ယူခဲ့သော်လည်း ယခုနှစ်တွင် ကျောင်းသားစုစုပေါင်း ၃၂၀ ဦးသာ လျှော့ချခေါ်ယူရန် ကြေညာထားသည်။

မိတ္ထီလာမြို့ရှိ အမျိုးသားများသာ လက်ခံသော မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်သည် ယခင်နှစ်က တက္ကသိုလ်ဝင်စာမေးပွဲ စုစုပေါင်းရမှတ် ၃၇၀ နှင့်အထက် ရရှိရန် သတ်မှတ်ထားသော်လည်း ယခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ စုစုပေါင်းရမှတ် ၄၂၀ နှင့်အထက်ရှိရန် ပြောင်းလဲသတ်မှတ်လိုက်သည်။

ယခုနှစ် ရန်ကုန်၊ မုံရွာနှင့်မိတ္ထီလာမြို့တို့ရှိစီးပွားရေးတက္ကသိုလ်များ၌ ကျောင်းဝင်ခွင့်ရရှိရန် ဘောဂဗေဒဘာသာတွဲဖြင့်အောင်မြင်ထားသူများသည် ဘောဂဗေဒဘာသာရပ်ရမှတ် ၆၀နှင့်အထက်၊ သင်္ချာဘာသာရပ်နှင့် အင်္ဂလိပ်စာဘာသာရပ်ရမှတ် ၅၀ နှင့်အထက် စုစုပေါင်းရမှတ် ၃၅၀ နှင့်အထက် ရရှိရမည်ဖြစ်သည်။ ဘောဂဗေဒဘာသာရပ်မပါသော ဘာသာတွဲဖြင့် အောင် မြင်ထားသူများသည် သင်္ချာဘာသာရပ်နှင့် အင်္ဂလိပ်စာဘာသာရပ်ရမှတ် ၅၀ နှင့် အထက်ရရှိပြီး စုစုပေါင်းရမှတ် ၃၅၀ နှင့်အထက်ရရှိရမည်ဖြစ်သည်။

ယခင်နှစ်က စီးပွားရေးတက္ကသိုလ်များ၌ ကျောင်းဝင်ခွင့်ရရှိရန် ဘောဂဗေဒဘာသာတွဲဖြင့်အောင်မြင်သူများသည် ဘောဂဗေဒဘာသာရပ်ရမှတ် ၆၀ နှင့်အထက်ရရှိပြီး စုစုပေါင်းရမှတ် ၃၀၀ နှင့်အထက်ရရှိရန်နှင့် ဘောဂဗေဒဘာသာရပ်မပါသော ဘာသာတွဲဖြင့် အောင်မြင်ထားသူများသည် စုစုပေါင်းရမှတ် ၃၂၀ နှင့် အထက်ရရှိရန် သတ်မှတ်ခဲ့သည်။

ရန်ကုန်စီးပွားရေးတက္ကသိုလ်သည် ယခင်နှစ်က ကျောင်းသား ၄၀၀၀ ဦး လက်ခံခဲ့သော်လည်း ယခုနှစ်တွင် ကျောင်းသား ၂,၀၀၀ ဦး၊ မုံရွာ စီးပွားရေးတက္ကသိုလ်နှင့် မိတ္ထီလာစီးပွားရေး တက္ကသိုလ်တို့သည် ယခင်နှစ်က ကျောင်းသား ၁,၂၀၀ ဦးစီ လက်ခံခဲ့သော်လည်း ယခုနှစ်တွင် ကျောင်းသား ၈၀၀ ဦးစီသာ လက်ခံတော့မည်ဖြစ်သည်။

"ပညာရေးမှာစစ်မှန်တဲ့ပညာတတ်တွေထွက်လာဖို့လုပ်ဆောင်တာဖြစ်လို့ကောင်းပါတယ်။ မနှစ်က အမှတ်မီရဲ့သားနဲ့ ဒီနှစ်ကျောင်းဝင်ခွင့်မရတဲ့သူတွေတော့ တော်တော်စိတ်မကောင်း ဖြစ်နေကြမှာပေါ့" ဟု အငြိမ်းစားတက္ကသိုလ်ပါမောက္ခတစ်ဦးက ဆိုသည်။

ရန်ကုန်၊ မန္တလေးနှင့်မကွေးမြို့တို့ရှိဆေးတက္ကသိုလ်လေးခုသည် ယခင်နှစ်က အမျိုးသမီး ၄၀ရာခိုင်နှုန်းဖြင့် ကျောင်းသားစုစုပေါင်း ၂၄၀၀ ဦး လက်ခံခဲ့သော်လည်း ယခုနှစ်တွင် အမျိုးသမီး ၅၀ ရာခိုင်နှုန်းဖြင့် ကျောင်းသား စုစုပေါင်း ၁,၂၀၀ ဦးသာ လက်ခံတော့မည်ဖြစ်ကြောင်း တက္ကသိုလ်ဝင်ခွင့်လမ်းညွှန် နှိုင်းယှဉ်ချက်များအရ သိရသည်။

## စာ-၂၉၊ လွှတ်တော်အတွင်းက တပ်မတော်သားမဲများ မှ



ဓာတ်ပုံ-သီဟ

တပ်မတော်သားများ၏ လွှတ်တော်တွင်း ပြောဆိုမှုနည်းပါးရခြင်းမှာ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦး၏ လွှတ်တော်တွင်းပါတီအဖွဲ့အစည်းများကြား ဆွေးနွေးမှုကို ထောက်ခံခြင်း၊ ကန့်ကွက်ခြင်းစသည့်ပြောဆိုဆွေးနွေးချက်သည် တပ်မတော်တစ်ခုလုံးကို ကိုယ်စားပြုသည်ဟုယူဆသွားပါက အကျိုးဆက်များဖြစ်ပေါ်လာနိုင်မည်ကို စိုးရိမ်မှုများ ရှိနေသောကြောင့် ဖြစ်သည်ဟု ပြည်သူ့လွှတ်တော်မှ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ပြောကြားသည်။

တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်တွင်း ရာခိုင်နှုန်းတစ်ခုအနေဖြင့် ရှိနေသည့်အခြေအနေတွင် အဆိုပါကိုယ်စားလှယ်များသည် လွှတ်တော်တွင်း ဆွေးနွေးမှုများ မဲခွဲဆုံးဖြတ်မှုများတွင် လွတ်လွတ်လပ်လပ်မဲပေးခွင့်ရှိသည်ဆိုသော လုပ်ပိုင်ခွင့်တစ်ခုသာ ရရှိထားပါက လွှတ်တော်အတွက် အကျိုးမယုတ်နိုင်ဟုလည်း လွှတ်တော်ကိုယ်စားလှယ်များက ယေဘုယျသုံးသပ်ကြသည်။

သို့ရာတွင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်သည် အခြားလွှတ်တော်ကိုယ်စားလှယ်များကဲ့သို့ အများဆန္ဒဖြင့် ရွေးချယ်တင်မြှောက်ခံရခြင်းမဟုတ်ဘဲ အမိန့်အာဏာဖြင့် ခန့်အပ်ခြင်းခံရသူများသာဖြစ်သည့်အတွက် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များသည် လွတ်လပ်စွာပြောဆိုဆွေးနွေးရန် ခက်ခဲနိုင်သလို ဖွဲ့စည်းပုံကဲ့သို့ အရေးကြီးသော ပြုပြင်ပြောင်းလဲမှုများအတွက် မဲခွဲရာတွင် အခက်အခဲများရှိလာနိုင်သည်ဟု အခြားလွှတ်တော်ကိုယ်စားလှယ်များက ယူဆကြသည်။

လွှတ်တော်တွင်း ပါတီစုံမှ ကိုယ်စားလှယ်များ၏ ဆွေးနွေးမှု အဆိုများ၊ ဥပဒေများကို မဲခွဲဆုံးဖြတ်မှုတွင် ပါတီတစ်ခုက တင်ပြသည့်အဆိုဖြစ်၍ ထိုပါတီမှ ကိုယ်စားလှယ်များက ပါတီစွဲဖြင့် ဝိုင်း၍ ထောက်ခံမဲပေးသည်ဆိုသည့် အခြေအနေမျိုးမရှိဘဲ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များကလည်း လွတ်လပ်စွာထောက်ခံ၊ ကန့်ကွက်ခြင်းများပြုလုပ်ကြကြောင်းကို ကြားနေမဲရရှိမှုအခြေအနေကြည့်၍ ပြောနိုင်သည်ဟု ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ သာပေါင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသန်းက ပြောကြားသည်။

သို့သော် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များပါပါဝင်မဲပေးမှ ရမည့် အရေးကြီးသော ဆွေးနွေးချက်များတွင်မူ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များသည် ကာကွယ်ရေးဦးစီးချုပ်ရုံး၏ အမိန့်ညွှန်ကြားချက်ကို တစ်သဝေမတိမ်းလိုက်နာရမည်သာဖြစ်၍ တပ်မတော်သားများသည် မဲခွဲမှုတွင် ကြားနေဆုံးဖြတ်ခဲ့ပါက ၇၅ ရာခိုင်နှုန်းပြည့်မီမှု အပေါ် ထိခိုက်နိုင်မှုရှိနိုင်ကြောင်း သာပေါင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသန်းကပြောကြားသည်။

တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်ကိုယ်စားလှယ် ဦးရေ၏ လေးပုံတစ်ပုံအရေအတွက်ဖြင့် လွှတ်တော်တွင်း ပါဝင်နေမှုကို အခြေခံဥပဒေစတင်ထွက်ရှိစဉ်ကပင် ဝေဖန်မှုများရှိခဲ့ပြီး လွှတ်တော်တွင်း ဆွေးနွေးလုပ်ဆောင်မှုများပေါ်တွင်လည်း ဝေဖန်မှုများရှိခဲ့သည်။

အခြေခံဥပဒေကို ပြင်ဆင်ရေး တစ်စိုက်မတ်မတ် ပြောဆိုနေခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ကလည်း "တပ်မတော်သားကိုယ်စားလှယ်တွေကို ဖယ်ရှားလို့မဖြစ်ပါဘူး။ သူတို့နဲ့အတူ လက်တွဲပြီးတော့ လုပ်ရဦးမှာပါ။ ကျွန်မတို့ဟာ ဘယ်သူ့ကို ဖယ်ရှားဖို့ဆိုတဲ့ စိတ်ဓာတ်နဲ့ ဝင်တာ မဟုတ်ပါဘူး။ ပူးတွဲဆောင်ရွက်ဖို့၊ ပူးတွဲဆောင်ရွက်မှသာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြုပြင်နိုင်မှာ။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြုပြင်နိုင်ဖို့ဆိုတာ တပ်မတော်သားတွေနဲ့ ပူးတွဲဆောင်ရွက်မှ ရမှာပေါ့"ဟု လွှတ်တော်စတင်မတက်မီကပင် ပြောကြားထားသည်။

မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အချိန်ယူရမည်ဖြစ်ပြီး သင့်လျော်သောအချိန်တစ်ခုသို့ ရောက်ရှိလျှင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်တွင်းသို့ရောက်ရှိနေသော တပ်မတော်သားကိုယ်စားလှယ် ၂၅ရာခိုင်နှုန်းကို လျှော့ချနိုင်ဖွယ်ရှိသည်ဟု ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး လှမင်းက ဇွန်လ ပထမပတ်အတွင်းက ပြုလုပ်သော ထိုင်းနိုင်ငံတွင် ကျင်းပသည့် ကမ္ဘာ့စီးပွားရေးဖိုရမ်၌ပြောကြားခဲ့သည်။

## မျက်နှာဖုံး-နိုင်ငံသားအမည်ခံ နိုင်ငံခြားကုမ္ပဏီများ အမှန်အတိုင်းပြန်လည်မှတ်ပုံတင်လာ မှ

ထို့အပြင် ပြည်ပရင်းနှီး မြှုပ်နှံသူများစိုးရိမ်သည့် ငွေလဲနှုန်းကိုလည်း ယခင်က တစ်ဒေါ်လာလျှင် ၆ကျပ်အစား ဈေးကွက်ပေါက်ဈေးအတိုင်းခွင့်ပြုရန် အမိန့် ကြော်ငြာစာတွင် ပါဝင်သည်။

ပုဂ္ဂလိကပိုင် မြေယာအသုံး ချမှုနှင့်ပတ်သက်၍ စီးပွားရေးလုပ်ငန်းရှင်နှင့် ရင်းနှီးမြှုပ်နှံမှုပမာဏပေါ် မူတည်ပြီး နှစ်၃၀ငှားရမ်းခွင့်ပြုခဲ့သည်။ ၎င်းငှားရမ်းမှု သက်တမ်းကုန်ဆုံးပါက ဆက်လက်လုပ်ကိုင်လိုပါက ၁၅နှစ် နှစ်ကြိမ် ထပ်တိုးခွင့်ပြုထားသည်။ ရေခွန်၊ မီးခွန်များကိုတော့ ယခင်အတိုင်းပင် နိုင်ငံခြားငွေနှင့် ပေးဆောင်ရသည်။ ယခင်အစိုးရလက်ထက်က နိုင်ငံခြားသားအမည်ဖြင့် ရင်းနှီး မြှုပ်နှံမှုလုပ်ပါက ရေခွန်၊မီးခွန် စသည်တို့အပါအဝင် အလုပ်သမားများ၏ လုပ်ခလစာပါ နိုင်ငံခြားငွေနှင့်ပေးရသည်။ ထို့အပြင် နိုင်ငံခြားသားအမည်ဖြင့် ရင်းနှီးမြှုပ်နှံပါက မြေငှားရာတွင်လည်း အစိုးရပိုင်မြေကိုသာ ငှားရမည်ဟုဥပဒေတွင်ပါဝင်နေသည်။ ပုဂ္ဂလိကပိုင်မြေငှားရာတွင်လည်း တစ်နှစ်သာ ငှားခွင့်ရခြင်း၊ ရင်းနှီးမြှုပ်နှံသူများက အစိုးရမြေငှားရမ်းလုပ်ကိုင်ရန်မှာလည်း တန်ဖိုးမြင့်မားခြင်းတို့ကြောင့် နိုင်ငံသားများအား အမည်ခံ၍ လုပ်ကိုင်ခဲ့ခြင်းဖြစ်ကြောင်း စက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌတစ်ဦးက ရှင်းပြသည်။

မြန်မာနိုင်ငံတွင် လာရောက်လုပ်ကိုင်နေသည့် နိုင်ငံသားအမည်ခံ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် အထည်ချုပ်လုပ်ငန်းများ အများဆုံးပါဝင်နေကြောင်း ဦးအောင်နိုင်ဦးကရှင်းပြသည်။

ထို့အပြင် အမည်ခံရင်းနှီးမြှုပ်နှံမှုများ အလုပ်ရှင်၊ အလုပ်သမားပြဿနာဖြစ်လာလျှင်လည်း မူလပိုင်ရှင်က နောက်ကွယ်မှသာ အများအားဖြင့် ဖြေရှင်းနိုင်ရန် အခွင့်အရေးတစ်ခုရနေကြောင်း သိရသည်။

## မျက်နှာဖုံး - အမေရိကန်၏ စီးပွားရေးပိတ်ဆို့မှုဆိုင်ရာလျှော့ချမှု ပို့ကုန်လုပ်ငန်းများအတွက် အခွင့်အလမ်းမသာသေး မှ

အမေရိကန် သမ္မတအိုဘားမားက နှစ်ပေါင်း ၁၅ နှစ်အတွင်း မြန်မာနိုင်ငံတွင် အမေရိကန်ကုမ္ပဏီများ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ဇူလိုင် ၁၁ ရက်က တရားဝင်ခွင့်ပြုခဲ့သည်။ ခွင့်ပြုသည့်လုပ်ငန်းများမှာ ရင်းနှီးမြှုပ်နှံမှုနှင့် ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများသာဖြစ်သည်။

"နှစ်ဦးနှစ်ဖက် မျှမျှတတလုပ်နိုင်ရင်ကောင်းတာပေါ့။ သူတို့ကလည်း ဒီမှာလာရင်းနှီး၊ ဒီကထုတ်ကုန်တွေလည်း သူတို့ဆီ ပို့တာကို လက်ခံဖို့ခွင့်ပြုပေးသင့်တယ်" ဟု မက်စ်မြန်မာ ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌဦးဇော်ဇော်က ဆိုသည်။

ယခုအမေရိကန်နိုင်ငံ၏ စီးပွားရေး ဖြေလျှော့ပေးမှုမှာ တစ်ဖက်သတ်အနေအထားမျိုးဖြစ်နေကြောင်း၊ ပြည်တွင်း၌ရင်းနှီးမြှုပ်နှံမှုများ လာလုပ်ခွင့်ရသော်လည်း မြန်မာ့ပို့ကုန်များကို လက်ခံရန်အတွက် ကန့်သတ်ချက်များရှိနေသေးကြောင်း လှိုင်သာယာစက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ ဦးမြတ်သင်းအောင်က ရှင်းပြသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်တွင်ကြားဖြတ်အဆိုတစ်ရပ်ကို ဇူလိုင် ၁၃ ရက်က တင်သွင်းဆွေးနွေးခဲ့သည်။ အမေရိကန်နိုင်ငံက စီးပွားရေးပိတ်ဆို့မှုများ လျှော့ချပေးခြင်းသည် အမေရိကန်ကုမ္ပဏီများနှင့် စီးပွားရေးလုပ်ငန်းရှင်များအတွက်သာဖြစ်ပြီး မြန်မာနိုင်ငံမှ ပို့ကုန်များနှင့်ငွေလဲလှယ်နှုန်းများအတွက် မပါဝင်သည့်အတွက် တစ်ဖက်သတ်ဖြစ်နေကြောင်းနှင့် ယင်းအချက်အားပြန်လည်သုံးသပ်ရန် အမေရိကန်အထက်လွှတ်တော်သို့ မေတ္တာရပ်ခံကြောင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသူရဦးရွှေမန်းက ဇူလိုင် ၁၆ ရက်တွင် လွှတ်တော်၌ မှတ်ချက်ပေးပြောကြားသွားသည်။

ထို့အပြင် ကိုယ်စားလှယ်များကိုလည်း နိုင်ငံနှင့်ပြည်သူအတွက် မျှတသည့် အစီအစဉ်များနှင့်ပုံမှန်ငွေလဲနှုန်းရရှိရေးဆောင်ရွက်ပေးနိုင်ရန် စွမ်းဆောင်ပေးနိုင်သည့်မည်သူမဆို လုပ်ဆောင်ပေးရန် တိုက်တွန်းကြောင်းလည်းသူရဦးရွှေမန်းက ပြောကြားခဲ့ကြောင်း သိရသည်။

ထိုကိစ္စနှင့်ပတ်သက်၍ အမေရိကန်-အာဆီယံစီးပွားရေးအ

# ရင်းနှီးမြှုပ်နှံသူများအတွက် သတင်းနှင့်နည်းပညာပိုင်းတွင် အခက်ကြုံနိုင်ဟု အမေရိကန်-အာဆီယံစီးပွားရေးအဖွဲ့ဝင်ပြောကြား

**အောင်သူရ**

**ရန်ကုန်၊ ဇူလိုင်-၁၆**

အမေရိကန်-အာဆီယံစီးပွားရေး အဖွဲ့မှ လုပ်ငန်းရှင်များက မြန်မာ နိုင်ငံတွင် ရင်းနှီးမြှုပ်နှံရာ၌ အ ခြေခံအဆောက်အအုံနှင့်လမ်းပန်း ဆက်သွယ်ရေးလုပ်ငန်းများတွင် သာမက သတင်းနှင့် နည်းပညာ ဆက်သွယ်ရေး(ICT)ပိုင်းတွင်လည်း အခက်အခဲများ ကြုံတွေ့နိုင် ကြောင်း အဆိုပါအဖွဲ့မှ အာဆီ ယံဒေသ လူထုဆက်ဆံရေးအရာ ရှိမစ္စတာ Anthony Nelson က ပြောသည်။



**အမေရိကန်-အာဆီယံစီးပွားရေးအဖွဲ့ သတင်းစာရှင်းလင်းပွဲ**

အခြေခံအဆောက်အအုံနှင့် ပတ်သက်၍ လမ်းပန်းဆက်သွယ် ရေးတွင် အခက်အခဲရှိနိုင်သလို နိုင်ငံတကာနှင့် ဆက်သွယ်သည့် သတင်းနှင့် နည်းပညာပိုင်းမှာ လည်း စိန်ခေါ်မှုများ ရှိနိုင်ပါသည် ဟု ဇူလိုင်လ ၁၆ ရက်က ဆီဒိုးနား ဟိုတယ်၌ ပြုလုပ်သော သတင်း စာရှင်းလင်းပွဲတွင် Mr.Anthony Nelson ကပြောသည်။

အမေရိကန်မှ ထိပ်တန်းစီး ပွားရေးလုပ်ငန်းရှင်ကြီးများပါဝင် သော အမေရိကန်-အာဆီယံစီး ပွားရေးအဖွဲ့မှ ကုမ္ပဏီ ၃၇ခုသည် မြန်မာနိုင်ငံတွင်ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန်အတွက် ဇူလိုင်လ ၁၄ ရက်က စတင်ရောက်ရှိလာခဲ့ သည်။

"ICT လိုအပ်ချက်က ဒီမှာ တော်တော်များတယ်။ အချိန်နဲ့ တစ်ပြေးညီလုပ်ရတဲ့လုပ်ငန်းတွေ ဆို ဘယ်လိုမှ မလွယ်ဘူး" ဟု ဂျပန် နိုင်ငံမှ ကားများတင်သွင်း ရောင်း ချနေသော Farmer Auto ကား အရောင်းပြခန်းမှ အုပ်ချုပ်မှု ဒါရိုက်တာဒေါက်တာစိုးထွန်းက ပြောသည်။

ဇူလိုင်လဆန်းက မြန်မာနိုင် ငံသို့ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် ပထမဆုံးလာရောက်ခဲ့သောဗြိတိန် နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင် များကမူ မှန်ကန်သော စီးပွားဖက် ရွေးချယ်ရာတွင် ခက်ခဲမှုရှိနိုင် ကြောင်း မှတ်ချက်ပြုသွားခဲ့သည်။

အမေရိကန်သမ္မတက မြန် မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့ မှုများ တရားဝင်ဖြေလျှော့လိုက် ပြီးနောက် အမေရိကန်ကုမ္ပဏီ ကြီးများသည် မြန်မာနိုင်ငံသို့ ရင်း နှီးမြှုပ်နှံမှုများ ပြုလုပ်ရန် လာ ရောက်ခဲ့ကြခြင်း ဖြစ်သည်။

အဆိုပါအဖွဲ့နှင့်ပါလာသော General Electric ကုမ္ပဏီက ယ ခုခရီးစဉ်တွင် ဗဟိုရ်စည်ဆေးရုံနှင့် ပန်းလှိုင်ဆေးရုံများသို့ အမေရိကန် ဒေါ်လာနှစ်သန်းတန်ဖိုးရှိ ဆေးရုံ သုံးပစ္စည်းများ ရောင်းချရန် သ ဘောတူညီမှု ရရှိခဲ့သည်ဟု သိရ သည်။

# ဘဏ်ချေးငွေအတိုးနှုန်း လျှော့ချရေး ဘဏ္ဍာ/အခွန်ဝန်ကြီး အကြောင်းပြချက်ပေး

**ပြည်သိမ်း**

**ရန်ကုန်၊ ဇူလိုင်-၁၃**

စီးပွားရေးလုပ်ငန်းရှင်များကပြည်ပ ရင်းနှီးမြှုပ်နှံသူများနှင့် ယှဉ်ပြိုင် နိုင်ရေးဘဏ်တိုးနှုန်းများ လျှော့ ချပေးရန် တောင်းဆိုနေသော် လည်း အခြားနိုင်ငံများမှ အပ်ငွေ၊ ချေးငွေအပေါ် ကောက်ခံသည့်အ တိုးနှုန်းများနှင့်ကွာခြားမှုမရှိကြောင်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးလှထွန်း က အမျိုးသားလွှတ်တော်အစည်း အဝေးတွင်တုံ့ပြန်ပြောကြားသည်။

ပြည်ပမှ ဝင်လာမည့် ရင်း နှီးမြှုပ်နှံသူများသည် သက်ဆိုင် ရာဘဏ်များတွင် ဘဏ်ချေးငွေ မှာ အတိုးနှုန်းအနည်းငယ်သာ ပေးရသည်။ မြန်မာနိုင်ငံတွင် ရင်း နှီးမြှုပ်နှံမှု အများဆုံးဖြစ်သည့် တရုတ်နိုင်ငံ၏ ချေးငွေအတွက် အတိုးနှုန်းမှာ ၆ ဒသမ ၅၆ ရာခိုင် နှုန်း၊ ရင်းနှီးမြှုပ်နှံရန် လေ့လာနေ သော နိုင်ငံတစ်နိုင်ငံဖြစ်သော ဗြိ တိန်နိုင်ငံ၏ ချေးငွေအတိုးနှုန်းမှာ ၀ဒသမ၅ရာခိုင်နှုန်း၊ဂျာမနီနိုင်ငံ၁ ဒသမ၃ရာခိုင်နှုန်းသာရှိပြီး မြန်မာ နိုင်ငံတွင် ချေးငွေအတွက် ပေးရ သည့်အတိုးနှုန်းမှာ ၁၃ ရာခိုင်နှုန်း ဖြစ်ကြောင်း မြန်မာနိုင်ငံ ငါးလုပ် ငန်းအဖွဲ့ချုပ်မှ အထွေထွေ အ တွင်းရေးမှူးဦးဝင်းကြိုင်က ရှင်းပြ သည်။ ဘဏ်များတွင် အများစုမှာ အပ်ငွေများဖြစ်ပြီး ချေးငွေမှာ အနည်းငယ်သာရှိကြောင်း သမဝါ ယမဘဏ်လီမိတက်မှ မန်နေဂျင်း ဒါရိုက်တာဦးဖေမြင့်ကရှင်းပြသည်။

ပြည်တွင်း၌ အလုပ်အကိုင် အခွင့်အလမ်း နည်းပါးနေသည့် အတွက် ဘဏ်၌ငွေအပ်ပြီး အတိုး နှင့် ရပ်တည်နေသူများနေခြင်း ဖြစ်သည်။ ယင်းကြောင့် နိုင်ငံ တော်အနေဖြင့် ဘဏ်တိုးနှုန်းကို လျှော့ချမည်ဆိုပါက ချေးငွေအတိုး နှုန်းသာမက အပ်ငွေအတိုးနှုန်းပါ လျှော့ချရန်လိုကြောင်း ဦးဖေမြင့် က ဆိုသည်။

"ဒီမှာ လုပ်ငန်းရှင်တွေက ဘဏ်တိုးနှုန်းတွေနဲ့ ပိနေတယ်။ ဘဏ်ချေးငွေရဖို့ကလည်း ဘဏ် တိုင်းကမလွယ်ဘူး"ဟုမြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဦးနှင်းဦးက ဆိုသည်။

"ချေးငွေနဲ့အပ်ငွေက ၅ ရာ ခိုင်နှုန်းကွာတယ်။ နိုင်ငံတော်အ နေနဲ့ အတိုးနှုန်းလျှော့ဖို့က နှစ် ဖက်ကို ထိန်းနေရတော့ တဖြည်း ဖြည်းကျလာမှာပါ" ဟု ဦးဖေမြင့် က ပြောကြားသည်။

လက်ရှိမြန်မာနိုင်ငံမှ ဘဏ် ချေးငွေများမှာ ကုန်သွယ်မှုလုပ် ငန်းများ၌ အများဆုံးထုတ်ချေး ထားပြီး စက်မှုလုပ်ငန်းများမှာ ချေးငွေတတိယအများဆုံး ဖြစ် သည်။ ၂၀၁၂ ခုနှစ် မတ်လ ၃၁ ရက်ထိ ဘဏ်များမှ စုစုပေါင်းချေး ငွေမှာ ငွေကျပ် ၃၇၃၃၄၅၁ ဒသမ ၃၆ သန်းဖြစ်ပြီး ကုန်သွယ်လုပ် ငန်းသို့ ၂၉ ဒသမ ၈၈ ရာခိုင်နှုန်း စက်မှုလုပ်ငန်းကို ၁၉ ဒသမ ၂၉ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

# စိုက်ပျိုးရေးဆိုင်ရာအများပိုင်ကုမ္ပဏီ မြို့ကြီးသုံးမြို့တွင် အစုရှယ်ယာများ စတင်ရောင်းချသွားမည်

**ကိုကိုကြီး**

**ရန်ကုန်၊**
**ဇူလိုင်-၁၆**

မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအ သင်းက တည်ထောင်ထားသည့် စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာ အ များပိုင်ကုမ္ပဏီ (Myanmar Agribusiness Public Corpo- ration, MACPO)၏ အစုရှယ် ယာများကို လာမည့်ဩဂုတ်လ ဆန်းတွင် ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်မြို့တို့တွင် စတင် ရောင်းချသွားမည်ဖြစ်ကြောင်း ၎င်းကုမ္ပဏီတည်ထောင်ရာတွင် တစ်ဦးအပါအဝင်ဖြစ်သည့် ဒါရိုက် တာဦးရဲမင်းအောင်က ပြောသည်။

ရှယ်ယာဝယ်ယူလိုသူများ အား ရှယ်ယာတစ်စုလျှင် ကျပ် ငွေတစ်သောင်းဖြင့် ရောင်းချသွား မည်ဖြစ်ပြီး ကျပ်ငွေတစ်ဘီလီယံ ထက် ပိုမိုဝယ်ယူခွင့် မရှိကြောင်း ၎င်းဒါရိုက်တာကပြောသည်။

"ရန်ကုန်က မြန်မာနိုင်ငံရဲ့ စီးပွားရေးအရ အချက်အချာကျ တဲ့မြို့ဖြစ်နေတဲ့အတွက်ရန်ကုန်ကို ပဲ အဓိကထားရောင်းမှာပေါ့။ မြန် မာနိုင်ငံအနှံ့အပြားမှာဝယ်ချင်တဲ့ သူရှိရင် ရန်ကုန်ရုံးချုပ်ကနေ ရှယ် ယာရောင်းတဲ့ အလုပ်တွေလုပ် မှာ" ဟု ၎င်းကပြောသည်။

မြန်မာနိုင်ငံဆန်စပါးလုပ် ငန်းအသင်းတွင် အဖွဲ့ဝင်တစ်ဦး အဖြစ်ပါဝင်ပြီး ဆန်တင်ပို့ရာတွင် ထိပ်တန်းကုမ္ပဏီ ၃ ခုတွင် ရပ် တည်သည့် လုပ်ငန်းရှင်တစ်ဦးက "နိုင်ငံတကာမှာ အများပိုင်ကုမ္ပဏီ ဆိုတာ Private ကုမ္ပဏီကနေ Public ကုမ္ပဏီဖြစ်လာတာ။ Pri- vate ကုမ္ပဏီတွေရဲ့ လုပ်ငန်းတွေ အောင်မြင်လာရင် လုပ်ငန်းတွေ ကြီးလာရင် သူ့ငွေနဲ့ သူမနိုင်တော့ ဘူး။ ဒီတော့ အများပိုင်ကုမ္ပဏီ အနေနဲ့ ထူထောင်ပြီး ရှယ်ယာ ထုတ်ရောင်းလိုက်တာ။ ရှယ်ယာ ဝယ်တဲ့သူက Private ကုမ္ပဏီမှာ ဘယ်လောက်အောင်မြင်ခဲ့သလဲ၊ သူ့အကျိုးအမြတ်တွေ ဘယ် လောက်ရှိသလဲ၊ တစ်နှစ်စာ တစ် နှစ်ရှင်းတမ်းတွေကိုကြည့်ပြီးတော့ မှ စိတ်ဝင်စားပြီးမှ ဒီကုမ္ပဏီက တော့ လုပ်ငန်းတွေကောင်းတယ်၊ အကျိုးအမြတ်တွေ ရှာနိုင်တယ် ဆိုတာ ကြည့်ပြီးမှ ရှယ်ယာထည့် မယ့်သူက ရှယ်ယာဝယ်တာ။ နိုင် ငံတကာမှာ အများပိုင်ကုမ္ပဏီကို ချက်ချင်းထောင်ပြီး ချက်ချင်း ထုတ်ရောင်းတယ်ဆိုတာ မရှိဘူး။ မြန်မာနိုင်ငံမှာ ပြောင်းပြန်ဖြစ်နေ တာ။ အခုမှထောင်တယ်၊ အခု ချက်ချင်း ရှယ်ယာထုတ်ရောင်း တယ်၊ ဒါလုံးဝမဖြစ်သင့်ဘူး"ဟု ထောက်ပြပြောကြားသည်။

၎င်းအများပိုင်ကုမ္ပဏီ တည် ထောင်ခွင့်ကို ယခုနှစ် ဧပြီလအ တွင်း သက်ဆိုင်ရာက ခွင့်ပြုခဲ့ပြီး ကုမ္ပဏီမတည်ရင်းနှီးငွေပမာဏ သည် ကျပ်ဘီလီယံတစ်ထောင် ရှိကြောင်း သိရသည်။

# လူသတ်မှုသံသယရှိသူကို စစ်ဆေးစဉ် သေဆုံးသွားသဖြင့် စုံစမ်းစစ်ဆေးရေးခုံရုံးဖွဲ့ ဆောင်ရွက်နေ

**အေးမြတ်သူ၊ အိဖြူလွင်**

**ရန်ကုန်၊ဇူလိုင်-၁၄**

အမျိုးသမီးငယ်တစ်ဦးအသတ်ခံရမှုဖြင့် ပတ်သက်၍ သံသယရှိသူတစ်ဦးကိုစစ်ဆေးနေစဉ်အတွင်း သေဆုံးသွားခြင်းကြောင့် သေမှုသေခင်းအရ စုံစမ်းစစ်ဆေးရေးခုံရုံးတွင် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ အရာရှိတစ်ဦးက ပြောကြားသည်။

မရမ်းကုန်းမြို့နယ်အတွင်း ဇွန်လ ၂၈ ရက်က ဖြစ်ပွားခဲ့သော မပိုးပိုးမွန်အသတ်ခံရမှုကြောင့် သံသယရှိသူ ဦးမျိုးမြင့်ဆွေ(ခ)ကုလားကြီးအား ဇူလိုင် ၅ ရက်တွင် ဘုရင့်နောင်ရဲစခန်း၌ ခေါ် ယူစစ်ဆေး ခဲ့ပြီး ဇူလိုင် ၈ ရက် နံနက်ပိုင်းတွင် သေဆုံးသွားခဲ့သည်။ ဦးမျိုးမြင့်ဆွေက မသေဆုံးမီ မပိုးပိုးမွန်အား သတ်ခဲ့သည်ဟု ဝန်ခံထွက်ဆိုသွားခဲ့ကြောင်း အဆိုပါရဲအရာရှိက ပြောသည်။

"အခုဆုံးသွားတာနဲ့ ပတ်သက်ပြီး အဘွားကို အားမငယ်ပါနဲ့။ ဒီအမှုနဲ့ မပတ်သက်တဲ့ နာရေး အကူငွေငါးသိန်းရယ် ဒီနာရေးကိစ္စကိုလည်း တာဝန်ယူပုံ့မယ်။ ဘယ်လိုမှ မအောက်မေ့ပါနဲ့။ သူတို့ဆီမှာ နာရေးကူညီမှုအသင်းရှိလို့ပါဆိုပြီး လာပေးသွားတယ်"ဟု သေဆုံးသူ ဦးမျိုးမြင့် ဆွေ၏ မိခင်ကပြောသည်။ အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ အရာရှိတစ်ဦးက "နာရေးအကူငွေအနေနဲ့ပေးတာ ဒါပထမဆုံးပါ။ ပေးတာ ကလည်း ဒီအမှုနဲ့ မပတ်သက်ပါဘူးလို့ ပြောပြီးပေးတာ။ လူမှုရေးအရ ကူညီတာပါ"ဟုဆိုသည်။ ဆက်လက်ပြီး ၎င်းက "သေတဲ့လူကိစ္စနဲ့ ပတ် သက်ပြီး အခု စစ်ဆေးရေးခုံရုံးမှာ စစ်ဆေးနေပါပြီ။ နဂိုကတည်းက သူ့မှာလည်း ရောဂါရှိပါတယ်"ဟု ပြောသည်။

ဦးမျိုးမြင့်ဆွေ သေဆုံးမှုဖြင့် ပတ်သက်၍ သေမှုသေခင်းအ မှတ်စဉ် ၄/၁၂ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိပြီး ၎င်းအား မပိုးပိုးမွန် အသတ် ခံရမှုဖြင့် ပတ်သက်၍ (ပ)၄၀၄/၁၂၊ ပုဒ်မ-၃၀၂ဖြင့် အ မှုဖွင့်ထားကြောင်း သတင်းရရှိ သည်။

"သတ်တယ်လို့ပြောလို့မရသေးပါဘူး။ သက်သေအထောက်အထားမရှိတဲ့အတွက် အတိအကျပြောလို့မရသလိုထင်မြင်ယူဆချက်လည်း ပြောလို့မရသေးပါ ဘူး"ဟု သေဆုံးသူ မပိုးပိုးမွန်၏ မိခင်ကပြောသည်။ မပိုးပိုးမွန်မှာ ဇွန်လ ၂၈ ရက်က သူမ၏နေအိမ်အတွင်း အိပ်ခန်းထဲ၌ ချွန်ထက်သောအရာဖြင့် ဗိုက်၊ လည်ပင်း၊ ပေါင်နှင့် ညာလက်ဖဝါးတို့ကို ထိုး၍ သတ်ခံခဲ့ရပြီး ဆွဲကြိုး၊ နားကပ်နှင့် စက်ဘီး တို့ယူသွားခဲ့ကြောင်း အသတ်ခံရသူ မပိုးပိုးမွန်၏ မိသားစုဝင်များကပြောသည်။

ဆံရေးအရာရှိမစ္စတာ Anthony Nelson က "ဒါကဆောင်ရွက် ဆဲလုပ်ငန်းပါ။ ဆက်လက်ဆောင် ရွက်ရမယ့်လုပ်ငန်းတွေ၊ အဆို တွေအများကြီးရှိပါသေးတယ်။ နောက်၂နှစ်လောက်ဆိုရင်တော့ ဒီထက်အများကြီးကို လုပ်လို့ရ လာမှာပါ" ဟု ပြောသည်။

အာရှနှင့် ဥရောပမှ စီးပွား ရေးအင်အားကြီး နိုင်ငံများသည် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် ခြေလှမ်းသွက်လျက် ရှိသဖြင့် အမေရိကန်သည် ပိတ်ဆို့အရေး ယူမှုဆက်ထားပါက ယင်းနိုင်ငံ များ လက်ဦးမှု ပိုရသွားမည်ဖြစ် သည်။ ထို့ကြောင့် အမေရိကန် သည် ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု များ ပူးပေါင်းလုပ်ကိုင်ရန် တိုးမြှင့် သွားမည်ဟု အမျိုးသားလုံခြုံရေး ကောင်စီ ပြောရေးဆိုခွင့်ရှိသူက ပြောကြားကြောင်း ဇူလိုင် ၁၃ ရက်ထုတ် နိုင်ငံပိုင်သတင်းစာ များတွင် ဖော်ပြသည်။

"ပို့ကုန်၊ သွင်းကုန်ပေါ် မှာ ငွေပေး ငွေယူဘဏ်စနစ် အဆင် ပြေသွားရင်တော့ အပိုကုန်ကျမှု စရိတ်တချို့ သက်သာတာပေါ့။ ဘယ်လောက်ထိ အခွင့်အရေးရ မယ်ဆိုတာကိုတော့ စောင့်ကြည့် ရမယ်" ဟု မြန်မာနိုင်ငံ ငါးလုပ် ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးနှင်းဦးက ဆိုသည်။

မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုကို အားပေးရန် အမေရိကန်အခြေစိုက် အစိုးရ မဟုတ်သော အဖွဲ့အစည်းများ ဝင်ရောက်လုပ်ကိုင်နိုင်ရန် ဘဏ္ဍာ ရေးကန့်သတ်မှုများကို ဧပြီ ၁၇ ရက်မှ စတင်လျှော့ပေးခဲ့သည်။ ပြည်တွင်း၌ ရွှေ့ပြောင်းနေထိုင် သူများအား အကူအညီပေးခြင်း၊ အင်္ဂလိပ်ဘာသာကျောင်းများ ကူ ညီခြင်း၊ အဝတ်အထည်၊ ဆေးဝါး များ ပေးအပ်ခွင့်ပြုခြင်းနှင့် အမေ ရိကန်သာသနာပြုအဖွဲ့များအား ငွေကြေးသုံးစွဲခြင်းကိုခွင့်ပြုခဲ့သည်။

ထို့အပြင် ဥရောပသမဂ္ဂ (အီးယူ)က မြန်မာနိုင်ငံ စီးပွားရေး ပိတ်ဆို့မှုအပေါ် လက်နက်ရောင်း ချမှု ပိတ်ပင်ခြင်းမှ လွဲ၍ တစ်နှစ် ဆိုင်းငံ့ပေးခဲ့သည်။ သို့သော် ဥရောပသမဂ္ဂဝင် နိုင်ငံများမှ (LDC)စီးပွားရေးဖွံ့ဖြိုးမှုအနည်း ဆုံး စာရင်းဝင်နိုင်ငံများကို ပေး သည့် အထူးအခွန်သက်သာခွင့် က ကျန်ရှိနေသေးသဖြင့် မြန်မာ ချုပ်ထည်နှင့် ရေထွက်ကုန်များ တင်ပို့နိုင်ခြင်း မရှိသေးပေ။ အထူး အခွန်သက်သာခွင့်ရပါက ရေ ထွက်ကုန်၊ အဝတ်အထည်များ ပေါ်တွင် အီးယူအဖွဲ့ဝင်နိုင်ငံများ ၏ သွင်းကုန်အခွန်အဖြစ် ၁၃ ရာ ခိုင်နှုန်းမှ ၁၄ ရာခိုင်နှုန်း ကြား ပေးရကြောင်း စီးပွားရေးလုပ်ငန်း ရှင်များက ပြောသည်။

7DAY NEWS JOURNAL
Vol.11, No.19 • JULY 19 , 2012

## ဦးရွှေမန်းသမီးအဖြစ် လိမ်လည်မှုများ ပြုလုပ်ခြင်းသည် နိုင်ငံရေး၊ စီးပွားရေး သိက္ခာချလို၍ဟု မိသားစုနှင့်နီးစပ်သူ ပြော

**သီဟ**

**ရန်ကုန်၊ဇူလိုင် -၁၇**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏သမီးဟုဆိုကာလိမ်လည်မှုများ လိုက်လံပြုလုပ်နေခြင်းသည် သူရဦးရွှေမန်းမိသားစုအားနိုင်ငံရေးအရသော်လည်းကောင်း စီးပွားရေးအရ သော်လည်းကောင်း သိက္ခာချစေလိုသည့်ရည်ရွယ်ချက်ရှိနိုင်ကြောင်းသူရဦးရွှေမန်းမိသားစုနှင့်နီးစပ်သူတစ်ဦးကပြောသည်။

မမြင့်သူဇာခိုင်(ခ) အငယ်လေး(၂၄နှစ်)သည်သူရဦးရွှေမန်း၏သမီး ဒေါက်တာရွှေမန်းကိုကိုအဖြစ် အယောင်ဆောင်လိမ်လည်မှုများပြုလုပ်ခဲ့သောကြောင့် သက်ဆိုင်ရာပူးပေါင်းတပ်ဖွဲ့ဝင်များက ဇူလိုင် ၃ ရက်တွင် ယင်းနေထိုင်ရာ တိုက်(ဂျီ)၊ အခန်း ၂၊ ရွှေပုန်းညက်ရိပ်မွန်အိမ်ရာသို့ ဝင်ရောက်ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

ထိုကဲ့သို့ ရွှေမန်းကိုကိုအမည်ဖြင့် လိမ်လည်မှုများသည် ပြီးခဲ့သည့် ၂၀၀၃ ခုနှစ်၊ ၂၀၀၅ ခုနှစ်နှင့် ၂၀၀၉ ခုနှစ်များကတည်းကရှိခဲ့ခြင်းဖြစ်သည်ဟု သူရဦးရွှေမန်းမိသားစုနှင့် နီးစပ်သူကပြောသည်။

သူရဦးရွှေမန်းတွင် သားနှစ်ဦးသာရှိပြီး သမီးတစ်ဦးမျှမရှိပေ။ ယခုဖမ်းဆီးမိသည့် မမြင့်သူဇာခိုင်သည် နောက်ဆုံးတစ်ယောက်ဖြစ်နိုင်ဖွယ်ရှိပြီး ယခင်ကလည်း ရွှေမန်းကိုကိုနာမည်သုံး၍ အခြားသူများက လိမ်လည်မှုများပြုလုပ်သွားဖွယ်ရှိသည်ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။



ရွှေမန်းကိုကို၏ အမှတ်တရဓာတ်ပုံ

သို့သော် ယခုတစ်ခေါက်ရွှေမန်းကိုကိုအဖြစ်လိမ်လည်သူမမြင့်သူဇာခိုင်သည် ပြယုဂ်မျှသာဖြစ်ပြီး နောက်ကွယ်မှ ကြိုးကိုင်ခိုင်းစေသူများရှိနိုင်ပြီး ယင်းနှင့်အမှုတွဲဖြစ်သူ ရဲအောင်(ခ)ရဲဇော်အောင်သည် ခိုင်းစေသူဖြစ်နိုင်သလို ထိုသူ၏အနောက်တွင်လည်း ထပ်မံခိုင်းစေသူများရှိနိုင်ကြောင်း သူရဦးရွှေမန်းမိသားစုက ခန့်မှန်းသည်။ ထို့ကြောင့်အဆိုပါရဲအောင်(ခ)ရဲဇော်အောင်အား ထပ်မံဖမ်းဆီးမိရန် ဆက်လက်စုံစမ်းမှုများပြုလုပ်လျက်ရှိကြောင်း သတင်းရရှိသည်။

## ကျွမ်းကျင်လုပ်သားများ စံသတ်မှတ်ရေး အလုပ်သမားဝန်ကြီးဌာနနှင့် စင်ကာပူပိုလီတက္ကနစ်တို့ သဘောတူလက်မှတ်ထိုး

**နေလင်းထွန်း**

**နေပြည်တော်၊ ဇူလိုင်-၁၇**

အရည်အသွေးအာမခံခြင်းဆိုင်ရာမူဘောင်နှင့် လုပ်သားထုဖွံ့ဖြိုးတိုးတက်ရေး မြှင့်တင်ဆောင်ရွက်ရန်အတွက် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် စင်ကာပူပိုလီတက္ကနစ်ကျောင်းတို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကို နေပြည်တော်ရှိ အမရဟိုတယ်တွင် ယနေ့ပြုလုပ်သည်။

နားလည်မှုစာချွန်လွှာအရ မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု စံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ဝင် ၃၀ ဦးသည် မြန်မာနိုင်ငံတွင် အမျိုးသားလုပ်သားအင်အား ဖွံ့ဖြိုးတိုးတက်ရေးနှင့် စက်မှုလက်မှုနှင့် အသက်မွေးဝမ်းကျောင်း ပညာသင်တန်းများအတွက် ပြည်တွင်း၌ အလုပ်ရုံဆွေးနွေးပွဲများ ဆောင်ရွက်မည်ဖြစ်ပြီး စင်ကာပူနိုင်ငံသို့လည်း သွားရောက်လေ့လာ၍စွမ်းဆောင်ရည်မြှင့်တင်မှု အစီအစဉ်များကို ပြုလုပ်သွားမည်ဖြစ်သည်။

ကိုးလကြာမြင့်မည့် ၎င်းတို့၏ စွမ်းဆောင်ရည်မြှင့်တင်မှု အစီအစဉ်အတွက် စင်ကာပူနိုင်ငံမှ တီမားဆက် ဖေဘင် ဒေးရှင်းက စင် ကာပူဒေါ်လာ နှစ်သိန်းနီးပါး ထောက်ပံ့မည်ဖြစ်ပြီး မြန်မာအလုပ်သမားဝန်ကြီးဌာနမှ စင်ကာပူဒေါ်လာ ၁၂,၃၀၀ ကုန်ကျမည်ဖြစ်သည်။

"သူတို့နဲ့ အဓိကပူးပေါင်းဆောင်ရွက်တာက ကျွမ်းကျင်မှုတွေရရှိဖို့ ရည်ရွယ်တာပေါ့။ အခုသွားမယ့်အထဲမှာ အစိုးရဝန်ကြီးဌာနပိုင်းကပါသလို ပုဂ္ဂလိကအနေနဲ့ သီးခြားလုပ်နေတဲ့ အင်ဂျင်နီယာအသင်း၊ UMFCCI လိုအဖွဲ့အစည်းက လူတွေပါတယ်။ သူတို့ဆီမှာ သွားလေ့လာမယ်။ ပြန်လာလို့ရှိရင် သူတို့ဆီက ရလာတာတွေကို ခွဲခြမ်းစိတ်ဖြာပြီးတော့ ဒီမှာဘယ်လိုလေ့လာပြီး ဆောင်ရွက်ကြမလဲပေါ့"ဟု အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးအောင်က ပြောသည်။

၎င်းအစီအစဉ်၌ ပါဝင်သူများသည် စင်ကာပူနိုင်ငံ၏ လုပ်သားအင်အား ဖွံ့ဖြိုးတိုးတက်မှုဖွဲ့စည်းပုံနှင့်နည်းပညာကျောင်းများ အရည်အသွေး အာမခံမှုပုံစံကို လေ့လာခွင့် ရရှိမည်ဖြစ်ပြီး လက်ရှိနှင့် အနာဂတ်လူ့စွမ်းအားသင်တန်း လိုအပ်ချက်များကို စင်ကာပူပိုလီတက္ကနစ်ကျောင်းမှ တာဝန်ရှိသူများအား ဆွေးနွေးပို့ချကြမည်ဖြစ်သည်။

"ကမ္ဘာမှာ မြန်မာက တံခါးဖွင့်လိုက်တဲ့အတွက် စက်မှုလက်မှုနဲ့ အသက်မွေးဝမ်းကျောင်း အလုပ်သမားတွေရဲ့ ကျွမ်းကျင်မှုအရည်အသွေးတွေကို အသိအမှတ်ပြုပြီး အရည်အချင်းအလိုက် အဆင့်သတ်မှတ်တဲ့စနစ်လည်း တိတိကျကျ လိုအပ်လာပါလိမ့်မယ်။ စက်မှုလက်မှုပညာရေးနဲ့ သင်တန်းတွေရဲ့ အရည်အသွေးမြှင့်တင်ဖို့ မြန်မာအစိုးရနဲ့ ပူးပေါင်းဆောင်ရွက်ခွင့်ရတဲ့အတွက် စင်ကာပူပိုလီတက္ကနစ်အနေနဲ့ ဝမ်းသာပါတယ်"ဟု စင်ကာပူပိုလီတက္ကနစ်ကျောင်းအုပ်ဖြစ်သူ Mr. Tan Hang Cheong က ပြောသည်။

## နိုင်ငံသားအရေးဆောင်ရွက်ရာတွင် လူ့အခွင့်အရေးဟုဆိုကာ ကဗျာမဆန်သင့်ဟု ဦးသိန်းညွန့်ဆို

**ထူးသန့်**

**နေပြည်တော်၊ ဇူလိုင် - ၁၆**

ရခိုင်ပြည်နယ်အတွင်း ပြီးခဲ့သည့်လက ဖြစ်ပွားခဲ့သည့် ရိုဟင်ဂျာအရေးနှင့်ပတ်သက်၍ နိုင်ငံသားများအရေးကို ဆောင်ရွက်ရာတွင် လူ့အခွင့်အရေးဟူသည့်အကြောင်းအရာနှင့် ကဗျာဆန်၍ မရတော့ကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်က ယနေ့ကျင်းပသော ပြည်ထောင်စုလွှတ်တော် ဒုတိယနေ့အစီအစဉ်တွင် အကြံပြုပြောကြားခဲ့သည်။

"နိုင်ငံသားအရေး ဆောင်ရွက်ရာမှာ လူ့အခွင့်အရေးဆိုတာလေးနဲ့ ကဗျာဆန်လို့မရတော့ပါဘူး"ဟု သဃ်န်းကျွန်းမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်က နိုင်ငံတော်သမ္မတ၏ဥပဒေကဲ့သို့အာဏာတည်သော အမိန့်အမှတ်(၁/၂၀၁၂) ကို ထောက်ခံအကြံပြုရင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

၎င်းအပြင် ပြည်နယ်အုပ်ချုပ်ရေး အာဏာပိုင်များအတွက် စနစ်တကျ အုပ်ချုပ်စီမံနိုင်ရန် အခက်အခဲရှိသော ရခိုင်ပြည်နယ်အတွင်း တပ်မတော်က တာဝန်ယူထိန်းသိမ်းထားသည့် ယခုအချိန်တွင် သန်းခေါင်စာရင်းကောက်ယူရန် ထိထိရောက်ရောက် လုပ်ဆောင်သင့်ကြောင်း၊ အထောက်အကူပြုနည်းပညာနှင့် ပစ္စည်းများကို အသုံးပြုသင့်ကြောင်းလည်း ၎င်းကပင် တိုက်တွန်းပြောကြားခဲ့သည်။

"ဒီပြဿနာကို ကိုင်တွယ်ရာမှာ နိုင်ငံသားစိစစ်ရေးကတ်အတု၊ မမှန်မကန်များ စိစစ်ပြီး ထိထိရောက်ရောက် ကိုင်တွယ်ဖို့လိုပါတယ်"ဟုလည်း ဦးသိန်းညွန့်ကဆိုသည်။ လောလောဆယ်တွင် အဆိုပါ ရိုဟင်ဂျာများအား ဖိအားပေးလက်ခံခိုင်းနေသည့်ကိစ္စများ ရှိသော်လည်း ဥပဒေကြောင်းအရ ဖြေရှင်းနိုင်ကြောင်း၊ သမ္မတ၏ ရပ်တည်ချက်အပေါ် ထောက်ခံကြောင်း၊ ကျိုးကြောင်းဆီလျော်ပြီး ပြတ်ပြတ်သားသားရှိနေ၍ ထောက်ခံသည့်အပြင် ယခုအချိန်၌ စစ်ဆင်ရေးတစ်ရပ် လုပ်သင့်ကြောင်းလည်း ၎င်း၏ပြောကြားချက်များအရသိရှိရသည်။

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးရွှေမောင်က ဘင်္ဂလားဒေ့ရှ်ရောက် ရခိုင်လူမျိုးများနှင့်ပတ်သက်၍လည်း "ဟိုဘက်မှာတိုင်းရင်းသားအဖြစ် လက်ခံလို့ဘာပြဿနာမှမဖြစ်ဘူး။ ဒီဘက်မှာသာဖြစ်နေတာ သဘာဝမကျဘူး"ဟု ကာကွယ်ပြောကြားသည်။ ရိုဟင်ဂျာများ ရခိုင်ပြည်နယ်တွင် နှစ်ပေါင်းများစွာကတည်းက ရောက်ရှိခဲ့သည်ဟုဆိုသော်လည်း "ကိုလိုနီခေတ်မှာ အင်္ဂလိပ်က နှစ်ကြိမ် သန်းခေါင်စာရင်းကောက်တယ်။ ရိုဟင်ဂျာလူမျိုးဆိုတာ မရှိခဲ့ဘူး"ဟု ရှေ့နေအဖြစ်လည်း ဆောင်ရွက်သူ ဦးသိန်းညွန့်က ပြောသည်။

## ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဖွဲ့စည်းမည်

**ရန်မျိုးနိုင်**

**ရန်ကုန်၊ ဇူလိုင် - ၁၅**

၁၉၉၀ ရွေးကောက်ပွဲအနိုင်ရပါတီဖြစ်သော ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်(SNLD)၏ ယာယီဗဟိုအလုပ်အမှုဆောင်အဖွဲ့ကိုယခုလအတွင်းဖွဲ့စည်းမည်ဖြစ်ကြောင်း ပါတီပြောရေးဆိုခွင့်ရှိသူ ဦးစိုင်းလိတ်က ပြောသည်။

"တစ်မြို့နယ်ကို နှစ်ယောက်နှုန်း ခေါ်ထားတယ်။ လက်လှမ်းမမီတဲ့မြို့နယ်တွေလည်းပါမှာပေါ့"ဟု ၎င်းကပြောသည်။

အဓိကအားဖြင့် ရှမ်းပြည်နယ်တစ်ဝန်း၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ကယားပြည်နယ်တို့လည်း ပါဝင်မည်ဖြစ်ကြောင်း ဦးစိုင်းလိတ်ကပြောသည်။

ယာယီဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းနိုင်ရန်အတွက် ဦးစွာ ဗဟိုကော်မတီဝင် ၃၅ ဦးကို ရွေးချယ်ပြီး ၎င်းတို့မှ ယာယီဗဟိုအလုပ်အမှုဆောင် ၁၁ ဦးကို ထပ်မံရွေးချယ်သွားမည်ဖြစ်သည်။

၎င်းနောက် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ကို ပြန်လည်ဖွဲ့စည်းရန် ညီလာခံခေါ်မည်ဖြစ်ပြီး ပါတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးများကို မဲစနစ်ဖြင့် ရွေးချယ်သွားမည်ဖြစ်ကြောင်း ဦးစိုင်းလိတ်က ပြောသည်။

ပြီးခဲ့သည့် ဇွန်လ ၁၂ ရက်တွင် တရားဝင်နိုင်ငံရေးပါတီအဖြစ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပါတီမှတ်ပုံတင်ခွင့်ပြုလိုက်သော ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်သည် ၁၉၉၀ ရွေးကောက်ပွဲတွင် ကိုယ်စားလှယ် ၂၃ နေရာ အနိုင်ရရှိခဲ့သောပါတီဖြစ်သည်။

## စာ-၂၇၊ မြန်မာပြည်က အရစ်ကျမှ

ယင်းစနစ်မှာ ပစ္စည်းတစ်ခုကို အရစ်ကျစနစ်ဖြင့် ဝယ်ယူလိုသည့်သူတစ်ဦးကို Credit Rating စောင့်ကြည့်ရေးအဖွဲ့တစ်ခုက ထိုသူ၏အကြွေးယူသည့်အချိုးအစားများကို ကွန်ပျူတာစနစ်များဖြင့် စစ်ဆေးပေးခြင်းဖြင့် ဝယ်ယူခွင့်ကို ထိန်းချုပ်ပေးထားခြင်းဖြစ်သည်။

"လူတစ်ယောက်က ပစ္စည်းတစ်ခုကို အရစ်ကျစနစ်နဲ့ ဝယ်ပြီးရင် ထွက်ပြေးလို့မရဘူး။ ဘာဖြစ်လို့လဲဆို သူ့ကို အရစ်ကျနဲ့ဝယ်ယူခွင့်မပေးခင်ကတည်းက အဲဒီသူရဲ့ခရက်ဒစ်အချိုးအစားကိုစစ်ဆေးထားတာ။ အဲ့ဒီအချိုးအစားမှာ ဒီလူဟာ အကြွေးသုံးတာ အရမ်းများရင်တော့ အရစ်ကျစနစ်နဲ့မရနိုင်ဘူးပေါ့။ အဲ့ဒါကြောင့် သူတို့နိုင်ငံသားတွေဟာ သူတို့ရဲ့ခရက်ဒစ်ရိတ် ကျမှာကို အရမ်းစိုးရိမ်ကြတယ်။ မြန်မာနိုင်ငံမှာကျတော့ ဒီစနစ်ကမရှိဘူး။ ဒါပေမဲ့ နောက်ပိုင်းပိုပြီး ဖွံ့ဖြိုးလာရင်တော့ ဒီစနစ်တွေပေါ်လာနိုင်ပါတယ်"ဟု Strategy First ကုမ္ပဏီတည်ထောင်သူ ကိုအောင်ချစ်ခင်က ၎င်း၏နိုင်ငံတကာအတွေ့အကြုံနှင့်ပတ်သက်ပြီးပြောသည်။

"နိုင်ငံတကာက ဖြေလျှော့မှုတွေ ဒီထက် ပိုလုပ်ပေးလာမယ်၊ ဗဟိုဘဏ်ကလည်း နှစ်ရှည်ချေးငွေစီမံကိန်းတွေကို ခွင့်ပြုပေးလာမယ်၊ ရင်းနှီးမြှုပ်နှံသူတွေဘက်ကလည်း ညှိနှိုင်းမှုတွေ ပိုပြီးလုပ်လို့ရလာနိုင်မယ်ဆိုရင် တန်ဖိုးကြီးပစ္စည်းတွေကို နှစ်ရှည်အရစ်ကျစနစ်တွေနဲ့ရောင်းချနိုင်မှုကိုနိုင်ငံတကာအတိုင်း ဆောင်ရွက်ပေးလာနိုင်မှာ သေချာပါတယ်"ဟု အထက်ပါ ကမ္ဘောဇဘဏ်၏ မန်နေးဂျင်းဒါရိုက်တာက ဆက်လက်သုံးသပ်သည်။

အနောက်နိုင်ငံများသည်လည်း ၎င်းတို့၏ နိုင်ငံသားများအား အရစ်ကျစနစ်ဖြင့် ရောင်းချပေးမှုကို ပေးချေနိုင်ခြင်းရှိခြင်း၊ မရှိခြင်း စသည့်ခိုင်မာသည့် စစ်ဆေးချက်တစ်ခုကိုသာ ပြုလုပ်ပြီး ဝယ်ယူလိုသူ၏ လက်ထဲတွင် ငွေပမာဏမည်မျှရှိရမည်၊ မည်သူက အာမခံပေးရမည်ဆိုသည့် အချက်များမလိုအပ်ပေ။

ယင်းသို့ တန်ဖိုးကြီးပစ္စည်းများကို အရစ်ကျရောင်းချမှုသည် ပြည်တွင်း၏ စီးပွားရေးလုပ်ငန်းကြီးများနှင့် ဘဏ်လုပ်ငန်းများကြားတွင်သာ အပြိုင်အဆိုင်ဖြစ်နေသော်လည်း ဝယ်ယူလိုသူများအတွက်မူ နိုင်ငံတကာနှင့်အညီ လွတ်လပ်ပွင့်လင်းစွာ ဝယ်ယူနိုင်ခွင့်မရှိသေးဟု အရစ်ကျရောင်းချမှုများနှင့် ရင်းနှီးကျွမ်းဝင်သည့် အထက်ပါပုဂ္ဂိုလ်တို့ကသုံးသပ်ကြသည်။